www.burmeseclassic.com

# သောင်းဝေဦး

## မြန်မာနိုင်ငံသို့ တရုတ်ဖြူကျူးကျော်ဝင်ရောက်မှုနှင့်
## မြန်မာ့တပ်မတော်၏ ကျော်ကြားသောစစ်ဆင်ရေးများ



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၁၀၂၇၄၁၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၁၀၂၁၄၁၁၁ |
| ပထမအကြိမ် | - | ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၂၅၀၀ ကျပ် |
| မျက်နှာဖုံးအပြင်အဆင် | - | မြရတနာColour Separation |
| အတွင်းဖလင် | - | A.Z |
| ကွန်ပျူတာစာစီ | - | Future World |
| စာအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

ထုတ်ဝေသူ

ဒေါ်မူမူ(ခေါ်)ဒေါ်မြရတနာ (၀၄၂၀၁ မြဲ)

သီရိမြင်သာစျေးအတွင်း

မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်

၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း၊ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊ (၀၇၉၉၆ မြဲ)

မြရတနာပုံနှိပ်တိုက်

အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)

၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

သောင်းဝေဦး                                    ၃၅၅.၄

မြန်မာနိုင်ငံသို့ တရုတ်ဖြူကျူးကျော်ဝင်ရောက်မှုနှင့် မြန်မာ့တပ်မတော်၏ ကျော်ကြားသောစစ်ဆင်ရေးများ၊ သောင်းဝေဦး။ ရန်ကုန်၊ မြရတနာစာပေ၊ ၂၀၁၂။

၄၃၀ - စာ၊ ၁၂.၅ စင်တီ × ၁၈.၅ စင်တီ၊

(၁) မြန်မာနိုင်ငံသို့ တရုတ်ဖြူကျူးကျော်ဝင်ရောက်မှုနှင့် မြန်မာ့တပ်မတော်၏ကျော်ကြားသောစစ်ဆင်ရေးများ

## နို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | နို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | နို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | နို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# သောင်းဝေဦး

# မြန်မာနိုင်ငံသို့ တရုတ်ဖြူကျူးကျော်ဝင်ရောက်မှုနှင့် မြန်မာ့တပ်မတော်၏ ကျော်ကြားသောစစ်ဆင်ရေးများ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## မြန်မာနိုင်ငံသို့ တရုတ်ဖြူကျူးကျော်ဝင်ရောက်မှုနှင့် မြန်မာ့တပ်မတော်၏ ကျော်ကြားသောစစ်ဆင်ရေးများ



| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာ | ၇ |
| (၁) | မြန်မာနိုင်ငံအတွင်းသို့တရုတ်ဖြူများကျူးကျော်ဝင်ရောက်လာခြင်း | ၁၇ |
| (၂) | တရုတ်ဖြူကျူးကျော်မှုကို မြန်မာနိုင်ငံမှ ကုလသမဂ္ဂအဖွဲ့ကြီးသို့ တိုင်ကြားခြင်း | ၃၅ |
| (၃) | မြန်မာ့တပ်မတော်မှ စစ်ဆင်ရေးများဆင်နွှဲခြင်း | ၅၃ |
| (၄) | မြန်မာ့တပ်မတော်၏ကျော်ကြားသောစစ်ဆင်ရေးများ | ၉၃ |
| (၅) | တရုတ်ဖြူကျူးကျော်မှုတွင် မြန်မာ့တပ်မတော်(လေ)၏အခန်းကဏ္ဍ | ၁၂၅ |
| (၆) | တိုက်ပွဲဝင်တပ်မှူးကြီးများ၏ ဖော်ပြချက်များ (၁) | ၁၅၃ |
| (၇) | တိုက်ပွဲဝင်တပ်မှူးကြီးများ၏ ဖော်ပြချက်များ (၂) | ၁၈၉ |
| (၈) | တိုက်ပွဲဝင်တပ်မှူးကြီးများ၏ ဖော်ပြချက်များ (၃) | ၂၅၃ |
| (၉) | တိုက်ပွဲဝင်တပ်မှူးကြီးများ၏ ဖော်ပြချက်များ (၄) | ၂၈၉ |
| (၁၀) | မြန်မာနိုင်ငံသို့ တရုတ်ဖြူများ ကျူးကျော်ဝင်ရောက်ခဲ့သဖြင့် ဖြစ်ပေါ်လာသောအကျိုးဆက်များ | ၃၅၃ |
| (၁၁) | နိဂုံးချုပ်ဖော်ပြချက် | ၃၇၅ |


တစ်မှုန့် မြေလွှာ
တစ်လွှာပန်းခြောက်
တစ်ပေါက်ရေစက်
ငါတို့လက်မှ
ရန်သူရလျှင်
မြန်မာ့သမိုင်း
ရှိုင်းတော့မည်

**မြန်မာ့တပ်မတော်**

www.burmeseclassic.com

www.burmeseclassic.com



သောင်းဝေဦး

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာ

စာရေးသူ စစ်သားဖြစ်ခါစ အရာရှိငယ်ဘဝက ဒေဝလီတွင် တိုက်ပွဲဝင်သင်တန်း သွားတက်ခဲ့ရသည်။ သင်တန်းမှာ နားရက်မရှိ၊ တစ်လသင်တန်းဖြစ်၏။ အရာရှိငယ်လေးများနှင့် အရာခံဗိုလ်ကြီးများအပါအဝင် စုစုပေါင်း သင်တန်းသား လေးဆယ်ကျော် ငါးဆယ်ခန့်ဖြစ်၏။

တိုက်ပွဲဝင်သင်တန်းမှ အတော်ပင် ကြမ်းကြမ်းရမ်းရမ်းနှင့် ပင်ပင်ပန်းပန်း ပို့ချသင်ကြားခြင်း ခံရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်တောတွင်း၌သာမက ကျောင်းနှင့်သိပ်မဝေးလှသော အနောက်ဘက် မုတ္တမကွေ့ ပင်လယ်စပ်သို့ပါသွားပြီး ကမ်းတက်စစ်ဆင်ရေးဘာသာရပ်များ သင်ယူရပါသည်။ ထိုအခါ ပင်လယ်ကမ်းစပ်မှ မွန်ရွာကြီးများဖြစ်သည့် ပင၊ ကရုပ္ပိ စသည့်ရွာကြီးများသို့ ရောက်ရတော့၏။ အိမ်ခြေထောင်ချီရှိသည့် တကယ့်ရွာကြီးများဖြစ်ကြ၏။ ဆားချက်ခြင်းအပါအဝင် ပင်လယ်နှင့် အသက်မွေးကြသော ရွာကြီးများပါပေ။ အိမ်ကြီးအိမ်ကောင်းများ၊ အုန်းပင်၊ ကွမ်းသီးပင်၊ ဒူးရင်းပင်များနှင့် အလွန်သာယာလှပါသည်။ ရွာ၏ သမီးပျိုကလေးများကလည်း တစ်တစ်ရစ်ရစ်နှင့် ချစ်စရာကောင်းကြသည်။

"ဒီကမ်းနားက ရွာကြီးတွေက တယ်အေးချမ်းသာယာပါလားဗျာ"

"ဒီမှာလာနေရရင်တော့ ဖိမ်ပဲ"

"ဗိုလ်ကြီးတို့က အခုမှ ဒီကိုရောက်ဖူးပြီး သိပ်အေးချမ်းတာကိုတွေ့ကြတာ။ ဒါပေမဲ့ လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်က ဒီနေရာတွေက မအေးချမ်းဘူး"

အတူပါလာသည့် နည်းပြဗိုလ်ကြီး အောင်ခင်သော





က ပြောသည်။

"ဘာဖြစ်လို့လဲ။ ပြည်တွင်းသောင်းကျန်းမှုကြောင့်လား"

"မဟုတ်ဘူး။ ပြည်ပကဝင်လာတဲ့ တရုတ်ဖြူတွေ ဒီရောက်လာကြလို့"

"ဗျာ။ တရုတ်ဖြူတွေ ဒီအထိ ရောက်လာကြတယ်"

"ဟုတ်ပါတယ်။ **KNDO** နဲ့ **MNDO** တွေက ခေါ်လာတာ'

"ဩော်"

တရုတ်ဖြူတွေ ဒီပင်လယ်ကမ်းစပ်က ပင၊ ကရုပ္ပိအထိ ရောက်လာသည်ကို ကျွန်တော်တို့ ဗိုလ်ပေါက်စလေးတွေ အတော်အံ့သြကြသည်။ အကြောင်းရင်းမှန်ကိုတော့ အသေးစိတ် ရှင်းရှင်းလင်းလင်း မသိခဲ့ကြပါ။ မေးလည်း ဆက်မမေးဖြစ်ခဲ့။ လူငယ်တွေဆိုတော့ သိပ်စိတ်ဝင်စားရကောင်းမှန်းလည်း မသိခဲ့။

အရှေ့တောင်တိုင်းနယ်မြေမှာ ဆယ်နှစ်ခန့်ကြာပြီး အရှေ့မြောက်တိုင်းနယ်မြေကို ကျွန်တော် ပြောင်းခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လားရှိုးအရှေ့ခြမ်း တန့်ယန်း၊ မိုင်းရယ်ဒေသသို့။

လားရှိုးကား တရုတ်အလွန်ပေါသော မြို့ကြီးဖြစ်၏။ တကယ့် **China Town** ဟုတောင် ဆိုရမလိုလို။

စစ်ဆင်ရေးတာဝန်ထမ်းဆောင်တော့ တန့်ယန်းဘက် ထွက်ရသည်။ တန့်ယန်းနယ်မြေတွင် လွယ်လန်းတောင်တန်းကြီးနှင့် လွယ်ဆေးတောင်တန်းကြီးများ၌ တာဝန်ကျသည်။ ဇ်တောင်တွေပေါ်မှာ ကြီးမားသော စစ်စခန်းဟောင်းကြီးများ တွေ့ရပြန်၏။

"ဟ ... စခန်းကြီးတွေက တယ်ကောင်းပါလား"

"ဟိုတုန်းက တရုတ်ဖြူတွေလုပ်သွားတာ"

"ဟင် ... လာပြန်ပြီလား။ တရုတ်ဖြူ"

"ဟုတ်တယ်။ ဒါ တရုတ်ဖြူစခန်းတွေ၊ တပ်ကအတော်တိုက်ပြီး သိမ်းထားရတာ"

"ဩော်"

တန့်ယန်းဒေသကား တရုတ်ပြည်နှင့် သိပ်မဝေးလှသမို့ တရုတ်ဖြူစခန်းဟောင်းများသာမက တရုတ်ရွာများလည်း ပေါများလှချေ၏။ တန့်ယန်းမြောက်ဘက်က ကျွန်တော်နေခဲ့ဖူးသည့် နောင်လိုင်၊ နမ့်မူဆယ် စသည့်





ရွာကြီးများသည် တကယ့်တရုတ်လူမျိုးများသာ နေကြသည့် တရုတ်ရွာကြီးများပါပေ။ တရုတ်မကလေးများကလည်း ပေါပါ၏။ ချောပါ၏။ အချက်အပြုတ် အကြော်အလှော်ကလည်း ကောင်းကြပါ၏။ တရုတ်ယမကာအမျိုးစုံကိုလည်း ချက်တတ်ကြ၏။ အသက် ၃၀ သာသာ ယမကာကြိုက်တတ်နေပြီဖြစ်သော ကျွန်တော်သည် ထိုရွာများတွင် သအတန်ကြာနေခဲ့ရရာ အတော်ပျော်ခဲ့ပါ၏။

နောက်လေးငါးခြောက်နှစ်ကြာတော့ တစ်ဆင့်မြင့်ရာထူးတာဝန်ဖြင့် ကျွန်တော် ကျိုင်းတုံဘက် ရောက်ရပြန်သည်။ ကျိုင်းတုံဘက်ရောက်တော့ ကျိုင်းတုံဒေသက မိုင်းယောင်း၊ မိုင်းဖျတ်၊ မိုင်းပျင်း၊ မိုင်းဆတ်၊ မိုင်းခတ်၊ မိုင်းယန်း စသည့်မိုင်းပါသည့် မြို့အားလုံးလိုလို ကျွန်တော်ရောက်ဖြစ်ပြန်၏။

ဒီမှာလည်း တရုတ်ဖြူစခန်းဟောင်းတွေ အများကြီးဆပ်တွေ့ရသည်။

"ဟ ... တရုတ်ဖြူစခန်းတွေက မနည်းပါလား။ ကျိုင်းတုံအနှံ့ပါလား"

"မနည်းဆို တရုတ်ဖြူတွေက ဟိုတုန်းက ဒီဒေသ



www.burmeseclassic.com

www.burmeseclassic.com



မှာ အကြာကြီးနေသွားတာ ဗိုလ်မှူးရဲ့။ ကျွန်တော်တို့ တပ်မတော်က စစ်ဆင်ရေးကြီးတွေလုပ်ပြီး အတော်မောင်းထုတ်လိုက်ရတယ်''

ရှေ့မီနောက်မီ သိသူတွေက ဆိုကြသည်။

''ဩော်''

၁၉၈၈-၈၉ ကျွန်တော် တပ်ရင်းမှူးဖြစ်လာတော့ မိုင်းရှူးနှင့် မော်ဖဒေသတွင် တာဝန်ထမ်းဆောင် ရပြန်သည်။ တရုတ်ဖြူစခန်းဟောင်းများကို မော်ဖဒေသ တောင်များပေါ်တွင် ထပ်တွေ့ရပြန်၏။ မော်ဖက ဝမ်စလောင်း၌ တရုတ်ဖြူတွေ အကြာကြီးနေသွားသည်ဟု ရွာခံများက ပြောပြကြ၏။

တရုတ်ဖြူစခန်းတွေက ကျွန်တော် ရောက်ခဲ့တဲ့ နေရာတိုင်းလိုလိုမှာ မလွတ်ပါလား။ တရုတ်ဖြူတွေ မြန်မာနိုင်ငံထဲ ဘာဖြစ်လို့ ကျူးကျော်ဝင်ရောက်ခဲ့ကြသလဲ၊ ဘယ်လောက်ကြာသွားခဲ့သလဲ၊ သူတို့ကို မြန်မာ့တပ်မတော်က ဘယ်လိုရှင်းလင်းခဲ့ရသလဲ။ နောက်ဆုံးတော့ ဒီတရုတ်ဖြူ ကျူးကျော်မှုက ဘယ်လိုအဆုံးသတ်သွားခဲ့သလဲ။ ဒါတွေကို စဉ်းစားမိပါသည်။ အသက်အရွယ်နှင့် တာဝန်အရလည်း





စဉ်းစားမိပြီပေါ့ခင်ဗျာ။

အငြိမ်းစားဘဝ စာတွေရေးဖြစ်တော့ တရုတ်မြန်မာ နယ်စပ်ကို မကြာခဏ ရောက်ဖြစ်သည်။ တရုတ်နိုင်ငံနှင့် ဆက်သက်သည့်စာတွေလည်း အတော်ဖတ်ဖြစ်သည်။ ထိုအခါ တရုတ်ဖြူတို့ မြန်မာနိုင်ငံကို ဝင်ရောက် ကျူးကျော်ခြင်းအကြောင်းရင်းများကို ပို၍ပို၍ သိလာသည်။ တရုတ်ဖြူကျူးကျော်မှုကို တွန်းလှန်နှိမ်နင်းခဲ့ကြသည့် မြန်မာ့တပ်မတော်၏ ဟိုလွန်ခဲ့တဲ့ အနှစ်လေးငါးခြောက်ဆယ်က တိုက်ပွဲများအကြောင်းကို ကြားနာရပြန်၏။ ဖတ်ရှုမှတ်သားရပြန်၏။ ကြားနာရင်း ဖတ်ရှုမှတ်သားရင်း ပြည်တွင်းသောင်းကျန်းမှု အမျိုးစုံကြားမှ ပြည်ပကျူးကျော်မှုကို မဖြစ်မနေ ကျားခုတ်ကျားခဲ အားကြိုးမာန်တက်ခုခံခဲ့သည့် မြန်မာ့တပ်မတော်၏ အသက်သွေးချွေး ပေးဆပ်ခဲ့ရမှုကို သိလာရသည်။ ထိုခေတ်ကာလကို ကျွန်တော် မမီပါ။ တရုတ်ဖြူများ မြန်မာနိုင်ငံကို ကျူးကျော်ဝင်ရောက်ပြီး ကျူးကျော်မှုများ အဆုံးသတ်သွားသည်အထိ ဆယ်နှစ်တာကာလမှာ ကျွန်တော်သည် အထက်တန်းတောင် မအောင်သေးသည့် ကျောင်းသားကလေးမျှသာ ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် တရုတ်ဖြူကျူးကျော်မှုကို မြန်မာ့တပ်မတော်နှင့် ထိုစဉ်က မြန်မာအစိုးရတို့ ခုခံတွန်းလှန်ချေမှုန်းခဲ့မှုများအား သီးခြားစာတစ်စောင် ပေတစ်ဖွဲ့အနေဖြင့် မှတ်တမ်းတင်ခြင်းအားဖြင့် ကျွန်တော် သံယောဇဉ်ရှိသော တပ်မတော်ကို ဂုဏ်ပြုလိုပါသည်။

ဖတ်ရှုကြသော စာရှုသူများလည်း ပြည်ပရန်ကို မြန်မာတွေ ဘယ်လိုတွန်းလှန်ခဲ့ကြသည်ဆိုသည်ကို ဂဃနဏ သိသွားရသည်ပေါ့ခင်ဗျာ။ မျိုးချစ်စိတ်ဓာတ်များ ပို၍ပို၍ ရှင်သန်ထက်မြက်လာသည်ပေါ့ခင်ဗျာ။

ပထဝီနိုင်ငံရေးအရ မြန်မာနိုင်ငံနှင့် နယ်မြေချင်းဆက်စပ်နေသည့် တရုတ်၊ ယိုးဒယား၊ အာသံ၊ မဏိပူရတို့သည် ဟိုရှေးပဝေသဏီ ပဒေသရာဇ်ခေတ်ကတည်းက မြန်မာနိုင်ငံကို မကြာခဏ ကျူးကျော်ထိပါးခဲ့ကြပါ၏။ နိုင်ငံတွင်းမှာ **Military Might** စစ်အင်အားလျော့ပါးလာသည်နှင့် လာ၍အားစမ်းကြ၏။ ထိုသို့သော ပြည်ပရန်များကို မြန်မာတို့ အဆက်မပြတ် ခုခံခဲ့ကြရပါသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင်ကား ပထဝီနိုင်ငံရေးသည် ပိုမိုကျယ်ပြန့်လာပါ၏။ အာရှနှင့် အရှေ့တောင်အာရှ





တွင် အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ် စသူတို့ ခြေရှုပ်လာကြ၏။ သူတို့ အကျိုးစီးပွားအတွက် ကျွန်တော်တို့ နိုင်ငံများအရေးတွင် ပါဝင်စွက်ဖက်လာကြ၏။ တရုတ်ဖြူကျူးကျော်မှုဆိုသည်မှာလည်း သူ့အကျိုးစီးပွားအတွက် အမေရိကန်ဇာတ်ဆရာကြီး ဒါရိုက်တာလုပ်ကာ ထုတ်လုပ်လိုက်သည့် ဇာတ်ဆန်း၊ ဇာတ်ကြမ်းတစ်ခုသာ ဖြစ်ပါ၏။

ဤဇာတ်လမ်းတွင် မြန်မာ့တပ်မတော် ပါဝင်ခဲ့မှုနှင့် ဤတရုတ်ဖြူကျူးကျော်မှုအား မြန်မာအစိုးရ မြန်မာ့တပ်မတော်နှင့်အတူ မြန်မာပြည်သူတို့ မည်သို့ခုခံကာကွယ်ခဲ့ပုံကို စာရှုသူများ သိရှိကြပြီး အမိနိုင်ငံတော်အတွက် ထိုစဉ်က အသက်သွေးချွေး ပေးဆပ်သွားကြသူများအား အတိုင်းအတာတစ်ခုထိ အသိအမှတ်ပြုလျှင်ပင် ဤစာအုပ်ငယ်ကို ကျွန်တော် ရေးရကျိုးနပ်ပြီဟု ယူဆမိကြောင်းပါခင်ဗျား။

ရှင်လန်းချမ်းမြေ့ကြပါစေ
**သောင်းဝေဦး**
၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၄)ရက်



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

## မြန်မာနိုင်ငံတွင်းသို့ တရုတ်ဖြူများကျူးကျော်ဝင်ရောက်လာခြင်း

**နိဒါန်း**

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသည့် နိုင်ငံများအနက် တရုတ်နိုင်ငံသည် အကြီးမား အကျယ်ပြန့်ဆုံးနှင့် လူဦးရေ အများဆုံးနိုင်ငံကြီးဖြစ်၏။

တရုတ်တို့သည် ရှေးပဒေသရာဇ်များခေတ်ကာလ



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက မြန်မာနိုင်ငံသို့ အင်အားပြကာ ကျူးကျော်ဝင်ရောက်လေ့ရှိခဲ့လေသည်။ မြန်မာသက္ကရာဇ် ၆၄၃ ခုနှစ်၌ တရုတ်ဘုရင် ကူဗလိုင်ခန်က ပုဂံသို့ သံစေလွှတ်၍ အနော်ရထာမင်းလက်ထက်က ရွှေပေါင်းချောင်၊ ငွေပေါင်းချောင်များ ဆက်သဖူးသည့်အတိုင်း လက်ဆောင်ပဏ္ဏာ ဆက်ရမည်ဟု တောင်းဆိုလေသည်။

ရာဇပရိယာယ်မကြွယ်သော ပုဂံဘုရင် နရသီဟပတေ့က အနန္တပစ္စည်းအမတ် တားနေသည့်ကြားမှ မနာယူဘဲ ''ဟယ် ... ရာရာစစ'' ဟုဆိုကာ တရုတ်သံတို့ကို သတ်သည်တွင် တရုတ်တို့ မြန်မာနိုင်ငံသို့ စစ်ကြီးချီလာ၏။ ငဆောင်ချမ်းအရပ်၌ တရုတ်မြင်းတပ်နှင့် မြန်မာဆင်တပ်တို့ တိုက်ရာ တိုက်ပွဲအစပိုင်း၌ တရုတ်တို့ ဆုတ်ရ၏။ သို့ရာတွင် တရုတ်တို့ မြင်းကဆင်း၍ တောရိပ်ခိုပြီး မြန်မာဆင်များကို မြားမိုးဖြိုင်ဖြိုင် ရွာလျက်ပစ်ခတ်ရာ မြန်မာဆင်တို့ တရုတ်မြားချက်ကို မခံနိုင်၍ ဆင်တပ်ရှေ့ပြီး မြန်မာတို့စစ် အပျက်ကြီးပျက်ကာ ဆုတ်ရ၏။ တရုတ်တို့လိုက်၍ ချီသည်တွင် ပုဂံထိရောက်လာ၏။ နရသီဟပတေ့မင်းလည်း ပုဂံမှ ပြေးလေရာ ပုသိမ်ထိ ရောက်သည်ဟူ၏။ တရုတ်တို့





ကြောက်သည်နှင့် ပြေးလေသောကြောင့် တရုတ်ပြေးမင်းဟု တွင်လေသည်။ တရုတ်များ ပြည်မြို့တောင်ဘက် တရုတ်မော်အထိ ရောက်ပြီးမှ လှည့်ပြန်သွားကြသည်။ တရုတ်တို့ မရှိတော့သည်နှင့် နရသီဟပတေ့လည်း အောက်ပြည်အောက်ရွာမှ ပုဂံသို့အပြန် သားတော်အငယ် ပြည်စားသီဟသူလုပ်ကြံ၍ လမ်းတွင်ကွယ်လွန်ရလေသည်။

ကုန်းဘောင်ခေတ် မြန်မာသက္ကရာဇ် ၁၁၂၇ ခုနှစ်တွင်လည်း တရုတ်ကုန်သည်ကြီး လောလီဆိုသူက သူ၏ကုန်စည်များ ပို့ဆောင်ရေးအတွက် တာပိန်မြစ်ကူးတံတားခင်းလိုကြောင်း ဗန်းမော်မြို့ဝန်ထံ ခွင့်တောင်းရာ မြို့ဝန်က ချက်ချင်းခွင့်မပြုသဖြင့် လောလီက မချေမငံပြောရာ အင်းဝသို့ ဖမ်း၍ပို့လေသည်။ ပြန်လွှတ်လာသောအခါ သူ၏ကုန်စည်များ ပျောက်ဆုံးကြောင်းနှင့် လျော်ကြေးပေးရန် မြန်မာတို့အား တောင်းဆို၏။ မြန်မာတို့က မပေးဘဲနေသဖြင့် ယူနန်ပြည်နယ် ဘုရင်ခံသို့ တိုင်ကြားလေတော့သည်။

အလားတူပင် ထိုအချိန်နှင့် မရှေးမနှောင်း တရုတ်ကုန်သည်ကြီး လောတာရည်ဆိုသူသည် ကျိုင်းတုံသို့ အရောင်းအဝယ်နှင့် ရောက်လာ၏။ သူ၏လူများနှင့် မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



အချို့ ကျိုင်းတုံတွင် ခိုက်ရန်ဖြစ်ပွားရာ တရုတ်တစ်ယောက် သေလေသည်။ တရုတ်တို့က ကလဲ့စားချေရန်အတွက် လူစားတောင်းရာ မြန်မာတို့ကမပေးဘဲ အသက်ဖိုးလျော်ကြေးသာ ပေးလေသည်။ ဤသည်ကို မကျေနပ်၍ လောတာရည်က ယူနန်ပြည်နယ် ဘုရင်ခံကိုပင် တိုင်ကြားမြန်လေသည်။

မြန်မာတို့သည် နှစ်ကြိမ်တိုင်တိုင် မိမိလူများကို စော်ကားသည်ဆိုပြီး တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် ဘုရင်ခံက သူ၏စစ်တပ်များကို စေလွှတ်ပြီး ကျိုင်းတုံကို တိုက်လေသည်။ ဤတွင် တရုတ်မြန်မာစစ်ပွဲ ဖြစ်လေတော့၏။

၁၁၂၇ ခုနှစ်မှ ၁၁၃၀ ခုနှစ်အထိ ကျိုင်းတုံ၊ ဗန်းမော် စသည့် နယ်စပ်ဒေသများ၌ စစ်လေးကြိမ်ဖြစ်ပွားရာ တရုတ်တို့ အရေးနိမ့်သွားခဲ့ကြ၏။ ရေရှည်စစ်ပွဲဆင်နွှဲရန် မဖြစ်နိုင်သဖြင့် နှစ်ဦးနှစ်ဖက် စစ်ပြေငြိမ်းခဲ့ကြလေသည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံ အရှေ့ပိုင်းနှင့် နယ်နိမိတ်ချင်း မိုင်ပေါင်းထောင်ချီ၍ ထိစပ်နေရာ ဟိုတက်ဒီဘက် အဝင်အထွက် ကူးလူးသွားလာမှုများ အဆက်မပြတ်ရှိခဲ့လေသည်။ ဒေသခံတိုင်းရင်းသားများ





မှာလည်း အများအားဖြင့် ဟိုဘက်ဒီဘက် မျိုးနွယ်စုတူများ ဖြစ်ကြရာ သွားလာမှု အဟန့်အတား အခက်အခဲများ မရှိခဲ့ချေ။ ဤအချက်ကပင် တရုတ်တို့ မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ရန် အခွင့်ကောင်းကြီးတစ်ခု ဖြစ်ခဲ့၏။ ထိုအခွင့်ကောင်းကိုယူ၍ ယူနန်ပြည်နယ်အနောက်ပိုင်းရှိ တရုတ်တောပုန်းဓားပြများက မြန်မာနယ်နိမိတ်တွင်း ဝင်ရောက်ကာ မကြာခဏ လုယက်မှုများ ကျူးလွန်ခဲ့ကြ၏။ ဤတရုတ်တောပုန်း သူခိုးဓားပြများကိစ္စကြောင့် ဗြိတိသျှတို့ မြန်မာနိုင်ငံ သိမ်းပိုက်ပြီးသည့်ကာလတွင် ဗြိတိသျှတို့က တရုတ်တို့နှင့် နယ်နိမိတ်ကိစ္စ ဆွေးနွေးခဲ့ကြ၏။ သို့ရာတွင် ကောင်းစွာမပြီးပြတ်ခဲ့။

ဒုတိယကမ္ဘာစစ်ကာလ၌ ချန်ကေရှိတ်၏ တရုတ်အမျိုးသားတပ်ဖွဲ့များ အမေရိကန်ဗိုလ်ချုပ်ကြီး စတီး ဝဲလ်၏ ကွပ်ကဲမှုဖြင့် ဂျပန်ကို ခုခံကာကွယ်ရန် မြန်မာနိုင်ငံ အလယ်ပိုင်း တောင်ငူအထိ ရောက်ခဲ့ကြ၏။ တရုတ်တပ်များသည် ထိုကာလကတည်းက မြန်မာနိုင်ငံအတွင်းသို့ သပ်ပေါက်ခဲ့ကြပြီးဖြစ်၏။

ဤသို့ဖြင့် တရုတ်တို့သည် မြန်မာနိုင်ငံအတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com




ကျူးကျော်ဝင်ရောက်မှုများအား ရှေးပဝေသဏီကပင် ပြုလုပ်ခဲ့ကြရာ ၁၉၄၉ ခုနှစ် တရုတ်တစ်နိုင်ငံလုံး မော်စီတုန်း၏ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ခေါ် တရုတ်နီတပ်များက သိမ်းပိုက်လိုက်ချိန်တွင်ကား ယူနန်ပြည်နယ်ရှိ ချန်ကေရှိတ်၏ တရုတ်အမျိုးသား တပ်မတော် ခေါ် တရုတ်ဖြူ အင်အားစုများသည် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ခိုလှုံပြီး အခြေချနေထိုင်ကြရာမှ ချန်ကေရှိတ်၏ တရုတ်အမျိုးသားတပ်မတော် သို့မဟုတ် KMT ခေါ် ကူမင်တန် တရုတ်ဖြူတို့၏ မြန်မာနိုင်ငံတွင်း ဝင်ရောက်ကျူးကျော်မှု စတင်ခဲ့ပါသည်ခင်ဗျား။

**ကျူးကျော်မှုအစပိုင်းကာလနှင့် မြန်မာ့တပ်မတော်၏ တုံ့ပြန်တိုက်ခိုက်မှုများ**

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ခရစ်နှစ် ၁၈၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် တရုတ်တို့နှင့် နယ်နိမိတ် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးကြသည်။ ပူးတွဲကော်မရှင်ဖြင့် နယ်နိမိတ်တိုင်းတာကြသော်လည်း ကော်မရှင်သည် ၁၈၉၉






ထိုင်းနိုင်ငံမြောက်ပိုင်းလေ့လာရေးခရီးအသွား တာချီလိတ်မြို့ ရွှေတြိဂံဟော်တယ် ရှေ့ရောက် စာရေးသူ (၂၀၀၀ ပြည့်နှစ်)

www.burmeseclassic.com

www.burmeseclassic.com



ထိုင်းနိုင်ငံမြောက်ပိုင်း သို့အသွား မိုင်းဖြတ်တွင် နေ့လည်စာစားအပြီး စာရေးသူနှင့် ဗိုလ်မှူးတင်ဖေ (၂၀၀၀ ပြည့်နှစ်)




ထိုင်းနိုင်ငံမြောက်ပိုင်း လေ့လာရေးခရီးအသွား စာရေးသူနှင့် အဖွဲ့ မိုင်းဖြတ်တွင် နေ့လည်စာ စားစဉ် (၂၀၀၀ ပြည့်နှစ်)

www.burmeseclassic.com

www.burmeseclassic.com



ထိုင်းနိုင်ငံမြောက်ပိုင်းသို့လေ့လာရေးခရီးအသွား စာရေးသူနှင့်အဖွဲ့
(၂၀၀၀ ပြည့်နှစ်)




ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းရိုင်းမြို့ရှိ စာရေးသူနှင့်အဖွဲ့ (၂၀၀၀ ပြည့်နှစ်)

www.burmeseclassic.com

www.burmeseclassic.com

(ဖွန်ဓံ ၅၀၀၀၀) ငင်းဗစဝေ ငွပ်ဝါးဝါင်ကြ ၃ဒွန်းဒွတ်






ရွှေတြိဂံနယ်မြေမှ မဲခေါင်မြစ် တစ်ဘက်ကမ်းရှိ လောနိုင်ငံအား မြန်မာဘက်ကမ်းမှ တွေ့မြင်ရပုံ( ၂၀၀၀ပြည့်နှစ်)

www.burmeseclassic.com


www.burmeseclassic.com






ယူနန်ပြည်နယ် ကူမင်းမြို့တော်ရောက် စာရေးသူ (၁၉၉၆ ခုနှစ်)

www.burmeseclassic.com



ယူနန်ပြည်နယ် ကူမင်းမြို့တော် ပန်းပြပွဲရောက် စာရေးသူနှင့် ဦးကျော်စိုး (၁၉၉၉ ခုနှစ်)



တရုတ်နီများကို အရေးနိမ့်ပြီး ထိုင်ဝမ်သို့ထွက်ပြေးရသည့်
တရုတ်ဖြူခေါင်းဆောင်ကြီး ချန်ကေရှိတ်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ချန်ကေရှိတ်ကိုအနိုင်ယူခဲ့သည့် တရုတ်နီခေါင်းဆောင်ကြီး မော်စီတုန်း



ခုနှစ်အထိသာ သက်တမ်းရှည်ခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် နယ်ခြားကော်မရှင် ဖွဲ့စည်းသေးသော်လည်း ၁၉၃၇ ခုနှစ်၌ တရုတ်-ဂျပန်စစ်ပွဲဖြစ်ပွားပြီး လုပ်ငန်းများ ရပ်ဆိုင်းသွားခြင်သည်။ ၁၉၄၁ ခုနှစ်တွင် ''ဝ'' နယ်မြေဒေသ နယ်နိမိတ်အား အောင်မြင်စွာ သတ်မှတ်နိုင်ခဲ့သော်လည်း ၁၉၄၂ ခုနှစ်၊ အင်္ဂလိပ်တို့ အိန္ဒိယနိုင်ငံသို့ ဆုတ်ခွာသွားသောအခါ မေလမှစ၍ ကူမင်တန် (ခေါ်) တရုတ်အမျိုးသားတပ်မတော်က မြန်မာနိုင်ငံမြောက်ပိုင်းကို ကျူးကျော်ခဲ့ကြသည်။ သို့သော် ဒုတိယကမ္ဘာစစ်တွင် အင်္ဂလိပ်၊ အမေရိကန်နှင့် ကူမင်တန်တပ်များမှာ ဒီမိုကရေစီ မဟာမိတ်များဖြစ်နေကြသဖြင့် ကူမင်တန်တို့၏ ကျူးကျော်မှုမှာ ပြဿနာမရှိခဲ့ပေ။ ကူမင်တန်များက ၁၉၄၃ ခုနှစ်တွင် မေခ-မလိခ မြစ်နှစ်မြွာကြား တြိဂံဒေသထဲသို့ ကျူးကျော်ဝင်ရောက်လာကြရာ ကချင်တိုင်းရင်းသားများက ရရာလက်နက်များစွဲကိုင်၍ ခုခံတိုက်ခိုက်ခဲ့ကြသည်။

ကူမင်တန်တပ်အချို့သည် အင်္ဂလိပ်မဟာမိတ်များနှင့်အတူ ဂျပန်တပ်များကို ခုခံတိုက်ခိုက်ခဲ့သည်။ အင်္ဂလိပ်များ ဆုတ်ခွာသွားချိန်တွင် ဂျပန်တို့ကလည်း မြန်မာနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



မြောက်ပိုင်းအား ခိုင်မာစွာ တပ်စွဲထားနိုင်ခြင်းမရှိသဖြင့် ကူမင်တန်တပ်များသည် မကြာခဏ ဝင်ရောက်ပြီး တိုင်းရင်းသားများအား အနိုင်ကျင့်လေ့ရှိကြသည်။ ထိုစဉ်က ကူမင်တန်တပ်များသည် အမေရိကန် အမှတ် (၁၀၁) တပ်တော်၏ လက်အောက်တွင် ရှိနေချိန်ဖြစ်သည်။ အင်္ဂလိပ်တို့သည် ယင်းတို့၏ ကိုလိုနီနယ်ဖြစ်သော မြန်မာနိုင်ငံအရေးနှင့် ပတ်သက်၍ ချုံကင်းမြို့ရှိ စစ်မစ်ရှင်မှတစ်ဆင့် ချန်ကေရှိတ်အစိုးရနှင့် ဆွေးနွေးဖြေရှင်းမှုများပြုလုပ်ခဲ့သည်။ အင်္ဂလိပ်တို့သည် မိမိတို့အတွက် အကျိုးအမြတ်ရရှိနေသော ကိုလိုနီနယ်ကို ကူမင်တန်များ စိုးမိုးခြယ်လှယ်ခြင်း မရှိနိုင်စေရန် အကာအကွယ်ပေးခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးရရှိသောအခါတွင်ကား အင်္ဂလိပ်တို့သည် ကူမင်တန်ကိစ္စကိုသာမကဘဲ မပြီးပြတ်သေးသော နယ်နိမိတ်ကိစ္စများကိုပါ မျက်နှာလွှဲသွားခဲ့ကြတော့သည်။

တရုတ်နိုင်ငံတွင် ၁၉၄၆ ခုနှစ်မှစ၍ တရုတ်ပြည်သူ့တပ်မတော်က ကူမင်တန် အစိုးရအပေါ် တော်လှန်ရေးတစ်ရပ် ဆင်နွှဲခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး မကြာခင်မှာပင် ကူမင်တန်အစိုးရက မေခ–မလိခ မြစ်





နှစ်မြွာကြားရှိ တြိဂံဒေသအပါအဝင် နယ်မြေတချို့ကို ပိုင်ဆိုင်ကြောင်း ကြေညာခဲ့သည်။

၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ချန်ကေရှိတ်အစိုးရက မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်မှတစ်ဆင့် စာတစ်စောင်ကို ပေးအပ်ခဲ့သည်။ ထိုစာတွင် မန်ကျီဒေသ၌ မြန်မာအရာရှိများက သန်းခေါင်စာရင်းကောက်ယူမှု၊ မြန်မာအရာရှိနှင့် စစ်သည်များက ထောင်ဂါ၊ ဖီးမောဒေသတွင် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆွမ်ပရာဘွမ်တွင် လေယာဉ်ကွင်းတည်ဆောက်မှုတို့ကို ကန့်ကွက်ခဲ့လေသည်။ စင်စစ် မန်ကျီဒေသမှာ မေခမြစ် အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး မြန်မာ့ပိုင်နက်နယ်မြေဖြစ်သည်။ ထောင်ဂါ၊ ဖီးမောဒေသမှာလည်း မေခမြစ် အရှေ့ဘက်ကမ်းတွင်ပင် တည်ရှိပြီး မပြတ်သားသေးသော နယ်နိမိတ်ဖြစ်သည်။ (နောင်သောအခါ ထောင်ဂါသည် မြန်မာပိုင်ဖြစ်လာပြီး ဖီးမောသည် တရုတ်ပြည်ပိုင်အဖြစ် ပြေလည်စွာ ညှိနှိုင်းနိုင်ခဲ့ကြသည်။) ဆွမ်ပရာဘွမ်မှာမူ မလိခမြစ်၏ အနောက်ဘက်ကမ်းတွင်ရှိပြီး တရုတ်ပြည်နှင့် မည်သို့မှ မသက်ဆိုင်ခဲ့ပေ။ ချန်ကေရှိတ်အစိုးရ

www.burmeseclassic.com



သည် မြန်မာနိုင်ငံ၌ ပြည်တွင်းသောင်းကျန်းမှု ပြဿနာကြောင့် အကျပ်အတည်းတွေ့နေစဉ် အင်အားနည်းပါးသော မြန်မာအစိုးရအား အနိုင်ကျင့် ခြိမ်းခြောက်ခဲ့ခြင်းသာ ဖြစ်သည်။

တရုတ်ပြည်တော်လှန်ရေးတွင် ချန်ကေရှိတ် အစိုးရ၏ ကူမင်တန်တပ်များမှာ တဖြည်းဖြည်း အရေးနိမ့်၍လာသည်။ ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလတွင် တရုတ်ပြည်သူ့တပ်မတော် (တရုတ်တပ်နီတော်)က ယူနန်ပြည်နယ်တွင် ကူမင်တန်(တရုတ်ဖြူ) အမှတ် (၈) တပ်တော်မှ အမှတ် (၂၆) တပ်မနှင့် အမှတ် (၉၃) တပ်မ တို့ကို ချေမှုန်းတိုက်ခိုက်နိုင်ခဲ့သည်။ ကူမင်တန်တပ်များသည် မြန်မာနိုင်ငံဘက်သို့ ပြိုဆင်းလာရာမှ အင်အား ၂၀၀ ခန့်သည် ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလတွင် ကျိုင်းတုံနယ်ထဲသို့ ဝင်ရောက်ကာ မိုင်းယန်း၌ တပ်စွဲထားသည်။ ၁၉၅၀ ပြည့်နှစ် ဇွန်လ ပထမပတ်တွင်မူ တရုတ်ဖြူတပ်များသည် ကျိုင်းတုံ၊ တာချီလိတ် လမ်းမကြီးသို့ ဆင်းလာကြပြီး မိုင်းတိုင် (၈၁) မှ တာချီလိတ်မြို့အထိ သိမ်းပိုက်လိုက်ကြသည်။ ၁၉၅၁ ခုနှစ် နှစ်ဦးတွင် သံလွင်မြစ်အရှေ့ခြမ်းမှ နယ်မြေ





များတွင် ပဒေသရာဇ်အာဏာပိုင်များထံ တံစိုးလက်ဆောင်များထိုး၍ အခြေချနေကြသည်။ ဘိန်းစိုက်သည်။ ဘိန်းကုန်ကူးသည်။ ဒေသခံတိုင်းရင်းသားများကို ကြေးစားတပ်သားများအဖြစ် စုဆောင်းသိမ်းသွင်းကြသည်။ ရှမ်းပြည်နယ်တွင် တရုတ်ဖြူများကြောင့် ဘိန်းလုပ်ငန်းသည် ရက်တရက် ဖွံ့ဖြိုးကြီးထွားလာသည်။ သို့နှင့် ၁၉၅၁ ခုနှစ် ဧပြီလတွင် တရုတ်ဖြူတပ်များ၏ အင်အားမှာ ၄၀၀၀ ခန့် ဖြစ်လာသည်။

တရုတ်ဖြူတပ်များ စတင်ကျူးကျော်သည့်အချိန်တွင် မြန်မာနိုင်ငံ၌ ပြည်တွင်းသောင်းကျန်းမှုအန္တရာယ်မှာ ကြီးမားနေဆဲဖြစ်သောကြောင့် ဖဆပလအစိုးရသည် အရေးမစိုက်နိုင်ခဲ့ပေ။ ထို့အပြင် ကူမင်တန်များသည် နယ်ခံပဒေသရာဇ်များနှင့် ပူးပေါင်းနေသောကြောင့် ပြဿနာ တစ်စုံတစ်ရာ ဖြစ်ပေါ်ခြင်းမရှိခဲ့ပေ။ တရုတ်ဖြူတပ်များသည် ပို၍ အတင့်ရဲလာကြကာ ရှမ်းပြည်နယ်အား ခြေကုပ်ယူ၍ ၁၉၅၁ ခုနှစ်၊ မေလနှင့် ဇူလိုင်လတွင် တစ်ကြိမ်စီ၊ ၁၉၅၂ ခုနှစ်တွင် တစ်ကြိမ် တရုတ်ပြည်အား တိုက်ခိုက်ခဲ့ကြသော်လည်း မအောင်မြင်ခဲ့ပေ။ တရုတ်ဖြူများသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းတို့တွင်သာမက

www.burmeseclassic.com



ကချင်ပြည်နယ် အရှေ့ခြမ်းနှင့် ကယားပြည်နယ်အတွင်းသို့ပါ ဝင်ရောက်လာကြသည်။ ၁၉၅၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်တွင် မိုင်းပန်မြို့ကိုလည်းကောင်း၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် မူဆယ်နှင့် ကြူကုတ်ကိုလည်းကောင်း၊ တရုတ်ဖြူများက တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ တပ်မတော်သည် ပြည်တွင်းသောင်းကျန်းမှုကို နှိမ်နင်းနေရသဖြင့် နယ်စပ်တွင် တပ်အင်အား များများစားစားကို ချမထားနိုင်ခဲ့ပေ။ သို့သော် တပ်မတော်သားများသည် တရုတ်ဖြူများအား ရှိသည့်အင်အားဖြင့် ရှုပ်ရှုပ်ချွံချွံပင် ခုခံတိုက်ခိုက်ခဲ့ကြသည်။

၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဗိုလ်ချုပ်လီယူကိုချွမ် **(Liu Kuo Chwan)** ၏ လက်အောက်မှ တရုတ်ဖြူ ၁၀၀ ခန့်သည် မော်ချီးဒေသမှ ကေအင်(န်)ဒီအိုများထံ ရောက်လာကြသည်။ ထိုအချိန်မှာ ကေအင်(န်)ဒီအိုခေါင်းဆောင် စောဘဦးကြီး သေဆုံးပြီးနောက် ကေအင်(န်)ဒီအိုများ အခွံ့ပွဲများ ဆက်နေချိန်ဖြစ်သဖြင့် တရုတ်ဖြူများကို အားကိုးလိုက်ကြသည်။ ကေအင်(န်)ဒီအို ဗိုလ်ချုပ်စောရွှေသည် ဗန်ကောက်မြို့သို့သွားကာ ကူမင်တန် ဂျင်နရယ်လီမီနှင့်





တွေ့ဆုံကာ ကူမင်တန်များကို စစ်ကူအဖြစ် တောင်းခံခဲ့သည်။ သို့နှင့် မော်ချီးနှင့် လှိုင်းဘွဲ့ဒေသများတွင် တရုတ်ဖြူ တာအမ်တီများ ရောက်ရှိလာသည်။ ကေအမ်တီ ၄၀၀ ခန့်သည် မွန်ပြည်နယ် ကရင်ပြည်နယ် ကရုပ်ပြ ပင ဒေသအထိရောက်ရှိခဲ့ပြီး ကေအင်(န်)ဒီအိုတို့၏ နောက်မြီးဆွဲ မွန်သောင်းကျန်းသူများနှင့်ပါ ပူးပေါင်းခဲ့ကြသည်။

၁၉၅၃ ခုနှစ်တွင် တရုတ်ဖြူ ကျူးကျော်ရေးသမားအင်အား ၁၂၀၀၀ ကျော်မှာ မြန်မာနိုင်ငံအတွင်း ရောက်ရှိနေကြပြီဖြစ်သည်။ မြန်မာနိုင်ငံအတွက် အလွန်ကြီးမားသော အန္တရာယ်ပင်ဖြစ်သည်။

တရုတ်ဖြူတို့သည် ပထမပိုင်းတွင် စစ်ရှုံးသဖြင့် ပြေးလာကြရသောကြောင့် ပဒေသရာဇ်အာဏာပိုင်များထံ ပုန်းလျှိုးကွယ်လျှိုးဖြင့် ရောက်ရှိလာပြီး ခိုလှုံနေထိုင်ခွင့် တောင်းခဲ့ခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် အင်အားကြီးထွားလာပြီး မြန်မာနိုင်ငံအား ခြေကုပ်စခန်းအဖြစ် အသုံးချကာ တရုတ်ပြည်မကြီးကို တိုက်ခိုက်ခဲ့ကြသည်။ နောက်ဆုံးတွင်ကား မြန်မာနိုင်ငံတွင် အခြေချနေထိုင်ကာ ဘိန်းလုပ်ငန်း လုပ်ကိုင်ခြင်း၊ တိုင်းရင်းသားများအား နှိပ်စက်ကာပု



www.burmeseclassic.com

www.burmeseclassic.com



ပြုခြင်း၊ တိုင်းရင်းသူ အမျိုးသမီးများအား အဓမ္မကျင့်ကြံခြင်း စသည်ဖြင့် ရာဇဝတ်မှုများကို ကျူးလွန်တော့သည်။ တပ်မတော်သည် လက်ပိုက်၍ ကြည့်မနေနိုင်တော့ဘဲ ၁၉၅၃ ခုနှစ်၊ မတ်လတွင် မိုင်းရှူးမြို့ကို "မဟာစစ်ဆင်ရေး" ဖြင့် ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ဧပြီလတွင် "နဂါးနိုင် စစ်ဆင်ရေး" ဖြင့် မိုင်းတုံ၊ မိုင်းဆတ်ကို တိုက်သော်လည်း စစ်ဆင်ရေးမပြီးဆုံးခဲ့ချေ။ ၁၉၅၃ ခုနှစ် မတ်လတွင်ပင် "ကျော်ထွန်းစစ်ဆင်ရေး" ကို ဆင်နွှဲသည်။ ဖွန်လတွင် မော်ချီးဒေသ၌ "ကလူစစ်ဆင်ရေး" ဖြင့်လည်းကောင်း၊ ဇူလိုင်လတွင် ကွတ်ခိုင်ဒေသ၌ "ကန်တော်ကြီးစစ်ဆင်ရေး" ဖြင့်လည်းကောင်း၊ "မုန်းကြက်စစ်ဆင်ရေး" ဖြင့်လည်းကောင်း၊ ဩဂုတ်လတွင် "သမိန်စစ်ဆင်ရေး" ဖြင့်လည်းကောင်း တရုတ်ဖြူများကို တိုက်ခိုက်ခဲ့ရသည်။

၁၉၅၃ ခုနှစ် နိုဝင်ဘာလတွင် မော်ချီးရှိ ကေအမ်တီနှင့် ကေအင်(န်)ဒီအိုများကို "ချယ်ရီစစ်ဆင်ရေး" ဖြင့်လည်းကောင်း၊ ကျိုင်းတုံပတ်ဝန်းကျင်တွင် "လှိုင်းကာ" စစ်ဆင်ရေးဖြင့်လည်းကောင်း၊ ဒီဇင်ဘာလတွင် "ရွှေတံတားစစ်ဆင်ရေး" ကိုလည်းကောင်း၊ '၀' နယ်တွင် "သိင်္ဂီစစ်ဆင်





ရေး" ကိုလည်းကောင်း ဆင်နွှဲခဲ့သည်။ ကေအင်(န်)ဒီအိုတို့နှင့် ပူးတွဲနေသော တရုတ်ဖြူအင်အားမှာလည်း ၃၂၀၀ အထိ တိုးတက်လာပြီး တပ်မတော်စခန်းများကိုပင် ထိုးစစ်ဆင်တိုက်ခိုက်လာကြသည်။ ၁၉၅၃ ခုနှစ်၊ ဇန်နဝါရီလတွင် တပ်မတော်က ကရင်ပြည်၊ ပင ကမ်းရိုးတန်းဒေသရှိ ကေအမ်တီ ကေအင်(န်)ဒီအိုနှင့် မွန်သောင်းကျန်းသူများကိုတိုက်ရာ ရန်သူများက လက်တုံ့ပြန်သည့်အနေနှင့် ကော့ကရိတ်ကို တိုက်သည်။ တပ်မတော်က ထိုးစစ်ဆင်တိုက်ခိုက်သောအခါ တရုတ်ဖြူများရော ကေအင်(န်)ဒီအိုများပါ ထိုင်းနိုင်ငံထဲ ဆုတ်ခွာသွားကြသည်။ ကေအမ်တီ ၃၀၀ ခန့်က ကေအင်(န်)ဒီအိုများနှင့် ပူးပေါင်းကာ ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလထဲတွင် လှိုင်ကော်၊ လှိုင်ပွတ်၊ ဘောလခဲနှင့် နမ့်ဖဲမြို့များကို တိုက်ခိုက်ကြသည်။ သံတောင်ဒေသတွင်လည်း ကေအမ်တီနှင့် ကေအင်(န်)ဒီအိုများ ပူးပေါင်းနေခဲ့ရာ တပ်မတော်က တိုက်ခိုက်ချေမှုန်းခဲ့ရသည်။

၁၉၅၃ ခုနှစ်တွင် တရုတ်ဖြူတို့သည် မြန်မာနိုင်ငံအတွင်း စစ်ဒေသများ သတ်မှတ်ကာ အောက်ပါအတိုင်း ၎င်းတို့အင်အားများကို ဖြန့်ခွဲထားရှိခဲ့၏။



www.burmeseclassic.com

(က) **အမှတ် (၁) စစ်ဒေသ**။ ရှမ်းပြည်နယ်မြောက်ပိုင်း သံလွင်အနောက်ခြမ်းမှ မိုင်းရှူးအပါအဝင် သံလွင်အရှေ့ခြမ်း ပန်ယန်းဒေသအထိ။ အင်အား ၄၀၀၀ ခန့်။

(ခ) **အမှတ် (၂) စစ်ဒေသ**။ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း မုန်းထန်နှင့် မူဆယ် နမ့်ခမ်းဒေသ။ အင်အား ၃၀၀၀ ခန့်။

(ဂ) **အမှတ် (၃) စစ်ဒေသ**။ ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းပန်ဒေသ။ အင်အား ၄၀၀၀ ခန့်။

(ဃ) **မြန်မာနိုင်ငံတောင်ပိုင်းဒေသ**။ **KNDO**, **MNDO** များနှင့် ပူးတွဲကာ မော်ချီး၊ လွိုင်းဘွဲ့နှင့် ပင၊ ကရုပ္ပိဒေသ။ အင်အား ၁၀၀၀ ခန့်။

မြန်မာနိုင်ငံအစိုးရသည် တရုတ်ဖြူကျူးကျော်မှုကို တရုတ်ဖြူနှင့် သံတမန်အဆက်အသွယ်ရှိသော အမေရိကန် အစိုးရနှင့် အိန္ဒိယအစိုးရများမှတစ်ဆင့် နိုင်ငံရေးနည်းအရ ဖြေရှင်းရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပါချေ





ထိုသို့ ကြိုးစားနေရင်းမှာပင် တရုတ်ဖြူအင်အားများသည် မြန်မာနိုင်ငံအတွင်း တစ်စတစ်စ တိုးပွားလာခဲ့လေသည်။

❖

www.burmeseclassic.com

# အခန်း ( ၂ )

## တရုတ်ဖြူကျူးကျော်မှုကို မြန်မာနိုင်ငံမှ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသို့ တိုင်ကြားခြင်း

၁၉၅၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ကေအမ်တီ တရုတ်ဖြူကျူးကျော်မှုပြဿနာကို ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးသို့ တင်ပြရန် မြန်မာနိုင်ငံအစိုးရက ဆုံးဖြတ်လိုက်သည်။ မတ်လ ၁၇ ရက်နေ့တွင် အမေရိကန်အစိုးရနှင့် ချုပ်ဆိုထားသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီ



www.burmeseclassic.com

www.burmeseclassic.com



ချက် (အီးစီအေ) စာချုပ်ကို ဇွန်လ ၃၀ ရက်နေ့တွင် ရပ်စဲမည်ဟု ကြေညာသည်။ ဤသို့ကြေညာခြင်းမှာ မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်လျက်ရှိသော ကေအမ်တီ တရုတ်ဖြူတပ်များအား အမေရိကန်အစိုးရက ကူညီထောက်ပံ့နေသည်ဟု ယူဆသောကြောင့်ဖြစ်သည်။ ထို့နောက် မတ်လ ၂၅ ရက်နေ့တွင် တရုတ်ဖြူကျူးကျော်မှုပြဿနာကို ကုလသမဂ္ဂအဖွဲ့ချုပ်သို့ တရားဝင်တိုင်ကြားသည်။

၁၉၅၃ ခုနှစ်၊ ဧပြီလတွင် ကျင်းပသော ကုလသမဂ္ဂအဖွဲ့ကြီး၏ ၇ ကြိမ်မြောက် အထွေထွေညီလာခံကြီးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က တရုတ်ဖြူ ကျူးကျော်မှုပြဿနာကို တင်ပြခဲ့ရာ ဧပြီလ ၂၂ ရက်နေ့ တွင် မြန်မာ့နယ်မြေကို ကျူးကျော်သော နိုင်ငံခြားတပ်အားလုံး အမြန်ဆုံးထွက်ခွာသွားရန် အဆိုကို မဲခွဲဆုံးဖြတ်ရာ နိုင်ငံပေါင်း ၆၀ အနက် ထောက်ခံမဲ ၅၉ မဲ၊ ကြားနေမဲ ၁ မဲ နှင့် ကန့်ကွက်မဲမရှိဘဲ အောက်ပါဆုံးဖြတ်ချက်ကို ဆုံးဖြတ်ခဲ့သည်။

**''ဤမျှဆိုးဝါးနေသည့် အခြေအနေ ပြီးဆုံး**





**သွားစေရန်အတွက် မြန်မာနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်လျက်ရှိသည့် နိုင်ငံခြားတပ်များအားလုံးကို ချက်ချင်းလက်နက်ချစေပြီး၊ မြန်မာနိုင်ငံမှ ထွက်ခွာစေခြင်းဖြင့်လည်းကောင်း သို့မဟုတ် အဆိုပါတပ်များကို ချက်ချင်းလက်နက်ချစေပြီး အဖမ်းခံစေခြင်းဖြင့်လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအချို့တို့ အကူအညီဖြင့် လက်ရှိကြိုးစားလျက်ရှိခြင်းကို ဆက်လက်ကြိုးစားဆောင်ရွက်ရန် ထောက်ခံလိုက်သည်။''**

## လေးနိုင်ငံဘန်ကောက်အစည်းအဝေး

ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးမှ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်လျက်ရှိသည့် တရုတ်ဖြူတပ်များအားလုံး မြန်မာနိုင်ငံအတွင်းမှ ထွက်ခွာသွားရေးအတွက် အမေရိကန်၊ ထိုင်း၊ မြန်မာနှင့် တရုတ်သမ္မတနိုင်ငံ(တရုတ်ဖြူ) တို့ ပါဝင်သော လေးနိုင်ငံ ကော်မကာထပြုလုပ်ပြီး ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပရန် အကြံပြုရာ မြန်မာနိုင်ငံက တရုတ်ဖြူကိုယ်စားလှယ်များနှင့် မျက်နှာစုံညီထိုင်ပြီး မဆွေးနွေးနိုင်ဟူသော ခြွင်း



www.burmeseclassic.com

www.burmeseclassic.com



ချက်ဖြင့် လက်ခံသဘောတူခဲ့သည်။ ထို့ကြောင့် လေးနိုင်ငံစစ်ဘက်ကိုယ်စားလှယ်များ ဆွေးနွေးပွဲကို ဘန်ကောက်မြို့ အမေရိကန်သံရုံး၌ ၁၉၅၃ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် စတင်ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဗိုလ်မှူးကြီး အောင်ကြီး ခေါင်းဆောင်ပြီး တက်ရောက်ခဲ့သည်။ အဖွဲ့ဝင်များမှာ ဒုဗိုလ်မှူးကြီး သိန်းမောင်၊ ဒုဗိုလ်မှူးကြီး ထွန်းစိန်၊ ဒုဗိုလ်မှူးကြီး မျိုးမြင့်နှင့် ဗိုလ်မှူး ကိုကိုတို့ ဖြစ်ကြ၏။

မြန်မာကိုယ်စားလှယ်အဖွဲ့က တရုတ်ဖြူကိုယ်စားလှယ်များနှင့် မျက်နှာစုံညီ ဆွေးနွေးခြင်းမပြုနိုင်ဟု ဆိုထားသောကြောင့် အမေရိကန်နှင့် ထိုင်းကိုယ်စားလှယ်များသည် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်ကြိမ်၊ တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့နှင့် တစ်ကြိမ်၊ ကိစ္စတစ်ရပ်ကို နှစ်ကြိမ်ဆွေးနွေးခဲ့ရသည်။ ပထမဦးစွာ ဆွေးနွေးပွဲအစီအစဉ်ကို သတ်မှတ်ခဲ့ကြရာတွင် အောက်ပါအစီအစဉ်အတိုင်း အားလုံးသဘောတူညီခဲ့ကြသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှ နိုင်ငံခြားတပ်များအားလုံး အမြန်ဆုံး ထွက်ခွာစေရန်။

(ခ) မိုင်းဆတ်နှင့် အခြားသင့်လျော်သောနေရာများကို





အဖွဲ့ခေါင်းဆောင်ဦးမြင့်သိန်း နှင့် မစ္စတာ ဂျိုအိုကားလ်လိုဗ် မျူးနစ် တို့တွေ့ဆုံနေပုံ

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ခေါင်းဆောင်ဦးမြင့်သိန်း နှင့် မစ္စတာ ဂျိုအို ကားလ်လိုင်စ် မျူးနစ် တို့တွေ့ဆုံစဉ်



တရုတ်ဖြူကျူးကျော်မှုကို ကမ္ဘာ့ကုလသမဂ္ဂတွင် တင်ပြခဲ့သည့်
မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဦးမြင့်သိန်း

www.burmeseclassic.com

www.burmeseclassic.com




၁၉၅၀ ခုနှစ်နောက်ပိုင်း အာရှနိုင်ငံများတွင် စီ.အိုင်.အေ ဩဇာလွှမ်းမိုးအောင်
ဆောင်ရွက်ခဲ့သည့် အမေရိကန်တပ်မတော်မှ ဗိုလ်ချုပ် လင်းစဒေး




…သံအမတ်ကြီး ဦးကျော်နှင့် အိန္ဒိယသံအမတ်ကြီး လက်ချမ်းယပ်ဒစ်တို့ ဆွေးနွေးနေပုံ

www.burmeseclassic.com

www.burmeseclassic.com



နယ်နိမိတ်သတ်မှတ်ရေးအတွက် တရုတ်မြန်မာနှစ်နိုင်ငံ သဘောတူညီချက်လက်မှတ်ရေးထိုးနေပုံ



[illegible]သံအမတ်ကြီး ဦးကျော်နှင့် အိန္ဒိယမှ ဗွီကေခရစ်စနားမီနွမ် တို့ဆွေးနွေးနေပုံ

www.burmeseclassic.com

www.burmeseclassic.com





လုံခြုံသောဒေသ **Safety Zone** များအဖြစ် သတ်မှတ်ပေးရန်။

([illegible]) မြန်မာနိုင်ငံအတွင်းမှ ထွက်ခွာမည့် နိုင်ငံခြားတပ်များ ဦးရေနှင့် ယင်းတို့နှင့်အတူ ထွက်ခွာမည့် သားမယား၊ မှီခိုသူများဦးရေကို သတ်မှတ်ရန်၊ ဤကိစ္စအတွက် လေးနိုင်ငံကော်မတီက မိုင်းဆတ်သို့ သွားရောက်ရန်။

(ဿ) ထွက်ခွာသွားကြသည့် နိုင်ငံခြားတပ်များ၏ လက်နက်ခဲယမ်းမီးကျောက်နှင့် အခြားစစ်ပစ္စည်းများကို မည်သို့မည်ပုံ ထုခွဲမည်ဆိုသည်ကို စဉ်းစားဆုံးဖြတ်ရန်။

([illegible]) ထွက်ခွာရေး အသေးစိတ်အစီအစဉ်ရေးဆွဲရန်။

([illegible]) သတင်းဖြန့်ချိရေး စည်းကမ်းများ သတ်မှတ်ရန်။

ဆွေးနွေးပွဲစလျှင်စခြင်းပင် တရုတ်ဖြူကိုယ်စား[illegible]ယ်က မြန်မာပြည်အနှံ့အပြားရှိ ဗိုလ်ချုပ်ကြီး လီမီ၏ [illegible]ပ်များအား မြန်မာ့တပ်မတော်မှ အပစ်အခတ်ရပ်စဲရေး **General Cease - Fire** ကို ချက်ချင်းပြုလုပ်ပေးရန် [illegible]ောင်းဆိုရာ မြန်မာကိုယ်စားလှယ်အဖွဲ့က အပစ်အခတ်



www.burmeseclassic.com

www.burmeseclassic.com



ရပ်စဲရေးမှာ လက်တွေ့လုပ်ဆောင်ရန် လောလောဆယ် အခြေအနေအရ မဖြစ်နိုင်ကြောင်း ရှင်းလင်းပြောကြားပြီး တရုတ်ဖြူတပ်များ မြန်မာနိုင်ငံနယ်မြေမှ အမှန်တကယ် ထွက်ခွာသွားသည့်အချိန်တွင် သက်ဆိုင်ရာဒေသများနှင့် သက်ဆိုင်ရာလမ်းကြောင်းများကို လုံခြုံသောဒေသများ အဖြစ် သတ်မှတ်ပေးပြီး နှစ်ဦးနှစ်ဖက်စလုံးက အပစ်အခတ် ရပ်စဲရန် ပြုလုပ်ပေးနိုင်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ အမေရိကန်နှင့် ထိုင်းနိုင်ငံတို့က မြန်မာကိုယ်စားလှယ်အဖွဲ့၏ အကြောင်းပြချက်မှာ လုံလောက်သော၊ ခိုင်လုံသော အကြောင်းပြချက်ဖြစ်သည်ဟု လက်ခံကြသော်လည်း တရုတ်ဖြူကိုယ်စားလှယ်ကမူ လက်မခံချေ။

ထို့နောက် ဆွေးနွေးပွဲ အစီအစဉ်ပါ အချက်များကို ဆက်လက်ဆွေးနွေးပြီး အမေရိကန်နှင့် ထိုင်း ကိုယ်စား လှယ်အဖွဲ့က မြန်မာနှင့် တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့၏ ဆွေးနွေးပြောကြားချက်အပေါ် မူတည်ပြီး နှစ်ဦးနှစ်ဖက် လက်ခံနိုင်မည့် သဘောတူညီချက်မူကြမ်းတစ်ခုကို ရေးဆွဲ တင်သွင်းသည်။ အဆိုပါ သဘောတူညီချက်မူကြမ်းကို ဆက်လက်ဆွေးနွေးကြပြီး ထပ်မံပြင်ဆင်ရေးသားခဲ့သော





သဘောတူညီချက်မူကြမ်းကို မြန်မာ၊ အမေရိကန်နှင့် ထိုင်း ကိုယ်စားလှယ်အဖွဲ့များက လက်ခံသဘောတူကြ သော်လည်း တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့က အကြောင်း အမျိုးမျိုးပြကာ သဘောမတူဘဲနေခဲ့သည်။ ထို့ပြင် တရုတ် ဖြူကိုယ်စားလှယ်အဖွဲ့သည် ဆွေးနွေးပွဲကို နှောင့်နှေးကြန့် ကြာအောင် အချိန်ဆွဲခြင်း၊ ဆွေးနွေးပွဲနှင့် မသက်ဆိုင်သည့် ကိစ္စရပ်များကို ပြောကြားခြင်း၊ မရိုးမသား ပြုမူခြင်းများ ကြောင့် ဆွေးနွေးပွဲမှာ နှောင့်နှေးကြန့်ကြာခဲ့ရသည်။

ထို့ကြောင့် ဆွေးနွေးပွဲသဘာပတိ အမေရိကန် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ကပင် တရုတ်ဖြူကိုယ် စားလှယ်အဖွဲ့ကို ဆွေးနွေးပွဲမစတင်မီ "မြန်မာနိုင်ငံအနှံ့ အပြားရှိ လီမီတပ်များကို မြန်မာ့တပ်မတော်မှ ပစ်ခတ် ခြင်း ချက်ချင်းရပ်စဲရမည်ဟူသော တောင်းဆိုချက်မှာ အဓိပ္ပာယ် မရှိကြောင်း၊ လက်တွေ့လုပ်ဆောင်နိုင်သော တောင်းဆိုချက် မဟုတ်ကြောင်း၊ မြန်မာ့တပ်မတော်ကို အပစ်အခတ် ရပ်စဲနိုင်သော်လည်း လီမီတပ်များအပေါ် အကျိုးမရှိဟု ပြောကြားခြင်းမှာလည်း လုံးဝအဓိပ္ပာယ် မရှိကြောင်း၊ မိုင်းဆတ်သို့ လေးနိုင်ငံကော်မတီအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် သွားရောက်ရန် အားလုံးသဘောတူညီပြီးမှ ယင်းသို့သွားရောက်ရန်အတွက် တရုတ်ဖြူဘက်မှ စီစဉ်ရန် ကိစ္စရပ်များကို ယခုအထိ စီစဉ်ဆောင်ရွက် ပေးခြင်း မရှိသဖြင့် မျှော်လင့်ချက်များ ပျက်ပြားစေကြောင်း အမေရိကန်ကိုယ်စားလှယ်အဖွဲ့က တင်ပြသည့် ယာယီသဘောတူညီချက် မူကြမ်းကို ထိုင်းနှင့် မြန်မာ ကိုယ်စားလှယ်အဖွဲ့များက သဘောတူညီပြီးဖြစ်၍ တရုတ် ဖြူကိုယ်စားလှယ်အဖွဲ့သာ သဘောတူရန် ကျန်ရှိကြောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် မြန်မာနိုင်ငံပိုင်နက် နယ်မြေမှ တရုတ်ဖြူတပ်များ ထွက်ခွာရန် အသေးစိတ် အစီအစဉ်နှင့် မိုင်းဆတ်သို့ ကော်မတီမှ သွားရောက်ရန် အစီအစဉ်များကို တင်ပြထားပြီးဖြစ်ကြောင်း၊ ထိုင်းကိုယ်စားလှယ်အဖွဲ့ကလည်း ထိုင်းနိုင်ငံအတွင်းသို့ ဖြတ်သန်းထွက်ခွာနိုင်ရန် အစီအစဉ်များ တင်ပြထားပြီးဖြစ်ကြောင်း ယခုထိ တရုတ်ဖြူ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ထိထိရောက်ရောက် ရေရေရာရာ အကြံပေးခြင်းနှင့် ဆွေးနွေးခြင်းများ ပြုလုပ်ခြင်းမရှိသေးသည့်အပြင်





အမေရိကန် ကိုယ်စားလှယ်အဖွဲ့က တင်ပြသည့် ယာယီသဘောတူညီချက် မူကြမ်းကိုပင် လက်ခံခြင်း မရှိသေးကြောင်း'' သတိပေးပြောကြားခဲ့သည်။

၁၉၅၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့က အပစ်အခတ် ရပ်စဲရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံအနှံ့အပြား အပစ်အခတ်ရပ်စဲရန်အစား “သံလွင်မြစ်အရှေ့ဘက် ဒေသအားလုံးတွင် အပစ်အခတ် ရပ်စဲရန်'' ဟု ထပ်မံ၍ ပြင်ဆင်တောင်းဆိုပြန်သည်။ ထို့ပြင် တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂ ရက်နေ့တွင် ယင်းတို့၏ အစိုးရနှင့် တိုင်ပင်ရန်ရှိသည်ဆိုကာ ဖော်မိုဆာသို့ ပြန်သွားခဲ့သည်။ ထို့ကြောင့် ကျန်သုံးနိုင်ငံကိုယ်စားလှယ်များက အစီအစဉ်ပါ အချက်အလက်များကို ဆက်လက်ဆွေးနွေးကြပြီး တရုတ်ကိုယ်စားလှယ်အဖွဲ့ ထပ်မံတောင်းဆိုသော “သံလွင်မြစ် အရှေ့ဘက်ဒေသအားလုံးတွင် အပစ်အခတ် ရပ်စဲရမည်'' ဟူသော တောင်းဆိုချက်ကို လက်တွေ့တွင် ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း အကြောင်းအချက် စုံလင်စွာဖြင့် မြန်မာကိုယ်စားလှယ်အဖွဲ့က ဇွန်လ ၁၀ ရက်နေ့တွင် ကော်မတီသို့ တင်ပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် မြန်မာနိုင်ငံမှ တရုတ်ဖြူများထွက်ခွာရေး အစီအစဉ်သုံးခုကို ကုန်ကျမည့်စရိတ်နှင့်တကွ ထပ်မံပြင်ဆင်တင်ပြခဲ့သည်။ ဖွန်လ ၁၃ ရက်နေ့တွင် တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့ ဘန်ကောက်သို့ ပြန်လည်ရောက်ရှိလာသောအခါ ယင်းတို့ရေးဆွဲခဲ့သည့် ထွက်ခွာရေးအစီအစဉ်တစ်ခုကိုတင်ပြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် အချိန်ကြန့်ကြာမှုမရှိစေရန် တရုတ်ဖြူတို့က ရေးဆွဲတင်ပြသည့်ထွက်ခွာရေး အစီအစဉ်ကိုပင် လက်တွေ့ဆောင်ရွက်နိုင်ရန်ပြင်ဆင်ချက်အနည်းငယ်ဖြင့် လက်ခံခဲ့သည်။ သို့သော် ခြင်းချက်အနေဖြင့် မိုင်းဆတ်နှင့် အခြားအရေးကြီးသည့်ဒေသများကို မြန်မာ့တပ်မတော်မှ တိုက်ခိုက်မှုမရှိဘဲ ဝင်ရောက်သိမ်းပိုက်နိုင်ရမည်ဟု ထည့်သွင်းတောင်းဆိုခဲ့သည်။ အမေရိကန် ကိုယ်စားလှယ်အဖွဲ့ကလည်း ယင်းတို့တင်ပြသည့်"ယာယီသဘောတူညီချက် မူကြမ်း" ကို တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့အား လက်ခံရန် တိုက်တွန်းပြောကြားသော်လည်းတရုတ် ဖြူကိုယ်စားလှယ်အဖွဲ့က လက်မခံသည့်အကြောင်း-

(က) မိုင်းဆတ်သို့ ကော်မတီသွားရောက်ရာတွင် အမေရိကန်နှင့် ထိုင်းတို့ကိုသာ သွားခွင့်ပေးနိုင်ပြီး





မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာသတင်းစာဆရာများကို လက်မခံနိုင်ကြောင်း။

(ခ) မြန်မာနိုင်ငံတွင် နေထိုင်လျက်ရှိသော တရုတ်ဖြူအရပ်သားများအနက် မြန်မာနိုင်ငံကို ကျူးကျော်စော်ကားနေသည့် လီမီတပ်များကို နည်းအမျိုးမျိုးဖြင့် ကူညီခဲ့သဖြင့် မြန်မာအစိုးရက ဖမ်းဆီးထားသည့် တရုတ်ဖြူများကို ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရမည်။

ဟု ထပ်မံတောင်းဆိုပြန်သည်။

တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့ ဖော်မိုဆာသို့ ပြန်နေစဉ် အမေရိကန်ကိုယ်စားလှယ်က မြန်မာကိုယ်စားလှယ်အဖွဲ့အား တရုတ်ဖြူကိုယ်စားလှယ်နှင့် မျက်နှာစုံညီဆွေးနွေးရန် တောင်းပန်တိုက်တွန်းသောကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့က ဆွေးနွေးပွဲ လျင်မြန်စွာ ခရီးရောက်စေရန်နှင့် သဘောတူညီချက်များ လျင်မြန်စွာ အကောင်အထည်ပေါ်စေရန် တရုတ်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိလာလျှင် ဆွေးနွေးပွဲ၌ ထိရောက်စွာ ဆွေးနွေးတိုင်ပင် ဆုံးဖြတ်နိုင်သည့် အခွင့်အာဏာပါရှိလာပါက မျက်နှာစုံညီ



www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

တရုတ်ဖြူ ကိုယ်စားလှယ်အဖွဲ့ ဖော်မိုဆာမှ မြန်လည်ရောက်ရှိလာပြီးနောက် ဇွန်လ ၁၄ ရက်မှ ၂၃ ရက်နေ့ထိ ဆွေးနွေးရာတွင် အောက်ပါသဘောတူညီချက်များ ရရှိခဲ့သည်။

(က) တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့ တင်ပြသော မြန်မာနိုင်ငံမှ ထွက်ခွာရေးအစီအစဉ်ကို မြန်မာကိုယ်စားလှယ်အဖွဲ့က ပြင်ဆင်ချက်အနည်းငယ်ဖြင့် သဘောတူညီသည်။

(ခ) မိုင်းဆတ်သို့ သွားရောက်ရေးကိစ္စတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ မပါလျှင် မည်သူမှ မသွားဘဲနေရန် ကော်မတီက ဆုံးဖြတ်ပြီး လိုအပ်သည့်တို့ရပ်များ ပြီးမြောက်စေရန် မိုင်းဆတ်မှ တရုတ်ဖြူစစ်ဘက်အရာရှိများကို ဘန်ကောက်သို့ ခေါ်ယူပြီး ဆောင်ရွက်ရန် သဘောတူသည်။

မြန်မာနိုင်ငံအစိုးရက ဖမ်းဆီးထားသည့် တရုတ်ဖြူများကို လွှတ်ပေးရန် တောင်းဆိုချက်မှာမူ ဘန်ကောက်ဆွေးနွေးပွဲနှင့် မသက်ဆိုင်သောကြောင့် လက်မခံနိုင်





ကြောင်း မြန်မာကိုယ်စားလှယ်အဖွဲ့က ကန့်ကွက်ပြောကြားခဲ့သည်။ ဇွန်လ ၂၃ ရက်နေ့တွင် ယာယီသဘောတူညီချက်ကြမ်းကို မူအားဖြင့် ကိုယ်စားလှယ်အဖွဲ့အားလုံးက လက်ခံသဘောတူညီကြသောကြောင့် မြန်မာနိုင်ငံမှ တရုတ်ဖြူတပ်များ ထွက်ခွာရေးအတွက် လေးနိုင်ငံ သဘောတူညီချက်ရရှိပြီးဖြစ်ကြောင်း ကမ္ဘာသို့ ကြေညာခဲ့သည်။

သို့သော် တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့အနေဖြင့် သဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်ရန် အချိန်ဆွဲနေခြင်း၊ နှောင့်နှေးကြန့်ကြာအောင် ပြုလုပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်လိုစိတ်မရှိခြင်း၊ ရိုးသားဖြောင့်မတ်မှု မရှိခြင်းများကို တွေ့ရှိလာရသည်။

စက်တင်ဘာလ ၇ ရက်နေ့တွင် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဆွေးနွေးပွဲမှာ ဇာတ်မြောကြီး ဖြစ်နေခြင်းကို သည်းခံခြင်းမပြုနိုင်တော့သောကြောင့် အောက်ပါအဆိုကို သဘာပတိသို့ တင်ပြခဲ့သည်။

(က) မြန်မာနိုင်ငံတွင်းမှ တရုတ်ဖြူတပ်များ မည်၍ မည်မျှ ထွက်ခွာမည်ကို ထုတ်ဖော်ခန့်မှန်းရန်၊

(ခ) မိုင်းဆတ်နှင့် အခြားအရေးကြီးသော နေရာ ၅



www.burmeseclassic.com

www.burmeseclassic.com



နေရာကို မြန်မာ့တပ်မတော်မှ တိုက်ခိုက်ခြင်းမပြု ဘဲ သိမ်းပိုက်နိုင်ရန်။

တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့ကမူ အဆိုအမှတ် (၁) ကို တိကျသည့် အဖြေမပေးဘဲ ဝေ့လည်ကြောင်ပတ် ဖြေဆိုခဲ့ပြီး အဆိုအမှတ် (၂) ကို မိုင်းဆတ်အပါအဝင် အခြားအရေးကြီးသော နေရာ (၅) နေရာကို မြန်မာ့တပ် မတော်မှ မိမိဘာသာမိမိ သိမ်းယူရမည်၊ တိုက်ခိုက်ခြင်း မပြုဘဲ အေးဆေးစွာ သိမ်းယူရေးကိုမူ တရုတ် ကိုယ်စား လှယ်အဖွဲ့၌ တာဝန်မရှိဟု ပြောဆိုခဲ့သည်။

ထို့ကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဆက်လက်သည်းခံဆွေးနွေးနိုင်စွမ်းမရှိသောကြောင့် စက် တင်ဘာ ၄ ရက်နေ့တွင် နောက်ဆုံးအနေဖြင့် အောက်ပါ အဆိုကို တင်ပြခဲ့သည်။

(၁) မြန်မာနိုင်ငံတွင်းမှ တရုတ်ဖြူတပ်များအားလုံး ထွက်ခွာရန်။

(၂) ပထမအသုတ် တပ်သား ၅၀၀၀ ကို သဘော တူညီချက် လက်မှတ်ရေးထိုးပြီး ၂၀ ရက်အတွင်း ထွက်ခွာရန်။





(၃) မြန်မာနိုင်ငံအစိုးရက ကုလသမဂ္ဂသို့ အစီရင်ခံရန် ရှိသဖြင့် အထက်ဖော်ပြပါ အချက် ၂ ချက်ကို တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့ ၇ ရက်အတွင်း အဖြေပေးရန်နှင့် အကယ်၍ လက်မခံခဲ့လျှင် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဆွေးနွေးပွဲမှ ရုပ် သိမ်းမည်။

ဟု ကော်မတီသို့ တင်ပြခဲ့သည်။

အမေရိကန်ကိုယ်စားလှယ်အဖွဲ့က စက်တင်ဘာလ ၁၃ ရက်နေ့တွင် တရုတ်ဖြူတပ်များ တစ်ပတ်လျှင် ၂၀၀၀ အထိ ထွက်ခွာနိုင်ရန် လက်ရှိအစီအစဉ်ဖြင့်ဖြစ်နိုင်ကြောင်း၊ လေယာဉ်ပျံများလည်း အဆင်သင့်ရှိကြောင်း တစ်ပတ်လျှင် ၂၀၀၀ ထက် ပိုမိုထွက်ခွာလိုပါက ထွက်ခွာနိုင်အောင်လည်း စီစဉ်ပေးနိုင်ကြောင်း ပြောကြားသည်။ ထိုင်းနိုင်ငံကလည်း လေယာဉ်ကွင်းများ အသင့်ပြင်ဆင်နိုင်ကြောင်း၊ တရုတ်ဖြူ တပ်များ တစ်နေ့လျှင် ၂၅၀ ထက်မနည်း ထွက်ခွာနိုင်ရန် အစီအစဉ်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း ပြောကြား ခဲ့သည်။ သို့သော် တရုတ်ဖြူကိုယ်စားလှယ်အဖွဲ့က မြန်မာ ကိုယ်စားလှယ်အဖွဲ့ တင်ပြသည့်အဆိုများကို လက်မခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြောကြားသဖြင့် စက်တင်ဘာလ ၁၇ ရက်နေ့တွင် ဆွေးနွေးပွဲမှ မြန်မာကိုယ်စားလှယ်အဖွဲ့ ရပ်သိမ်းထွက်ခွာခဲ့သည်။ ထို့ကြောင့် ကျန်သုံးနိုင်ငံ ဆက်လက်ဆွေးနွေးပြီး တရုတ်ဖြူတပ်များ ထွက်ခွာရေးအစီအစဉ် တစ်ရပ်ဖြစ်သည်။ တရုတ်ဖြူတပ်သား ၂၀၀၀ နှင့် မှီခိုသူများ ထွက်ခွာရေးကို မြန်မာဘက်က နှောင့်ယှက်ခြင်းမပြုရန် တောင်းဆိုခဲ့သည်။ မြန်မာနိုင်ငံအစိုးရက လက်ခံခဲ့သောကြောင့် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် တရုတ်ဖြူတပ်သား ၂၀၀၀ ခန့် မြန်မာနိုင်ငံမှ စတင်ထွက်ခွာခဲ့သည်။ သို့သော် တရုတ်ဖြူတပ်များ သိမ်းပိုက်ထားသည့် မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းယန်း၊ မိုင်းယောင်းတို့ကို သဘောတူလွှဲပြောင်းပေးရန် ဘန်ကောက်ဆွေးနွေးပွဲက ဆုံးဖြတ်သော်လည်း တရုတ်ဖြူတပ်များက လက်တွေ့တွင် လိုက်နာခြင်းမရှိသောကြောင့် တပ်မတော်မှ စစ်ဆင်ရေးများ ဆင်နွှဲပြီး ဆက်လက်မောင်းထုတ်ခဲ့ရသည်။

၁၉၅၄–၁၉၅၅ ခုနှစ်များတွင် သက်ဆိုင်ရာနိုင်ငံကိုယ်စားလှယ်များက ဘန်ကောက်မြို့၌ အစည်းအဝေးများ ဆက်လက်ကျင်းပကာ မြန်မာနိုင်ငံမှ တရုတ်ဖြူတပ်များ





ဆက်လက်ထွက်ခွာရေးကို ဆောင်ရွက်ကြရာ တရုတ်ဖြူတပ်သား ၇၀၀၀ ခန့် ထွက်ခွာသွားခဲ့သည်။ သို့သော် ကြွင်းကျန်ရစ်သော တရုတ်ဖြူတပ်များသည် မြန်မာနိုင်ငံနယ်စပ်တစ်လျှောက်တွင် ဆက်လက်လှုပ်ရှားခဲ့ကြလေသည်။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

## မြန်မာ့တပ်မတော်မှ စစ်ဆင်ရေးများဆင်နွှဲခြင်း

မြန်မာ့တပ်မတော်သည် ၁၉၅၀ ပြည့်နှစ်၊ ဇွန်လတွင် ကျိုင်းတုံ၊ တာချီလိတ်ရှိ တရုတ်ဖြူတပ်များအား ကျိုင်းတုံစစ်ဆင်ရေးဖြင့်လည်းကောင်း၊ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် အောက်တိုဘာလများတွင် ဝနယ်၊ မွန်ရဲ၊ နောင်ဆင်း၊ ကျိုင်းတုံ၊ နန့်မွန်၊ ပင်လုံ၊ ပန်ယန်း စသည့်နယ်မြေများရှိ တရုတ်ဖြူတပ်များအား ဖရော့စ်၊ မော်၊ ပန်လုံစစ်ဆင်ရေးများဖြင့်လည်းကောင်း အောင်မြင်စွာ တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



ချေမှုန်းခဲ့သည်။

၁၉၅၂ ခုနှစ်၊ မတ်လတွင် တပ်မတော်က ကြ
ကုတ်၊ မုံးယု၊ ကျိုင်းတုံ၊ တောင်ကြီးဒေသများအတွင်း
ကျူးကျော်ဝင်ရောက်ခဲ့သော တရုတ်ဖြူတပ်များကို မိုးကြိုး
အထူးစစ်ဆင်ရေးဖြင့် တိုက်ထုတ်မောင်းနှင်နိုင်ခဲ့ပြီး ယင်း
နှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ဝမ်ပစ်၊ မုံးပင်၊
ဝမ်နောင်၊ မိုင်းပြင်း၊ မိုင်းပုအွန်၊ ဗန်းမော် အရှေ့ဘက်
ဆင်လွန်း စသည့်ဒေသများရှိ တရုတ်ဖြူတပ်များအား
ဘုရင့်နောင်အထူးစစ်ဆင်ရေး၊ ဘွန်မရှား စစ်ဆင်
ရေးကြီးများဖြင့် တွန်းလှန်တိုက်ထုတ်ခဲ့သည်။

၁၉၅၃ ခုနှစ်၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း
တွင် သံဖြူဇရပ်တောင်ပိုင်း၊ တနင်္သာရီကမ်းရိုးတန်း
မွန်ဒေသများဖြစ်သည့် ကရုပ္ပိ၊ ပင၊ ကော့ဒွတ်၊ လမိုင်းဒေသ
များရှိ မွန်သောင်းကျန်းသူများနှင့် ကူမင်တန် တရုတ်ဖြူ
တပ်များကို သီရိစစ်ဆင်ရေးဖြင့် ချေမှုန်းတိုက်ခိုက်ခဲ့သည်။
မတ်လမှ ဧပြီလအထိ မိုင်းယု၊ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းပွန်၊
မိုင်းပြင်း၊ ဝမ်ဆာလာ၊ ကျိုင်းတုံ အရှေ့မြောက်၊ အရှေ့
တောင်နှင့် အနောက်ပိုင်းနယ်မြေများရှိ တရုတ်ဖြူတပ်






www.burmeseclassic.com



တရုတ်ဖြူ စစ်စခန်း အဝင်ဂိတ်



မြန်မာနယ်စပ်တစ်နေရာမှ တရုတ်ဖြူ စစ်စခန်းတစ်ခု

www.burmeseclassic.com



မြန်မာပြည်တွင်း စစ်ရေးလေ့ကျင့်နေသည့် တရုတ်ဖြူတပ်သားများ



ထိုင်းနိုင်ငံရောက် ဂျင်မီယန်း၏ ကိုးကန့်သောင်းကျန်းသူများ

www.burmeseclassic.com




မြန်မာပြည်တွင်း စစ်ရေးလေ့ကျင့်နေသည့် တရုတ်ဖြူတပ်သားများ



လာအိုနိုင်ငံ ဘိန်းစိုက်ပျိုးရာဒေသသို့ လေ့လာရေးရောက်ရှိနေသည့်
The Politics of Heroin in Southeast Asia စာအုပ်ရေးသူ အဲလ်ဖရက် ဒဗလျူ မက်ကွိုင်း

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်တောတွင်းတစ်နေရာ၌ စစ်ရေးလေ့ကျင့်နေသည့်တရုတ်ဖြူတပ်သားများ



တရုတ်ဖြူကူမင်တန်တပ်များ မြန်မာနိုင်ငံနယ်စပ်ဒေသတွင် စစ်ရေးလေ့ကျင့်နေပုံ

www.burmeseclassic.com



တရုတ်ဖြူအမှတ်(၅)တပ်တော် တပ်မှူး ဗိုလ်ချုပ်ကြီး ကျူအန်းရီးဝမ်း

များအား မဟာ၊ နဂါးနိုင်၊ ကျော်ထွန်း၊ အောင်လင်း စစ်ဆင်ရေးများဖြင့်လည်းကောင်း၊ ဖွန်လမှ နို့ဝင်ဘာ အတွင်းတွင် မော်ချီး၊ ကျိုင်းတောင်၊ ကျိုင်းခမ်း၊ ဝမ်တာလုံ၊ ကွတ်ခိုင်ဒေသများရှိ တရုတ်ဖြူတပ်များအား ကလူ၊ ဘန့်တော်ကြီး၊ သမိန်၊ ချယ်ရီစစ်ဆင်ရေးများဖြင့်လည်း ကောင်း တိုက်ခိုက်နှိမ်နင်းခဲ့သည်။

၁၉၅၄ ခုနှစ်သို့ ရောက်သောအခါ မြန်မာနိုင်ငံ နိုင်ငံနက်နယ်မြေတွင်းသို့ ကျူးကျော်ဝင်ရောက်လာသော တရုတ်ဖြူတပ်အင်အားမှာ တပ်မသုံးခုမျှ အင်အားကြီးမား နေပြီး ဒေသခံတိုင်းရင်းသားများထံမှ အဓမ္မလုယက် အနိုင်သောက်၍ တိုင်းရင်းသားများကို စော်ကားလာပြန်သည်။ ထို့ကြောင့် တပ်မတော်က ဖေဖော်ဝါရီလတွင် မောက်မယ်၊ ပင်းခေးတောင်ပိုင်း၊ ဝမ်စလောင်းနှင့် ကဒူးကြီးဒေသများ ရှိ တရုတ်ဖြူတပ်များအား ယုဇန စစ်ဆင်ရေးဖြင့်လည်း ကောင်း၊ မတ်လတွင် မိုင်းတုံ၊ မိုင်းဟန်တောင်ကြား၊ မိုင်း ဆတ်၊ မိုင်းပုအွန်ဒေသများရှိ တရုတ်ဖြူတပ်များအား ဘုရင့်နောင် စစ်ဆင်ရေးဖြင့်လည်းကောင်း၊ မြဝတီလမ်းခွဲ၊ သက်နံ့ညီနောင်၊ ထိုင်းနယ်စပ်ဒေသတစ်ပိုက်ရှိ တရုတ်ဖြူ

www.burmeseclassic.com



များအား ဆင်ဖြူရှင် စစ်ဆင်ရေးဖြင့်လည်းကောင်း၊ အပြင် အထန် တိုက်ခိုက်ချေမှုန်းခဲ့သည်။ ၁၉၅၅ ခုနှစ်၊ မတ်လ မေလအထိ မိုင်းယောင်း၊ လွယ်လန်းဒေသများရှိ တရုတ်ဖြူတပ်များအား ရန်ကြီးအောင်စစ်ဆင်ရေးဖြင့် တိုက်ခိုက်ချေမှုန်းပြီး တရုတ်ဖြူအကြွင်းအကျန်များကို ရှင်းလင်းသုတ်သင်ခဲ့သည်။

၁၉၅၆ ခုနှစ်မှ ၁၉၆၀ ခုနှစ်အကြား ၅ နှစ်တာကာလအတွင်းတွင် တရုတ်ဖြူတို့အား ဒေသန္တရ စစ်ဆင်ရေးငယ်များဖြင့် တိုက်ခိုက်ခဲ့သည်။ ထိုကာလအတွင်း တရုတ်ဖြူတပ်များသည် မိုင်းပါလှို့ရွာတွင် လက်နက်ခဲယမ်းမီးကျောက်၊ ရိက္ခာနှင့် လူအင်အားဖြည့်တင်းရာ လေယာဉ်ကွင်းတစ်ကွင်း အပါအဝင် အင်အား ၅၀၀ ခန့်၊ ကျိုင်းလတ်တွင် အင်အား ၉၅၀ ခန့်၊ မိုင်းပါလှို့နှင့် တာချီလိတ်အကြားရှိ မိုင်းလင်းတွင် တပ်မတော်ထိုးစစ်ကို ဟန့်တားရန် အင်အား ၆၀၀ ခန့်၊ စုစုပေါင်း အင်အား ၂၀၀၀ ကျော်ဖြင့် စုစည်းခဲ့ကြသည်။

ထို့ကြောင့် တပ်မတော်သည် ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့မှစတင်၍ တရုတ်ဖြူတပ်ဖွဲ့များ

မြရတနာစာပေ



အား မဲခေါင်စစ်ဆင်ရေးဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ရာ ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့အတွင်း မိုင်းလင်းမြို့တစ်ဝိုက်ရှိ တရုတ်ဖြူတို့ အခိုင်အမာတပ်စွဲထားသော တပ်စခန်းများကိုလည်းကောင်း၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဝမ်ပါဝါကိုလည်းကောင်း ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ မဲခေါင်စစ်ဆင်ရေးတွင် တပ်မတော်မှ ခြေလျင်တပ်ဖွဲ့များသာမက တပ်မတော် (လေ)မှ တိုက်လေယာဉ်များဖြင့်လည်း တရုတ်ဖြူတပ်စခန်းများကို ချေမှုန်းတိုက်ခိုက်ရာ ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မိုင်းပါလှို့၊ ကျိုင်းလတ်ဒေသများကို တရုတ်ဖြူတို့ ကိုင်ဆောင်သော ခေတ်မီလက်နက်ကြီးများ၊ ခဲယမ်းမီးကျောက်များ၊ ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ အမြောက်အမြားနှင့်အတူ သိမ်းဆည်းရမိသည်။ မဲခေါင်စစ်ဆင်ရေးတွင် ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့၌ တပ်မတော် (လေ)မှ ဗိုလ်သိန်း၊ ဗိုလ်ပီတာ၊ ဗိုလ်ချစ်ခိုင်တို့ မောင်းနှင်သည့် ဆီဖြူရီတိုက်လေယာဉ် သုံးစင်းသည် ကျိုင်းတုံမှ ဝမ်ပါဆန်ရွာပေါ်သို့ ကင်းလှည့်ပျံသန်းစဉ် ရန်သူလေယာဉ်တစ်စင်းကို တွေ့ရှိပြီး ရန်သူလေယာဉ်က စတင်ပစ်ခတ်တိုက်ခိုက်သော

မြရတနာစာပေ

www.burmeseclassic.com



ကြောင့် တပ်မတော်(လေ)မှလည်း ပြန်လည်ပစ်ခတ်တိုက်ခိုက်ရာ ရန်သူ့လေယာဉ်မှာ မီးလောင်ပျက်စီးသွားသည်။ တပ်မတော်(လေ)မှလည်း ဗိုလ်ပီတာ ကျဆုံးခဲ့ရသည်။

ဤသို့ တပ်မတော်မှ မဲခေါင်စစ်ဆင်ရေးကြီးကို အောင်မြင်စွာ ဆင်နွှဲလိုက်သောကြောင့် မြန်မာ့နယ်မြေပေါ်တွင် ၁၁ နှစ်ကြာ ကျူးကျော်ဝင်ရောက်ခဲ့ကြသော တရုတ်ဖြူတပ်များသည် မဲခေါင်မြစ်ကို ဖြတ်ကျော်၍ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံများအတွင်းသို့ အလုံးအရင်းဖြင့် ဆုတ်ခွာထွက်ပြေးသွားကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ စစ်ဘက်အာဏာပိုင်များသည် မိမိတို့နိုင်ငံများမှ တရုတ်ဖြူတပ်များ အမြန်ဆုံး ထွက်ခွာရေးကို ဆွေးနွေးစီစဉ်ပြီးနောက် တရုတ်ဖြူတပ်ဖွဲ့ဝင်များနှင့် မိသားစုများသည် ဖော်မိုဆာသို့ တစ်သုတ်ပြီးတစ်သုတ် ထွက်ခွာသွားကြသည်။

တရုတ်ဖြူတပ်များ၏ ကျူးကျော်ဝင်ရောက်ခြင်းကို အကျဉ်းချုပ် ထပ်မံဖော်ပြပါဦးမည်။ ၁၉၄၉ ခုနှစ်တွင် တရုတ်ပြည် ယူနန်နယ် တောင်ပိုင်းရှိ တရုတ်ဖြူ (ကူမင်တန်) တပ်များသည် တရုတ်ပြည်သူ့တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်၊ ကျိုင်း





သို့ ကျူးကျော်ဝင်ရောက်လာခဲ့ကြသည်။ ပြည်တွင်းသောင်းကျန်းမှုကို နှိမ်နင်းနေရသော တပ်မတော်သည် ပြည်ပအန္တရာယ်ကို တွန်းလှန်ရန် ဦးလှည့်ရပြန်သည်။ ၁၉၅၀ ပြည့်နှစ်၊ ဇန်နဝါရီလဆန်းတွင် တရုတ်ဖြူတပ်သား ၂၀၀ ခန့်သည် ကျိုင်းတုံနယ်အတွင်းရှိ မိုင်းယန်းတွင် တပ်စွဲကြပြီး ထိုနှစ် မတ်လတွင် တရုတ်ဖြူအမှတ် (၈) တပ်မကြီး၊ အမှတ် (၂၆) တပ်မကြီးနှင့် အမှတ် (၉၃) တပ်မများမှ အင်အား ၁၅၀၀ ခန့်သည် ယင်းတို့၏ သားသမီး၊ သားမယား ၅၀၀ ခန့်နှင့်အတူ ကျိုင်းတုံနယ်အတွင်းသို့ ဝင်ရောက်လာကြပြန်သည်။ ဖော်ပြပါ တရုတ်ဖြူတပ်များသည် ကျိုင်းတုံမြို့ အရှေ့ဘက်မှ တောင်ဘက်သို့ ဆင်းသက်သွားပြီး အရှေ့ဘက်တွင် မဲခေါင်မြစ်နှင့် ပြင်သစ်၊ အင်ဒိုချိုင်းနားနယ်စပ်၊ အနောက်ဘက်တွင် ကျိုင်းတုံ–တာချီလိတ်လမ်းမ၊ တောင်ဘက်တွင် ယိုးဒယား–မြန်မာနယ်စပ်ဖြစ်သည့် တြိဂံဒေသ၌ စခန်းတပ်စွဲခဲ့ကြသည်။

၁၉၅၀ ပြည့်နှစ်၊ ဇွန်လ ပထမပတ်တွင် မြန်မာနိုင်ငံ စစ်ဘက်အာဏာပိုင်များက ယင်းတရုတ်ဖြူ တပ်ဖွဲ့ဝင်များအား လက်နက်ချအပ်ရန်နှင့် သို့မဟုတ်ပါက မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံမှ ထွက်ခွာသွားရန် ရာဇသံပေးခဲ့သည်။ သို့ရာတွင် တရုတ်ဖြူများသည် ယင်းတို့၏ လက်နက်များကို မချအပ်လိုကြောင်း၊ မြန်မာ့တပ်မတော်က ယင်းတို့အား တိုက်ခိုက်လာလျှင် ပြန်လည်တိုက်ခိုက်ရန် အသင့်ရှိကြောင်း အကြောင်းပြန်ကြားပြီး ကျိုင်းတုံ၊ တာချီလိတ်လမ်း မိုင်တိုင် (၈၁) မှ တာချီလိတ်အထိ သိမ်းပိုက်လိုက်ကြသည်။ ထိုအချိန်တွင် မြန်မာတပ်မတော်သည် ကျိုင်းတုံမြို့တွင်ရှိ တရုတ်ဖြူထောက်လှမ်းရေးသမားများနှင့် တပ်သားများကိုဖမ်းဆီး၍ မိတ္ထီလာ အကျဉ်းစခန်းသို့ ပို့ပြီးနောက် ၁၉၅၀ ပြည့်နှစ် ဇွန်လ ဒုတိယပတ်မှစတင်ကာ တရုတ်ဖြူတပ်များအား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကျိုင်းတုံ၊ တာချီလိတ်လမ်းရှိ တရုတ်ဖြူများအား မောင်းထုတ်နိုင်သည့်အပြင် တာချီလိတ်မြို့ကိုလည်း ထိုနေ့တွင်ပင် ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြသည်။

တရုတ်ဖြူတပ်များသည် တာချီလိတ်မြို့မှ ဆုတ်ခွာသွားပြီးနောက် ဗိုလ်ချုပ်ကြီးလီမီ ဦးဆောင်၍ မြန်မာ–ယိုးဒယားနယ်စပ်ရှိ မိုင်းဆတ်မြို့တွင် ပြန်လည်စုစည်းခဲ့ကြသည်။ ဗိုလ်ချုပ်ကြီးလီမီသည် ၁၉၅၀ ပြည့်နှစ်၊ နှစ်ဆန်း





၍ နယ်စပ်ဒေသတွင် တပ်သားများ စုဆောင်းခြင်း၊ လေ့ကျင့်မှုများ ပြုလုပ်ခြင်း၊ ပြည်ပမှ လက်နက်မီးကျောက်များနှင့် အခြားပစ္စည်းများ စုဆောင်းများကို ပြုလုပ်လာရာ ၁၉၅၁ ခုနှစ်၊ ဧပြီလခန့်တွင် ဖြူတပ်အင်အားမှာ ၄၀၀၀ ခန့် ဖြစ်လာခဲ့သည်။

တရုတ်ဖြူများသည် မိုင်းဆတ်တွင် အင်အား ၀ ခန့်ကို ချန်၍ မြောက်ဘက်ရှိ “ဝ” နယ်ကို ကိုးနယ်၊ မိုင်းလင်းနယ်များဘက်သို့ တပ်ဖြန့်ချီတက်သွားသည်။ ထို့နောက် “ဝ” နယ် မိုင်းမောတွင် ဌာနချုပ်ကြသည်။ ထို့အပြင် ယင်းနယ်စပ်ရှိ တရုတ်လူဆိုး လီတိုင်ရှင်းနှင့် အော်လစ်ယန်းတို့ ခေါင်းဆောင်သော တရုတ်ဖြူလိုလားသူများကို စုဆောင်းသိမ်းသွင်း၍ –ယူနန်နယ်စပ်များတွင် ဆက်လက် ဆူပူသောင်းခဲ့ကြသည်။ ယင်းသို့ ဗိုလ်ချုပ်ကြီးလီမီ ဦးဆောင်သည့် တရုတ်ဖြူတပ်များသည် နယ်စပ်ဒေသတွင် ဆူပူသောင်းကျန်းနေကြသဖြင့် မြန်မာတပ်မတော်မှ ထိုးစစ်ဆင်တိုက်ခိုက်ရာ မိုင်းမောနှင့် ပန်ယန်းတွင် ဆက်လက်မနေနိုင်တော့ဘဲ ၁၉၅၁ ခုနှစ်၊ အောက်တိုဘာလမှစ၍ ကျိုင်းတုံ



www.burmeseclassic.com

www.burmeseclassic.com



နယ်၊ မိုင်းဆတ်သို့ အလုံးအရင်းဖြင့် ဆုတ်ခွာသွားခဲ့ကြရသည်။ ဆက်လက်၍ မြန်မာ့တပ်မတော်သည် ဆုတ်ခွာသွားသည့် တရုတ်ဖြူတပ်များအား တောင်ကြီး–ကျိုင်းတုံလမ်းမှ ဖြတ်တောက်တိုက်ခိုက်လိုက်ပြန်သဖြင့် ရန်သူတို့ဖရိုဖရဲပြိုကွဲ၍ အထိနာသွားခဲ့ကြရသည်။ သို့သော် ၁၉၅၁ ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် ကျိုင်းတုံနယ် မိုင်းဆတ်သို့ ဆုတ်ခွာလာသည့် တရုတ်ဖြူ၏အင်အားမှာ ၆၀၀၀ ခန့် ဖြစ်လာခဲ့လေသည်။

တရုတ်ဖြူများသည် ကျိုင်းတုံနယ်အတွင်းသို့ အလုံးအရင်းဖြင့် ပြန်လည်စုရုံးလာနိုင်ကြသော်လည်း မြောက်ပိုင်း ''ဝ'' နယ်နှင့် တောင်ပိုင်း ''ဝ'' နယ်များတွင် တကွဲတပြား ကျန်ရှိနေသော တပ်များလည်း ရှိခဲ့ပေသည်။ ယင်းတရုတ်ဖြူတပ်များသည် သံလွင်မြစ်အရှေ့ဘက်ကမ်း ဒေသန္တရအုပ်ချုပ်ရေးကို အနှောင့်အယှက် ပေးနေကြ၍ ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် မြန်မာ့တပ်မတော်မှ ထိုးစစ်ဆင် တိုက်ခိုက်လိုက်သောကြောင့် တောတောင်ထူထပ်သော နယ်စပ်အတွင်းသို့ အကျအဆုံးများစွာဖြင့် ဆုတ်ခွာသွားခဲ့ကြရလေသည်။ ထိုနှစ် အောက်





တိုဘာလတွင် ဗိုလ်ချုပ်ကြီးလီမီသည် တရုတ်ဖြူတပ်သား ၃၀၀ ခန့်နှင့် ဖော်မိုဆာရှိ တရုတ်ဖြူဌာနချုပ်သို့ ထွက်ခွာသွားရာ ယင်း၏နေရာတွင် ဗိုလ်ချုပ်ကြီးလူကိုချွမ်းက ဆက်ဆောင်ရွက်ပြီး မိုင်းဆတ်ရှိ တရုတ်ဖြူများအတွက် လေယာဉ်ဖြင့် တစ်ပတ်လျှင် နှစ်ကြိမ်လာရောက်ချပေးသော လက်နက်များ တပ်ဆင်ခြင်း စသည်တို့ကို ပြုလုပ်နေခဲ့ပေသည်။ ဤသို့ ဗိုလ်ချုပ်ကြီးလူကိုချွမ်းသည် တရုတ်ဖြူတပ်များကို ပြန်လည်စုစည်းလေ့ကျင့်ပေးနေစဉ် ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းခန့်တွင် တရုတ်ဖြူအင်အား ၁၀၀ ခန့်သည် မော်ချီးဘက်သို့ ဝင်ရောက်၍ ကေအင်(န်)ဒီအိုများနှင့် ဆက်သွယ်ကြသည်။ ထိုနှစ် စက်တင်ဘာလတွင် ''ဝ'' နယ် မိုင်းလင်း၊ မိုင်းပန်နယ်များရှိ တရုတ်ဖြူတပ်များသည် သံလွင်မြစ်အနောက်ဘက်သို့ ဖြတ်ကျော်၍ ထိုဒေသများတွင် အဓမ္မလုယက်မှုများကို ကျူးလွန်ခဲ့ကြသည်။ ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလခန့်မှစ၍ တရုတ်ဖြူတပ်များသည် ထူးခြားသည့် လှုပ်ရှားမှုများကို ပြုလုပ်ခဲ့ကြရာ မိုင်းဆတ်ရှိ တရုတ်ဖြူအင်အား ၇၀၀ ခန့်နှင့် ကေအင်(န်)ဒီအိုတို့ ပူးပေါင်းပြီး မော်ချီး၊ ဖာပွန်၊ လှိုင်းဘွဲ့၊ ကညွှ



www.burmeseclassic.com

www.burmeseclassic.com



ပင နယ်များအတွင်းသို့လည်းကောင်း၊ အခြားအင်အား ၃၀၀ ခန့်ရှိသော တရုတ်ဖြူတပ်များသည် သံလွင်မြစ်ကို ဖြတ်ကျော်၍ မိုင်းယန်းနယ်အတွင်းသို့လည်းကောင်း ဝင်ရောက်ခဲ့ကြသည်။ တရုတ်ဖြူများသည် အစပထမတွင် ရိက္ခာရရှိရေးနှင့် သတ္တုရိုင်းများ သယ်ယူခိုးထုတ်ရောင်းချရေးအတွက် ကေအင်(န်)ဒီအိုများနှင့် ပူးပေါင်းခဲ့ကြခြင်း ဖြစ်သော်လည်း နောက်ပိုင်းတွင် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ တစ်ချိန်တည်းတွင် ကိုးကန့်နယ်တွင် ခိုအောင်းနေကြသော တရုတ်ဖြူများသည် ပိုမိုလှုပ်ရှားလာပြီး မိုင်းဆတ်ရှိ အမှတ် (၂၆) တပ်မကြီးအောက်၌ အမှတ် (၁) စစ်နယ်မြေ၊ သံလွင်အရှေ့ဘက်အလယ်ပိုင်းစစ်ဒေသ(ဌာနချုပ်ပန်ယန်း)၊ အမှတ် (၂) စစ်နယ်မြေ၊ အရှေ့မြောက်နယ်စပ်ဒေသ (ဌာနချုပ်လုံတန်)၊ အမှတ် (၃) စစ်နယ်မြေ၊ အရှေ့တောင်ပိုင်းနယ်စပ်ဒေသ (ဌာနချုပ် မိုင်းဆတ်) ဟူ၍ စစ်နယ်မြေသုံးခု ခွဲခြားကာ တာဝန်ခွဲဝေ လှုပ်ရှားလာခဲ့ကြပေသည်။ ယင်းသို့ စစ်နယ်မြေများ ခွဲခြားပြီးနောက် အမှတ် (၁) စစ်နယ်မြေမှ တရုတ်ဖြူတပ်သား ၁၀၀၀ ခန့်သည် ပန်ယန်းမှ သံလွင်မြစ် အနောက်ဘက်သို့

မြရတနာစာပေ



[illegible]၍ မိုင်းရှူးနယ်အတွင်းသို့လည်းကောင်း၊ အမှတ် (၂) [illegible]နယ်မြေမှ တရုတ်ဖြူတပ်သား ၈၀၀ ခန့်သည် ဗန်းမော် [illegible]ရှေ့ဘက် လွယ်ဂျယ်နယ်ဒေသသို့လည်းကောင်း၊ အမှတ် [illegible] စစ်နယ်မြေမှ တရုတ်ဖြူတပ်သား ၆၀၀ ခန့်သည် [illegible]ယန်နယ်အတွင်းသို့လည်းကောင်း ကျူးကျော်ဝင်ရောက် [illegible]ခဲ့ကြလေသည်။

ထို့ကြောင့် မြန်မာ့တပ်မတော်သည် အမှတ် (၂) [illegible]နယ်မြေရှိ တရုတ်ဖြူတပ်များကို အပြင်းအထန် ထိုးစစ် [illegible]တိုက်ခိုက်ရာ တရုတ်ဖြူများ ဖရိုဖရဲပြိုကွဲ၍ မှူဆယ် [illegible]သို့ဆုတ်ခွာသွားခဲ့ရသည်။ သို့သော် အမှတ် (၃) စစ် [illegible]မြေရှိ တရုတ်ဖြူတပ်သားများသည် ကေအင်(န်)ဒီအို [illegible]ပူးပေါင်း၍ အင်အားသေးငယ်သည့် အစိုးရကင်းစခန်း [illegible]ကို တိုက်ခိုက်လာကြသည့်အပြင် အချို့သော တရုတ် [illegible]တပ်များသည် မိုင်းယန်းတွင် တပ်စွဲကာ တာကော်– [illegible]တုံလမ်းရှိ မိုင်းပြင်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြပြန် [illegible]။ ၁၉၅၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် တရုတ် [illegible]တပ်များက မိုင်းရှူးမြို့ကို သိမ်းပိုက်လိုက်ကြသည်။ [illegible]ဝါရီလ ၈ ရက်နေ့တွင် မော်ချီး၌ ကေအင်(န်)ဒီအိုများ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပူးပေါင်းထားသော တရုတ်ဖြူအင်အား ၃၀၀ ခန့်သည် လွိုင်ကော်မြို့ကို ဝင်ရောက်တိုက်ခိုက်ရာ မအောင်မြင်ဘဲ အကျအဆုံးများစွာနှင့် ဆုတ်ခွာသွားခဲ့ကြရလေသည်။ တစ်ဖန် ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် တရုတ်ဖြူတပ်များသည် မိုင်းပန်မြို့ကို ဝင်ရောက်သိမ်းပိုက် သော်လည်း တပ်မတော်မှ ပြန်လည်ထိုးစစ်ဆင် တိုက်ထုတ်နိုင်ခဲ့သည်။ သို့သော် ဗန်းမော်အရှေ့နယ်စပ်ဒေသမှ ဆုတ်ခွာလာသော တရုတ်ဖြူတပ်များနှင့် မူဆယ်–ကြူကုတ်ဘက်မှ တရုတ်ဖြူအင်အား ၁၀၀၀ ခန့်သည် မူဆယ်၊ မိုင်းယု၊ ကြူကုတ်တို့ကို ဝင်ရောက်တိုက်ခိုက်ပြီး ကြူကုတ်ကို သိမ်းပိုက်ခဲ့ကြသည်။

ယင်းသို့ တရုတ်ဖြူတပ်များသည် မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ကြသဖြင့် မြန်မာနိုင်ငံအစိုးရသည် ၁၉၅၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသို့ တိုင်ကြားခဲ့သည်။ ဧပြီလ ၂၂ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက မြန်မာနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်နေသည့် နိုင်ငံခြားတပ်ဖွဲ့များအား မြန်မာ့မြေပေါ်မှ ချက်ချင်း လက်နက်ချ ထွက်ခွာရေး





နှင့် သို့မဟုတ်ပါက အဆိုပါတပ်ဖွဲ့များအား လက်နက်ချ အဖမ်းခံစေရေးကို ကုလသမဂ္ဂဝင် နိုင်ငံအချို့၏ အတူအညီဖြင့် ဆက်လက် ကြိုးစားဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပေသည်။ ယင်းဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်လျက်ရှိသော နိုင်ငံခြားတပ်များ ထွက်ခွာသွားရေးအတွက် ၁၉၅၃ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် အမေရိကန်၊ ထိုင်း၊ တရုတ်ဖြူနှင့် မြန်မာတို့ပါဝင်သော လေးနိုင်ငံ စစ်ဘက်ကိုယ်စားလှယ်တို့၏ အစည်းအဝေးပွဲကို အမေရိကန်နိုင်ငံက ကမကထပြု၍ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံမှ ဗိုလ်မှူးကြီး အောင်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဖော်ပြပါ လေးနိုင်ငံကိုယ်စားလှယ်များ ပါဝင်သော အစည်းအဝေးသည် တရုတ်ဖြူ ကိုယ်စားလှယ်များ၏ …သားမှုများကြောင့် အချိန်ကြာမြင့်စွာ ဆွေးနွေးခဲ့ရပြီး တရုတ်ဖြူအင်အား ၂၀၀၀ အား ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာနိုင်ငံမှ ထွက်ခွာရေးကို ယာယီအားဖြင့် သဘောတူညီခဲ့ကြပေသည်။ ထိုနှစ် နိုဝင်ဘာလနှင့် ဒီဇင်



www.burmeseclassic.com

www.burmeseclassic.com



ဘာများတွင် တရုတ်ဖြူအင်အား ၂၀၀၀ ခန့်သည် မြန်မာနိုင်ငံမှ ထွက်ခွာသွားခဲ့ကြသည်။ ဆက်လက်၍ ၁၉၅၄-၅၅ ခုနှစ်များတွင် သက်ဆိုင်ရာ ကိုယ်စားလှယ်များက ဗန်ကောက်မြို့၌ အစည်းအဝေးများ ကျင်းပကာ မြန်မာနိုင်ငံမှ တရုတ်ဖြူများ ဆက်လက်ထွက်ခွာရေးကို ဆောင်ရွက်ကြရာ တရုတ်ဖြူ ၇၀၀၀ ခန့် ထွက်ခွာသွားကြသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် ကြွင်းကျန်ရစ်သော တရုတ်ဖြူများသည် မြန်မာနိုင်ငံ နယ်စပ်တစ်လျှောက်တွင် ဆက်လက်လှုပ်ရှားခဲ့ကြောင်း တွေ့ရှိရပါသည်။

တရုတ်ဖြူ ကျူးကျော်မှုပေါ်ပေါက်နေချိန်တွင် မြန်မာနိုင်ငံအတွင်း၌ ရောင်စုံသောင်းကျန်းသူတို့ ထကြွဆူပူနေကြဆဲပင်ဖြစ်သည်။ မြေအောက်အဖွဲ့အစည်းများက လက်နက်ကိုင် တိုက်ခိုက်နေကြသကဲ့သို့ မြေပေါ်ပါတီများကလည်း ညီညွတ်မှုမရှိခဲ့ကြချေ။ မြန်မာအစိုးရအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအား အသိအမှတ်ပြုမည်ဖြစ်ကြောင်း ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ကတည်းက ကြေညာခဲ့သည်။ သို့သော် ကိုရီးယားစစ်ပွဲတွင် အမေရိကန်နိုင်ငံနှင့် ကုလသမဂ္ဂကို အစိုးရက ထောက်ခံခဲ့





၁၉၅၀ ခုနှစ်၊ စက်တင်ဘာလ၌ ဦးနုက အဆိုတင်သွင်းခဲ့ရာ ဆိုရှယ်လစ်ပါတီဝင်များက ကန့်ကွက်ခဲ့ပြန်သည်ကို တွေ့ရသည်။ နောက်ဆုံး ၁၉၅၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် မြန်မာပြည် ဆိုရှယ်လစ်ပါတီမှ သခင်ချစ်မောင် (နောင်တွင် [illegible]ရ သခင်ချစ်မောင်အဖြစ် နာမည်ကြီးခဲ့သူ)၊ သခင်လွင်၊ သခင်လှကြွေတို့ နုတ်ထွက်ကြပြီး ဗမာပြည်အလုပ်သမားလယ်သမားပါတီကို ထူထောင်လိုက်ကြပြန်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက် နိုင်ငံရေးတည်ငြိမ်မှု မရရှိခဲ့ဖြစ်နေရာမှ ၁၉၅၁ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင်မှ ပထမအကြိမ် ပါလီမန်အထွေထွေ ရွေးကောက်ပွဲကြီး၏ ပထမအရစ်ကို ကျင်းပနိုင်ခဲ့ပေသည်။ ၁၉၅၂ ခုနှစ်၊ မတ်လတွင် ပြည်သူ့လွှတ်တော် ပထမဆုံးညီလာခံကို စတင်နိုင်ခဲ့သည်။ ထိုနှစ် မတ်လ ၁၂ ရက်နေ့တွင် ဒေါက်တာဘဦးသည် ပထမဆုံးသောသမ္မတအဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလတွင် အမေရိကန်ထောက်ခံသော ကူမင်တန်တရုတ်ဖြူ ကျူးကျော်ရေးသမားများအား တိုက်ခိုက်ရန် အပျော်တမ်းတပ်များ စုစည်းရန် လိုအပ်ကြောင်း ဗမာပြည်အလုပ်သမား



www.burmeseclassic.com

www.burmeseclassic.com



လယ်သမားပါတီက ကြေညာခဲ့သည်။ အစိုးရကမူကား ကူမင်တန် တရုတ်ဖြူကျူးကျော်မှုပြဿနာကို တပ်မတော်က ခုခံတိုက်ခိုက်နေစဉ် နိုင်ငံရေးအရ ဖြေရှင်းရန် ကြိုးပမ်းနေဆဲသာ ဖြစ်ခဲ့ကြောင်း တွေ့ရှိရပေသည်။



## အခန်း ( ၄ )

## မြန်မာ့တပ်မတော်၏ ကျော်ကြားသောစစ်ဆင်ရေးများ

၁၉၄၉ ခုနှစ်တွင် တရုတ်ပြည်မကြီး၌ အရေးနိမ့်ပြီး မ်သို့ ထွက်ပြေးခဲ့ရသည့် ချန်ကေရှိတ်၏ တရုတ် သားတပ်မတော် ခေါ် ကူမင်တန် ခေါ် တရုတ်ဖြူ ားသည် တရုတ်ပြည်မကြီးမှ ထိုင်ဝမ်သို့ အသီးသီး ာသွားခဲ့ကြ၏။ ချန်ကေရှိတ်အား အမေရိကန် င်အစိုးရက အထောက်အပံ့ပေးနေခဲ့ရာ ကူမင်တန်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တရုတ်ဖြူတပ်များအား ထိုင်ဝမ်သို့ ပို့ဆောင်ရေးအတွက်လည်း အမေရိကန်အစိုးရမှပင် ဆောင်ရွက်ပေးခဲ့လေသည်။

ချန်ကေရှိတ်၏ တရုတ်ဖြူတပ်များသည် တရုတ်နိုင်ငံအနှံ့ ပျံ့ကြဲနေခဲ့ရာ ပင်လယ်ဆိပ်ကမ်းနှင့်နီးသော တရုတ်ဖြူတပ်များအား အမေရိကန် အမှတ် (၇) ရေတပ်ကြီးက ထိုင်ဝမ်သို့ ကူညီပို့ဆောင်ပေးခဲ့၏။ အချို့သော တရုတ်ဖြူတပ်များမှာ တရုတ်နိုင်ငံအနောက်ပိုင်း ယူနန်ပြည်နယ်သို့ ရောက်ရှိနေကြပြီး အရှေ့ဘက် ပင်လယ်ဆိပ်ကမ်းသို့ ထွက်ပေါက်မရှိတော့သဖြင့် ယူနန်ပြည်နယ်အတွင်းမှာပင် တဝဲလည်လည်ဖြင့် လှည့်လည် ခိုအောင်းနေခဲ့ကြလေသည်။ ၁၉၄၉ ခုနှစ်တွင် လွတ်လပ်ရေးကြေညာခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ခေါ် တရုတ်နီတပ်မှ အမှတ် (၄) တပ်မကြီးသည် ယူနန်ပြည်နယ်တွင်းရှိ တရုတ်ဖြူ အမှတ် (၈) တပ်မတော်မှ အမှတ် (၂၆) နှင့် အမှတ် (၉၃) တပ်မများ အကြွင်းအကျန်များကို လိုက်လံရှင်းလင်းလေတော့သည်။

ယူနန်ပြည်နယ်ရှိ ဒေသခံများကလည်း တရုတ်ပြည်သူ့တပ်မတော်နှင့် ပူးပေါင်းကာ တရုတ်ဖြူများအား





လိုက်လံမောင်းထုတ်ကြသဖြင့် တရုတ်ဖြူတပ်များသည် အနောက်ဘက်ရှိ မြန်မာနိုင်ငံထဲသို့ ဝင်ရောက်ခဲ့ကြတော့သည်။

ဦးစွာပထမ ၁၉၅၀ ခုနှစ်၊ ဇန်နဝါရီတွင် ကျိုင်းတုံဒေသ မိုင်းယန်းသို့ တရုတ်ဖြူအင်အား ၂၀၀ ခန့် ဝင်လာခဲ့။ သူတို့သည် မိုင်းယန်းမြို့ကလေးကို အလွယ်တကူပင် သိမ်းပိုက်နိုင်ခဲ့၏။ ထိုနှစ်ထဲမှာပင် တရုတ်ဖြူ အမှတ် (၈) တပ်တော်မှ အင်အားစုများသည် ကျိုင်းတုံဒေသသို့ တဖွဲဖွဲ ဝင်ရောက်လာကြပြီး ၎င်းတို့နှင့် အတူ အမှတ် (၂၆) တပ်မကြီးမှ တပ်များလည်း လိုက်ပါခဲ့ကြလေသည်။ တရုတ်ဖြူတပ်များကို တရုတ်ဖြူ ဗိုလ်ချုပ်ကြီး လီမီက ကွပ်ကဲခဲ့ပြီး အင်အား ၅၀၀၀ ခန့် ပါဝင်လေသည်။ တရုတ်ဖြူတပ်များသည် ကျိုင်းတုံအရှေ့ခြမ်း ရွှေတြိဂံဒေသကို သိမ်းပိုက်၍ [illegible]တ်ဒေသ၌ အင်အားအကြီးအကျယ်စုရုံးကာ ဌာနချုပ်များ ဖွင့်လှစ်ခဲ့လေသည်။

တရုတ်ဖြူများ ဝင်ရောက်ခဲ့ပြီး ၅ လကျော်အကြာ၌ တရုတ်ဖြူများသည် မိုင်းယန်း၊ တာချီလိတ် စသည့်မြို့များသာမက ကျိုင်းတုံ၊ တာချီလိတ်လမ်းမကြီးကိုပင်



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်၍ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးခဲ့လေသည်။

ကျိုင်းတုံဒေသရှိ မြန်မာ့တပ်မတော် အာဏာပိုင်များက တရုတ်ဖြူများအား မြန်မာ့မြေပေါ်မှ ထွက်ခွာသွားရန် တောင်းဆိုသော်လည်း တရုတ်ဖြူတို့က ငြင်းဆန်ခဲ့လေသည်။

တရုတ်ဖြူများ ကျူးကျော်ဝင်ရောက်မှုမှာလည်း ရပ်တန့်မသွားဘဲ တဖြည်းဖြည်းပိုမိုများပြားလာခဲ့ရာ ၁၉၅၃ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း၌ တရုတ်ဖြူအင်အား ၁၂၀၀၀ ခန့် စုစည်းမိကြ၏။ တရုတ်ဖြူများသည် မြောက်ဘက် ကချင်ပြည်နယ်ဒေသမှသည် တောင်ဘက် မွန်ပြည်နယ်ဒေသအထိ အင်အားများဖြန့်ခွဲကာ အချို့သည် မြန်မာနိုင်ငံမှ ဒေသခံသောင်းကျန်းသူများနှင့် ပူးပေါင်းလှုပ်ရှားလျက်ရှိကြ၏။

ထိုအချိန်က မြန်မာနိုင်ငံမှာလည်း လွတ်လပ်ရေးနှင့်အတူပါလာသည့် ရောင်စုံသူပုန်သောင်းကျန်းသူများကို ချေမှုန်းနေရသဖြင့် တရုတ်ဖြူအရေးကို ချက်ချင်း ဦးစားမပေးနိုင်ခဲ့ချေ။ သို့ရာတွင် တဖြည်းဖြည်း ဆိုးဝါးလာသည့်





တရုတ်ဖြူကျူးကျော်မှုအား မြန်မာ့တပ်မတော်က လက်ပိုက်ကြည့်မနေနိုင်တော့သဖြင့် စစ်ဆင်ရေးများကို မဖြစ်မနေဆောင်ရွက်ခဲ့ရလေသည်။

**မြန်မာ့တပ်မတော်မှ ကျော်ကြားသောစစ်ဆင်ရေးများ**

တရုတ်ဖြူတပ်များ မြန်မာနိုင်ငံ အရှေ့ခြမ်းတစ်ခုလုံး ပျံ့နှံ့လာပြီး နိုင်ငံ၏ အချုပ်အချာအာဏာကိုပါ ထိပါးလာသဖြင့် မြန်မာ့တပ်မတော်မှ စစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ရ၏။

၁၉၅၃ ခုနှစ်၊ မတ်လ ၂၅ ရက်တွင် တရုတ်ဖြူကျူးကျော်မှုအား မြန်မာနိုင်ငံမှ ကုလသမဂ္ဂအဖွဲ့ကြီးသို့ တိုင်ကြားခဲ့၏။ ကုလသမဂ္ဂမှ ဧပြီလ ၂၂ ရက်တွင် တရုတ်ဖြူများ မြန်မာနိုင်ငံမှ ချက်ချင်း ထွက်ခွာသွားရန် ဆုံးဖြတ်ခဲ့၏။ တရုတ်ဖြူများက ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို လိုက်နာသဖြင့် မြန်မာနိုင်ငံမှ ကူမင်တန် တရုတ်ဖြူတပ်များကို မြန်မာ့မြေပေါ်မှ မောင်းထုတ်ခဲ့ရ၏။

မြန်မာ့တပ်မတော်မှ စစ်ဆင်ရေးကြီးများကို ဆင်နွှဲနေတော့ရာ ၎င်းတို့အနက် –



www.burmeseclassic.com

ဘုရင့်နောင်စစ်ဆင်ရေး

ဆင်ဖြူရှင်စစ်ဆင်ရေး

ရန်ကြီးအောင်စစ်ဆင်ရေး

မဲခေါင်စစ်ဆင်ရေးကြီးများမှာ နာမည်ကျော် စစ်ဆင်ရေးကြီးများ ဖြစ်ကြ၏။

အထက်ဖော်ပြပါ စစ်ဆင်ရေးကြီးများဖြင့် တရုတ်ဖြူများအား ၁၉၅၀ ခုနှစ် ၎င်းတို့ စတင်ဝင်ရောက်လာချိန်မှ ၁၉၆၁ ခုနှစ် မဲခေါင်စစ်ဆင်ရေးကြီး ပြီးဆုံးချိန်အထိ ဆယ်နှစ်ကျော် ရှင်းလင်းချေမှုန်းခဲ့ရပါသည်။ အောက်ပါဇယားအတိုင်း စစ်ဆင်ရေးများ ဆင်နွှဲခဲ့ပါသည်။





| စဉ် | စစ်ဆင်ရေးဆင်နွှဲသည့် အချိန်ကာလ | စစ်ဆင်ရေးအမည် | စစ်ဆင်ရေးပြုလုပ်သည့် နေရာဒေသများ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၉၅၀ခု နှန် | ကျိုင်းတုံစစ်ဆင်ရေး | ကျိုင်းတုံတာချီလိတ်ဒေသများ | |
| ၂ | ၁၉၅၁ခု ဖေဖော်ဝါရီမှ အောက်တိုဘာထိ | ဖရော့၊မော်ဖ၊ပန်လုံ၊ စစ်ဆင်ရေးများ | မွန်ရဲနောင်လင်း၊ကျိုင်းတုံ နှင့်နမ့်မွန်းဒေသများ | |
| ၃ | ၁၉၅၂ခု မတ် | မိုးကြိုးစစ်ဆင်ရေး | ကြူကုတ်၊မုံးယု၊ကျိုင်းတုံ တောင်ကြီးဒေသများ | |
| ၄ | ၁၉၅၂ခု စက်တင်ဘာမှ ဒီဇင်ဘာထိ | ဘုရင့်နောင် စစ်ဆင်ရေး | မုံးပင်း၊ဝမ်နော်၊မိုင်းပြင်း၊ မိုင်းပုအွန်နှင့်ဗန်းမော်အရှေ့ ခြမ်းဒေသများ | |
| ၅ | ၁၉၅၃ခု ဇန်နဝါရီ၊ ဖေဖော်ဝါရီ | သီရိစစ်ဆင်ရေး | ပင၊ ကရုပ္ပိ၊ ကော့ဒွတ်၊ လမိုင်းနှင့်သံဖြူဇရပ်တောင်ပိုင်း ဒေသများ | |



www.burmeseclassic.com

| စဉ် | စစ်ဆင်ရေးဆင်နွှဲသည့် အချိန်ကာလ | စစ်ဆင်ရေးအမည် | စစ်ဆင်ရေးပြုလုပ်သည့် နေရာဒေသများ | မှတ်ချက် |
|---|---|---|---|---|
| ၆ | ၁၉၅၃ခု မတ်၊ ဧပြီ | ဘုရင့်နောင်၊ ဘွန်မရှားစစ်ဆင်ရေး | မိုင်းယု၊ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းပွန်၊ မိုင်းပြင်းနှင့်ဝမ်ပါလေ ဒေသများ | |
| ၇ | ၁၉၅၃ခု မတ်၊ ဧပြီ | မဟာ၊ နဂါးနိုင်၊ ကျော်ထွန်းနှင့် အောင်လင်း စစ်ဆင်ရေးများ | ကျိုင်းတုံအရှေ့ခြမ်းဒေသများ | |
| ၈ | ၁၉၅၃ခု နှစ် | ကလူစစ်ဆင်ရေး | မော်ချီးဒေသ | |





| စဉ် | စစ်ဆင်ရေးဆင်နွှဲသည့် အချိန်ကာလ | စစ်ဆင်ရေးအမည် | စစ်ဆင်ရေးပြုလုပ်သည့် နေရာဒေသများ | မှတ်ချက် |
|---|---|---|---|---|
| ၉ | ၁၉၅၃ခု ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ | ကလူ၊ ကန်တော်ကြီး သမိန်နှင့်ချယ်ရီ စစ်ဆင်ရေးများ | မော်ချီး၊ ကျိုင်းတောင်း၊ ကျိုင်းခမ်းဒေသများ၊ ဝမ်တာလုံနှင့် ကွတ်ခိုင်ဒေသများ | |
| ၁၀ | ၁၉၅၃ခု နိုဝင်ဘာ၊ ဒီဇင်ဘာ | လိုင်းကာနှင့် ရွှေတံတားစစ်ဆင်ရေး | ကျိုင်းတုံဒေသ | |
| ၁၁ | ၁၉၅၃ခု ဒီဇင်ဘာ | သိင်္ဂီစစ်ဆင်ရေး | ဝတောင်နှင့်ဝမြောက်ဒေသများ | |
| ၁၂ | ၁၉၅၄ခု ဇန်နဝါရီ | ယုဇနစစ်ဆင်ရေး | မောက်မယ်၊ လင်းခေး၊ ဝမ်းစလောင်းနှင့်ကဒူးကြီးဒေသ | |

www.burmeseclassic.com



| စဉ် | စစ်ဆင်ရေးဆင်နွှဲသည့် အချိန်ကာလ | စစ်ဆင်ရေးအမည် | စစ်ဆင်ရေးပြုလုပ်သည့် နေရာဒေသများ | မှတ်ချက် |
|---|---|---|---|---|
| ၁၃ | ၁၉၅၄ခု မတ် | ဘုရင့်နောင် စစ်ဆင်ရေး | မိုင်းတုံ၊မိုင်းဆတ်၊ မိုင်းပါလျှို့ဒေသ | |
| ၁၄ | ၁၉၅၄ခု မတ် | ဆင်ဖြူရှင်စစ်ဆင်ရေး | မြဝတီသဃ်န်းညီနောင်ဒေသ | |
| ၁၅ | ၁၉၅၅ခု မတ်၊ ဧပြီ၊မေ | ရန်ကြီးအောင် စစ်ဆင်ရေး | မိုင်းယောင်းနှင့် လွယ်လန်းဒေသများ | |
| ၁၆ | ၁၉၆၀ခု ဒီဇင်ဘာမှ ၁၉၆၁ခု ဇန်နဝါရီထိ | မဲခေါင်စစ်ဆင်ရေး | မိုင်းပါလျှို၊ကျိုင်းလတ်၊မိုင်းလင်း နှင့်ကျိုင်းတုံအရှေ့ခြမ်းဒေသများ | |





၁၉၅၆ မှ ၁၉၆၁ ထိ စစ်ဆင်ရေးကြီးများ ငါးနှစ်နားထားသည်။

၁၉၅၆ ခုနှစ်မှ ၁၉၆၁ ခုနှစ်ကြား ငါးနှစ်တာကာလအတွင်းတွင် တရုတ်ဖြူတို့အား ဒေသန္တရ စစ်ဆင်ရေးငယ်များဖြင့် တိုက်ခိုက်ခဲ့သည်။ ထိုကာလအတွင်း တရုတ်ဖြူတပ်များသည် မိုင်းပါလျှို့တွင် လက်နက်ခဲယမ်း မီးကျောက်ရိက္ခာနှင့် လူအင်အားဖြည့်တင်းရာ လေယာဉ်ကွင်းတစ်ကွင်းအပါအဝင် အင်အား ၅၀၀ ခန့်၊ ကျိုင်းလတ်တွင် အင်အား [illegible]၀ ခန့်၊ မိုင်းပါလျှို့နှင့် တာလေအကြားရှိ မိုင်းလင်းတွင် အင်အား ၆၀၀ ခန့် စုစုပေါင်း အင်အား ၂၀၀၀ ကျော်ဖြင့် စည်းခဲ့ကြသည်။

ထို့ကြောင့် တပ်မတော်သည် ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၃၀ ရက်နေ့မှစတင်၍ တရုတ်ဖြူတပ်များအား မဲခေါင်စစ်ဆင်ရေးဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ရာ ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလတွင် မိုင်းလင်းတစ်ဝိုက်ရှိ တရုတ်ဖြူ အခိုင်အမာ ဆောက်လုပ်ထားသော စခန်းများကိုလည်းကောင်း၊ ဇန်နဝါရီ ၃၁ ရက်တွင် ဝမ်ပါဝါကိုလည်းကောင်း ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်မှ မဲခေါင်စစ်ဆင်ရေးကြီးကို အောင်မြင်စွာ ဆင်နွှဲလိုက်သောကြောင့် မြန်မာ့နယ်မြေပေါ်တွင် ၁၀ နှစ်ကြာ ကျူးကျော်ဝင်ရောက်ခဲ့ကြသော တရုတ်ဖြူတပ်များသည် မဲခေါင်မြစ်ကိုဖြတ်ကျော်၍ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံများအတွင်းသို့ အလုံးအရင်းနှင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြရသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ စစ်ဘက်အာဏာပိုင်များသည် မိမိတို့နိုင်ငံများမှ တရုတ်ဖြူတပ်များ အပြီးဆုံးထွက်ခွာရေးကို ဆွေးနွေးစီစဉ်ခဲ့ရာ တရုတ်ဖြူတပ်ဝင်များနှင့် မိသားစုများသည် ဖော်မိုဆာသို့ တစ်သုတ်ပြီး တစ်သုတ် ထွက်ခွာသွားကြရတော့၏။

**တရုတ်မြန်မာနယ်ခြားကျောက်တိုင်များစိုက်ထူခြင်း**

မြန်မာ့တပ်မတော်၏ တရုတ်ဖြူကျူးကျော်မှုအား တွန်းလှန်ချေမှုန်းခဲ့သည့် စစ်ဆင်ရေးကြီးများအနက် နောက်ဆုံးဆင်နွှဲခဲ့သော စစ်ဆင်ရေးကြီးမှာ ကျိုင်းတုံအရှေ့မြောက် လာအိုနှင့် ထိုင်းနယ်စပ်တွင် ၁၉၆၀ ခုနှစ်၊ ဒီဇင်ဘာ ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီထိ ဆင်နွှဲခဲ့သည့် ''မဲခေါင်စစ်ဆင်ရေးကြီး'' ပင်တည်း။ မဲခေါင်စစ်ဆင်ရေးကြီးတွင် **KMT** တရုတ်ဖြူများ အများအပြားကျဆုံးကာ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံအတွင်း အပြီးအပိုင် ထွက်ပြေးဝင်ရောက်ပျောက်ကွယ်သွားခဲ့ကြ၏။





ထိုအချိန်နောက်ပိုင်းကစပြီး **KMT** တရုတ်ဖြူများ မြန်မာနိုင်ငံအတွင်း အခိုင်အမာခြေချနေထိုင်ခြင်း မပြုနိုင်တော့ချေ။

တကယ်တော့ မြန်မာ့တပ်မတော်နောက်ဆုံး ဆင်နွှဲခဲ့သည့် မဲခေါင်စစ်ဆင်ရေးကြီးသည် **Burma Boundary Operation** ဟု ထိုစဉ်က ခေါ်ခဲ့သည့် တရုတ်မြန်မာ နယ်နမိတ်တိုင်းတာ သတ်မှတ်ရေးနှင့် နယ်ခြားကျောက်တိုင်များ စိုက်ထူရေးအတွက် တိုင်းတာသတ်မှတ်ထားသည့် နယ်နိမိတ်များပေါ်တွင် ကူမင်တန်ဆန်ပေ့ ခေါ် တရုတ်ဖြူအကြွင်းအကျန်များက အခိုင်အမာတပ်စွဲထားသောကြောင့် ဆင်နွှဲခဲ့ရသည့် စစ်ဆင်ရေးကြီး ဖြစ်ပါ၏။ နယ်နိမိတ် သတ်မှတ်ရေးကိစ္စကို စစ်ဆင်ရေးတစ်ရပ်အသွင် တရုတ်မြန်မာနှစ်နိုင်ငံ ပူးတွဲဆောင်ရွက်၍ စစ်ဆင်ရေးအမည်ကို ဘာဘစစ်ဆင်ရေးဟု အမည်ပေးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်–မြန်မာနယ်နိမိတ်ကလည်း မြန်မာပြည်မြောက်ဖျား ကချင်ပြည်နယ်မှသည် ရှမ်းပြည်နယ်တောင်ပိုင်း ကျိုင်းတုံအရှေ့ခြမ်းထိ မိုင်ပေါင်းတစ်ထောင်ကျော်မျှ ရှည်လျားပါ၏။

ကြုံကြိုက်၍ ဤကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော့်ကိုယ်တွေ့လေးတစ်ခုအား တင်ပြလိုပါသည်။

၁၉၉၁ ခုနှစ်၊ ဧပြီလက ကျွန်တော်သည် တပ်ရင်းမှူးတာဝန်နှင့် ကျိုင်းတုံမြို့တွင် တာဝန်ထမ်းဆောင်နေရ၏။

တာဝန်အရ အထူးဒေသ (၄) နယ်မြေ မိုင်းမ မိုင်းလားသို့ သွားခဲ့ရ၏။ ကျွန်တော်နှင့်အတူ တပ်ခွဲ သုံးခွဲပါသည်။

ထိုစဉ်က တရုတ်မြန်မာနယ်စပ် နမ့်မလန်ချောင်း၏ ဒီဘက်ကမ်းက မိုင်းလားရွာကလေးဖြစ်ပြီး ဟိုဘက်ကမ်းက တရုတ်ပြည် ယူနန်ပြည်နယ်မှ ကျိုင်းလောခေါ် တာလောကြီးမြို့ ဖြစ်၏။ တာလောကြီးက တိုက်တာအိမ်ခြေများနှင့် စည်ကားသိုက်မြိုက်လျက်ရှိပြီး ကျွန်တော်တို့ဘက်က မိုင်းလားရွာကလေးမှာ သက်ကယ်တဲငယ်လေး အလုံးလေးငါးခြောက်ဆယ်ခန့် ကြိုးတိုးကြဲတဲနှင့် တကယ့်





ပုဒ်ကလေးမျှသာဖြစ်ရှာပါ၏။ တိုက်အိမ်ဆို၍ ရှားရှားပါးပါး အထူးဒေသ (၄) အဖွဲ့ခေါင်းဆောင် ဦးစိုင်းလင်း ခေါ် လင်...ရှင်း၏ Brick Nogging တစ်ထပ်အုပ်ညှပ် တိုက်ပုအနီကလေးတစ်လုံးသာ ရှိပါသည်။

သူ့တိုက်ကလေးက နယ်စပ်နှင့်ကပ်လျက် နမ့်မလန်ချောင်းဘေးမှာရှိ၏။ နမ့်မလန်ချောင်းတစ်လျှောက်တွင် တရုတ်မြန်မာ နယ်ခြားကျောက်တိုင်များရှိ၏။ ဒါသာမကပါ ကျောက်တိုင်ဘေး၌ တရုတ်ပြည်သူ့တပ်မတော် နယ်ခြားစောင့်တပ်မှ အမ် ၂၂ မောင်းပြန်သေနတ်ကိုင် စစ်သည်များ နေရာယူထားကြသည်ကို တွေ့ခဲ့ရ၏။

ဦးစိုင်းလင်း၏ ပြောပြချက်အရ နယ်ခြားကို တရုတ်စစ်သားများ အမြဲတမ်း ဤသို့ စောင့်ကြပ်နေကြောင်း သိရ၏။

ဤနယ်နိမိတ်ကျောက်တိုင်များမှာ ၁၉၆၀ ခုနှစ် ...စစ်ဆင်ရေးတုန်းက တရုတ်မြန်မာ နှစ်နိုင်ငံ သဘောတူ စိုက်ထူအသိအမှတ်ပြုခဲ့ကြခြင်း ဖြစ်ပါ၏။ အတော်...ကောင်းသွားပါသည်။ ၁၉၆၇ ခုနှစ် တရုတ် မြန်မာအရေးအခင်းဖြစ်တော့ တရုတ်က နယ်စပ်ဒေသ ဗကပများကို



www.burmeseclassic.com

www.burmeseclassic.com

လိုအပ်သည်များ ပံ့ပိုးပေးပြီး မြန်မာ့တပ်မတော်ကို တိုက်စေသည်။ နယ်စပ်ဒေသများကို သိမ်းစေသည်။ နယ်ခြားကျောက်တိုင်များသာ မရှိခဲ့ပါက ဗကပသိမ်းသွားသောနယ်မြေများ ပေါက်ဖော်ကြီးများလက်ထဲ ရောက်သွားနိုင်၏။ ဗကပက အလကားပေးလိုက်နိုင်၏။

ပေါက်ဖော်ကြီးများကလည်း ခြေပုမ်းကြလုသည်။ ၁၉၉၁ ခုနှစ် ကျွန်တော် ရောက်ခဲ့သော မိုင်းလားရွာကလေးကို နောင် ၁၀ နှစ်အကြာ ၂၀၀၀ ပြည့်နှစ်တွင် တစ်ခေါက်ပြန်ရောက်ပြန်ပါသည်။ မိုင်းလားကား ရွာသိမ်ရွာငယ်လေး မဟုတ်တော့ပါ။ နိုင်လွန်ကတ္တရာလမ်းများ၊ ကျောက်စိမ်းနှင့် ကျောက်သံပတ္တမြား၊ ရွှေနှင့် လက်ဝတ်ရတနာ ရောင်းချသည့် ရတနာဆိုင်ကြီးများ၊ **Road stall** ခေါ် လမ်းဘေးဈေးဆိုင်ကြီးများ၊ နိုင်ငံတကာအဆင့်မီဟော်တယ်ကြီး လေးငါးလုံး၊ **Restaurant** များ၊ **Night Club** များ၊ **Casino** များနှင့် အလွန်စည်ကားသိုက်မြိုက်ပြီးတကယ့်မြို့ကြီးအသွင် ဆောင်နေပါပြီ။


ဟိုတုန်းက တရုတ်ပြည်ဘက်က ကျိုင်းလောကားဖြင့်သွားရသည်။ ဆယ့်လေးငါးမိနစ်သွားပြီးမှ မြို့ထဲ





www.burmeseclassic.com

www.burmeseclassic.com



ဘာဘာစစ်ဆင်ရေးမှ မြန်မာ့တပ်မတော်သားများ



ရောက်၏။ လမ်းတွင် ရာဘာတောနှင့် လယ်ကွင်းများကို ဖြတ်ရ၏။ ယခုတော့ ထိုအရာတွေ မရှိတော့ပါ။ တရုတ်တွေက နမ့်မလန်ချောင်းစပ်မှာ မြို့ဝင်ဂိတ်ကြီး လာဖွင့်သည်။ ပြီးတော့ လွန်ခဲ့သည့် ၁၀ နှစ်က ကျွန်တော်တို့ ဖြတ်သန်းဖြတ်လာလုပ်ခဲ့သည့် လမ်းတစ်လျှောက်၌ ကုန်တိုက်ကြီးများဖွင့်ကာ ပျော်ပျော်ကြီး ဈေးရောင်းတော့၏။ သိုချင်တာ အကုန်ရပါသည်။ ဒီဘက်ကလူတွေကလည်း ပျော်ပျော်ကြီး ဈေးသွားဝယ်ကြပါသည်ခင်ဗျာ။

သူတို့က တဖြည်းဖြည်း ကျွန်တော်တို့နား ကပ်လာသည်။ ကျူးလာသည်။ နယ်ခြားကျောက်တိုင်တွေ ရှိနေလို့။

ဒီလိုသာဓကတစ်ခုကို မနှစ်က လောက်ကိုင်ဘက်ရောက်တော့လည်း ကျွန်တော် တွေ့ရပြန်သည်။ လောက်ကိုင်က ယူနန်ပြည်နယ် ကျင်ချန်းခရိုင် နမ့်စမ်မြို့နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်၏။ လောက်ကိုင်နှင့် နမ့်စမ်၊ နမ့်စမ်က ပိုစည်ကားသည်။ ဒီမှာလည်း နယ်ခြားကျောက်တိုင်တွေရှိနေလို့ ရောင်းရင်းဝယ်ရင်း ပေါက်ဖော်ကြီးတွေက ကျွန်တော်တို့နား ပို၍ပို၍ ကပ်လာသည်။ ဘယ်လောက်ကပ်လာကပ်လာ နယ်ခြားကျောက်တိုင်များကိုတော့ ရွှေ့



www.burmeseclassic.com

www.burmeseclassic.com



မရပါ။ ဟိုဘက်က သူ့မြေ၊ ဒီဘက်က ကိုယ့်မြေ။

ဤကျောက်တိုင်များကား ၁၉၆၀ ခုနှစ် ဘဘစစ်ဆင်ရေး၏ ရလဒ်များပါပေ။ ကျေးဇူးကြီးလှပါပေသည်။

ဤဘဘစစ်ဆင်ရေးသည်ကား တရုတ်ဖြူကျူးကျော်ဝင်ရောက်မှုနှင့် ဆက်စပ်လျက်ရှိပါသဖြင့် စာရှုသူများအနေဖြင့် ဤစစ်ဆင်ရေးကြီးအကြောင်းကို ဂဃနဏ သိရှိနိုင်ပါရန် ကျွန်တော် မှတ်သားလေ့လာထားရှိမှုကို ရေးသားတင်ပြလိုက်ရပါသည်ခင်ဗျား။

## ဘဘစစ်ဆင်ရေး

မြန်မာ–တရုတ် နယ်နိမိတ်ပြဿနာမှာ မြန်မာနိုင်ငံကို ဗြိတိသျှတို့မသိမ်းပိုက်မီ ၁၈၇၆ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့၌ ခြေဖူး Chefoo တွင် ကျင်းပခဲ့သော တရုတ်–ဗြိတိသျှနယ်နိမိတ်စာချုပ်မှ စတင်ခဲ့သည်ကို တွေ့ရပေသည်။ ထိုစာချုပ်အရ မြန်မာပြည်နှင့် တရုတ်ပြည် ၂ ပြည်ထောင်၏ နယ်နိမိတ်မှာ တိကျပြတ်သားချက်





ရှိသည်ကို တွေ့ရပေသည်။ ထိုအခါက မြန်မာပြည်နှင့် တရုတ်ပြည်၏ နယ်နိမိတ်ပြဿနာမှာ ပြတ်ပြတ်သားသား တိတိကျကျရှိခဲ့လျှင် နယ်နိမိတ်ပြဿနာနှင့် ပတ်သက်၍ အခက်အခဲတွေ့ရမည် မဟုတ်ပေ။

၁၈၉၄ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် တစ်ကြိမ်၊ ၁၈၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် တစ်ကြိမ် မြန်မာ–တရုတ်နယ်နိမိတ်နှင့်ပတ်သက်၍ ဗြိတိသျှအစိုးရနှင့် တရုတ်အစိုးရတို့သည် စာချုပ်များ ချုပ်ဆိုခဲ့ကြပေသည်။ ထိုစာချုပ်များအရ မြောက်လတ္တီတွဒ် ၂၅°၃၅' အထက် နယ်နိမိတ်မျဉ်းကြောင်းနှင့် တောင်ပိုင်းရှိ ''ဝ''နယ်မြေ နယ်နိမိတ်မျဉ်းကြောင်းများမှအပ အခြားမြန်မာ–တရုတ် နယ်နိမိတ် ပြဿနာများမှာ ပြေလည်ခဲ့ပေသည်။ ၁၉၄၁ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် ၁၈၉၇ ခုနှစ် စာချုပ်ပေါ်၌ အရေးကြီးသော ပြင်ဆင်ချက်စာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။

ထိုနှစ်များအတွင်း၌ပင် ဗြိတိသျှအစိုးရသည် နယ်နိမိတ်ပြဿနာ မပြီးပြတ်သေးသည့် မြန်မာပြည်အတွင်း ဒေသများတို့ကို အုပ်ချုပ်ရေးတိုးချဲ့ခဲ့ပေသည်။

၁၉၄၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် တစ်ကြိမ်၊



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှအစိုးရနှင့် တရုတ်အစိုးရတို့သည် မြန်မာ–တရုတ် နယ်နိမိတ်ဒေသရှိ "ဝ" နယ်နိမိတ် မျဉ်းကြောင်းနှင့်ပတ် သက်၍ စာချုပ်ချုပ်ဆိုခဲ့ပြန်ပါသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နယ်နိမိတ် ပြဿနာများမှာ ပြေပြေလည်လည် မရှိခဲ့ကြသည်ကို အောက်ပါစာချုပ်များကို အသေအချာလေ့လာခြင်းအားဖြင့် သိရှိရပေသည်။

## ပြည်ထောင်စုခေတ်

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ နိုင်ငံ လွတ်လပ်ရေးရသည့်အခါတွင်လည်း မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နယ်နိမိတ်ပြဿနာများမှာ ယခင် ဗြိတိသျှ အစိုးရနှင့် တရုတ်အစိုးရကို ချုပ်ဆိုခဲ့သော စာချုပ်များအရ ပါရှိသည့် အခြေခံမှုအတိုင်း မြန်မာနိုင်ငံတော်အစိုးရက ဆက်ခံခဲ့ခြင်းဖြစ်ပေသည်။ ဗြိတိသျှအစိုးရ အုပ်ချုပ်ခဲ့သည့် နယ်မြေအားလုံးတို့ကို ဆက်ခံခဲ့ခြင်းဖြစ်ပေသည်။





## ငြိမ်းချမ်းစွာအတူနေရေး မူကြီးငါးချက်

၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် နိုင်ငံ ဝန်ကြီးချုပ် ဦးနုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် ဝန်ကြီးချုပ်ချူအင်လိုင်းတို့သည် "ငြိမ်းချမ်းစွာအတူနေရေး မူကြီး ငါးချက်" ကို ပူးတွဲ ကြေညာချက် ထုတ်ပြန်ခဲ့ပါ သည်။ မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတော်အစိုးရသည် နယ်နိမိတ် ပြဿနာများနှင့် ပတ် သက်၍ ဖြေရှင်းရန် နည်းလမ်းများ ရှာကြံခဲ့ကြသည်။

ငြိမ်းချမ်းစွာအတူနေရေး မူကြီးငါးချက်မှာ

- နိုင်ငံတစ်နိုင်ငံ၏ ပိုင်နက်နယ်ပယ် တည်တံ့ရေးနှင့် အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံက လေးစားရန်။
- တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်ရန်။
- တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်။
- တစ်နိုင်ငံနှင့်တစ်နိုင်ငံ အဆင့်အတန်းချင်း တူညီမှု ရှိရန်နှင့် နှစ်ဦးနှစ်ဝ အကျိုးဖြစ်ထွန်းစေရန်။



www.burmeseclassic.com

www.burmeseclassic.com



(၅) နိုင်ငံရေးဝါဒချင်း ကွဲလွဲစေကာမူ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ငြိမ်းချမ်းစွာ အတူတကွ နေထိုင်နိုင် စေရန်။

၁၉၅၅ ခုနှစ်နှင့် ၁၉၅၆ ခုနှစ် ဇူလိုင်လအတွင်း နယ်ခြားပြဿနာများ ပေါ်ပေါက်လာခဲ့ပါသည်။ မြန်မာ့နယ် မြေများဖြစ်သော "ဝ"နယ်အတွင်းပိုင်းနှင့် ကချင်ပြည်နယ် မြောက်ပိုင်းဒေသများအတွင်းသို့ တရုတ်အစိုးရစစ်တပ်များ ဝင်ရောက်လာခြင်းနှင့် ပတ်သက်၍ နှစ်နိုင်ငံ၏ နယ်နိမိတ် ဖြေရှင်းမှုမှာ အရေးကြီးသော ကိစ္စတစ်ရပ် ဖြစ်လာ သည်။ နှစ်နိုင်ငံအစိုးရတို့သည်လည်း ၎င်းကိစ္စ ဖြေရှင်း မှုအတွက် သံတမန်နည်းအရ ဆက်သွယ်မှုများ ပြုလုပ် ကြရပေသည်။

### ဦးနု၏ဆောင်ရွက်ချက်

သံတမန်နည်းဖြင့် နှစ်နိုင်ငံအစိုးရတို့ အပြန်အလှန် ဆွေးနွေးချက်အရ မြန်မာ–တရုတ် နယ်နိမိတ်တစ်လျှောက် လုံးဖြေရှင်းမှုအတွက် ဖဆပလဥက္ကဋ္ဌ ဦးနုခေါင်းဆောင်သည့် မစ်ရှင်အဖွဲ့တစ်ခုကို ၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ ၂





ရက်နေ့တွင် စေလွှတ်ရန် ဝန်ကြီးချုပ် ဦးဗဆွေ ခေါင်း ဆောင်သော အစိုးရအဖွဲ့မှ ဆုံးဖြတ်ချက်ချခဲ့ပေသည်။ ၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှ နိုဝင်ဘာလ ၅ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြား ချက်အရ ပီကင်းမြို့သို့ အလည်အပတ်သွားရောက်ခဲ့ သည့်အချိန်အတွင်း ဖဆပလဥက္ကဋ္ဌ ဦးနုသည် ဝန်ကြီးချုပ် ချူအင်လိုင်း အစရှိသော တရုတ်ခေါင်းဆောင်ကြီးများနှင့် မြန်မာ–တရုတ် နယ်နိမိတ်ပြဿနာများကို ဆွေးနွေးခဲ့ ပါသည်။ ၁၉၅၆ ခုနှစ်၊ နိုဝင်ဘာလကုန်မှ အစပြု၍ ၎င်းနှစ် ဒီဇင်ဘာလ ကုန်မီအတွင်း ၁၉၄၁ ခုနှစ် မျဉ်းကြောင်း၏ အနောက် ဘက် "ဝ" နယ်များအတွင်းသို့ ရောက်ရှိနေသော တရုတ် တပ်များကို ရုပ်သိမ်းပေးရန်နှင့် ဖီမော်၊ ဂေါ်လန်၊ ကန်ဖန်တို့ တွင်ရှိနေသော မြန်မာတပ်များ ရုပ်သိမ်းရေးတို့ကို ဥက္ကဋ္ဌ ဦးနုနှင့် ဝန်ကြီးချုပ် ချူအင်လိုင်းတို့ သဘောတူနားလည် ခဲ့ပါသည်။ နယ်နိမိတ်ပြဿနာနှင့် ပတ်သက်၍လည်း သဘောတူ ခြေခံမှုတစ်ရပ်ကို နှစ်နိုင်ငံအစိုးရတို့ ရရှိခဲ့ပေသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်အစိုးရနှင့် ဆွေး နွေးချက်များနှင့် ပတ်သက်၍ ၁၉၅၆ ခုနှစ်၊ နိုဝင်ဘာလ



www.burmeseclassic.com

www.burmeseclassic.com



၁၀ ရက်နေ့တွင် ဥက္ကဋ္ဌဦးနုက မြန်မာနိုင်ငံတစ်ဝန်းလုံးကို အသံလွှင့်ကြေညာခဲ့ပါသည်။

၁၉၅၆ ခုနှစ်မှ ၁၉၅၉ ခုနှစ်ကုန်အထိ နယ်နိမိတ်နှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။ ၁၉၅၉ ခုနှစ်ကုန်ပိုင်းတွင် မြန်မာ–တရုတ် နယ်နိမိတ်တစ်လျှောက်လုံးအတွက် သဘောတူညီမှု အခြေခံရရှိခဲ့သဖြင့် နယ်နိမိတ်စာချုပ်ချုပ်ဆိုရန် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပေသည်။

### ဗိုလ်ချုပ်ကြီးနေဝင်း၏ ဆောင်ရွက်ချက်

၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဦးချန်ထွန်းအောင်တို့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတော်သို့ သွားရောက်ခဲ့သည်။ ၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ဝန်ကြီးချုပ်ချူအင်လိုင်းတို့သည် မြန်မာ–တရုတ် နယ်နိမိတ်သတ်မှတ်မှု သဘောတူစာချုပ်၊ ချစ်ကြည်ရေးနှင့် မကျူးကျော်ရေးသဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည်။





### မြန်မာ–တရုတ်နယ်နိမိတ် ပူးတွဲကော်မတီ

ထိုနယ်နိမိတ် သတ်မှတ်မှု သဘောတူစာချုပ်အရ မြန်မာ–တရုတ်နယ်နိမိတ် ပူးတွဲကော်မတီကို ဖွဲ့စည်းခဲ့သည်။ ၎င်းကော်မတီတွင် မြန်မာပြည်ဆိုင်ရာ အဖွဲ့ဝင်များနှင့် တရုတ်ပြည်ဆိုင်ရာအဖွဲ့ဝင်များ အရေအတွက်ညီအမျှ ပါဝင်ကြပါသည်။

မြန်မာ–တရုတ်နယ်နိမိတ် ပူးတွဲကော်မတီ မြန်မာပြည်ဆိုင်ရာ အဖွဲ့ဝင်များ –

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးချုပ်အောင်ကြီး | (ခေါင်းဆောင်) |
| (၂) | ဗိုလ်မှူးချုပ်ကျော်ဝင်း | (အဖွဲ့ဝင်) |
| (၃) | ဦးရှမ်းလုံ | (အဖွဲ့ဝင်) |
| (၄) | ဗိုလ်မှူးကြီးစောမြင့် | (အဖွဲ့ဝင်) |
| (၅) | ဦးစောခွန်အုံကြာ | (အဖွဲ့ဝင်) |

အကြံပေးအရာရှိများ–

(၁) ဦးခင်ညွန့်

(၂) ဗိုလ်မှူးကြီးလှအောင်

(၃) ဗိုလ်မှူးကြီးဘသန်း



www.burmeseclassic.com

www.burmeseclassic.com



(၄) ဦးစောရှိန်

ဥပဒေအကြံပေးအရာရှိ – ဦးဘစိန်

တရုတ်ပြည်ဆိုင်ရာအဖွဲ့ဝင်များ –

(၁) မစ္စတာယူချုံမင်း (ခေါင်းဆောင်)

(၂) မစ္စတာချန်ချင်ပင်း (အဖွဲ့ဝင်)

(၃) ဗိုလ်မှူးကြီးချန်စုယူ (အဖွဲ့ဝင်)

(၄) ဗိုလ်မှူးကြီးချန်ယင်ပင်း (အဖွဲ့ဝင်)

(၅) မစ္စတာဝှန်ဖင်လင်း (အဖွဲ့ဝင်)

အကြံပေးအရာရှိများ

(၁) ဗိုလ်ချုပ်တင်ဝ္ဂန်ချန်း

(၂) မစ္စတာ တန်တင်မင်း

(၃) မစ္စတာ ချိန်ကိုချိ

မြန်မာ–တရုတ် နယ်နိမိတ် ပူးတွဲကော်မတီ၏ အောက်တွင် အောက်ပါအတိုင်း အဖွဲ့ငယ် ၂ ဖွဲ့ ထပ်မံဖွဲ့စည်းထားသည်။





(၁) အခြေပြစာချုပ် ပြုလုပ်ရေးအဖွဲ့ငယ်။

(၂) မြေပုံပြုလုပ်ရေးအဖွဲ့ငယ်။

**မြန်မာ–တရုတ်နယ်နိမိတ် ပူးတွဲကော်မတီ၏တာဝန်များ**

မြန်မာ–တရုတ် နယ်နိမိတ်များ ပူးတွဲကော်မတီအဖွဲ့သည် နှစ်ပြည်ထောင်စုကြား နယ်နိမိတ်မျဉ်းကြောင်းနှင့်သက်ဆိုင်သော လိုအပ်သည့် မြေတိုင်းတာမှုများကို ဆက်လက်ပြုလုပ်ရန်လည်းကောင်း၊ နယ်နိမိတ်မှတ်တိုင်အသစ်များ စိုက်ထူရန်လည်းကောင်း၊ မှတ်တိုင်ဟောင်းများကို စမ်းသပ်ကြည့်ရှုရန်၊ ပြုပြင်ရန်နှင့် အသစ်ပြုပြင် စီမံရန်လည်းကောင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုသို့ပြုလုပ်ဆောင်ရွက်ပြီးသည့်အခါ ထိုနယ်နိမိတ်မျဉ်းကြောင်းနှင့် ထိုမှတ်တိုင်များ တည်ရာဌာန ဖော်ပြသည့် အသေးစိတ်မြေပုံများ ပူးတွဲလျက် နယ်နိမိတ်မျဉ်းကြောင်းတစ်လျှောက်လုံးနှင့် နယ်နိမိတ် မှတ်တိုင်အားလုံး၏ တည်ရာဌာန အသေးစိတ်ဖော်ပြချက်ပါရှိသော စာချုပ်တစ်ခုကို ရေးဆွဲရန်လည်း မြန်မာ–တရုတ် နယ်နိမိတ်ပူးတွဲကော်မတီက တာဝန်ယူရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဘဘစစ်ဆင်ရေး

အထက်ပါတာဝန်ပေးချက်တို့ကို အောင်မြင်စွာ ပြီးမြောက်ရေးအတွက် မြန်မာ–တရုတ်နယ်နိမိတ် ပူးတွဲကော်မတီ၏ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်အောင်ကြီးက မြန်မာ–တရုတ် နယ်ခြား နယ်နိမိတ်မျဉ်းကြောင်း သတ်မှတ်ရေး၊ မြေတိုင်းတာရေး၊ မှတ်တိုင်များစိုက်ထူရေး စသည့်လုပ်ငန်းရပ်များ အားလုံးကို ဆောင်ရွက်ရန် စစ်ဆင်ရေးတစ်ရပ်အနေဖြင့် သတ်မှတ်လိုက်ကာ ၁၉၆၀ ခုနှစ်၊ ဇူလိုင်လတွင် **Operation Burma Boundary** ဘဘစစ်ဆင်ရေးဟု အမည်ပေးခဲ့သည်။ ထိုမှစ၍ ဘဘစစ်ဆင်ရေး ပေါ်ပေါက်လာပေတော့သည်။

## ဘဘစစ်ဆင်ရေး၏လုပ်ငန်းများ

ဘဘစစ်ဆင်ရေး၏ လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ၁၉၆၀ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ဝန်ကြီးချုပ် ၂ ဦးကို နယ်နိမိတ်စာချုပ် ချုပ်ဆိုနိုင်ရန် မြန်မာ–တရုတ် နယ်ခြား နယ်နိမိတ် မသတ်မှတ်ရသေးသော မျဉ်းကြောင်းတစ်လျှောက် နယ်နိမိတ် တိုင်းတာခြင်း၊ ယာယီကျောက်တိုင်နေရာ သတ်မှတ်ခြင်း၊ စိုက်ထူခြင်း။

(၂) ၁၉၆၀ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် မြန်မာ–တရုတ် နယ်နိမိတ်စာချုပ်ချုပ်ဆို၍ ဝန်ကြီးချုပ် ၂ ဦး လက်မှတ်ရေးထိုးပြီးနောက် နယ်နိမိတ်တစ်လျှောက်လုံး အသစ်ပြန်လည် အသေးစိတ်တိုင်းတွာခြင်း၊ မြေပုံသစ်ရေးဆွဲခြင်း၊ နက္ခတ်တိုင်းတွာခြင်း၊ အမြဲကျောက်တိုင် ၃ မျိုး၊ ၃ စား စိုက်ထူခြင်း၊

ဘဘစစ်ဆင်ရေးနှင့် ပတ်သက်၍ အုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံများကို အောက်ပါအတိုင်း အဆင့် ၃ ဆင့်ခွဲခြား၍ ဖွဲ့စည်းထားသည်။

(၁) ဘဘစစ်ဆင်ရေး ပထမအဆင့် အုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံ။

(၂) ဘဘစစ်ဆင်ရေး ဒုတိယအဆင့် အုပ်ချုပ်မှုဆိုင်ရာ







www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့စည်းပုံ။

(၃) ဘဘစစ်ဆင်ရေး တတိယအဆင့် အုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံ။

ဘဘဌာနချုပ်

(၁) ဗိုလ်မှူးချုပ်အောင်ကြီး
(၂) ဗိုလ်မှူးကြီးစောမြင့်
(၃) ဗိုလ်မှူးကြီးလှအောင်
(၄) ဗိုလ်မှူးကြီးခင်ညို
(၅) ဗိုလ်မှူးကြီးဘသန်း
(၆) ဗိုလ်မှူးထွန်းမြင့်
(၇) ဗိုလ်မှူးမောင်မောင်

**ဘဘစစ်ဆင်ရေး ပထမအဆင့်အုပ်ချုပ်မှုဆိုင်ရာဖွဲ့စည်းပုံ**

ဘဘဌာနချုပ်သည် မြန်မာ–တရုတ် နယ်နိမိတ် ပူးတွဲကော်မတီနှင့် ဆက်သွယ်ပူးပေါင်းလျက် စစ်ဆင်ရေး တစ်ရပ်လုံးကို စီမံအုပ်ချုပ်ညွှန်ကြားသည်။ ဘဘဌာနချုပ် လက်အောက်တွင် ဘဘ မြောက်ပိုင်း စစ်ဌာနချုပ်ရှိသည်။





၎င်းလက်အောက်တွင် ဘဘတပ်မဟာ (၆) နှင့် ဘဘတပ်မဟာ (၇) ရှိသည်။ ဘဘတပ်မဟာ (၆) အောက်တွင် အမှတ် (၂) ပူးတွဲမြေတိုင်းအဖွဲ့ရှိ၍ ၎င်းလက်အောက်တွင် ပူးတွဲမြေတိုင်းအဖွဲ့ခွဲ ၆ ခု ရှိသည်။ ဘဘတပ်မဟာ (၇) အောက်တွင် အမှတ် (၁) ပူးတွဲမြေတိုင်းအဖွဲ့ရှိ၍ ၎င်းလက်အောက်တွင် ပူးတွဲမြေတိုင်းအဖွဲ့ခွဲ ၁၀ ခု ရှိသည်။ အုပ်ချုပ်မှုအဆင့်တိုင်းတွင် လုံခြုံရေးတပ်ဖွဲ့များ ပူးတွဲထားသည်။ ပူးတွဲမြေတိုင်းအဖွဲ့တစ်ခုစီ၏ လက်အောက်တွင် အင်ဂျင်နီယာ၊ …ဘင်၊ ဆက်သွယ်ရေး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး၊ မော်တော်ယာဉ်တပ်ခွဲ၊ ဆေးတပ်ဖွဲ့၊ လေကြောင်းထောက်ပံ့…တပ် စသည်တို့ ရှိသည်။

**ဘဘစစ်ဆင်ရေး ဒုတိယအဆင့်အုပ်ချုပ်မှုဆိုင်ရာဖွဲ့စည်းပုံ**

ဘဘဌာနချုပ်သည် မြန်မာ–တရုတ် နယ်နိမိတ် ပူးတွဲကော်မတီနှင့် ဆက်သွယ်ပူးပေါင်းလျက် စစ်ဆင်ရေး တစ်ရပ်လုံးကို စီမံအုပ်ချုပ်ညွှန်ကြားသည်။ ဘဘဌာနချုပ် လက်အောက်တွင် ဘဘမြောက်ပိုင်း စစ်ဌာနချုပ်ရှိသည်။ ၎င်းလက်အောက်တွင် ဘဘ တပ်မဟာ (၇)၊ ဘဘ တပ်



www.burmeseclassic.com

www.burmeseclassic.com



မဟာ (၆) နှင့် ဘဘ တပ်မဟာ (၉) ရှိသည်။ ဘဘ
တပ်မဟာ (၇) အောက်တွင် အမှတ် (၁) ပူးတွဲမြေတိုင်း
အဖွဲ့ရှိသည်။ အမှတ် (၁) ပူးတွဲ မြေတိုင်းအဖွဲ့အောက်တွင်
ပူးတွဲမြေတိုင်းအဖွဲ့ခွဲ ၃ ခု ရှိသည်။ ဘဘ တပ်မဟာ (၈)
အောက်တွင် အမှတ် (၂) ပူးတွဲမြေတိုင်းအဖွဲ့နှင့် အမှတ်
(၃) ပူးတွဲမြေတိုင်းအဖွဲ့ရှိသည်။ အမှတ် (၂) ပူးတွဲမြေတိုင်း
အဖွဲ့အောက်တွင် ပူးတွဲမြေတိုင်းအဖွဲ့ခွဲ ၃ ခု ရှိသည်။
အမှတ် (၂) ပူးတွဲမြေတိုင်းအဖွဲ့အောက်တွင် ပူးတွဲမြေတိုင်း
အဖွဲ့ခွဲ ၆ ခု ရှိသည်။ ဘဘ တပ်မဟာ (၉) အောက်တွင်
အမှတ် (၄) ပူးတွဲမြေတိုင်းအဖွဲ့ ရှိသည်။ ၎င်းလက်အောက်
တွင် ပူးတွဲမြေတိုင်းအဖွဲ့ခွဲ ၄ ခုရှိသည်။ အုပ်ချုပ်မှုအဆင့်
တိုင်းတွင် လုံခြုံရေးတပ်ဖွဲ့များ ပူးတွဲထားသည်။ ပူးတွဲ
မြေတိုင်းအဖွဲ့တိုင်း၏ လက်အောက်တွင် ဆေးတပ်
အင်ဂျင်နီယာတပ်ဆွယ်၊ ဆက်သွယ်ရေးတပ်ဖွဲ့၊ ထောက်
နှင့် ပို့ဆောင်ရေး မော်တော်ယာဉ်တပ်ဆွယ်၊ လေကြောင်း
ထောက်ပံ့ရေး၊ လျှပ်၊ စက် တပ်ဆွယ် စသည်တို့ ရှိသည်





...ကျော်မှုကာလက မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း

www.burmeseclassic.com


www.burmeseclassic.com



တရုတ်ဖြူစစ်ဆင်ရေးကာလက မြန်မာနိုင်ငံ ဝန်ကြီးချုပ် ဦးနု

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် ကျူးကျော်သူများကို ကမ္ဘာလှည့်ဆန့်ကျင်နေသော
နိုင်ဂျီးရီးယားလူမျိုး အာဂျလာ

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြကန့်ကွက်ပွဲကျင်းပရာတွင်
အမေရိကန်သံရုံးအနီးတွင်
ဦးဆောင်ဝင်ရောက်သော အာဂျုလာအား ရဲက ဖမ်းဆီးလိုက်စဉ်။



အမေရိကန်သံရုံးအနီး ဗန္ဒုလပန်းခြံရှေ့၌ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြစဉ်။

www.burmeseclassic.com

www.burmeseclassic.com





**ဘဘစစ်ဆင်ရေး တတိယအဆင့်အုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံ**

ဘဘ ဌာနချုပ်သည် မြန်မာ–တရုတ် နယ်နိမိတ် ပူးတွဲကော်မတီနှင့် ဆက်သွယ်ပူးပေါင်းလျက် စစ်ဆင်ရေး တစ်ရပ်လုံးကို စီမံအုပ်ချုပ်ညွှန်ကြားသည်။ ဘဘ ဌာနချုပ် လက်အောက်တွင် ဘဘ မြောက်ပိုင်းစစ်ဌာနချုပ်ရှိသည်။ ၎င်းလက်အောက်တွင် ဘဘတပ်မဟာ (၇) ရှိသည်။ ၎င်း လက်အောက်တွင် အမှတ် (၁) ပူးတွဲမြေတိုင်းအဖွဲ့ရှိသည်။ ပူးတွဲမြေတိုင်းအဖွဲ့လက်အောက်တွင် ပူးတွဲမြေတိုင်းအဖွဲ့ခွဲ ၈ ခု ရှိသည်။ အုပ်ချုပ်မှုအဆင့်တိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ များ တွဲဖက်ထားသည်။ ပူးတွဲမြေတိုင်းအဖွဲ့လက်အောက် တွင် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့၊ မော်တော်ယာဉ် တပ်ဆွယ်၊ အင်ဂျင်နီယာတပ်ဆွယ်၊ အချက်ပြတပ်ဆွယ်၊ ဆက်သွယ်ရေးတပ်ဖွဲ့ စသည်တို့ရှိသည်။

**ဘဘစစ်ဆင်ရေးအပိုင်းများ**

ဘဘစစ်ဆင်ရေးကို အောက်ပါအတိုင်း အပိုင်း ပိုင်းခွဲ၍ ပြုလုပ်ခဲ့သည်။

မြရတနာစာပေ

www.burmeseclassic.com

**ဘာဘာစစ်ဆင်ရေး ပထမအပိုင်း**

**စစ်ဆင်ရေးကာလအပိုင်းအခြား။** ။ ၁၉၆၀ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့မှ ၁၉၆၀ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့အထိ။ (ပေါင်း ၈၅ ရက်)

**အရပ်ဒေသနယ်နိမိတ်များ။** ။ မြန်မာ–တရုတ် နယ်နိမိတ်တောင်ထိပ်ချွန်းမှ ဒီဖူလခါး တောင်ကြားလမ်းအထိ (ကချင်ပြည်နယ်စပ်ဒေသများနှင့် ကွမ်းလုံနယ်ခြားခရိုင်ဒေသများ)

**ဘာဘာစစ်ဆင်ရေး ဒုတိယအပိုင်း**

**စစ်ဆင်ရေးကာလအပိုင်းအခြား။** ။ ၁၉၆၀ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ၁၉၆၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့အထိ။ (ပေါင်း ၂၂၇ ရက်)

**အရပ်ဒေသနယ်နိမိတ်များ။** ။ မြန်မာ–တရုတ် နယ်ခြား ချီမလီတောင်ကြားလမ်းမှ မဲခေါင်နှင့် နမ့်လမြစ်ဆုံအထိ (ကချင်ပြည်နယ်နှင့် ရှမ်းပြည် နယ်စပ်ဒေသများ)။





**ဘာဘာစစ်ဆင်ရေး တတိယအပိုင်း**

**စစ်ဆင်ရေးကာလအပိုင်းအခြား။** ။ ၁၉၆၁ ခုနှစ် မေလ ၇ ရက်နေ့မှ ၁၉၆၁ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ (ပေါင်း ၈၆ ရက်)။

**အရပ်ဒေသနယ်နိမိတ်များ။** ။ မြန်မာ–တရုတ် နယ်နိမိတ် ချီမလီတောင်ကြားလမ်းမှ ဒီဖူလခါး တောင်ကြားလမ်းအထိ (ကချင်ပြည်နယ် နယ်စပ်ဒေသများ)

**နယ်နိမိတ်မှတ်တိုင်များစိုက်ထူပုံ**

ဘာဘာစစ်ဆင်ရေးတွင် ပြည်ထောင်စု မြန်မာနိုင်ငံမှ ပါဝင်သောအဖွဲ့များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပါဝင်သောအဖွဲ့များသည် တာဝန်အသီးသီးယူ၍ နယ်ခြားမှတ်တိုင်များကို ပူးတွဲစိုက်ထူခဲ့ကြသည်။ ထိုသို့ ပူးတွဲစိုက်ထူရာတွင် နှစ်ဖက်သောကိုယ်စားလှယ်အဖွဲ့များသည် တောအလျှိုလျှို၊ တောင်အထပ်ထပ်၊ ချောင်းအရပ်ရပ်၊ [illegible]တန်တန်ကို နည်းအမျိုးမျိုးဖြင့် ခက်ခဲပင်ပန်းစွာ ကျော်[illegible]ဖြတ်ကူး၍ ပထမတွင် ယာယီမှတ်တိုင် စိုက်ထူ၍



www.burmeseclassic.com

www.burmeseclassic.com



နေရာကို ပူးတွဲဆွေးနွေးရွေးချယ်ခဲ့ပြီး နှစ်ဖက်သော
မြေတိုင်းပညာသည်များ တိုင်းတာစစ်ဆေးခဲ့ကြသည်။
အဖွဲ့ငယ်များဆွေးနွေး၍ မပြေလည်သေးလျှင် အဖွဲ့ခေါင်း
ဆောင်များကိုယ်တိုင် မြေပြင်သို့ လာရောက်ဆွေးနွေးဖြေ
ရှင်းကြရသည်။ သဘောတူညီချက်ရ၍ ယာယီမှတ်တိုင်
စိုက်ထူမည့်နေရာကို ရွေးချယ်ကာ ပထမအဆင့်အနေနှင့်
ပန္နက်ရိုက်၍ ယာယီမှတ်တိုင်သတ်မှတ်ခဲ့ကြသည်။ ဒုတိယ
နှင့် တတိယအဆင့် မြေတိုင်းလုပ်ငန်းများတွင် စိုက်ထူပြီး
ယာယီမှတ်တိုင်နေရာအား နှစ်ဖက်မှ တိုင်းတာစစ်ဆေး
ပြီးနောက် အမြဲတမ်း ကျောက်တိုင်စိုက်ထူခဲ့ကြသည်။ တိုင်
စိုက်ထူရာတွင် ကျောက်တိုင်စိုက်ထူရေးအတွက် ...
အပ်သော ပစ္စည်းများကို ခက်ခဲစွာ သယ်ပိုးယူဆောင်ခဲ့ကြ
ရပြီး အချို့ကျောက်တိုင်များအား ကျောက်တိုင်ကြီး...
အင်္ဂတေဖြင့် ဆက်စပ်၍တစ်မျိုး၊ ပုံသွန်းလောင်း၍တစ်
အချောကိုင်စိုက်ထူပြီးနောက် နှစ်ဖက်သော အဖွဲ့ခေါင်း
ဆောင်များက လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများ၊ မြေ...
များကို တိုက်ဆိုင်စစ်ဆေး၍ လက်မှတ်ရေးထိုးခဲ့ကြပေသည်။





...ဆောင်ရွက်မှု

ဘာဘစ်ဆင်ရေးအဖွဲ့ဝင်များသည် တောအထပ်
...ထပ်၊ တောင်အလျှိုလျှိုကို တစ်ကြိမ်မက အကြိမ်ကြိမ်
...ခန့်ဖန် ဖြတ်သန်းတက်ကျော်ခဲ့ကြရသည်။ အချို့သော
...ဒေသများမှာ လူသူမနီး တောကြီးမျက်မည်း ဖြစ်သည်။
...ချို့မှာ တက်ရောက်ရန် ခက်ခဲလှသော မတ်စောက်လှ
...သည့် တောင်ကမ်းပါး၊ တောင်းစောင်းများ ဖြစ်သည်။
...ချို့မှာမူ ရေခဲ၍ နှင်းများဖုံးလွှမ်းလျက်ရှိသော တောင်များ
...ဖြစ်သည်။ ဤမျှ ကြမ်းတမ်းလှသော လမ်းခရီးကို ဖွဲ့နဘဲ
...ကြိုးစွာဖြင့် တက်ရောက်ကြပြီး နယ်နိမိတ်မှတ်တိုင်များကို
...စိုက်ထူခဲ့ကြသည်။

...နယ်နိမိတ်မှတ်တိုင်ပေါင်း ၄၀၂ တိုင်

မိုင်ပေါင်း ၁,၃၅၇. ၃ ရှည်လျားသော နယ်နိမိတ်
...မျဉ်းကြောင်းတစ်လျှောက် အထက်ပါအတိုင်း နယ်နိမိတ်
...မှတ်တိုင် စိုက်ထူရေးလုပ်ငန်းများကို ၁၉၆၀ ခုနှစ်၊ ဇူလိုင်
...လ ၁၀ ရက်နေ့မှစတင်၍ ဆောင်ရွက်ခဲ့ရာ ၁၉၆၁ ခုနှစ်၊
...ဇူလိုင်လ ၃၁ ရက်နေ့တွင် အားလုံးပြီးစီးခဲ့ပါသည်။ အဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



နယ်နိမိတ်မျဉ်းကြောင်းတစ်လျှောက် နယ်နိမိတ်မှတ်တိုင် အရေအတွက်မှာ စုစုပေါင်း ၄၀၂ တိုင် ဖြစ်ပေသည်။ တစ်တိုင်မှာ သဘာဝကျောက်နံရံတွင် ထွင်းထားခြင်းဖြစ်သည်။

ပူးတွဲမြေတိုင်းအဖွဲ့ နယ်နိမိတ်မျဉ်းအရှည် စိုက်ထူခဲ့သော ကျောက်တိုင်အရေအတွက်

| | | |
|---|---|---|
| အမှတ် (၁) | ၄၆၁. ၄ မိုင် | ၅၃ တိုင် |
| အမှတ် (၂) | ၂၀၁. ၉ မိုင် | ၅၇ တိုင် |
| အမှတ် (၃) | ၄၃၂. ၃ မိုင် | ၂၀၂ တိုင် |
| အမှတ် (၄) | ၂၅၉. ၇ မိုင် | ၉၀ တိုင် |
| စုစုပေါင်း | ၁,၃၅၅. ၃ မိုင် | စုစုပေါင်း ၄၀၂ တိုင် |

စိုက်ထူခဲ့သော ကျောက်တိုင် အရေအတွက်နှင့် အရွယ်အစား

| | | |
|---|---|---|
| အကြီး | ၆၅ | တိုင် |
| အလတ် | ၁၁၄ | တိုင် |
| အသေး | ၂၂၃ | တိုင် |
| စုစုပေါင်း | ၄၀၂ | တိုင် |





ဘဘစစ်ဆင်ရေးအတွက်ကုန်ကျစရိတ်

လွှတ်လပ်သော နိုင်ငံနှစ်ခုစပ်ကြား တိကျသော နယ်နိမိတ်သတ်မှတ်၍ မှတ်တိုင်များ စိုက်ထူရေးမှာ နှစ်နိုင်ငံစလုံးအတွက် အရေးကြီးဆုံးသော လုပ်ငန်းဖြစ်ပေသည်။ ဤလုပ်ငန်းများကို တိုတောင်းလှသော အချိန်ပိုင်းအတွင်း အောင်မြင်စွာ လုပ်ဆောင်ရာတွင် မြန်မာနိုင်ငံအတွက် ငွေကျပ် ၆၃ သိန်းခွဲခန့် ကုန်ကျသည်။ ဤကုန်ကျငွေထဲတွင် တပ်မတော်သားများ၏ လစာနှင့် တပ်မတော်မှ အသုံးပြုသော ယာဉ်၊ လား၊ ရိက္ခာ၊ ပစ္စည်း စသည်တို့၏ ကုန်ကျစရိတ်များ မပါဝင်ပေ။ ဘဘစစ်ဆင်ရေးတွင် ပါဝင်ခဲ့သော စစ်သည်တော်နှင့် မြေတိုင်းအဖွဲ့ဝင်ဦးရေမှာ ၁,၅၀၀ ခန့် ဖြစ်သည်။ စစ်ဆင်ရေးတစ်လျှောက်လုံး အသုံးပြုခဲ့သော အထမ်းသမားများမှာ ၆,၆၆၅ ယောက် ဖြစ်သည်။ အသုံးပြုခဲ့သည့် မော်တော်ယာဉ်များမှာ အရပ်ဘက်ပိုင် မော်တော်ယာဉ် ၉၆၇ စီးနှင့် တပ်ပိုင် မော်တော်ယာဉ် ၁၇၂ စီးဖြစ်ရာ စုစုပေါင်း ၁,၁၃၉ စီး ဖြစ်သည်။ အသုံးပြုခဲ့သော လားကောင်ရေ ၅,၁၁၄ ကောင်ဖြစ်၍ ၅ ကောင်သေပြီး၊ ၂၅ ကောင် ပျောက်ဆုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



**ကျဆုံးသေပျောက်စာရင်း**

ဤမျှ ကြီးကျယ်လှသော စစ်ဆင်ရေးတစ်လျှောက်လုံးတွင် တပ်မတော်မှ ဖျားနာ၍သေဆုံး ၅ ယောက် တိုက်ပွဲတွင် ကျဆုံးသူ ၃ ယောက်၊ စုစုပေါင်း တပ်မတော်သား ၈ ဦး ကျဆုံးသေပျောက်သည်။ ၎င်းတို့အနက် အရာရှိ ၂ ယောက်နှင့် အရာရှိမဟုတ်သူ ၅ ယောက် ပါဝင်သည်။ နယ်ခြားဒေသမှ တိုင်းရင်းသား ၇ ဦး ခရီးပန်းပြီး သေဆုံးသည်။

**ဆန်းသစ်သောစစ်ဆင်ရေး**

ဘာဘစစ်ဆင်ရေးမှာ တပ်မတော်သားများ လုပ်ရိုးလုပ်စဉ် ပြုလုပ်ရသော စစ်ဆင်ရေးမျိုးနှင့်မတူ တစ်မူကွဲပြား၍ ဆောင်ရွက်ရသော စစ်ဆင်ရေးဖြစ်ပေသည်။ ဆန်းသစ်သည့် စစ်ဆင်ရေးဖြစ်သည့် အားလျော်စွာ စစ်ဆင်ရေးတစ်ရပ်လုံးတွင် ပါဝင်ဆောင်ရွက်ရသူ အားလုံးတို့သည် အထူးပင် ခက်ခဲပင်ပန်းခဲ့ကြပေသည်။ ဘာဘစစ်ဆင်ရေး၏ လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင်အားလုံးတို့သည် မိမိတို့တာဝန်ကျရာ အပိုင်း





တွင် မခိုမကပ် ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသဖြင့်သာ တိုတောင်းလှသော အချိန်ပိုင်းအတွင်း ကြာရှည်လေးမြင့်စွာ မပြေမလည်ရှိခဲ့သော နယ်နိမိတ်မျဉ်းကြောင်းတစ်လျှောက် ချစ်ကြည်ရေး နယ်နိမိတ်မှတ်တိုင်များ စိုက်ထူနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

**နယ်ခြားဒေသရှိ ပြည်ထောင်စုဘွား တိုင်းရင်းသားများ**

ဘာဘစစ်ဆင်ရေးမှာ မြန်မာ–တရုတ် နယ်စပ်တစ်လျှောက်တွင် ပြုလုပ်ဆောင်ရွက်ကြရခြင်းဖြစ်ရာ မြန်မာပြည်ဆိုင်ရာ အဖွဲ့ဝင်များသည် နယ်ခြားဒေသရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် နဖူးတွေ့ ဒူးတွေ့ ရင်းနှီးစွာ တွေ့ဆုံခဲ့ကြရပေသည်။ ယခင်က စာတွေ့နှင့် တစ်ဆင့်စကားသာ ကြားခဲ့ရသော ပြည်ထောင်စုဘွား တိုင်းရင်းသားများ၏ သဘာဝ၊ ဓလေ့၊ ထုံးစံနှင့် ပြည်ထောင်စုအပေါ်ထားရှိသည့် စေတနာများကို ဤ ဘာဘစစ်ဆင်ရေးတွင် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြရပေသည်။ နယ်ခြားဒေသတွင် နေထိုင်ကြသော တိုင်းရင်းသားများသည် ပြည်ထောင်စု၏တာဝန်ကို ထမ်းဆောင်ရာတွင် လိုက်လို



www.burmeseclassic.com

www.burmeseclassic.com



လျောလျော စေတနာ ထက်သန်ကြသည်ကိုလည်း တွေ့ရှိကြရပေသည်။ ဘဘစစ်ဆင်ရေးကို ဆင်နွှဲထမ်းဆောင်ရသူများမှာ နယ်ခြားဒေသ၏ မြေအခြေအနေနှင့် သဘာဝအနေအထားများကို အားလုံးကျွမ်းကျင်ကြသူများ မဟုတ်သဖြင့် နယ်ခြားဒေသမှ ပြည်ထောင်စုသားများ၏ အကူအညီ အထောက်အပံ့ကို အထူးပင် ရယူခဲ့ကြရပေသည်။ နယ်ခြားဒေသတွင် နေထိုင်ကြသော ပြည်ထောင်စုဘွားတိုင်းရင်းသားများအားလည်း ဆေးဝါးပစ္စည်းများ ထောက်ပံ့ဖြန့်ဖြူးကာ ကုသပေးခဲ့ကြသည်။

**မေတ္တာစစ်ဆင်ရေး**

ဘဘစစ်ဆင်ရေး၏ တစ်စိတ်တစ်ဒေသဖြစ်သော "မေတ္တာစစ်ဆင်ရေး" ကိုလည်း မြန်မာ–တရုတ် ပြည်ထောင်စုတို့ ပူးတွဲဆင်နွှဲခဲ့ပေသေးသည်။ ဤစစ်ဆင်ရေးမှာ အခြားမဟုတ်၊ မြန်မာ–တရုတ်နယ်ခြား တစ်ဖက်တစ်ချက်တွင် နေထိုင်ကြသော နယ်ခြားဒေသ လူမျိုးစုများအား နှစ်နိုင်ငံမှ အပြန်အလှန် မေတ္တာလက်ဆောင်ပစ္စည်းများ ဝေငှဖြန့်ဖြူးခြင်းပင် ဖြစ်သည်။ မြန်မာနိုင်ငံမှ ဆန်တန်ချိန်





၂,၅၀၀ နှင့် ဆားတန်ချိန် ၅၀၀ ပေးပို့ဝေငှပြီး တရုတ်နိုင်ငံမှ အထည်အလိပ် ကိုက်ပေါင်း ၂,၆၂၅,၀၄၀ နှင့် ပန်းကန် ၁၁၀,၂၄၈ ချပ် ပေးပို့ဝေငှကြပါသည်။

**ဘဘစစ်ဆင်ရေးတွင် ပါဝင်ကူညီခဲ့သူများ**

ဤ ဘဘစစ်ဆင်ရေးတစ်ရပ်လုံးကို ကာကွယ်ရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဦးစီးခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးဝန်ကြီးဌာန (မြန်မာနိုင်ငံတော် မြေတိုင်းဌာန)၊ နယ်ခြားဒေသ အုပ်ချုပ်ရေးဌာန (ဝန်ကြီးချုပ်ရုံး)၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်ဝန်ကြီးဌာန၊ ရှမ်းပြည်နယ်ဝန်ကြီးဌာနတို့၏ ရိုင်းပင်းကူညီမှုတို့ကြောင့် ထမြောက်အောင်မြင်ခဲ့ခြင်းဖြစ်သည်။

တပ်မတော်နှင့်ပတ်သက်၍ ဖော်ပြရပါမူ ခြေလျင်တပ်များမှစ၍ အင်ဂျင်နီယာတပ်၊ ဆက်သွယ်ရေးတပ်၊ ထောက်ပံ့ပို့ဆောင်ရေးတပ်၊ ဆေးတပ်၊ လျှပ်/စက်တပ်၊ ...တပ်၊ ရေတပ်အပြင် အခြားလက်ရုံးနှင့် ဝန်ထမ်းတပ်များနှင့် အခြားဌာနများမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ ကိုယ်ဖိရင်ဖိ တာဝန်ကျရာအပိုင်းမှ ထိရောက်စွာ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ထမ်းဆောင်ခဲ့ကြသည်။

**ဘာဘာစစ်ဆင်ရေးတံဆိပ်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတော်တို့၏ မြန်မာ–တရုတ် နယ်နိမိတ် သတ် မှတ်ရေးကိစ္စတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ကြသော ပုဂ္ဂိုလ်များအား "မြန်မာ–တရုတ်နယ်နိမိတ် သတ်မှတ်ရေး မှတ်တမ်းဝင်တံဆိပ်" အကျဉ်းအားဖြင့် ဘာဘာစစ်ဆင်ရေး တံဆိပ်ကို ချီးမြှင့်ရန် ပြည်ထောင်စု နိုင်ငံတော်သမ္မတအ ပြဋ္ဌာန်းခဲ့သည်။

တံဆိပ်၏အသွင်အပြင်မှာ ငွေရောင်အချင်း ၁.၄ လက်မရှိ အဝိုင်းသဏ္ဌာန်ရှိ၍ တံဆိပ်အဝိုင်း၊ အနား စွန်း နှစ်ဖက်စလုံးတွင် အနည်းငယ်မြင့်နေသည့် ခွေအဝိုင်းရှိ သည်။ စက်ဝိုင်းအတွင်း မျက်နှာပြင်တွင် ဖောင်းကြွအောင် ထုလုပ်ထားသည့် တောင်နှစ်လုံးကြား၌ မြစ်တစ်ခု စီးဆင်း နေပုံပါရှိလျက် အောက်ခြေတွင် နယ်နိမိတ်ဟု ကမ္ပည်းထိုး လျက်ရှိသည်။ တံဆိပ်၏ကျောဘက်တွင် တံဆိပ်ဝိုင်းခွေ $\frac{1}{10}$ လက်မအကွာအတွင်းဘက်၌ သပြေခက်ကို အောင်





...ခြေတွင် အခက်ချင်းယှက်တံဆိပ်ဝိုင်းအလိုက် ဖောင်းကြွ ...အောင် ထုလုပ်ထားသည်။ တံဆိပ်၏ထိပ်တွင် ဖဲကြိုးတပ် ...ဆင်ရန် ကွင်းကလေးတစ်ခုတပ်ဆင်ထားသည်။ တံဆိပ်ကို ...ငွေဖြင့် ပြုလုပ်ရမည်။ .၆၂၅ လက်မစီရှိ အစိမ်း၊ အနီ ...ရောင် နှစ်မျိုးပါသော ဖဲပြားဖြင့် လက်ဝဲဘက် ရင်ဘတ် ...ပေါ်တွင် ချိတ်ဆွဲဝတ်ဆင်ရမည်။

စစ်ဆင်ရေးနယ်နိမိတ်နှင့် အချိန်ကာလ၊ အချီး ...မြှင့် ခံယူထိုက်သူများနှင့် မည်သို့မည်ပုံ လျှောက်ထား ...နည်းကို နိုင်ငံတော်အစိုးရက ကြေညာချက် ထုတ်ပြန် ...ခဲ့သည်။

**...မာ–တရုတ် ချစ်ကြည်ရေး**

ဘာဘာစစ်ဆင်ရေးမှာ ၁၉၅၄ ခုနှစ်တွင် မြန်မာ– ...တရုတ် နှစ်ပြည်ထောင်ဝန်ကြီးချုပ်များ ပူးတွဲထုတ်ပြန်ကြေ ...ညာခဲ့သော အတူတကွ ပူးတွဲနေထိုင်ရေးမူကြီး ၅ ချက်အရ ...နှစ်ပြည်ထောင် ချစ်ကြည်စွာ ပေါင်းသင်းဆက်ဆံရေးကို ...လက်တွေ့နည်းအားဖြင့် အကောင်အထည်ဖော်ပေးခြင်းပင် ဖြစ် ...သည်။ အဆိုပါမူကြီး ၅ ချက်နှင့်အညီ ဘာဘာစစ်ဆင်ရေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတစ်လျှောက်လုံးတွင် မြန်မာ–တရုတ်အဖွဲ့များသည် တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ လိုက်လျောမှု၊ သဘောထားကြီးမှုများ ရှိကြသည့်အားလျော်စွာ နှစ်ပြည်ထောင်စပ်ကြား ရှိ နယ်နိမိတ်မျဉ်းကြောင်းကို သတ်မှတ်၍ ချစ်ကြည်ရေး နယ်နိမိတ်မှတ်တိုင်များကို အောင်မြင်စွာ စိုက်ထူခဲ့ကြ ပေသည်။ ထိုနယ်နိမိတ်မှာ ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေး နယ်နိမိတ်ဖြစ်ခြင်းကြောင့် မြန်မာပြည်နှင့် တရုတ်ပြည် ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်သည်ထက် တိုးတက် ကောင်းမွန်လာသည့် လမ်းခရီးတွင် မဏ္ဍိုင်သဖွယ် ဖြစ် ပေသည်။

## မြန်မာ–တရုတ်ရင်းနှီးမှု

အငွေ့ရှည်စွာ မဖြေရှင်းရသေးဘဲ ကျန်ရှိနေသော နှစ်ပြည်ထောင် နယ်နိမိတ်ပြဿနာမှာ ရာဇဝင်မှ ဆက်ခံခဲ့ ရသော ပြဿနာဖြစ်သည့်အားလျော်စွာ မြန်မာ–တရုတ် နှစ်ပြည်ထောင်အိမ်နီးချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်း၍ ဖြေရှင်းရာတွင် မြန်မာ–တရုတ်အဖွဲ့ဝင်များသည် တစ်ဖက် နှင့်တစ်ဖက် အသာအနာဟူ၍ သဘောမထားဘဲ ကျေနပ်





ဖွယ်လည်းစွာ ဖြေရှင်းခဲ့ကြသည်သာမက မိမိတို့နယ်ဘက်မှ တာဝန်ကျသည့်အခါ ရင်းနှီးထိရောက်စွာ ရိုင်းပင်းကူညီခဲ့ ကြပေသည်။ အထူးသဖြင့် တရုတ်ပြည်ဘက်တွင် မြန်မာ အဖွဲ့ဝင်များ သွားရောက်သည့်အခါ ဖျားနာ၍ ဆေးဝါးကုသ ခြင်း၊ အနေအထိုင်၊ အစားအသောက်များမှစ၍ အားလုံး စီစဉ်ပေးခြင်း ပြုလုပ်ခဲ့ကြပေသည်။

မြန်မာ–တရုတ် နယ်နိမိတ်ပူးတွဲကော်မတီအနေနှင့် လည်းကောင်း၊ ကော်မတီအဖွဲ့ဝင်အချင်းချင်းလည်း ကောင်း၊ လုံခြုံသောတာဝန်ခံများအနေနှင့်လည်းကောင်း၊ ပူးတွဲမြေတိုင်းအဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ခွဲခေါင်းဆောင် များအနေနှင့်လည်းကောင်း အကြိမ်ပေါင်းများစွာ နှစ်နိုင်ငံရှိ မြို့ကြီးများတွင် တွေ့ဆုံစည်းဝေးခြင်း၊ နယ်ခြားတစ်လျှောက် တွင် တွေ့ဆုံစည်းဝေးခြင်းများ ပြုလုပ်ခဲ့သည်။ နယ်ခြား ဒေသရှိ အချင်းချင်းလည်း ချစ်ကြည်ရင်းနှီးမှုရှိခဲ့ကြသည်။

နယ်နိမိတ် သတ်မှတ်ရေးလုပ်ငန်း၊ နယ်နိမိတ် မှတ်တိုင် စိုက်ထူရေးလုပ်ငန်းများတွင် အနှောင့်အယှက် ဖြစ်စေသည့် အန္တရာယ်ဟူသမျှကို ပူးပေါင်း၍ အပြေအလည် ဖြေရှင်းပေးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်နိုင်ငံဝန်ကြီးချုပ်များ၏ လက်ဆောင်များကို လည်း နယ်စပ်တစ်လျှောက် တာဝန်ယူခဲ့ဝေဖြန့်ဖြူး ပေးခဲ့ ကြသည်။

မြန်မာ–တရုတ် ချစ်ကြည်ရေး နယ်နိမိတ်မျဉ်း ကြောင်းကို ပေါ်လွင်စေရန်အတွက် နှစ်နိုင်ငံပူးပေါင်း၍ နယ်နိမိတ်မျဉ်းကြောင်းတစ်လျှောက်တွင် သစ်ပင်ပန်းပင်များ စိုက်ပျိုးခဲ့ကြသည်။

## မြေပုံပြုလုပ်ရေးအဖွဲ့ငယ်

မြန်မာ–တရုတ် နယ်နိမိတ် ပူးတွဲကော်မတီ၏ အဖွဲ့ ငယ်တစ်ခုဖြစ်သော မြေပုံပြုလုပ်ရေးအဖွဲ့ငယ်၏ အဓိက လုပ်ငန်းများ ထမြောက်အောင်မြင်မှုမှာ မြန်မာနိုင်ငံတော် အစိုးရမြေတိုင်းဌာန၏ ကိုယ်ဖိရင်ဖိ စွမ်းအားရှိသမျှ ပူးပေါင်း ဆောင်ရွက်မှုအပေါ်တွင် တည်ရှိခဲ့ပေသည်။ ဘာဘစ်ဆောင် ရေး အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းမှာလည်း အဆိုပါ ဌာန၏ အကူအညီများစွာ ပါဝင်ခဲ့ပေသည်။





## အခြေပြစာချုပ်ပြုလုပ်ရေးအဖွဲ့ငယ်

မြန်မာ–တရုတ်နယ်နိမိတ် ပူးတွဲကော်မတီ၏ အဖွဲ့ငယ်တစ်ခုဖြစ်သော အခြေပြစာချုပ်ပြုလုပ်ရေး အဖွဲ့ ငယ်က တရုတ်ပြည်ဆိုင်ရာ အခြေပြစာချုပ်ပြုလုပ်ရေးအဖွဲ့ ငယ်နှင့် အပြေအလည် ဆွေးနွေးသဘောတူညီပြီးနောက် အခြေပြစာချုပ်ကို ပုံနှိပ်ရာတွင် ဘာသာပြန်ခြင်း၊ တည်း ဖြတ်ခြင်း၊ ပုံနှိပ်ခြင်းများ အဆင့်ဆင့်အချိန်မီအောင် ပြုလုပ် ခဲ့သည်။ အခြေပြစာချုပ်ကို ပုံနှိပ်ရာတွင်လည်း မြန်မာ နိုင်ငံတော် အစိုးရပုံနှိပ်တိုက်၏ သဘောတူညီမှုသည် များစွာ အထောက်အပံ့ဖြစ်စေသည်။

## အခြေပြစာချုပ်ချုပ်ဆိုခြင်း

၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့ …စံတော်ချိန် ညနေ ၆ နာရီအချိန်တွင် နှစ်ပြည် …င်စပ်ကြား နယ်နိမိတ်နှင့် စပ်လျဉ်းသည့် အခြေပြ …ချုပ်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ဦးနု … တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ဝန်ကြီးချုပ် ချူအင် …လိုင်းတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံပီကင်းမြို့၊ ပြည်သူ့



www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော်ခန်းမဆောင်၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည် ဤကဲ့သို့ အခြေပြုစာချုပ်ကို လက်မှတ် ရေးထိုးချုပ်ဆို သည့်အခါ ၁၉၆၀ ခုနှစ်၊ အောက်တိုဘာလတစ်ရက်နေ့တွ ပီကင်းမြို့၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော မြန်မာ–တရု နယ်နိမိတ်စာချုပ် **Boundary Treaty** အပိုဒ် ၁၀ အ မြန်မာ–တရုတ် နယ်နိမိတ် ပူးတွဲကော်မတီ၏ လုပ်ငန်း ဆောင်တာများသည် ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ရက်နေ့တွင် ဆုံးခန်းတိုင်သို့ ရောက်ရှိခဲ့ပေသည်။

**မြန်မာ–တရုတ်ချစ်ကြည်ရေး နယ်နိမိတ်သတ်မှတ်ရေ အတွက် သမိုင်းဝင်မော်ကွန်းမှတ်တိုင်ကြီးများ**

၁။ ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်ဦးနု တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် ဝန်ကြီးချုပ် ချူ အင်လိုင်းတို့ ငြိမ်းချမ်းစွာအတူနေရေးမူကြီး ၅ ရ ကို ပူးတွဲကြေညာချက် ထုတ်ပြန်သည်။

၂။ ၁၉၅၆ ခုနှစ်၊ ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးနု တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် ဝန်ကြီးချုပ် ချူ





အင်လိုင်းတို့ နယ်ခြားပြဿနာနှင့် ပတ်သက်၍ သဘောတူညီချက် ရရှိသည်။

၃။ ၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် ဝန်ကြီးချုပ် ချူအင်လိုင်းတို့ မြန်မာ–တရုတ်နယ်နိမိတ် သတ်မှတ်မှု သဘောတူစာချုပ်၊ ချစ်ကြည်ရေးနှင့် မကျူးကျော်ရေး သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။

၄။ ၁၉၆၀ ခုနှစ်၊ အောက်တိုဘာလ တစ်ရက်နေ့ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်ဦးနုနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတော် ဝန်ကြီးချုပ် ချူအင်လိုင်းတို့ မြန်မာ–တရုတ် နယ်နိမိတ်စာချုပ်ကို ပီကင်းမြို့၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။

၅။ ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ်ဦးနုနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတော် နယ်နိမိတ် စာချုပ်ကို လက်ခံအတည်ပြုသည့် စာချွန်တော်များ အပြန်အလှန် ကမ်းလှမ်းခြင်းဆိုင်ရာ စာချုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ရေးထိုးကြသည်။

၆။ ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့ ပီကင်းစံတော်ချိန် ညနေ ၆ နာရီအချိန်တွင် နှစ်ပြည်ထောင်စပ်ကြား နယ်နိမိတ်နှင့်စပ်လျဉ်းသည့် အခြေပြစာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတော်ဝန်ကြီးချုပ် ချူအင်လိုင်းတို့ ပီကင်းမြို့၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

## ချီးကျူးဂုဏ်ပြုရမည့်သူများ

ဘာဘစစ်ဆင်ရေးအောင်မြင်ပြီး မြန်မာ–တရုတ် အခြေပြစာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ခြင်းအတွက် အနှစ်နှစ်အလလ ဆက်သွယ်ဆောင်ရွက်ခဲ့ရသော လုပ်ငန်းကြီးတစ်ရပ် အောင်မြင်ပြီးဆုံးသွားခြင်းကြောင့် မြန်မာ–တရုတ် နှစ်နိုင်ငံလုံးအဖို့ အချင်းချင်း အထင်မှား အငြင်းပွားမှုဖြစ်နိုင်သော အလွန်ကြီးမားသည့် ပြဿနာကြီးတစ်ရပ် ပြေလည်ပျောက်ပျက်သွားခြင်းပင် ဖြစ်ပေသည်။ ကြာရှည်လေးမြင့်စွာ ဖင့်နွဲ့လာခဲ့သော ဤပြဿနာကြီး





မြန်မာ–တရုတ် နှစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိပြီးသည့်နောက် စိတ်အားထက်သန်စွာ အပြေအလည် ဖြေရှင်းနိုင်ခဲ့ခြင်းမှာ မြန်မာ–တရုတ် နှစ်နိုင်ငံမှ နှစ်ဖက်သော ခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမှု၊ သဘောထားကြီးမှု၊ ရင်းနှီးမှုများကြောင့်ပင် ဖြစ်ပေသည်။

ဤပြဿနာကြီး ဖြေရှင်းရာတွင် နှစ်ဖက်သော နိုင်ငံများမှ ခေါင်းဆောင်ကြီးများဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဥက္ကဋ္ဌကြီးမော်စီတုံး၊ သမ္မတကြီး လျိုရှောင်ချီ၊ မာရှယ်ချူတေး၊ ဝန်ကြီးချုပ် ချူအင်လိုင်း၊ ဒု–ဝန်ကြီးချုပ် မာရှယ်ချင်ယီ၊ မစ္စတာယူချုံမင်း စသော ခေါင်းဆောင်ကြီးများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်မှ သမ္မတကြီး ဦးဝင်းမောင်၊ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၊ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း၊ နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေ၊ နိုင်ငံခြားရေးဝန်ကြီး စပ်ခွန်ချို၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဦးသွန်းအောင်၊ ဒု–ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်မှူးချုပ်အောင်ကြီး အစရှိသည့် နှစ်ဖက်သော ခေါင်းဆောင်ကြီးများအား ချီးကျူးဂုဏ်ပြုရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ–တရုတ် ပူးတွဲကော်မတီနှင့်တကွ ဘအ စစ်ဆင်ရေးတစ်ရပ်လုံးတွင် စီစဉ်ညွှန်ကြားသူများ၊ ပါဝင် ဆင်နွှဲသူများ၊ ကူညီရိုင်းပင်းသူများနှင့်တကွ အဖက်ဖက်မှ ကူညီထောက်ပံ့သူနှင့် ဌာနအားလုံးတို့ကိုလည်း ချီးကျူးဂုဏ် ပြုရမည် ဖြစ်ပေသည်။

❖



## အခန်း ( ၅ )

## တရုတ်ဖြူကျူးကျော်မှုတွင် မြန်မာ့တပ်မတော်(လေ)၏အခန်းကဏ္ဍ

**မြန်မာ့တပ်မတော်(လေ)မှ တရုတ်ဖြူကျူးကျော်မှုအား ချေမှုန်းခြင်း**

၁၉၅၀ ပြည့်နှစ် မြန်မာ့လေတပ်မတော်ကို တည်ဆောက်ဖွဲ့စည်းနေဆဲကာလမှာပင် ပြည်ပကျူးကျော်သူ ကူမင်တန် တရုတ်ဖြူ အရေးအခင်းပေါ်ပေါက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည်ပကျူးကျော်သူ တရုတ်ဖြူတို့ကို နဂါးနိုင်ရန်ကြီးအောင်၊ ဘုရင့်နောင်၊ မဲခေါင်စစ်ဆင်ရေးကြီးများဖြင့် အပြင်းအထန် တိုက်ခိုက်ချေမှုန်းရာတွင် တပ်မတော်(လေ)မှ လေယာဉ်နှင့် လေသူရဲ၊ လေယာဉ်စစ်သည်များက အသက်စွန့်၍ ဝံ့ဝံ့စားစား တိုက်ပွဲဝင်ခဲ့ကြသည်။

ကျူးကျော်ဝင်ရောက်လာသည့် ကူမင်တန် တရုတ်ဖြူတို့သည် အခိုင်အမာ ခံကတုတ်များ တည်ဆောက်ထားသည့်အတွက် လေကြောင်းမှ တိုက်ခိုက်ရာတွင် ဖောက်ထွင်းအားကောင်းသော ရော့ကက် **Rocket** များ သုံးမှသာ ချေမှုန်းနိုင်ပေမည်။ သို့ဖြစ်၍ ၁၉၅၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် လေတပ်ဦးစီးချုပ် ဒုတိယဗိုလ်မှူးကြီး အက်စ်ခင်ကိုယ်တိုင် ကျုံးတုံလေယာဉ်ကွင်းကို အခြေပြုပြီး အောက်စဖို့ဒ်လေယာဉ်တွင် ရော့ကက်တပ်ဆင် စမ်းသပ်ပစ်ခတ်ခဲ့သည်။ ပထမဆုံးအကြိမ် စမ်းသပ်ပစ်ခတ်စဉ်မှာပင် လေယာဉ်တောင်ပံ ကျိုးထွက်သွားပြီး မြေပြင်သို့ ထိုးဆင်း ပျက်စီးသွားခဲ့ရာ လေတပ်ဦးစီးချုပ် ကျဆုံးခဲ့ရသည်။ လေတပ်ဦးစီးချုပ် ဒုဗိုလ်မှူးကြီးအက်စ်ခင်သည် တိုက်ပွဲပေါင်းများစွာ ပါဝင်တိုက်ခိုက်ခဲ့သည့် ဝါရင့်လေသူရဲကောင်း





ဖြစ်သည့်အားလျော်စွာ အောက်စဖို့ဒ်လေယာဉ်ဖြင့် ဒုံးပျံပစ်ခတ်စမ်းသပ်ခြင်းကိစ္စတွင် ငယ်ရွယ်၍ အတွေ့အကြုံနည်းသော လေသူရဲများကို မစမ်းသပ်နိုင်းဘဲ မိမိကိုယ်တိုင် ဝင်ရောက်ပျံသန်းစမ်းသပ်ခဲ့ရာမှ ကျဆုံးခဲ့ခြင်းဖြစ်သည်။ မြန်မာ့လေတပ်မတော်၏ အမြဲတေကာလကပင် စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်သည် လေတပ်ဦးစီးချုပ်မှသည် ရဲဘော်များအထိ ရင်ထဲတွင် ကိန်းဝပ်လျက်ရှိကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်ပေသည်။

တရုတ်ဖြူကျူးကျော်မှုသည် တဖြည်းဖြည်း ကျယ်ပြန့်လာပြီး တာချီလိတ်မြို့ကို သိမ်းပိုက်သည့်အချိန် ၁၉၅၃ ခုနှစ် မတ်လတွင် နဂါးနိုင်စစ်ဆင်ရေးဖြင့် တရုတ်ဖြူတို့ကို တိုက်ခိုက်ခဲ့ကြသည်။ အော်တာလေယာဉ်၊ အောက်စဖို့ဒ်လေယာဉ်နှင့် ဆီးဖိုင်းယားလေယာဉ်များဖြင့် ချေမှုန်းတိုက်ခိုက်ခဲ့ကြသည်။ သယ်ယူပို့ဆောင်ရေးအတွက် ဒါကိုတာလေယာဉ်များကို အသုံးပြုခဲ့ကြသည်။

မြန်မာ့လေတပ်မတော်သည် ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့မှ နိုဝင်ဘာလ ၃ ရက်နေ့အထိ ၁၂ ရက်ကြာ တရုတ်ဖြူတိုက်ခိုက်ချေမှုန်းရေး



www.burmeseclassic.com

www.burmeseclassic.com



သီးခြားစစ်ဆင်ရေး ဆောင်ရွက်ခဲ့သည်။ နမ့်စန်တွင် ဆီးဖိုင်းယားလေယာဉ် ၁၀ စီး အခြေပြုပြီး မြန်မာ့လေတပ်မတော် တစ်ခုတည်း တိုက်ပွဲဝင်ခဲ့ခြင်း ဖြစ်သည်။ လေကြောင်းမှ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့သည့်အတွက် တရုတ်ဖြူတို့၏ ကျူးကျော်မှုအရှိန် ရပ်တန့်သွားပြီး ရန်သူလှုပ်ရှားမှုကို ကန့်သတ်ထိန်းချုပ်နိုင်ခဲ့သည်။ ရန်သူ့စိတ်ဓာတ်ကိုလည်း ချောက်ချားစေခဲ့သည်။

၁၉၅၉ ခုနှစ်တွင် တပ်မတော်တစ်ရပ်လုံး ဦးညွှတ်ရေးအတွက် တပ်မတော်(ကြည်း/ရေ/လေ)ကို တစ်ပြေညီ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ) ဟု ဆက်လက်သုံးစွဲခဲ့သည်။

တရုတ်ဖြူကျူးကျော်သူများအား မြန်မာ့မြေပေါ်မှ အပြီးပိုင် မောင်းထုတ်မည့် မဲခေါင်စစ်ဆင်ရေးကို ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် စတင်ခဲ့သည်။ မဲခေါင်စစ်ဆင်ရေးတွင် တပ်မတော်(လေ)၏ ဆီးဖြူရီ တိုက်လေယာဉ်များသည် ရန်သူတရုတ်ဖြူစခန်းပေါ်သို့ အကြိမ် ၇၀ တိုင်တိုင် သွားရောက်တိုက်ခိုက်ခဲ့သည်။

ထို့ပြင် တပ်မတော်(လေ)၏ သမိုင်းတွင် ပထမဆုံး

မြရတနာစာပေ



အကြိမ်နှင့် ဒုတိယကမ္ဘာစစ်နောက်ပိုင်း အရှေ့တောင်အာရှဒေသတွင် ပထမဆုံး လေကြောင်းတိုက်ပွဲဖြစ်ပွားခဲ့သည်။ မြန်မာ-ထိုင်း နယ်စပ်၊ တာချီလိတ်မြို့နယ်ရှိ ဝန်ပန်ဆန်းဒေသတွင် ကူမင်တန်တရုတ်ဖြူတို့အား လေကြောင်းမှ ရိက္ခာထောက်ပံ့နေသည့် **P4Y2 Privateer** စက်လေးလုံးတပ် လေယာဉ်ကြီးသည် မြန်မာ့ဝေဟင်ကို ကျူးကျော်ဝင်ရောက်လာသည့်အတွက် တပ်မတော်(လေ)၏ ဆီးဖြူရီလေယာဉ် ၃ စီးဖြင့် သွားရောက်တိုက်ခိုက်ကြသည်။ လေသူရဲ ဗိုလ်မောင်သိန်း၊ ဗိုလ်ချစ်ခိုင်နှင့် ဒုတိယဗိုလ်ပီတာတို့သည် စက်အမြောက် ၁၂ လက်တပ်ဆင်ထားသော လေယာဉ်ကြီးကို အပြင်းအထန် ပစ်ခတ်တိုက်ခိုက်ကြသည်။ ကျူးကျော်လေယာဉ်ကြီးကို ပစ်ချနိုင်သကဲ့သို့ လေယာဉ်အမှတ် **UB 466** နှင့်အတူ လေသူရဲ ဒုဗိုလ်ပီတာမှာ ရန်သူပစ်ခတ်မှုကြောင့် ကျဆုံးခဲ့သည်။ တရုတ်ဖြူ ကျူးကျော်သူတို့၏ လုပ်ရပ်မှာ ကမ္ဘာအလယ်တွင် အတိအလင်းပေါ်ထွက်လာခဲ့ပြီး မဲခေါင်စစ်ဆင်ရေးအပြီးတွင် တရုတ်ဖြူများ မြန်မာ့မြေပေါ်မှ ဆုတ်ခွာခဲ့ကြသည်။

ထိုဝန်ပန်ဆန်းလေကြောင်း တိုက်ပွဲတွင် ဗိုလ်မောင်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သိန်း၊ ဗိုလ်ချစ်ခိုင်နှင့် ဒုဗိုလ်ပီတာတို့အား နိုင်ငံတော်မှ သူရဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခဲ့သည်။

ဖြစ်စဉ်အသေးစိတ်အား ဆက်လက်ဖော်ပြအပ်ပါသည်။

**တရုတ်ဖြူစစ်ဆင်ရေးတွင် ဆင်နွှဲခဲ့သော မြန်မာ့တပ်မတော်(လေ)၏ ပထမဆုံးလေကြောင်းတိုက်ပွဲ**

၁၉၅၀ ခုနှစ်၊ ဇန်နဝါရီမှစပြီး မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည့် တရုတ်ဖြူများအား မြန်မာ့တပ်မတော်က ဒေသန္တရစစ်ဆင်ရေးများဖြင့် ရှင်းလင်းခဲ့ရ၏။ တရုတ်ဖြူကျူးကျော်မှုမှာ တစ်စတစ်စ အတင့်ရဲလာပြီး အင်အားမှာလည်း တဖြည်းဖြည်းတိုးပွားလာရာ ၁၉၅၃ ခုနှစ်တွင် အင်အား ၁၀၀၀၀ ကျော် ဖြစ်လာသဖြင့် မြန်မာနိုင်ငံအစိုးရမှ ကုလသမဂ္ဂသို့ တိုင်တန်းခဲ့၏။

ကုလသမဂ္ဂမှ တရုတ်ဖြူတပ်များ မြန်မာနိုင်ငံတွင်းမှ ထွက်ခွာပေးရန် နိုင်ငံပေါင်း ၆၀ အနက် ထောက်ခံမဲ ၅၉ မဲ ကြားနေမဲ ၁ မဲဖြင့် ဆုံးဖြတ်ပေးခဲ့သော်လည်း တရုတ်ဖြူများသည် မြန်မာနိုင်ငံမှ ဟန်ပြသာ ထွက်ခွာသွား





ကြသဖြင့် မလွဲမရှောင်သာဘဲ စစ်ဆင်ရေးကြီးများကို ဆင်နွှဲခဲ့ရ၏။ တရုတ်ဖြူတပ်အများစုသည် ထိုင်းမြန်မာနယ်စပ်ိုင်းဆက်၊ မိုင်းတုံဒေသ၌ အခိုင်အမာ တပ်စွဲကာနေခဲ့ကြ၏။ ိုလ်ချုပ်ကြီးလီမီကိုယ်တိုင် ဌာနချုပ်ဖွင့်လှစ်ကာ လေယာဉ်ကွင်းများ တည်ဆောက်ပြီး အခြေပြုထားရှိခဲ့၏။ စစ်ဆင်ရေးပြုလုပ်ခဲ့သော်လည်း လုံးဝရှင်းလင်းသွားအောင် ချေမှုန်းနိုင်ခြင်း မရှိခဲ့ချေ။ သို့ဖြစ်၍ ၁၉၆၀ ခုနှစ်တွင် မဲခေါင်စစ်ဆင်ရေးကြီးဖြင့် တရုတ်ဖြူအမြစ်ပြတ်သုတ်သင် ချေမှုန်းရေးကြီးကို မြန်မာ့တပ်မတော်က ဆင်နွှဲခဲ့၏။

ထိုစစ်ဆင်ရေးကြီး၌ မြန်မာ့လေတပ်မတော်နှင့် တရုတ်ဖြူတို့ လေကြောင်းတိုက်ပွဲ ဖြစ်ပွားတော့၏။ ဖြစ်ပွားမှာ အောက်ပါအတိုင်းဖြစ်၏။

အချိန်က ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်။ နေ့မတိုင်မီ ဖေဖော်ဝါရီ ၁၃/၁၄ ရက်နေ့များက အမျိုးအမည်မသိ လေယာဉ်ကြီးတစ်စီးသည် တာချီလိတ်မြို့အနောက်ဘက်တွင် တရုတ်ဖြူများကို ရိက္ခာများ ချပေးသွားကြောင်း မြန်မာ့တပ်မတော်မှ သတင်းရရှိခဲ့သည်။ သတင်းအရ ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် ဗိုလ်မှူး သူရထင်



www.burmeseclassic.com

www.burmeseclassic.com



မောင်အေးနှင့် ဗိုလ်မောင်သိန်းတို့သည် ရန်သူ့လေယာဉ်နှင့်
ရန်သူ့သတင်းကို ထောက်လှမ်းရှာဖွေရန် ကျိုင်းတုံမှ
တာချီလိတ်သို့ ဆက်စနာလေယာဉ်ဖြင့် ထွက်ခွာခဲ့၏။
တာချီလိတ်တွင် အမှတ် (၅) ကချင် သေနတ်ကိုင် တပ်
ရင်းနှင့် ဆက်သွယ်ခဲ့၏။ ထို့နောက် အမှတ် (၅) ကချင်
သေနတ်ကိုင် တပ်ရင်းမှ ဗိုလ်မှူးအေးဝင်းလိုက်ပါ၍ ဗိုလ်မှူး
တင်မောင်အေးနှင့် ဗိုလ်မှူးစောဝင်းတို့သည် မောင်းနှင်
လာသည့် ဆက်စနာ လေယာဉ်ဖြင့်ပင် ကင်းထောက်
ပျံသန်းခဲ့၏။ ထိုနေ့ နေ့လယ် ၂ နာရီအချိန်ခန့်တွင် တာချီ
လိတ်အနောက်ဘက် ဝမ်ပါဆန်ရွာပေါ်သို့ ရောက်ရှိသွား
ခဲ့သည်။ လေယာဉ်သံကြားသည်နှင့် ပစ္စည်းများချပေးမည့်
ဂုင်းတို့၏ လေယာဉ်အထင်ဖြင့် တရုတ်ဖြူတို့သည် ပိတ်ဖြူ
စဖြင့် လှို့ဝှက်အက္ခရာ D.Z များ ခင်းကျင်းပြသခြင်း
မီးခိုးအချက်ပြများ ပြုလုပ်ပြသခြင်းများ ပြုလုပ်ခဲ့ကြသည်။
ထိုအခြေအနေများကို တွေ့ရှိရသော လေယာဉ်မှူး ဗိုလ်မှူး
တင်မောင်အေးက ရန်သူ့လေယာဉ်များ အမှန်လာရောက်
မည့် လက္ခဏာများဖြစ်သည်ဟု သုံးသပ်မိသဖြင့် ကျိုင်းတုံ
သို့ ပြန်ပြီးလျှင် ဆီးဖြူရီအမျိုးအစား တိုက်လေယာဉ် ၃





စင်းကို ဝမ်ပါဆန်းအနီးမှ သွားရောက် စောင့်ဆိုင်းစေခဲ့
သည်။ ထိုသို့တာဝန်ပေးခြင်းခံရသော တိုက်လေယာဉ် ၃
စင်းမှာ ဗိုလ်မောင်သိန်း မောင်းနှင်သည့် (ယူဘီ-၄၅၇)၊
ဗိုလ်ပီတာ မောင်းနှင်သည့် (ယူဘီ-၄၆၆) နှင့် ဗိုလ်ချစ်နိုင်
မောင်းနှင်သည့် (ယူဘီ-၄၆၅) တို့ ဖြစ်ကြသည်။ ထို
လေယာဉ်အုပ်စုသည် ညနေ ၃ နာရီခွဲအချိန်ခန့်တွင်
ဝမ်ပါဆန်းရွာ အထက်အမြင့်ပေ ၇၅၀၀ ခန့်က ပျံဝဲစောင့်
ဆိုင်းလျက်ရှိစဉ် ညနေ ၄ နာရီခန့်တွင် အင်ဂျင်လေးလုံး
တပ် လေယာဉ်ကြီးတစ်စင်းသည် အရှေ့အရပ်ဆီမှ အမြင့်
ပေ ၇၀၀၀ ခန့်ဖြင့် ဝင်ရောက်လာခဲ့သည်။ တပ်မတော်
(လေ)မှ လေယာဉ်များမှာ နေကို ကျောပေးပျံသန်းလျက်
ရှိသဖြင့် ရန်သူလေယာဉ်က မိမိတို့၏ လေယာဉ်များကို
သတိမထားမိချေ။ ထိုလေယာဉ်မှာ အစိမ်းပုပ်ရောင် ဆေး
သုတ်ထားပြီး အမျိုးအစား မခွဲခြားနိုင်ခဲ့ပေ။ တိုက်လေယာဉ်
ခေါင်းဆောင် ဗိုလ်မောင်သိန်းက ကျိုင်းတုံသို့ ရန်သူ့
လေယာဉ် တွေ့နေရကြောင်း သတင်းပို့ရာ ထိုလေယာဉ်ကို
ကျိုင်းတုံသို့ ဖမ်းဆီးခေါ်ဆောင်လာရန် အမိန့်ရရှိခဲ့သည်။

ထိုအခါ လေယာဉ်အုပ်စု ခေါင်းဆောင် ဗိုလ်မောင်

www.burmeseclassic.com



သိန်းက ရန်သူလေယာဉ်အနီး ချဉ်းကပ်ပြီး ရန်သူလေယာဉ်အား အမျိုးအမည်ဖော်ပြရန်နှင့် ကျိုင်းတုံလေယာဉ်ကွင်းသို့ မောင်းနှင်ရန် အမိန့်ပေးရာ ရန်သူ့လေယာဉ်က စတင်ပစ်ခတ်တိုက်ခိုက်တော့သည်။ ဤတွင် ဗိုလ်ပီတာနှင့် ဗိုလ်ချစ်ခိုင် လေယာဉ်တို့ ရန်သူ ကျည်မှန်ခဲ့ကြသည်။ ရန်သူ့လေယာဉ်လည်း ထိမှန်ကာ ယိုးဒယား(ထိုင်း)နယ်စပ်သို့ ထိုးဆင်းသွားခဲ့သည်။ ဗိုလ်ပီတာ၏ လေယာဉ်မှာလည်း အလားတူထိမှန်ကာ မီးလောင်ပျက်ကျသွားခဲ့လေသည်။ ရန်သူ့လေယာဉ်မောင်း နှစ်ဦးမှာမူ မပျက်ကျမီ လေထီးဖြင့် ခုန်ဆင်းသွားသည်ကို တွေ့မြင်ခဲ့ရပြီး ဗိုလ်ပီတာမှာမူ လေယာဉ်နှင့်အတူ ကျဆုံးခဲ့ရသည်။ ဗိုလ်ပီတာလေယာဉ်မှာ တာချီလိတ်၏ အရှေ့တောင်ဘက် ခြောက်မိုင်ကျော်ခန့် နေရာတွင် မီးလောင်ပျက်ကျပြီး လေယာဉ်အား စစ်ဆေးကြည့်ရှုကြရာ ဗိုလ်ပီတာထိုင်သောနေရာ၏ လက်ယာဘက်တွင် စက်သေနတ်ကျည် ငါးနေရာခန့် ထိမှန်ထားကြောင်း တွေ့ရှိရပေရာ လေယာဉ်မှူးသည် ရန်သူ့ကျည် တိုက်ရိုက်ထိမှန်ကျဆုံးခဲ့သည်ဟု သတ်မှတ်ရမည် ဖြစ်ပေသည်။

ထိုသတင်းများနှင့် ပတ်သက်၍ (၁၇–၂–၆၁) ရက်

မြရတနာစာပေ



မဲခေါင်စစ်ဆင်ရေးတွင် ကျဆုံးသွားသော လေသူရဲ ဗိုလ်ပီတာ

www.burmeseclassic.com



[illegible]ကော်ဖြူလေယာဉ်ဖြင့် တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့သည့် မြန်မာ့လေသူရဲဗိုလ်ပီတာ၏ ရုပ်ကလပ်




ကျဆုံးသွားသော မြန်မာ့လေသူရဲ ဗိုလ်ပီတာအား မင်္ဂလာဒုံလေဆိပ်သို့ ပြန်သယ်လာပုံ

www.burmeseclassic.com



မြန်မာ့လေတပ်မတော်မှ ကျူင်းတုံလေယာဉ်ကွင်းတွင်
ဗိုလ်မှူးကြီးအက်စ်ခင် ဝုံးတပ်ဆင်စမ်းသပ်စဉ် ပျက်ကျခဲ့သည့် လေယာဉ်





ခဲခေါင်စစ်ဆင်ရေးတွင် တိုက်ပွဲဝင်ခဲ့သည့် မြန်မာ့လေတပ်မတော်မှ
လေယာဉ်များ

www.burmeseclassic.com

www.burmeseclassic.com



မဲခေါင်စစ်ဆင်ရေးတွင် ကျဆုံးခဲ့သည့် ဗိုလ်ပီတာနှင့် သူ၏လေယာဉ်
ကျိုင်းတုံလေဆိပ်မှ မတွက်ခွာမီ နောက်ဆုံးတွေ့မြင်ရပုံ




မဲခေါင်စစ်ဆင်ရေး လေကြောင်းတိုက်ပွဲတွင် မြန်မာ့လေယာဉ်
ထိမှန်ခဲ့သည်ကို အမေရိကန်စစ်သံမှူးမှ ကြည့်ရှုနေပုံ

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီးရမိ တရုတ်ဖြူ တို့၏ စစ်ပစ္စည်းများကို စစ်ဆေးကြည့်ရှုနေသည့် အမေရိကန်စစ်သံအဖွဲ့



ဖမ်းဆီးရမိ စစ်လက်နက်ပစ္စည်းများကို အမေရိကန်အရာရှိများ
စစ်ဆေးနေပုံ

www.burmeseclassic.com

www.burmeseclassic.com


ဖမ်းဆီးရမိ တရုတ်ဖြူလက်နက်များ





ဖမ်းဆီးရမိ စစ်လက်နက်ပစ္စည်းများကို အမေရိကန်အရာရှိများ ကြည့်ရှုနေပုံ

www.burmeseclassic.com



အမေရိကန်မှ တရုတ်ဖြူကို ထောက်ပံ့ထားသော စက်သုံးဆီများ



ထုတ် ကြေးမုံသတင်းစာတွင် ''တရုတ်ဖြူ လေယာဉ်ပျံ ပိုက်ခြင်း၊ ဗမာလေသူရဲတစ်ဦးက အသက်စွန့်၍ ကိုက်ပုံ၊ အမေရိကန်စစ်ဗိုလ်တို့က လေယာဉ်ပျက်ကို လာ ကြည့်ကြခြင်း'' ဟူသော ခေါင်းစဉ်ဖြင့် အောက်ပါသတင်းကို ပြထားကြောင်း တွေ့ရှိရပါသည်။

''ဗမာ့လေတပ်မတော်တိုက် လေယာဉ်သုံး က ဗမာ့မြေပေါ် ကျူးကျော်လာသော စက်ခေါင်း လုံးတပ် တရုတ်ဖြူလေယာဉ်ပျံကြီးတစ်စင်း မီး ောင်ကျသည်အထိ တိုက်ခိုက်နိုင်လိုက်လေသည်''

ထိုသို့ တိုက်ခိုက်ရာ၌ ဗမာ့လေတပ်မတော်၏ ကောင်းတစ်ဦးသည် တိုင်းပြည်အတွက် ရဲရင့်စွာ အသက် သွားရလေသည်။ ပျက်ကျသော လေယာဉ်ပျံကို ယိုး ာ၌ အမေရိကန်တို့က လာကြည့်ကြသည်။ ထိုတရုတ် လေယာဉ်တစ်စင်း မီးလောင်ပျက်ကျသွားခြင်းနှင့် ပတ် ၍ တပ်မတော်မှ သတင်းထုတ်ပြန်ရာ၌ မဲ့ခေါင်စစ် ရေးတွင် ရန်သူတရုတ်ဖြူများအား စားနပ်ရိက္ခာနှင့် နက်ကျည်ဆန်များကို လေယာဉ်ဖြင့် လာရောက်ချ ခဲ့ရာ လွန်ခဲ့သော လ ၂၇ ရက်နေ့က ခဲယမ်းမီးကျောက်

www.burmeseclassic.com



အများအပြားကို မြန်မာ့တပ်မတော်က ရရှိခဲ့၏။ ယခု
၁၃ ရက်နေ့တွင်လည်း တာချီလိတ် အနောက်ဘက် ဝမ်
ဆန်းစခန်းတွင် ကျန်ရှိသေးသည့် တရုတ်ဖြူများသို့
ကြိမ်တိုင်မျှ ရိက္ခာနှင့် ခဲယမ်းမီးကျောက်များအား လေယာဉ်
ဖြင့်ပင် လာရောက်ချပေးခြင်းကို တွေ့ရှိရပြန်သဖြင့် ယ
နေ့က တပ်မတော်(လေ)မှ လေကြောင်းကင်းထောက် ကြ
ရှုပြီးနောက် ရန်သူလေယာဉ်များ နောက်တစ်ကြိမ် ပစ္စည်း
များ လာရောက်ချပေးပါက ဆီးကြိုတိုက်ခိုက်ရန် တို
လေယာဉ်များကို စေလွှတ်ရန် စီစဉ်ခဲ့ကြသည်။ ယမန်
ညနေ ၃ နာရီခန့်တွင် တပ်မတော်(လေ) တိုက်လေယာဉ်
၃ စင်းသည် ရန်သူများ ပစ္စည်းလာရောက်ချပေးမည်
ထင်ရသည့် ဝမ်ပန်ဆန်စခန်းအနီးတွင် ပျံဝဲစောင့်ကြ
နေစဉ် ရန်သူလေယာဉ်အစိမ်း အမှတ်အသား လုံး
မရှိသော စက်ခေါင်းလေးလုံးတပ် လေယာဉ်တစ်စင်း တာ
လိတ် တောင်ဘက်မှဝင်လာပြီး ဝမ်ပန်ဆန် စခန်း
အရောက်တွင် အထုပ်များအား ပစ်ချသည်ကိုတွေ့ရ
ဤတွင် တပ်မတော်(လေ) တိုက်လေယာဉ် မည်သည်
အမျိုးအစား ဖြစ်သည်။ အမှတ်အသားများ စစ်ဆေး





နီးသို့ ချဉ်းကပ်ပျံသန်းရာ ၎င်းအမှတ်အသားမပါသော
လေယာဉ်က စတင်ဆီးကြိုပစ်ခတ်သဖြင့် တပ်မတော်(လေ)
တိုက်လေယာဉ်များက ပြန်လည်တိုက်ခိုက်ရာ ၎င်းလေယာဉ်
မှာ ထိမှန်၍ မီးလောင်ပျက်ကျသွား၏။

ကျဆုံးသွားသော ရန်သူ့လေယာဉ်မှာ ယိုးဒယား
နယ်အတွင်း တာချီလိတ်တောင်ဘက် ၁၅ မိုင်၊ တာချီ
လိတ်၊ ချင်ရိုင်းလမ်း တရုတ်ဖြူစစ်ပြေးများ ခိုလှုံသော
စခန်းအနီးတွင် မီးလောင်ပျက်ကျ၏။

ရန်သူလေယာဉ်မှ ၂၀ မီလီမီတာ စက်အမြောက်
ဖြင့် မြန်မာ့လေယာဉ်များအား ပစ်ခတ်တိုက်ခိုက်ရာ တပ်
မတော်(လေ) မှ တိုက်လေယာဉ်တစ်စင်းမှာ ထိမှတ်သဖြင့်
ယိုးဒယားနယ်ထဲသို့ ထိုးဆင်းရ၍ လေသူရဲ ဗိုလ်ပီတာနှင့်
လေယာဉ်မှာ မီးလောင်ကျွမ်းသွားသည်ဟု သိရ၏။ မီး
လောင်သွားသော လေယာဉ်နှင့် လေသူရဲ ဗိုလ်ပီတာ၏
အလောင်းကို ပြန်လည်ရယူရန် ယိုးဒယားအာဏာပိုင်များ
နှင့် ပြောဆိုနေပြီဖြစ်၏။

ပျက်ကျသည့် ရန်သူ့လေယာဉ်ပျံအနီးတွင် တရုတ်
ဖြူ လက်နက်ကိုင်လေးငါးယောက်ခန့် လက်နက်များဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြပ်ပြီး လေယာဉ်ပျံကိုယ်ထည်ပျက်များနှင့် အစိတ်
အပိုင်းများကို ဖြုတ်ယူ၍ စစ်ပြေးများ ခိုလှုံရာစခန်းသို့
ယူဆောင်သွားကြသည်။ ၎င်းလေယာဉ်ပျက်မှ ကြီးကျယ်
သောဘီးနှင့် အစိတ်အပိုင်းအချို့သာ ကျန်ရစ်သည်။ ချင်း
ရိုင်းမြို့ သွားရာလမ်းကိုလည်း ဆိုင်ရာမှ စစ်ဆေးပိတ်
ဆို့ထားသည်ဟု ကြားသိရ၏။

"ယနေ့ နံနက်ပိုင်းတွင် အမေရိကန်လေတပ်
ဒုဗိုလ်မှူးကြီးတစ်ဦး၊ တပ်ကြပ်လေးဦးနှင့် ယိုးဒယားအရာရှိ
၂၀ ခန့်အား တာချီလိတ်တစ်ဖက်ကမ်း မယ်ဆိုင်မြို့တွင်
တွေ့မြင်ရသည်။ ၎င်းအမေရိကန်နှင့် ယိုးဒယား အရာရှိ
များသည် ရန်သူ့လေယာဉ်ပျံပျက်အား လာရောက်ကြည့်ကြ
သည်ဟု သိရ၏။ ၎င်းတို့သည် ရန်သူလေယာဉ်ပျံအပြင်
ယိုးဒယားနယ်စပ်အတွင်း မီးလောင်ပျက်ဟု ဖော်ပြထား
သည်ကို တွေ့ကြရမည်ဖြစ်ပါသည်။ ထိုသတင်းများနှင့် ဆက်
ဆက်တည်းပင် အမေရိကန်သံရုံးအား ဝိုင်းဝန်းဆန္ဒပြခဲ့ခြင်း
များ၊ ထိုမှတစ်ဆင့် အဓိကရုဏ်းများ ဆက်လက်ဖြစ်ပေါ်
လာခဲ့သည်အထိ ပြည်သူလူထုမှာ ဇာတိသွေးကြွကာ တပ်
မတော်၏ ရဲဝံ့၊ ရှုပ်ချွံသော စွန့်လွှတ်စွန့်စားမှုတို့





...ခံနက် ထောက်ခံအားပေးခဲ့ကြပေသည်။

တပ်မတော်၏ ဤသို့စွန့်လွှတ်စွန့်စားကာ အမိ
...ကို တစ်လက်မမျှ အကျူးကျော်မခံဘဲ အသက်နှင့်လဲ၍
...ကွယ်သွားသည့် ဖြစ်ရပ်များနှင့်ပတ်သက်၍ ၁၉၆၁
...၊ မတ်လ ၂၃ ရက်နေ့တွင် ပြုလုပ်သော ပြည်သူ့
...တ်တော်၌ ဝန်ကြီးချုပ်ဦးနု ကိုယ်တိုင် အောက်ပါအတိုင်း
...ည့်သွင်းပြောကြားခဲ့ရကြောင်း တွေ့ရှိရပေသည်။

"ရှေးဦးစွာ ဒီတရုတ်ဖြူကျူးကျော်ရေးသမားတွေကို
တွန်းလှန်တိုက်ဖျက်ရာမှာ သက်စွန့်ကြိုးပမ်း အမှု
ထမ်းနေကြတဲ့ ပြည်ထောင်စု ဗမာ့တပ်မတော်
တစ်ခုလုံးကို ကျွန်တော် အထူးပဲ ချီးကျူးလိုက်ပါ
တယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စု ဗမာ့တပ်
မတော်ရဲ့ လူငယ်လူရွယ် သတ္တိခဲတွေဟာ မိမိတို့ရဲ့
နိုင်ငံကို ကာကွယ်ရာမှာ ယောကျ်ားကောင်းတို့ရဲ့
ဖွဲ့သတ္တိနဲ့ စွန့်စွန့်စားစား ဆောင်ရွက်ခဲ့ကြတဲ့
အတွက် ဒီယောကျ်ားကောင်းသတ္တိ ဗျတ္တိရှိရှိ
ဆောင်ရွက်ခဲ့ပုံတွေဟာ ပြည်ထောင်စုမြန်မာ
နိုင်ငံရဲ့ သမိုင်းတစ်လျှောက်မှာ ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



မမေ့နိုင်တဲ့ အခန်းကြီးတစ်ခန်းကို ဖွင့်လိုက်ပြီလို့ ဆိုနိုင်ပါတယ်။ သူတို့ရဲ့ သတ္တိဗျတ္တိ ကျေးဇူးဟာ ဘယ်တော့မှ ဆပ်လို့မကုန်နိုင်တော့ဘူးလို့ပဲ ဆို နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီပါလီမန်ကြီးရဲ့ ကိုယ် စားရော၊ တစ်တိုင်းပြည်လုံးရဲ့ ကိုယ်စားရော အစိုးရရဲ့ကိုယ်စားရော ကျွန်တော်ဟာ ဒီနေရာ ကနေပြီး တစ်နိုင်ငံလုံးရဲ့ အကျိုးအတွက် အသက် စည်းစိမ်ကို မငဲ့ကွက်ဘဲ ဆောင်ရွက်ကြတဲ့ သူ ခဲ တပ်မတော်ရဲ့ ရဲရဲတောက် စိတ်ဓာတ်ကို ကျူးလိုက်ပါတယ်''

စသည်ဖြင့် ပြောကြားသွားခဲ့သည်။

တရုတ်ဖြူချေမှုန်းရေးတွင် အထက်ပါအတိုင်း မြန်မာ့လေတပ်မတော်မှ လေသူရဲဗိုလ်ပီတာ၊ ဗိုလ်ချစ်နိုင် ဗိုလ်မောင်သိန်းတို့သည် ရဲဝံ့စွန့်စားစွာ ရန်သူ့လေယာဉ်ကြီး ယှဉ်ပြိုင်တိုက်ခိုက်ခဲ့၏။

အမှန်ဆိုရသော် ရန်သူ့လေယာဉ်မှာ စက်လေး လုံးတပ် **P.B4Y2 Privateer** ပီဘီဖိုးဝိုင်တူး ပရိုက်ဗိုင် တီးယား ဘီ ၂၄ တိုက်လေယာဉ် အမျိုးအစား အမေရိကန်





ထင်လုပ်ဖြစ်၏။ ပွိုင့်ဖိုက် စက်အမြောက် ၁၀ လက်ပင် တပ်ဆင်ထား၏။ မြန်မာ့လေတပ်မတော် **Sea Fury** အမျိုးအစား တိုက်လေယာဉ်များထက် များစွာ စွမ်းရည် သာလွန်လေသည်။

စွမ်းရည်ချင်း ကွာခြားမှုန်းသိသိနှင့် ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြသည့် လေသူရဲဗိုလ်ပီတာ၊ ဗိုလ်ချစ်နိုင်၊ ဗိုလ်မောင်သိန်းတို့အား နိုင်ငံတော်မှ သူရဘွဲ့ ချီးမြှင့်ပေး အပ်ခဲ့လေသည်။

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၆ )

## တိုက်ပွဲဝင်တပ်မှူးကြီးများ၏ ဖော်ပြချက်များ အမှတ်(၁)

တရုတ်ဖြူများ ကျူးကျော်ဝင်ရောက်ခဲ့သည့် ၁၉၅၀ နှစ်မှ ၁၉၆၁ ခုနှစ်အထိ ဆယ်နှစ်ကျော်ကာလအတွင်း မြန်မာ့တပ်မတော်မှ **Local Opeartion** ခေါ် ဒေသန္တရ စစ်ဆင်ရေးများနှင့် **Major Operation** ခေါ် အထူးစစ်ဆင် ရေးကြီးများကို ဆင်နွှဲခဲ့ရပါသည်။

ထိုစဉ်က ထိုစစ်ဆင်ရေးများ၌ ပါဝင်ခဲ့သည့် တိုက်ပွဲ ဝင်တပ်မှူးကြီးများအနက် စာအရေးအသား ဝါသနာပါသည့်



www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးကြီးအချို့မှ ၎င်းတို့၏ ကိုယ်တွေ့တိုက်ပွဲများကို ရေးသားမှတ်တမ်းတင်ခဲ့ကြပါ၏။

ကျွန်တော်၏ ဤစာအုပ်ငယ်မှာ ထိုတိုက်ပွဲဝင် တပ်မှူးကြီးများ၏ ကိုယ်တွေ့စစ်မှတ်တမ်းများကို ပထမဦးစားပေးတင်ပြရန် ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်ကား ထိုစဉ်က အထက်တန်းတောင် မအောင်သေးသည့် ကျောင်းသားငယ်လေးမျှသာဖြစ်သဖြင့် တရုတ်ဖြူအရေးကိစ္စကို ဘာကိုမှ ရေရေရာရာ မသိခဲ့ပါ။

ယခု ဤစာအုပ်ကလေးရေးတော့ ရနိုင်သမျှရှာဖွေ ဖတ်ရှုရာ၌ အောက်ဖော်ပြပါ တပ်မှူးကြီးလေးငါးဦး၏ မှတ်တမ်းမှတ်ရာများကို ဝမ်းမြောက်ဖွယ် တွေ့ရပါသည်။

(က) တင့်ဆွေ(ဖျာပုံ)အမည်ခံ ဗိုလ်မှူးချုပ်တင့်ဆွေ (အငြိမ်းစား)

(ခ) သူရထွန်းတင်အမည်ခံ ဗိုလ်မှူးကြီးသူရထွန်းတင် (အငြိမ်းစား)

(ဂ) ဗိုလ်မှူးချုပ်သန်းတင် (အငြိမ်းစား)

(ဃ) မိုးမိုးတာရောစန် အမည်ခံ ဗိုလ်မှူးကြီး ခင်မောင်သောင်း (အငြိမ်းစား)





(င) မှူးသမိန်အမည်ခံ ဗိုလ်မှူးကြီးစောမြင့် (အငြိမ်းစား) တို့ဖြစ်ကြပါ၏။

ထိုတပ်မှူးကြီးများ၏ ဖော်ပြချက်များအား စစ်ဆင်ရေး အချိန်ကာလအလိုက် ခွဲခြား၍ ဖော်ပြသွားပါမည်။

ဦးစွာပထမ တင့်ဆွေ(ဖျာပုံ)အမည်ခံ ဗိုလ်မှူးချုပ်တင့်ဆွေ၏ ရေးသားချက်ကို ဖော်ပြပါမည်။

အချိန်က ၁၉၅၃ ခုနှစ်ဖြစ်၏။

စာရေးသူ တင့်ဆွေ(ဖျာပုံ) သည် ဗိုလ်ကြီးဘဝနှင့် ခလရ (၂၂) နှင့် ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေရသည်။ ရခိုင်ပြည်နယ်တွင် မူဂျာဟစ်များကို တိုက်ခိုက်နေရ၏။

တစ်နေ့တွင် စစ်ရုံး **War Office** မှ ကြေးနန်းဝင်လာ၏။

စစ်ရုံးကို ချက်ချင်းသတင်းပို့ရန် ဖြစ်သည်။ စစ်ရုံးရောက်တော့ ဗိုလ်မှူးကြီးကျော်စိုး ဖွဲ့စည်းမည့် တပ်မဟာအသစ်တွင် တပ်မဟာဗိုလ်မှူးအဖြစ် တာဝန်ယူကာ တပ်မဟာကို ဖွဲ့စည်းရန်ဖြစ်သည်။ ထိုတပ်မဟာ၏တာဝန်မှာ တရုတ်ဖြူများကို တိုက်ခိုက်ရန်ဖြစ်၏။ တပ်မဟာကို နှိမ်



www.burmeseclassic.com

www.burmeseclassic.com



စန်မှာ တပ်ရင်းသုံးရင်းဖြင့် ဖွဲ့စည်းခဲ့၏။ အမှတ် (၉) တပ်မဟာဖြစ်၏။ ၁၉၅၄ ခုနှစ်တွင် နမ်စန်မှ ကျိုင်းတုံသို့ ရွှေ့ရသည်။ တပ်မဟာ (၉) သည် ဖွဲ့စည်းပြီးမကြာမီမှာပင် ကျိုင်းတုံအရှေ့ခြမ်းဒေသများတွင် ကျူးကျော်လာသည့် တရုတ်ဖြူများကို နဂါးနိုင် စစ်ဆင်ရေးဖြင့် တိုက်ခိုက်ချေမှုန်းခဲ့၏။

နဂါးနိုင်စစ်ဆင်ရေးမှာ စစ်ဆင်ရေးဆောင်ရွက်နေဆဲမှာပင် ကုလသမဂ္ဂသို့ မြန်မာနိုင်ငံမှ တရုတ်ဖြူ ကျူးကျော်မှုကို တိုင်ကြားသဖြင့် ဆွေးနွေးပွဲများ ပြုလုပ်ရန်အတွက် စစ်ဆင်ရေးကို ရပ်ဆိုင်းခဲ့ရပါသည်။

နဂါးနိုင်စစ်ဆင်ရေးတွင် စာရေးသူ တင့်ဆွေ(ဖျာပုံ) သည် တပ်မဟာဗိုလ်မှူး **Brigade Major** အဖြစ် တိုက်ပွဲဝင်တပ်များအတွက် **Logistics** အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်ပေးရသူဖြစ်၏။

ထိုအတွေ့အကြုံများကို တင့်ဆွေ(ဖျာပုံ)၏ "ကျောပိုးအိတ်လေးကို ချီကာလွယ်" စာအုပ်စာမျက်နှာ ၁၁၅ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို ပြန်လည်ဖော်ပြအပ်ပါသည်ခင်ဗျား။

မြရတနာစာပေ



**နဂါးနိုင်စစ်ဆင်ရေး**

ကျွန်တော်တို့က ဖော်ပြပါလက်နက်တိုက်ကြီးကို မိမိတပ်မှတစ်ဆင့် ရခိုင်တပ်ပေါင်းစုမှူးထံ သတင်းပို့၍ လက်နက်များကို ပေးပို့အပ်နှံခဲ့ပါသည်။

ထိုလက်နက်တိုက်ကြီးကို ရလိုက်တာက တပ်ရင်း (ယ) ၌ ကျွန်တော့်အတွက် ထူးခြားသောအတွေ့ အကြုံ တစ်ရပ် ဖြစ်သည်။ ကျွန်တော်က တပ်ရင်းမှာ နေနေ၊ ရှေ့တန်းစစ်ဆင်ရေးမှာပဲ ရှိရှိ လူငယ်တွေ ဘာတွေ လုပ်နေကြတယ်၊ သူတို့တစ်တွေ ဘာတွေလိုအပ်နေတယ်ဆိုတာ သိရအောင် သူတို့ထံသွား၍ စကားစမြည် ပြောတတ်သည်။ တစ်နေ့တော့ ကျွန်တော်က **Signal** ဆက်သွယ်ရေး ရဲဘော်လေးထံသွား၍ ဘာကြေးနန်းတွေ ဖမ်းနေတာလဲမေးတော့ သူက "စစ်ရုံးက ရခိုင်တပ်ပေါင်းစုကို ပို့နေတဲ့ ကြေးနန်း တစ်ခု **message** ကျွန်တော်တို့ စက်ထဲဝင်နေလို့ ဖမ်းနေတာပါ" ဟု ဆိုပါသည်။ ထိုစဉ်က ကြေးနန်းကို အင်္ဂလိပ်လိုပင် ပို့ကြ၏။ ကြေးနန်းက ဘာလဲဆိုတော့ –

**"From War Office To Arakan Forces**

စစ်ရုံးမှ ရခိုင်တပ်ပေါင်းစုသို့

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



**Copy to 22nd Burma Regiment.**

အမှတ် (၂၂) ခြေလျင်တပ်ရင်းသို့ မိတ္တူ။

**Please instruct BC 5367 Captain Tint Swe to report to War Office immediately for permanent posting''**

''ကျေးဇူးပြု၍ ဘီစီ ၅၃၆၇ ဗိုလ်ကြီးတင့်ဆွေအား အပြီးအပိုင် တပ်ပြောင်းရွှေ့ရေးအတွက် စစ်ရုံးသို့ အမြန် သတင်းပို့ရန် ညွှန်ကြားပေးပါ''

ဟူ၍ ဖြစ်ပါသည်။

ထိုကြေးနန်းကို ဖတ်ပြီးတော့ ကျွန်တော်က ဆက်သွယ်ရေးရဲဘော်လေးအား –

''အေး အဲဒီထဲက ကပ္ပတိန်တင့်ဆွေဆိုတာ ငါပဲကွ'' ဆိုတော့ သူကလည်း အံ့သြနေပါ၏။

နောက်တော့ ကျွန်တော်က ကျွန်တော့်ကြေးနန်းနှင့် ပတ်သက်၍ တပ်ရင်းမှ သူငယ်ချင်းလည်းဖြစ် ဒုတိယ အသုတ် ဂျပန်ပြန်လည်းဖြစ်သော ဒုတပ်ရင်းမှူး ဗိုလ်ကြီး နေဒွန်းထံ လှမ်းပြီး –

''ကိုနေဒွန်း ကျွန်တော့်ကို ပြောင်းတဲ့အမိန့် ရော





နေတယ်။ ကျွန်တော် ဘာလုပ်ရမလဲ'' ဟု မေးတော့ ဗိုလ်ကြီးနေဒွန်းက ''အေး တို့ဆီတော့ မလာသေးဘူး။ မင်း ဘယ်ကနေသိတာလဲ'' ဟု မေးပါသည်။

ကျွန်တော်က –

''ဆက်သွယ်ရေးရဲဘော်လေး ကြေးနန်းဖမ်းတာ တွေ့သိလို့ လှမ်းမေးကြည့်တာ'' ဟု ပြောရ၏။ ''အေး ငါ သိတာနဲ့ အကြောင်းကြားမယ်''ဆို၍ စောင့်နေရာက တပ်ရင်းက ကျွန်တော့်အား ''ပြန်ခဲ့ပါ''ဟုဆိုတာနှင့် အလယ်သံကျော်မှ ကျွန်တော် ကျောက်ဖြူသို့ ပြန်ခဲ့သည်။ ကျောက်ဖြူရောက်တော့ ဗိုလ်မှူးဝင်းနှင့် ဗိုလ်ကြီး နေဒွန်း တို့က ပြောင်းရမည့်အကြောင်းကို ပြော၏။

''ကျွန်တော်က ဘယ်ပြောင်းရမှာလဲ''

''ငါတို့လည်း မသိဘူး။ **To report to War Office** ဆိုတော့ စစ်ရုံးကိုသွားရမှာပဲ'' ဟုဆိုပါသည်။ ထို့ကြောင့် ကျွန်တော် ရန်ကုန်ပြန်ရန် စီစဉ်ရသည်။ ခဏ သာ တာဝန်ထမ်းဆောင်ခဲ့ရသော ကျောက်ဖြူနယ်မြေနှင့် ဘဏ္ဍာ စစ်ဆင်ရေးတာဝန်ယူခဲ့ရသော မြန်မာနိုင်ငံ၏ နယ်စပ် ဒေသများကို ကျွန်တော် မမေ့ပါ။ ထို့ကြောင့်လည်း ဤ



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ရေးသားရာတွင် ထိုစဉ်က ဖြစ်ရပ်ကလေးများကို ပါဝင်အောင် ရေးသားခြင်းဖြစ်ပါသည်။

ကျွန်တော် ကျောက်ဖြူက ပြန်လာတာ ၁၉၅၃ ခုနှစ်ဖြစ်ပါ၏။

**နဂါးနိုင်စစ်ဆင်ရေး**

ရန်ကုန်ရောက်တော့ ကျွန်တော် စစ်ရုံးသို့ သွားပါ၏။

စစ်ရုံးကလည်း "ငါတို့တော့ မသိဘူး။ ဗိုလ်မှူးကြီး ကျော်စိုးဆီသွားပါ" ဟု လမ်းညွှန်ကြ၏။

သူတို့လည်း တကယ်မသိကြတာဖြစ်ပါသည်။

ကျွန်တော် ဗိုလ်မှူးကြီးကျော်စိုးထံ ရောက်တော့-

"ကိုတင့်ဆွေ ကျွန်တော်တို့ တရုတ်ဖြူတွေကို တိုက်ဖို့ တပ်မဟာတစ်ခုဖွဲ့မယ်။ ကျွန်တော်က တပ်မဟာမှူး တာဝန်ယူရမယ်။ ကိုတင့်ဆွေက အဲဒီတပ်မဟာမှာ တပ်ပေါင်းဗိုလ်မှူးအဖြစ် လိုက်ရမယ်။ ဒါကြောင့် ဖွဲ့စည်းမှုတွေ စလုပ်တော့" ဟု ဆိုပါသည်။

ထိုစဉ်က မော်စီတုန်းခေါင်းဆောင်သော တရုတ်နီ





စာရေးဆရာကြီးတင့်ဆွေ (ဖျာပုံ)
ယခုဗိုလ်မှူးချုပ်တင့်ဆွေ (အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com



တပ်များက တိုက်ထုတ်လိုက်၍ ကူမင်တန်တရုတ်ဖြူတပ်များ မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့သည်ကို တားဆီးရန် စစ်ရုံးက တပ်မဟာ (၉) ကို တပ်ရင်းသုံးရင်းဖြင့် ဖွဲ့စည်းသည်။ ပါဝင်သောတပ်ရင်းများက –

* သေနတ်ကိုင်တပ်ရင်း (၂) (**2nd Burma Rifle)**
* သေနတ်ကိုင်တပ်ရင်း (၅) (**5th Burma Rifle)**
* ခြေလျင်တပ်ရင်း (၂) (**2nd Burma Regiment)**

တို့ ဖြစ်သည်။

ရှေ့တန်းတပ်မဟာဌာနချုပ်ကို ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မှာ ဖွင့်လှစ်၏။ ကျွန်တော်သည်း ကျွန်တော်နှင့် တွဲလုပ်ကိုင်နိုင်မည့်သူများကို စုပြီး နမ့်စန်ကို တက်ခဲ့သည်။

ကျွန်တော်က နမ့်စန်သွားရမည်ဆိုတော့ အန်တီစိန်းက "အခု ကျွန်မတို့ ရှမ်းပြည်တောင်ပိုင်း ရောက်ရတော့မှာပေါ့နော်" ဟု ဆိုပါသည်။

ပင်လယ်ဆိုလည်း ပင်လယ်၊ တောင်ပေါ်ဆိုလည်း တောင်ပေါ် စစ်သားဘဝသွားရမည်ကို တကယ်တော့ အန်တီစိန်း နားလည်ပြီးသားဖြစ်ပါသည်။ နမ့်စန်သို့ သွား



www.burmeseclassic.com

www.burmeseclassic.com



ကြရာတွင်တော့ ကျွန်တော်နှင့်တော့ အန်တီစန်း တစ်ပါ
တည်း လိုက်မလာနိုင်ပါ။ သူက အစ်မများနှင့် ရန်ကုန်မှာ
နေခဲ့ပြီး ကျွန်တော်က တစ်ကိုယ်တည်း တပ်ထွက်ခဲ့တာ
ဖြစ်၏။ တပ်နေသားတကျရှိမှ ပြန်ခေါ်မည်ဟု စီစဉ်ပြီး
ထားခဲ့တာ ဖြစ်ပါသည်။

စစ်ဆင်ရေးက တရုတ်ဖြူကို တိုက်ရမှာဆိုတော့
တရုတ်နဂါးကို အနိုင်တိုက်မှာမို့ စစ်ဆင်ရေးအမည်ကို ကျွန်
တော်ကပဲ –

"နဂါးနိုင်စစ်ဆင်ရေး" ဟု အမည်ပေးခဲ့ပါသည်။

ကျွန်တော်တို့ နဂါးနိုင်စစ်ဆင်ရေးကို စတော့
တရုတ်ဖြူများက မိုင်းတုံ၊ မိုင်းဆတ်သို့ရောက်နေပြီး သူတို့
က မိုင်းတုံ၊ မိုင်းဆတ်ကနေ သံလွင်မြစ်ကိုကူး၍ မြန်မာပြည်
ထဲသို့ဝင်ရန်စီစဉ်တာဖြစ်၏။ ကျွန်တော်တို့တာဝန်က တရုတ်
ဖြူများကို မိုင်းတုံ၊ မိုင်းဆတ်နယ်မြေမှ တိုက်ထုတ်ရေး
မဟုတ်။ သူတို့ကို သံလွင်မြစ်ကိုကူးပြီး အနောက်ဘက်သို့
မလာစေရန် ထိုးစစ်ပြုလုပ်ရမှာ ဖြစ်သည်။ သူတို့အင်အား
က များလည်းများသည်။ လက်နက်အင်အားလည်း ကောင်း
သည်။ သူတို့က ၈၁ မီလီမီတာ စိန်ပြောင်း၊ ၆၀ မီလီမီတာ





စိန်ပြောင်းနှင့် ၇၅ မီလီမီတာ recoiless gun နောက်ပွင့်
တို့ကို သုံးနေ၍ လက်နက်တွေက အမေရိကန်လုပ် လက်
နက်တွေက ပိုများသည်။ ကျွန်တော်တို့က ရန်သူ တရုတ်ဖြူ
များကို သံလွင်မြစ်အနောက်ဘက်သို့ ကူးမလာနိုင်အောင်
ထားနိုင်ပါသည်။

**…လေယာဉ်စက်ရပ်သွားပြီ**

နမ့်စန်တွင် လေတပ်စခန်းရှိသည်။ လေတပ်စခန်း
မှ တိုက်လေယာဉ်များက မကြာခဏ ရန်သူစခန်းများသို့
…သွားကြသည်။ တိုက်လေယာဉ်များက သိပ်ပြီးခေတ်မီ
တာတော့ မဟုတ်။ Seafury အမျိုးအစား ပန်ကာနှင့် တိုက်
လေယာဉ်ကလေးများ ဖြစ်သည်။

တစ်ခါတွင်တော့ ဗိုလ်မှူး သူရစောဖြူက ရန်သူ
စခန်းကို လေယာဉ်ဖြင့် သွားပစ်ပြီးပြန်လာရာ အပြန်တွင်
လေယာဉ်က ရုတ်တရက် စက်ရပ်သွား၏။ သတိရှိသော
ဗိုလ်မှူး သူရစောဖြူက နမ့်စန်ရှိ လေကြောင်း ထိန်းသိမ်း
ရေး Control Tower သို့ –

"ငါ့လေယာဉ်တော့ စက်ရပ်သွားပြီ။ ငါ လေထီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခန့်ဆင်းရတော့မယ်'' ဟု လှမ်းပြီးပြောပါသည်။

ဗိုလ်မှူး သူရစောဖြူ လေကြောင်းထိန်းသိမ်းရေး တာဝါသို့ လှမ်းပြောသည်ကို ကျွန်တော်ကလည်း သတင်း ရလိုက်သည်။ သတင်းရရှိလိုက်သည်နှင့် ကျွန်တော်က သူ လေယာဉ်ရောက်ရှိနေသည့်နေရာကို တွက်ချက်ကာ မြေပြ ရှိ ကျွန်တော့်တပ်များအား ဗိုလ်မှူးသူရစောဖြူ မြေပြ အရာက်တွင် စောင့်ရှောက်ဖို့ သူ ဆင်းနိုင်မည့်နေရာ ခန့်မှန်းပြီး ချက်ချင်းလွှတ်လိုက်ပါ၏။ ကျွန်တော်တို့ အရေးယူဆောင်ရွက်မှုက အလွန်မြန်ပါ၏။

သို့သော် ခဏကြာတော့ ဗိုလ်မှူးသူရစောဖြူ လေကြောင်းထိန်းသိမ်းရေးတာဝန်သို့ –

''ငါ့လေယာဉ်စက်ပြန်နိုးလို့ရပြီ။ လေထီးနဲ့ ဆင်း မလာတော့ဘူး။ ငါ နမ့်စန်လေယာဉ်ကွင်းမှာ ဆင်းမယ်'' ဆိုပြီး လှမ်းပြောပါ၏။

သူသည် လေဆိပ်သို့ ဘေးမသီရန်မခဘဲ ဆင်း သက်လာနိုင်ပါသည်။ ကျွန်တော်လည်း သူ လေယာဉ်ဆင်း လာပြီဆိုတော့ လေယာဉ်ကွင်းသို့သွားပြီး သူ့အား ဘေး မသီရန်မခဆင်းလာသည်ကို ဝမ်းမြောက်ကြောင်း ပြော





Congratulation လုပ်ပါသည်။ ထို့နောက်တော့ –

''အေးဗျာ၊ ခင်ဗျားလေယာဉ် စက်ရပ်သွားတယ်ဆိုပြီး ကျွန်တော့်တပ်တွေတောင် ရောက်မယ့်နေရာ ကြိုလွှတ်လိုက်ပြီ'' ဟုဆိုရင်း သူ၏ စွမ်းစွမ်းတမံ ဆောင်ရွက်မှု၊ သက်စွန့်ဆံဖျားဆောင်ရွက်မှုကို ဂုဏ်ပြုလေးစားသမှုဖြင့် ကျွန်တော့်တွင်ရှိသော နှစ်လုံးပြူးသေနတ်တစ်လက်ကို လက်ဆောင်ပေးလိုက်သည်။ သူက တောလိုက်တာ ဝါသနာပါသည်။

ထို့နောက် နမ့်စန်ရှိ တပ်မဟာ (၉) ဌာနချုပ်ကို ကျိုင်းတုံသို့ပြောင်းရွှေ့ရမည်ဟု သိရသောအခါ ကျွန်တော် မိတ်ဆွေဖြစ်သူ ဗိုလ်ကြီးစိုးမြင့်အောင်က ရန်ကုန်မှ နမ့်စန်သို့လာရာ သူနှင့်အတူ အန်တီစန်းကို နမ့်စန်သို့ ခေါ်လာပေးခဲ့ပါသည်။

ထိုအချိန်တွင် စစ်ရုံး၏ အစီအစဉ်ဖြင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဦးစီးကာ ရန်ကြီးအောင်စစ်ဆင်ရေးကို တပ်အင်အား အများအပြားဖြင့် မိုင်းတုံ၊ မိုင်းဆတ်ဒေသများကို သိမ်းနိုင်ရေးအထိ ရည်မှန်း၍ စစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးက "ကိုတင့်ဆွေ ခင်ဗျားက တရုတ်ဖြူနဲ့ တိုက်ရာမှာ အတွေ့အကြုံလည်း ရှိတယ်။ ဒီဘက်မှာ စစ်ဆင်ရေးတွေလည်း လုပ်ခဲ့တာ ကျွန်တော်တို့သိလာပါ" ဆိုပြီး စစ်ဦးကိုပြော၍ တပ်မဟာ (၉) မှ ကျွန်တော့်ကို ခေါ်ယူသည်။ ယင်းသို့ခေါ်ယူပြီး ကျွန်တော့်ကို မိုးနဲ၊ မိုင်းပန်၊ မိုင်းဆတ်၊ မိုင်းတုံသို့သွားရာတွင် အချက်အချာကျသည့် တာဆန်းကူးတို့ဆိပ်တွင် တာဝန်ပေးသည်။ ထိုနေရာမှာ လိုအပ်သော လက်နက်ခဲယမ်းများ သိုလှောင်ထားရှိရသည်။ လက်နက်ခဲယမ်းများထားရှိရန် ကျွန်တော်သည် လိုဏ်ခေါင်းကြီးများတူးပြီး ထားရှိပေးရ၏။ ထို့နောက် ကူးတို့အဝင်အထွက် စီစဉ်စောင့်ကြပ်ပေးရသည်။ ရန်ကြီးအောင်စစ်ဆင်ရေး ပြန်လာသောတပ်များ၊ စစ်ဆင်ရေးနယ်မြေသို့သွားသော တပ်များကို တာဆန်းကူးတို့ဆိပ်ကနေ အဝင်အထွက် စီစဉ်ပေးရသည်။ နောက်တော့ ရန်ကြီးအောင်စစ်ဆင်ရေး မိုင်းတုံ၊ မိုင်းဆတ်ကို သိမ်းပြီး တရုတ်ဖြူများကို နယ်စပ်အထိ တိုက်ထုတ်ပြီးသောအခါမှ ကျွန်တော် ကျိုင်းတုံသို့ ပြန်လာခဲ့ရ၏။





ကျွန်တော်သည် ၁၉၅၄ ခုနှစ်တွင် ကျိုင်းတုံသို့ ရောက်သည်။ ၁၉၅၆ ခုနှစ်ကျတော့ မေမြို့ (ပြင်ဦးလွင်) ဗိုလ်သင်တန်းကျောင်းသို့ ဒုတိယကျောင်းအုပ်နှင့် နည်းပြချုပ်အဖြစ် ပြောင်းရွှေ့တာဝန်ယူရသည်။ ကျောင်းအုပ်ကြီးက ဒုဗိုလ်မှူးကြီး အေးမောင်ဖြစ်သည်။ ကျွန်တော်က ဒုတိယကျောင်းအုပ်ကြီးလည်း လုပ်ရ၊ နည်းပြချုပ်လည်း လုပ်ရ၏။ အဲဒီမှာနေတုန်းက ဗိုလ်သင်တန်း အမှတ်စဉ် (၁၄) နှင့် (၁၅) ကို နည်းပြချုပ်အဖြစ် လုပ်ခဲ့ရသည်။ ဗိုလ်သင်တန်းကျောင်းတွင် စစ်ပညာကတော့ အင်္ဂလိပ်၏ စစ်ပညာကို အဓိကထား သင်ကြားသည်။ ဂျပန်စစ်ပညာကတော့ ကျွန်တော့်တွင် ရှိနေသော်လည်း ဗိုလ်သင်တန်းကျောင်းတွင် အသုံးမပြုရပါ။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

## တိုက်ပွဲဝင်တပ်မှူးကြီးများ၏ဖော်ပြချက်များ အမှတ်(၂)

စစ်ဆင်ရေးအချိန်ကာလများအလိုက် ကျွန်တော် ဒုတိယဖော်ပြပေးလိုသည်မှာ သူရဦးထွန်းတင်၏ ရေးသားချက်ဖြစ်ပါသည်။

အချိန်က ၁၉၅၅ ခုနှစ်ဖြစ်၏။

သူရဦးထွန်းတင်သည် ဗိုးဂေါ်ရခါး 4 **Gurakha** ခေါ် အမှတ် (၄) ခြေလျင်တပ်ရင်း၏ တပ်ရင်းမှူး တာဝန်ဖြင့် ကျောက်မဲမြို့တွင် တာဝန်ထမ်းဆောင်နေစဉ်ဖြစ်၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူရဦးထွန်းတင်သည် ဂျပန်ခေတ်ကတည်းက သခင်ဘဝဖြင့် မြန်မာ့တပ်မတော်သို့ ဝင်ရောက်လာခဲ့သူဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ နှုတ်မိန့်ဖြင့် ဗိုလ်သင်တန်းတက်ခဲ့ရသူဖြစ်၏။ ၁၉၄၉ ခုနှစ် အင်းစိန်တိုက်ပွဲ၌ သူရဘွဲ့ရရှိခဲ့ပြီး စစ်ရေးစွမ်းရည်ရှိသူဖြစ်သည်။ တပ်မတော်တွင် ရာထူးအဆင့်များ လျင်မြန်စွာ တိုးတက်ရရှိ၍ ၁၉၅၅ ခုနှစ်၌ အမှတ် (၄) ခြေလျင်တပ်ရင်းတွင် တပ်ရင်းမှူးတာဝန်ထမ်းဆောင်ရ၏။ တပ်ရင်းမှူးဖြစ်သည်နှင့် **KMT** တရုတ်ဖြူများကို ချေမှုန်းတိုက်ခဲ့ရသည့် ရန်ကြီးအောင်စစ်ဆင်ရေးကြီးတွင် ပါဝင်ဆင်နွှဲ ရတော့၏။

ရန်ကြီးအောင်စစ်ဆင်ရေးကြီးကို ၁၉၅၅ ခုနှစ်မတ်လတွင် ကျိုင်းတုံအရှေ့ခြမ်းဒေသ မိုင်းယောင်း၊ လွယ်လန်း၊ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းဖျတ်၊ တာလေ၊ တာချီလိတ်ဒေသများတွင် ဆင်နွှဲခဲ့ခြင်းဖြစ်၏။

စစ်ရုံးမှတိုက်ရိုက်တာဝန်ယူကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သူရဦးထွန်းတင်၏ တိုက်ပွဲဝင်စစ်မှတ်တမ်းအား ကာယကံရှင်ကိုယ်တိုင် ရေးသားသည့် ''ကျွန်တော် ကျင်





လည်ခဲ့ရသော မြန်မာနှင့်ကမ္ဘာ'' စာအုပ်စာမျက်နှာ ၂၃၀ တွင် ဖော်ပြထားသည်ကို အောက်ပါအတိုင်း ပြန်လည်ဖော်ပြအပ်ပါသည်ခင်ဗျာ။

**ရန်ကြီးအောင်စစ်ဆင်ရေး**
**ကျိုင်းတုံ၊ မိုင်းဆတ်သို့**

CO ဒုဗိုလ်မှူးကြီး ကင်ပက်နက် ပြောင်းသွားတော့ကျွန်တော်က တပ်ရင်းမှူးတာဝန် ထမ်းဆောင်ရပါတယ်။ ဒီလိုထမ်းဆောင်နေတုန်း ကျွန်တော်ပါဝင်ဆင်နွှဲခဲ့ရသည့် ရန်ကြီးအောင်စစ်ဆင်ရေးကို စတင်ပြောပါတော့မယ်။ တရုတ်ဖြူရဲ့အင်အားက ဖက်ဆစ်ဂျပန်၊ မော်စီတုန်း၊ **Marshal** ချူတေးတို့ရဲ့ ကွန်မြူနစ်တပ်တွေနဲ့ တိုက်ခဲ့တဲ့ **Seasoned Soldiers** ကျင့်သားရပြီးသား အမာခံတပ်တွေဖြစ်ပါတယ်။ မတတ်သာလို့ ဖော်မိုဆာအထိ ဆုတ်ခွာခဲ့သော်လည်း အချို့ကို မြန်မာ၊ လာအို၊ ယိုးဒယားနယ်စပ်မှာ ချည်နိုင်ငံရေး၊ စစ်ရေးအတွက် အင်အား ၁၄၀၀၀ ကျော်သာကကို ချန်ထားခဲ့ပါတယ်။ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့ရဲ့ မြန်မာနိုင်ငံတော်ကြီး နယ်နိမိတ်များ



www.burmeseclassic.com

www.burmeseclassic.com



အနောက်မြောက်ဘက်၊ မြောက်ဘက်၊ အရှေ့မြောက်ဘက်၊ အရှေ့၊ အရှေ့တောင်ဘက် တော်တော်ကြီးမားတဲ့ နိုင်ငံတော်ကြီး ဖြစ်ပါတယ်။

ဒါပေမဲ့ အင်္ဂလိပ်–မြန်မာစစ်ပွဲသုံးပွဲပြီးလို့ ၁၈၈၅ ခုနှစ်မှာ မြန်မာနိုင်ငံတော်ကြီးတစ်ခုလုံးကို အင်္ဂလိပ်က သိမ်းပိုက်ပြီး နယ်ခြားနယ်နိမိတ်လမ်းကြောင်းများလုပ်ကာ နယ်ခြားမှတ်တိုင်များ စိုက်ထူလိုက်ပါတယ်။ အဲဒီနယ်နိမိတ်ဟာ **Mac-Mahon Line** ကို အခြေခံပြီး ဆောင်ရွက်ထားတာပါ။ အင်္ဂလိပ်က အပေးအယူတွေလုပ်ပြီး သူတို့ရဲ့ခံစစ်ကြောင်းကို အုပ်ချုပ်ရေးအမြင်နှင့်ကြည့်ကာ များသောအားဖြင့် အမြင့်ဆုံးတောင်ထိပ်တွေကို **Trig Point** သံကြိုးဆွဲပြီး မြန်မာနယ်နိမိတ်အဖြစ်ယူထားသော မြေပြန့်တွေကို အိမ်နီးချင်းနိုင်ငံတွေက ပေးလိုက်တဲ့သဘောရှိပုံရပါတယ်။ ဟိုတုန်းက စစ်ပွဲတွေက **Musketery** ရိုင်ဖယ်သေနတ်၊ လက်ပစ်ဗုံး၊ မော်တာတို့နဲ့ အမြောက် အကူအညီ နည်းနည်းပါးပါး သုံးတော့ တောင်ထိပ်ကို တပ်စွဲထားတဲ့ဘက်က တိုက်ပွဲမှာ တစ်ပန်းသာနေတာပေါ့။ ယခုတော့ တရုတ်ဖြူတွေဟာ အင်္ဂလိပ်တွေ ရွေးခဲ့တဲ့တောင်ထိပ်တွေ အကုန်လုံးလိုလို





သိမ်းပိုက်ပြီး တောင်ဆင်း **2nd Contour Line** မှာ လူတစ်ယောက်ဝင်နိုင်လောက်တဲ့အပေါက် ဖောက်ပြီးတော့ တောင်ကြောနှင့် **1st Contour Line** တောင်ထိပ်ကြားအထိ ဥမင်လိုဏ်ခေါင်းတူးပြီး ကြွက်တွင်းတွေလို နေကြတာပါ။ လေယာဉ်ပျံပစ်တဲ့ **Rocket** ကိုတောင် မဖြုံဘူး။ သူတို့က ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်က **Trench Warfare, Tunnel Warfare, Mountain Warfare** တွေကို အရည်ကျိုသောက်လာပုံ ရပါတယ်။ အခိုင်အမာတပ်စွဲပြီး နေကြတာပါ။ ဒီလိုကျူးကျော်မှုကို ဗမာက ဘယ်ခံပါ့မလဲ။ အဲဒီတော့ တရုတ်ဖြူ ကျူးကျော်မှုကို တိုက်ရအောင် ဘယ်နိုင်ငံခြားအကူအညီမှ မယူဘဲ ရှိစုမဲ့စုအင်အားနဲ့ တရုတ်ဖြူကျူးကျော်သူတွေကို မောင်းထုတ်ဖို့ စစ်ဆင်ရေးကြီးတွေ စီခံရတော့တာပဲ။ ဒီလိုစစ်ဆင်ရေးကြီးမျိုးဆိုရင် ကျွန်တော့်တပ်ရင်းကိုတော့ ခေါ်တော့မယ်လို့ထင်နေတုန်း တပ်မဟာ (၆) က တပ်မင်းက အစည်းအဝေးခေါ်တော့တာပါပဲ။

အစည်းအဝေးမှာ တပ်ရင်းမှူး သုံးယောက်နဲ့ တပ်မဟာဗိုလ်မှူးတို့ တိုင်ပင်ကြပြီး ခလရ (၄) ယူထားတဲ့ တပ်မဟာ (၆) နယ်မြေက တပ်ခွဲ၊ တပ်စုနေရာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကျန်တပ်ရင်းနှစ်ရင်းနဲ့ UMP က ခွဲဝေနေရာယူပြီး ခလရ (၄) တစ်ခုလုံးကို ရန်ကြီးအောင်စစ်ဆင်ရေးမှာ အမြန်ဆုံးပါဝင်ဖို့ အမြန်ဆုံးအသင့်အနေအထားရှိရမယ်လို့ အမိန့်ထုတ်ခဲ့ပါတယ်။ မနက်ဖြန်မှာ CO ကြီးက အော်တာလေယာဉ်နဲ့ လားရှိုးကနေ နမ့်ဆန်သွားရမယ်။ နမ့်စန်ကနေ မိုင်းဆတ်ကို လေယာဉ်နဲ့သွားရမယ်တဲ့။ Brigade Major ဗိုလ်မှူးသန်းဝင်းနဲ့ တိုင်ပင်ပြီး တပ်တွေ ကျောက်မဲမှာ အမြန်စုဖို့ အခြားတပ်တွေကို အမြန်ဆုံးသွားလဲဖို့ လားရှိုးကနေ ကျောက်မဲကို ချက်ချင်းပြန်ခဲ့တယ်။ ကျောက်မဲမှာ နေ့ရော ညရော စစ်ဆင်ရေးအတွက် အစီအစဉ်တွေလုပ်၊ လူအင်အား လက်နက်ခဲယမ်း၊ မီးကျောက်အင်အား၊ ရိက္ခာအင်အား၊ သယ်ယူပို့ဆောင်ရေး၊ အုပ်ချုပ်ရေးကိစ္စ အဝဝတွေကို စီစဉ်ရတယ်။ 2nd in, Command ဒုရင်းမှူး သူရလက်ချန်မန်ရိုင်းကို နောက်တန်းအတွက် စိတ်ချရအောင်မှာကြားတယ်။ ရှေ့တန်းထွက်မယ့်စစ်သည်များကို ဒီလိုတိုက်ပွဲမျိုးမှာ ဂေါ်ရခါးလူမျိုးတွေနဲ့ဝင်ရမှာ ဂုဏ်ယူကြောင်း ရှုပ်ရှုပ်ချုံချုံ တိုက်ကြရမှာဖြစ်ကြောင်း ပြောကြားတယ်။ ပါဝင်မည့်အရာရှိတွေကို ကျွန်တော်က တပ်ရင်းမှူးအနေ





နှင့် ဦးဆောင်ပြီး တပ်ရေးဗိုလ်ကြီး ဗိုလ်ကြီးကိုကိုကြီး (နောင်–သံအမတ်ကြီး)၊ တပ်ခွဲမှူးက ဗိုလ်ကြီးခင်အုန်း Captain R B Limbu ၊ Captain S B Guruns ၊ Captain C B Thapa ၊ Captain S B Rai တို့နဲ့ Quarter Master Capt. Sumlutla (ကချင်)၊ Capt. Hertum (ချင်း)၊ Capt. Suk Bahadur Limbu ၊ Capt. M N Gurung ၊ Lt. MS Chettery ၊ ဗိုလ်ညွှန့်လှိုင်၊ ဗိုလ်သံဒိုင်၊ ဗိုလ်မြမောင်၊ ဗိုလ်ချစ်မောင်၊ ဗိုလ်မောင်မောင်၊ ဗိုလ်ဆောင်ခင်ဝင်း၊ ဗိုလ်သန်းညွှန့်၊ ဗိုလ်ကြည်သန်းတို့နဲ့ တခြားအရာရှိအရာခံ အကြပ်တပ်သားအားလုံး ပါဝင်ကြပါတယ်။

ဒုတပ်ရင်းမှူး ဗိုလ်မှူးသူရလက်ချမန်ရိုင်းကလည်း ထိုက်ချင်ပါတယ်တဲ့၊ သူက ယခင် တရုတ်ဖြူနဲ့ မိုင်းရှူးဘက် စစ်တိုက်တုန်းက ဘယ်ဘက်အဆုတ်ကို သေနတ်ကျည်ဆန် ထုတ်ချင်းပေါက်မှန်ထားတဲ့လူဆိုတော့ ငဲ့ညှာပြီး ခန့်ထားခဲ့ရပါတယ်။ သူ့အနေနဲ့က နောက်တန်းမှာ တပ်ကိုကြည့်ရတာ၊ တပ်ရင်းဌာနချုပ်ကလည်း လမ်းပေါ်မှာဆိုတော့ ဧည့်သည်ကြီးများလာတဲ့အခါ သူ့တာဝန်က ရှေ့တန်းတာဝန်ထက်ပိုပြီး ကြီးလေးနေပုံရပါတယ်။ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တန်းဆိုတာ စစ်မြေပြင်ဖြစ်တော့ စစ်သည်တွေဟာ ပန်းလေးတွေလို ကြွေသွားတတ်ကြတော့ သူက ဒါကို တစ်စက်မှမကြောက်ဘူး။ လူအင်အားနည်းနည်းနဲ့ နောက်ပိုင်းတပ်ရင်းဌာနချုပ်ကြီးတစ်ခုလုံး လုံခြုံရေးတာဝန်ယူရမှာ သူစိတ်ပူနေပုံရတယ်။ သူက အုပ်ချုပ်ရေးကျွမ်းကျင်တယ်။ အထူးသဖြင့် **Book Keeping, Accountancy** နဲ့ **Admin** ကို သိပ်နိုင်တဲ့လူဖြစ်တယ်။ ရှေး ၁၀ တန်းအောင်ဆိုတော့ အင်္ဂလိပ်လိုလည်း ရေရေလည်လည် ပြောတတ်တယ်။ လူကြီးပီသတယ်။ သိက္ခာရှိတယ်။ စိတ်ချရတယ်။ အင်္ဂလိပ်လက်ထက်ကတည်းက ဂေါ်ရခါးတပ်လူမှုရေးကို ငါးဦးကော်မတီ၊ **Panchat** နဲ့ ဆုံးဖြတ်ရတယ်။ ဒါတွေကို သူကောင်းကောင်းနိုင်တယ်။ ခြုံပြောရမယ်ဆိုရင်တော့ သစ္စာရှိတဲ့၊ တော်တဲ့အရာရှိကောင်း တစ်ယောက်ပါပဲ။


လုပ်စရာရှိတာတွေကို တပ်ရင်းမှာ ခပ်မြန်မြန်လုပ်ရပါတယ်။ **Batman** ဖြစ်တဲ့ **Dil Bhadur** တပ်ကြပ်သူရဂျမ်ဘိုတို့နဲ့အတူ လားရှိုးကို အမြန်ပြန်တယ်။ နောက်တစ်နေ့ နံနက်စောစောမှာ တပ်မင်းဗိုလ်မှူးကြီးချစ်မြိုင်နဲ့အတူ အော်တာလေယာဉ်လေးနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း





...ည ခုနစ် ရန်ကြီးအောင် စစ်ဆင်ရေးဖြင့် တရုတ်ဖြူများအား နှိမ်နင်းနေသည့် လွယ်မွေဒေသရောက် မြန်မာ့တပ်မတော်သားများ

www.burmeseclassic.com



မဲခေါင်စစ်ဆင်ရေးမှ သိမ်းဆည်းရမိ တရုတ်ဖြူလက်နက်များ



၁၉၅၅ ခုနှစ် ရန်ကြီးအောင် စစ်ဆင်ရေးတွင် လွယ်မြေမှ ပုံပါအမြောက်ကြီးများဖြင့် တရုတ်ဖြူများကို ချေမှုန်းခဲ့သည်။

www.burmeseclassic.com




၁၉၅၅ ခုနှစ် ရန်ကြီးအောင် စစ်ဆင်ရေးတွင် အမြောက်ဆွဲနေသည့် ဝန်တင်လားမြင်းများ
နှင့် အမြောက်တပ်သားများ



ကျိုင်းတုံဒေသ မိုင်းလျှံဖွင့်ရောက် ရှမ်းသောင်းကျန်းသူ တပ်ဖွဲ့ငယ်တစ်ဖွဲ့




၁၉၅၅ ခုနှစ် ရန်ကြီးအောင် စစ်ဆင်ရေးတွင် အမြောက်တင်ထားသည့် ဝန်တင်လားမြင်းတစ်ကောင်



ရွှေတြိဂံနယ်မြေတွင်ဘိန်းများသယ်ဆောင်လာသည့်လားတန်းတစ်ခု

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com





နံ့စန်အခြေခံထောက်ပံ့ရေးနှင့် လေယာဉ်အကူ စစ်စခန်းကို သွားကြတယ်။ အော်တာဆိုတော့ ဖြည်းဖြည်းပဲ။ နေ့ဘယ်စာကို နမ့်စန်မှာ လေတပ်က ကျွေးပါတယ်။ စားပြီးတော့ Provost လေယာဉ်နှစ်စင်းဖြင့် တပ်မင်းက တစ်စီး၊ ကျွန်တော်က တစ်စီးစီ စီးပြီး မိုင်းဆတ်ကို လာကြတယ်။ လေယာဉ်က နှစ်ယောက်ပဲစီးနိုင်တယ်။ ကျွန်တော့်လေယာဉ်မှူးက ဗိုလ်ကြီးကျော်ဝင်းတဲ့။ မိုင်းဆတ်ရောက်ခါနီးမှာ မိုင်းဆတ်လေယာဉ်ကွင်းကို ဘယ်လိုမှ ရှာလို့မရတော့ဘူး။ တိမ်တွေထူထပ်ပြီး ရာသီဥတု အလွန်ဆိုးနေတယ်။ လေယာဉ်ဆီက နည်းတော့ သိပ်ဝဲနေလို့မရဘူး။ လေယာဉ်ဆီက အသွားအပြန်တစ်ခေါက်စာပဲ ထည့်ပေးလိုက်တာ။ ရှေ့လေယာဉ်က တပ်မင်း ဗိုလ်မှူးကြီးချစ်မြိုင်က ကျွန်တော့်ကို မေးတယ်။ CO ကြီး အခြေအနေသိတယ် မဟုတ်လား။ ဘာလုပ်ရင်ကောင်းမလဲတဲ့။ ကျွန်တော်က ချက်ချင်းပဲ ကျွန်တော့်လေယာဉ် ရှေ့ကပြန်ပါ့မယ်လို့ပြောပြီး လေယာဉ်မှူးကို Fly Due West ကွာလို့ ပြောလိုက်တယ်။ မြေပုံကြည့်နေချိန် မရပါ။ ဗိုလ်ကြီးကျော်ဝင်းကလည်း Due West ပြန်ပြီး အတော်ကြာတော့ မိုးနဲပေါ်ကို မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဟေ့ ဒါ မိုးနဲ့ပေါက်ကွ။ မင်း Fly Due North လို့ ပြောလိုက်ပါတယ်။ သိပ်မကြာဘူး။ နမ့်စန်ကွင်းကို မြင် တယ်။ မိုင်းဆတ်နားမှာက Forced Landing လုပ် နေရာကို မရှိဘူး။ Visibility လုံးဝမရှိဘူး။ ဒါကြောင့် နမ့်စန်ကို ပြန်လှည့်ခဲ့ရတာပါ။ နမ့်စန်ကွင်းပေါ်ရောက် တော့ လေယာဉ်ကွင်းမှာ အရာရှိတွေ အတော်များများ စိတ်ပူပြီး စောင့်နေကြတာတွေ့ရတယ်။ မီးသတ်တို့ ဘာ နဲ့ ဗျာယာခတ်နေကြတယ်။ ကျွန်တော်တို့ လေယာဉ်ဆင်း တော့ လေယာဉ်ဆီ လုံးဝမရှိတော့ဘူး။ လက်ဖက်ရေ လာတိုက်ကြတယ်။ ကျွန်တော်တို့က မလိုချင်ဘူး။ မြန်မြန်ယူခဲ့ပါလို့ ပြောရတယ်။

နောက်တစ်နေ့မှာ Bristol Freighter ယာဉ်တင် လေယာဉ်ကြီးနဲ့ ပထမဦးဆုံး မိုင်းဆတ်ကို ပြန်ရတယ် Bren Carrier နှစ်စီးလည်း ပါတယ်ထင်တယ်။ မိုင်းဆ ကွင်း ရာသီဥတုမဆိုးဘူး။ ဆင်းနိုင်တယ်။ ဒါပေမဲ့ လေယာ က ဘေးချော်သွားပါသေးတယ်။ ကာကွယ်ရေးဦးစီးချု ဗိုလ်ချုပ်ကြီးနေဝင်းကို တရုတ်ဖြူ General Limi နေသွာ တဲ့ ရိပ်သာမှာ တွေ့ရတယ်။ စကားနည်းနည်းပြော





လ်ချုပ်ကြီးနေဝင်းရဲ့ Convoy နဲ့အတူ ကျွန်တော်တို့က ကား Power Wagon ပေါ်တက်စီးပြီး မိုင်းတုံကို သွား ကြတယ်။ အရာရှိရိပ်သာသွားပြီး နေ့လယ်စာစားအပြီးမှာ သူ့အခြေအနေကို တပ်မဟာဗိုလ်မှူး ဗိုလ်မှူးမောင် ောင်က ရှင်းပြပါတယ်။ ရန်သူ့အင်အားနဲ့ သူတို့ယူထား နေရာတွေက အချက်အချာကျတဲ့နေရာတွေချည်းပါပဲ။ ဆုံးတန်းမှာ ကချင်တပ်ရင်း (၄) Col Nawla နဲ့ တပ်ရင်း ) က ဒုတိယဗိုလ်မှူးကြီး သိမ်းတုတ် (နောက်ပိုင်း မဟာမှူး၊ သံအမတ်ကြီး)တို့ ရန်သူစခန်းကို တိုက်ဖို့ နေကြတယ်။ စစ်ဆင်ရေးမှူးကြီးက ဗိုလ်မှူးထွန်းတင် ရ (၄) ဘယ်တော့ ရောက်မလဲလို့မေးတယ်။ အမြန်ဆုံး က်မှာဖြစ်ကြောင်း မိုင်းရှူးက တပ်ခွဲက ထွက်လာနေပြီ တော့ ၄၈ နာရီအတွင်း ရောက်မယ်ထင်ကြောင်း တင်ပြ ယ်။ တပ်ရင်း (၁၈) က ဒုတိယဗိုလ်မှူးကြီးချစ်ခိုင်နဲ့ ုံမှာ တွေ့ရတယ်။ အဲဒီအချိန်မှာ အခြေအနေတွေက ကောင်းဘူး။ စစ်ဆင်ရေးမှူးတောင် ရန်သူ့ဖမ်းမိ နေ့ ကံကောင်းလို့ သီသီလေး လွတ်လာတယ်ဆိုတာ တယ်။ မိမိဘက်က အသာစီးလုံးဝမရှိပါဘူး။ အခါတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဗမာချင်းတွေ့ရင် ဘယ်လောက်ပဲ ဒုက္ခရောက်နေနေ ထ
ယောက်နဲ့တစ်ယောက် ရယ်ရယ်မောမော နောက်ပြော
ကြပြီး တဟားဟားနဲ့နေတတ်ကြတာ အခု **Atmosphe**
က ဒီလိုမဟုတ်တော့ ဘယ်လိုများပါလိမ့်လို့ တွေးရ
ပေါ့။ ဆေးမှူးဆရာဝန်တစ်ဦးက ဗိုလ်မှူးထွန်းတင် သ
ထား၊ ဒီကောင်တွေက ပစ်ရင် နဖူးနဲ့ခေါင်းပဲတဲ့။ အဲဒီ
ကျွန်တော်က သူ့ကို သံခမောက်ကိုင်ပြလိုက်ရတယ်။

**ကာကွယ်ရေးဦးစီးချုပ်၏ဩဝါဒ**

ရန်သူ့အခြေအနေ၊ မိမိတပ်အခြေအနေ၊ လ
နက်၊ ကျည်ဆန်၊ ရိက္ခာအခြေအနေ၊ ပထဝီအနေအထ
အခြေအနေတွေနဲ့ အကူလက်နက်တပ်များ အခြေအ
တွေ၊ ထောက်ပို့နဲ့ ရှေ့တန်းဆေးတပ်အခြေအနေတွေ
လေ့လာနေရတယ်။ နောက်ပိုင်းကိုလည်း တပ်ခွဲနှစ်ခွဲ အ
ဆုံး ဘယ်တော့ရောက်မလဲဆိုတာ စုံစမ်းနေရပါတယ်
ညနေပိုင်းမှာ မိုင်းတုံမှာရှိနေတဲ့ တပ်မတော်အရာရှိ
အားလုံး ဘောလုံးကွင်းထဲမှာ တန်းစီရမယ်လို့ အမိန့်
လာတယ်။ အားလုံး တစ်နာရီလောက်စောပြီး ဘောလုံး





ာ ရောက်နေကြပါပြီ။ အရေးကြီးတဲ့ကိစ္စပဲ ဖြစ်ရမယ်လို့
ပ်ကြတယ်။ အားလုံးတိုက်ပွဲဝင် အဝတ်အစားတွေနဲ့ပဲ
န်းစီကြတယ်။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး
ဝင်းနဲ့ စစ်ဆင်ရေးမှူးကြီးတို့ ဝင်လာကြတယ်။ လေးဖက်
တန် စီထားလျက် ဗိုလ်ချုပ်ကြီးက အလယ်မှာရပ်ပြီး
ဖြေးအေးအေးပဲ ပြောပါတယ်။ "ဒို့ပြည်ထောင်စုရဲ့ရန်သူ
တရုတ်ဖြူတပ်တွေကို ဒို့မှာရှိတဲ့ အင်အားနဲ့ပဲ တိုက်ကြ
မယ်။ ဒို့ဟာ ကမ္ဘာ့ကုလသမဂ္ဂမှာ ပြောနေပေမယ့်လည်း
ကိစ္စ ဒို့ပဲလုပ်ရမယ်။ ဒို့ကိစ္စ ဒို့လုပ်တာဟာ အကောင်းဆုံး
။ ဒို့ဟာ တစ်သက်လုံး တိုက်လာတာပဲ။ ဒီတစ်ခါလည်း
ိုက်ရမယ်ကွာ။ ငါကိုယ်တိုင် အခြေအနေလာကြည့်တာ။
ဒါ မင်းတို့ ဘာပြောချင်ကြသလဲ" တဲ့။ ဘယ်သူမှ
ပြောကြပါဘူး။ စိတ်ထဲမှာ အတွေးကိုယ်စီနဲ့ ရှိနေခဲ့ကြပါ
လိမ့်မယ်။

တာဝန်ခံစစ်ဆင်ရေးမှူးကြီးက "ဗိုလ်ချုပ်ထံမှာ
န်တော် တစ်ခုတောင်းချင်ပါတယ်တဲ့" "အေး ပြောလေ။
ဘာလိုချင်သလဲ" တဲ့။

စစ်ဆင်ရေးမှူးကြီးက တိုက်ပွဲမှာ နောက်ကိုဆုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြေးတဲ့ဗိုလ်ကို စစ်မြေပြင်ကြီးလေးသော အပြစ်ပေးခွ
တောင်းတယ်။

ဗိုလ်ချုပ်ကြီးက "မင်းတို့အားလုံး ကြားလား။ 
စစ်ဆင်ရေးမှူးကြီးတောင်းတဲ့ကိစ္စကို ငါ ခွင့်ပေးတယ်
ဆုတ်ပြေးတဲ့ဗိုလ်ကို မင်းက ကြီးလေးတဲ့အပြစ် ပေးနိုင်
တယ်"လို့ ပြတ်သားစွာ မိန့်ကြားပါတယ်။ ဒီစကား
ယနေ့တိုင် မမေ့နိုင်ပါ။ ကျွန်တော်တို့ခေါင်းဆောင်ကြီးများ
စကားကို အလေးအနက်ထားပြီး ဒီစစ်ပွဲကို နိုင်အောင်
တိုက်ဖို့ စိတ်ဓာတ်အရတော့ အတိုင်းမသိ အလွန်တက်ကြ
လာပါတော့တယ်။ ကိုင်း ပွဲကြီးပွဲကောင်းတော့ တွေ့ပြီပေါ့

**ဆင်ဦးခေါင်းတောင်၊ ဗဟာဒူးတောင်နှင့် 'နဲ'တောင်တန်း
တိုက်ပွဲ**

**DQ** က ဗိုလ်မှူးကြည်သိန်းဆိုတော့ အင်းစိန်
တိုက်ပွဲတုန်းက တွဲဖူးတယ်။ **South Burma Command**
မှာလည်း အတူနေဖူးပြီး ဂျပန်ခေတ်ကလည်း ဂျပန်ဗိုလ်
သင်တန်းကျောင်း၊ မင်္ဂလာဒုံမှာ တပ်စု (၄) မှာ အခန်း
တစ်ခန်းတည်းဆိုတော့ သူကလည်း အတတ်နိုင်ဆုံး





…ဆောင်ရွက်ပေးပါတယ်။ ၄၈ နာရီတွင်းမှ **Captain R B
Limbu** နဲ့ တပ်ခွဲ ၁ ခွဲ ရောက်လာတယ်။ ရောက်ရောက်
…ချင်းဆိုသလိုပဲ လိုတဲ့ **Admin** ကိစ္စတွေ အကုန် အမြန်
…လုပ်ပြီး နေ့လယ်စာစား ညစာဟင်းကောမှာ ထည့်ပြီး
…တန်းကို ချီတက်ရတယ်။ မိုင်းတုံကနေ ဝမ်ဟွေဟာကို
…တက်တယ်။ ဆက်ပြီးတော့ ဝမ်ဟွေဟာကနေ ပုံပါကျင်
…ည်းရောက်ပြီး ပုံပါကျင်–လွိုင်လမ်း သွားတဲ့လမ်းက
…ာထဲမှာ ညစခန်း **Bivouac** ချနေပြီးတော့ ရှေ့တန်းမှာ
…တိုက်နေတဲ့ စစ်ဆင်ရေးမှူးကြီးထံ မိမိတပ်ခွဲနဲ့ ယခုမြေပုံ
…န်းနေရာကို ပေးလိုက်တယ်။ တောင်ကျစမ်းရေလေးမှာ
…ဆင်းချိုးလိုက်သေးတယ်။ ရေချိုးပြီးနားနေတုန်း **Sig-
…ller** က **Message** လာပို့တယ်။ ခလရ (၄) ရင်းမှူးနှင့်
…တပ်ခွဲများ ချက်ချင်း ရှေ့တန်းလိုက်လာဖို့ပဲ။ ဒါနဲ့ ထမင်းမြန်
…စားပြီး ချီတက်ရတော့တယ်။ ဟိုမှာ တိုက်ပွဲဖြစ်နေလို့
**…eserve** ခေါ်ယူတာကိုး။ ကျွန်တော်၊ ဗိုလ်ကြီး **R B
…mbu**၊ ဗိုလ်ကြီးကိုကိုကြီး (နောင် သံအမတ်ကြီး)၊
…ဗိုလ်ကြီးခင်အုံး (နောင် ဗိုလ်မှူးချုပ်၊ ဝန်ကြီး)တို့ တိုက်
…တဲ့နေရာရောက်ပါပြီ။ စစ်ဆင်ရေးမှူးကြီးကို သတင်း



www.burmeseclassic.com

www.burmeseclassic.com



ပို့တယ်။

သူက အခုတိုက်နေတာဟာ BOC တောင်ကုန်း လို့ပြောတယ်။ နာမည်ပေးထားတာပေါ့။ ဗိုလ်မှူးကြီး သန်းစိန်က သူ့လူတွေနဲ့ အမြောက်သေနတ်တွေ **Mountain gun** အမြောက်ဆန်ပုံးသေတ္တာရွှေ့တာကို ကြီးကြပ် ပေးနေတယ်။ ဗိုလ်မှူးရဲထွန်း (နောင် ဗိုလ်မှူးကြီး၊ စစ်သံ- အင်္ဂလန်)နှင့် တွေ့တယ်။ ကျွန်တော်ရယ်၊ သူရယ်၊ ဗိုလ် မှူးကြီးမြဝင်း (နောင်အတွင်းဝန်)တို့က အင်မတန်ခင်တယ် တွေ့ရင် အာရပိုက်ဆိုပြီး နှုတ်ဆက်ကြတယ်။ အဓိပ္ပာယ် တော့ ခုထိမသိဘူး။ ခုထိ နောင်ရဲက အာရပိုက်လုပ်တုန်း ဗိုလ်မှူးကြီးမြဝင်းကတော့ ဆုံးသွားရှာပါပြီ။ ဒုတိယဗိုလ် မှူးကြီးသိမ်းတုတ်နှင့် ဒုတိယဗိုလ်မှူးကြီးချစ်ခိုင်နှင့်လည်း တွေ့တယ်။ နံနက်လင်းရင် **BOC** ကို ဒုတိယဗိုလ်မှူးကြီး သိမ်းတုတ်၏ တပ်ရင်း (၂၃) နှင့် **4 Kachin** က **Lt. Col Naw La** တို့က တိုက်ကြမယ်။ ညမှာ **Mountain Gun** ကို **Ranging** လုပ်နေတယ်။ စိတ်ဝင်စားစရာတွေပါ ရန်သူ့တောင်ထိပ်ကို **Flare** ပစ်လိုက်ရင် ရန်သူတွေ သူ့ **Fox hole Bunker** ရှေ့မှာရပ်နေတာ၊ တွင်းတူးနေတာတွေ





မြင်နေရတယ်။ နံနက်ဝေလီဝေလင်းမှာ စတိုက်ပါတယ်။ တော်တော်ခက်ခက်ခဲခဲ ချဉ်းကပ်ပြီး **Infantry** နဲ့ **Artillery** နဲ့ **Motar** နဲ့ ပစ်ပြီး တက်နေရတယ်။ တကယ့် **Conventional Warfare** ပါပဲ။ သူမြင်ကိုယ်မြင် ကျည် ကွယ်မှာ အကာအကွယ်ယူပြီး တိုက်ကြရတာပဲ။ ဒီပွဲမှာ သစ်ရွက်သစ်ခက်တွေနဲ့ပဲ **Comouflage** လုပ်ရတယ်။ တပ်ရင်း (၂၃) ရော **4 Kachin** ရော ဖွဲ့ကောင်းပါတယ်။ ဒီတိုက်ပွဲမှာ ရည်မှန်းချက်တောင်ကုန်းကို ရရှိလိုက် ပါတယ်။ နောက် တောင်ကုန်းတစ်ခုကို **4 Kachin** က ယဉ်းယဉ်းဆက်ပြီး တိုက်သိမ်းတာ ထပ်ရလိုက်ပါတယ်။ အဘက်က ထိခိုက်ဒဏ်ရာရ အကျအဆုံးတော့ရှိပါတယ်။

ဧပြီလ ၁၇ ရက်နေ့မှာ ခလရ (၄) တပ်ခွဲ သုံးခွဲ လုံး ရောက်လာပါပြီ။ စစ်ဆင်ရေးမှူးကြီးက ကျွန်တော့် ကို ခေါ်တယ်။ သူနဲ့အတူ ဗကဗကလို့ခေါ်တဲ့ လူဟောင်း **Boxer** ဗိုလ်ကြီး ဗကြိုင်ပါတယ်။ ဗိုလ်ကြီးသန်းတင် (နောင် ဗိုလ်ချုပ်ဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ်)လည်း ပါပါတယ်။ ခြားသို့ အနီးကပ်အဖွဲ့နဲ့ ဗိုလ်ကြီးထွန်းနောင် **IO** စသည် တို့ ပါတယ်။ မှတ်မှတ်ရရဆိုရင် ၁၉၅၅ ခုနှစ်၊ မတ်လ



www.burmeseclassic.com

www.burmeseclassic.com



ကုန်လောက်မှာ ရန်ကြီးအောင်စစ်ဆင်ရေးကို ဆင်နွှဲရပါပြီ။ ဧပြီလ ၁၇ ရက်နေ့မှာ စစ်ဆင်ရေးကို စစ်ဆင်ရေးမှူးကြီး ဗိုလ်မှူးချုပ်ကိုယ်တိုင် ခလရ (၁၈) နဲ့ ခလရ (၄) ကို စစ်ဆင်ရေး နှုတ်မိန့်ပေးပါတယ်။ သူက ရန်သူတွေ အခိုင်အမာတပ်စွဲထားတဲ့ တောင်တန်းရဲ့ ဘယ်တောင်ပံက တောင်တန်း (ရန်သူရှိပါတယ်) နားအထိ ခေါ်သွားပြီး လက်ညှိုးထိုးပြီးတော့ ခလရ (၁၈) ဟာ ဆင်ဦးခေါင်းတောင် ပွိုင့် ၅၄၆၄ ကို ဧပြီလ ၁၉ ရက်နေ့တွင် သိမ်းပိုက်ရမယ်။ ခလရ (၄) က ဒီနေ့ပဲ ဖူကျီတောင် အမှတ် ၁၊ ၂၊ ၃၊ ၄ တို့ကို **Faint Attack** ရောင်ပြတိုက်ပြီး သိမ်းပိုက်ရမယ်။ ဖြစ်နိုင်ရင် ''နှ''တောင် ၃၊ ၄ ကိုပါ တိုက်ပြီး သိမ်းပေးရမယ်။

နှုတ်မိန့်ပေးပြီး ခလရ (၁၈) ရှိတဲ့ ဝတောင်ကို ပြန်သွားပါတယ်။ မပြန်ခင် တပ်မှူးများ၏ စကားဝှက်ကို ပေးသွားပါတယ်။ သူနဲ့ဆက်သွယ်ရေးစက်ဖြင့် အမြဲဆက်သွယ်ဖို့ သူ့ကိုခေါ်ရင် ဦးထွန်းတင်လို့၊ ကျွန်တော့်ကိုတော့ ဦးသံချောင်းလို့ ခေါ်ရမှာဖြစ်ကြောင်း ပြောသွားပါတယ်။ ဧပြီလ ၁၇ ရက်နေ့မှာပဲ ရတဲ့အချိန်လေးမှာ **A Coy, B**





**Coy, D Coy** တပ်ခွဲမှူးများ၊ တပ်ရင်း **IO** တို့ကိုခေါ်ပြီး ဗိုလ်ချုပ်အမိန့်အတိုင်း **Appreciation Verbal Order** နဲ့ **B Coy Leading, A Coy Follow Up, D Coy Reserve** ဆိုပြီး **Field Attack Order, Fire Plan** စသည်တို့ကို စီစဉ်ပေးသည်။ **O Group** အမိန့်ပေးအဖွဲ့ကို အချိန်ရသရွေ့ မှာကြားပြီး ဝန်လေးတွေ ကို **Base** မှာ ထားခဲ့ပြီး **Fighting Order** နဲ့ **Admin** နဲ့ ၂၄ နာရီစာရိက္ခာ၊ လူပေါ်မှာ သယ်လာဖို့ အမိန့်ပေးပြီး စပြီးချီတက်ခိုင်းရတယ်။

ကျွန်တော်က အဲဒီတောင်တန်းကို အကဲခတ် လိုက်တယ်။ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သားဆိုတော့ ငယ်ငယ်တည်းက တောင်တွေတက်ဖူးပါတယ်။ အမြင်နီး တယ်၊ ခရီးဝေးတယ်။ ၁ မိုင်ကနေ ၃ မိုင်လောက်က ကြည့်လိုက်ရင် တောင်ဟာ တစ်ကြောတည်းလို့ ထင်ရ တယ်။ အနားရောက်တော့မှ တောင်ပြတ်တွေ တစ်တောင် ပြီးတစ်တောင် တက်ရ ဆင်းရတတ်တယ်။ တောထူတယ်။ ဗိုလ်ချုပ်ပြတဲ့အချိန်က ညနေ ၄ နာရီ ကျော်နေပြီဆိုတော့ ကျွန်တော်က ပြောလိုက်ပါတယ်။ စိတ်ချပါ ဗိုလ်ချုပ်။ ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ်။ ကျွန်တော် ဗိုလ်ချုပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



၁ နာရီတစ်ခါ (သို့မဟုတ်) လိုလျှင်လိုသလို ဆက်သွယ်ပါ့မယ်လို့ ပြောလိုက်တယ်။ ဗိုလ်ချုပ်က သဘောကျသွားပုံပေါ်တယ်။ သူ့ကို ရန်ကြီးအောင်စစ်ဆင်ရေးမှာ ဗိုလ်အကြပ်တပ်သားတွေက တစ်ပွဲစားကြီးလို့ ခေါ်တယ်။ နေရစားရတာ သူ့မှာ ပြဿနာမရှိဘူး၊ စာအုပ်တွေကို ဖတ်နိုင်သလောက် ဖတ်ထားပြီး စစ်တိုက်တဲ့ဝါသနာကြီးတော့ သူ့ကြည့်ရတာ စစ်တိုက်တာ ထမင်းဆာတဲ့လူ စားနေသလိုပဲ။ သူက စစ်မတိုက်ရမနေနိုင်ကိုဖြစ်ပြီး အပြန်မှာ ဘယ်ကမှန်းမသိတဲ့ **Stray bullet** တစ်ခုနှစ်ခုလာတယ်။ သူက လေချွန်ပြီး လက်နဲ့ယမ်းပြသွားသေးတယ်။ တိုက်ရမယ့်အရာရှိတွေကို ရဲဆေးတင်တာနဲ့ တူပါတယ်။ နို့ကလည်း သူ့မှာ သူ့ယုံကြည်မှုခါတ်ခံက ရှိနေပုံရတယ်။ **KMT** ကို တိုက်ဖို့ဆိုတော့ **KNDO** အင်းစိန်၊ မော်ဘီ၊ ထန်းတပင်၊ အင်းတကော်၊ ဒိုက်ဦးတို့မှာ **Trench Warfare** လောက်ကို တိုက်နေရတာ အားရပုံမပေါ်ဘူး။ ဒီမှာက **Conventional War** ပုံစံအဆင့်ဖြစ်ပြီး **Mountain Gun** နဲ့ ဘာနဲ့၊ အမြောက်ကျည်တွေကို လားတွေနဲ့ အခေါက်ခေါက်အခါခါ သယ်လို့ **Supporting Arms** ကလည်း





အမြောက်၊ အင်ဂျင်နီယာ၊ ဆက်သွယ်ရေးတွေကလိုတဲ့ တပ်ဖွဲ့တွေကို ခေါ်ယူတယ်။ **Services** ဘက်ကလည်း သယ်ယူပို့ဆောင်ရေး၊ ဆေးဖက်ဆေးဝန်ထမ်း **Ordnance** တွေနဲ့ လေကြောင်းအကူနဲ့ဘာနဲ့ တပ်ဖွဲ့ဝင်အမျိုးအစားတွေ တော်တော်များတယ်။ ရန်သူဘက်က လည်း တောင်ကြောတောင်ထိပ်အားလုံးလိုလိုမှာ **Foxhole** တွေကို ကြွက်တွင်းတွေလို **ZigZag** တူးပြီး တောင်ကိုထွင်းပြီး ခံစစ်တွေယူထားတယ်။ နေရာထိုင်ခင်းလည်း အိပ်ရာခြင်ထောင်နဲ့ အရက်အကောင်းစားနဲ့၊ ဝက်ကောင်လုံးနဲ့၊ ဟိုဘက်က အမျိုးသမီးတွေနဲ့၊ ရိက္ခာဆေးဝါး၊ လက်နက်အပြည့်အစုံနဲ့။ နောက်ပြီးတော့ သူတို့လူအင်အားကို ထုနဲ့ခံထားတာ ရန်သူမှာ **Recoiless Gun** တွေရှိနေပြီး မိမိမှာ အဲဒါမျိုးတွေ မရှိသေးဘူး။ သူတို့မှာ ဟိုဘက်က ရဟတ်ယာဉ်တွေရှိနေပြီး တျှန်တော်တို့မှာတော့ ခြေလျင်မဲသွားနေရတယ်။ သူတို့ဘက်ကလည်း လိုတာရနေတဲ့ အခြေအနေဆိုတော့ နိုင်ငံခြားရန်သူအစစ်နဲ့ တိုက်နေရတာကိုး။ ရန်သူတွေရဲ့ ယှဉ်ရှားမှုတွေကိုလည်း တပ်တွေ ရွေ့လျားနေတာ မြင်နေရတယ်။ မိမိဘက်ကလည်း တိုက်တဲ့တပ်ကတိုက်၊ ချီတဲ့



www.burmeseclassic.com

www.burmeseclassic.com



တပ်က ချို့ ဒဏ်ရာရတဲ့ရဲဘော်တွေကို Stretcher တွေနဲ့ သယ်တဲ့အဖွဲ့က သယ်၊ တောင်ကမ်းပါးယံတွေမှာ လား တစ်ကောင်၊ လူတစ်ယောက်လောက်ပဲ လျှောက်နိုင်တာ။ ဒီလမ်းတွေဟာ ညတွင်းချင်းပဲ ဖောက်ထားတဲ့ လမ်းတွေ ဖြစ်တယ်။ လမ်းကိုတော့ အင်ဂျင်နီယာတပ်က ဗိုလ်ကြီး ကျော်ဇ(နောင် ဒုဝန်ကြီး) တို့က ဖောက်ပေးရတယ်။ လူနာတွေကိုလည်း ဗိုလ်မှူးကြီးမောင်မောင်သန်းတို့၊ ဗိုလ်မှူးတိုင်းလုံးကျော်မြတို့က သူတို့ဆေးအဖွဲ့တွေနဲ့ သစ်ပင်အောက်မှာပဲ ချက်ချင်းခွဲစိတ်ကုသပြီး နောက်ပိုင်းကို ပြန်ပို့ပေးနေကြတယ်။ နောက်ပိုင်းက ရိက္ခာ၊ လက်နက်၊ ခဲယမ်းကလည်း နေ့ညအဆက်မပြတ်ဘူး။ လားတွေနဲ့ ချောလမ်းတွေနဲ့ လာနေကြတာ။ တောင်ကမ်းပါးယံရဲ့ လမ်းလေးကလည်း ခပ်ကျဉ်းကျဉ်းဆိုတော့ ကိုယ့်တာဝန် သူ့တာဝန်နဲ့ဆိုတော့ အသိမိတ်ဆွေ ဗိုလ်၊ အကြပ်၊ တပ်သားချင်း ဆုံမိကြရင် အသိထဲက အရာရှိတွေ ဒဏ်ရာ ရလာတာကိုတောင် ကြည့်မိရုံပဲ ကြည့်နိုင်ကြတယ်။ ရှေ့မှာ မိမိလုပ်ရမယ့်ကိစ္စတွေက အရေးကြီးနေကြတာကိုး။ နောက် တန်းစခန်းဖြစ်တဲ့ နမ့်စန်ကနေ မိုးနဲ၊ မိုင်းတုံအထိ





ကားနဲ့သွားရတယ်။ ကားလမ်းကလည်း ကမန်းကတန်း ဖောက်လုပ်ရတဲ့ ကားလမ်းဆိုတော့ အော်စတင်ကားအသစ် ကြီးတွေကို တံခါးတွေရိုက်ချိုးပြီး တချို့အကွေ့တွေမှာ နောက်ဆုတ်ပြီး ကားဖင်နဲ့တက်ရတယ်။ လမ်းအသစ်လည်း ဖောက်တော့ ယာဉ်မောင်းရဲဘော်တွေဟာ တောင်တက် စခန်းကနေ တောင်ပေါ်ကားလမ်းကို မောင်းခါနီးမှာ တစ်ခုခု ထားတယ်။ ရေသောက်တယ်။ ဆေးလိပ် သောက်တယ်။ မောင်းလိုက်တော့ Convoy ထဲက တစ်စီးဟာ တောင် အောက်ကို ကျသွားတာပါပဲ။ လူရော ကားရော ပြန်မသယ် နိုင်ကြတော့ပါဘူး။ စိတ်မချရတော့ လူတွေကို ဆင်းပြီး လမ်းလျှောက်ခိုင်းရတယ်။ လားလမ်းမှာတော့ လားတွေဟာ အမောဆိုပြီး ပါးစပ်က အမြှုပ်တွေထွက်ပြီး သေလုမြောပါး ဖြစ်နေရင် ကျွန်တော့် ဂေါ်ရခါးရဲဘော်တွေက သိတယ်။ ရမ်အရက် လက်နှစ်လုံးလောက်ကို ရေအပြည့်ရောပြီး လား ပါးစပ်ဖြဲပြီး တိုက်လိုက်ရင် အဲဒီလားဟာ စခန်းအရောက် ထော့ ဝန်ကိုပို့ပေးရှာတယ်။ စခန်းရောက်တော့ သေတော့ တာပါပဲ။ ဂေါ်ရခါးရဲဘော်တွေက ပစ်မထားဘူး။ ကျဆုံး သွားရဲဘော်တွေရော၊ လားရော၊ Bugle မှုတ်ပြီး အလေးပြု



www.burmeseclassic.com

www.burmeseclassic.com



သဂြိုဟ်ကြပါတယ်။ တချို့ကိစ္စလေးတွေဟာ ကြေကွဲစရာတွေပါ။ တပ်ရင်းမှူးဆိုတော့ အားပေးနေရတာပါပဲ။ နိုင်ငံခြားတပ်နဲ့ အမိမြေပေါ်မှာ တိုက်နေရတာ။ တစ်နည်းဆိုရရင်လည်း ကျွန်တော့်နိုင်ငံတော်နဲ့ တပ်မတော်နဲ့ ကျွန်တော်တို့တစ်တွေဟာ ကိုယ့်တိုင်းပြည်ထိရင် မခံဘူးဆိုတဲ့ စိတ်ဓာတ်နဲ့ တိုက်နေရတာ ဖြစ်တယ်။ ဒါတွေဟာ ချီးကျူးစရာ၊ ဂုဏ်ယူစရာတွေပါ။ တစ်သက်မှာ မမေ့နိုင်လောက်တဲ့ စွန့်စားခန်းတွေအပြည့်နဲ့မို့ ဘဝရဲ့အတွေ့အကြုံကောင်းကြီးတစ်ခုလို့ ဆိုရမှာပါပဲ။

တပ်ခွဲမှူးနဲ့အရာရှိတွေကိုခေါ်ပြီး ဗိုလ်ချုပ်ပြောတဲ့အမိန့်အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်ရန် မှာကြားတယ်။ **B Coy** က **Capt. S B Gurun** ဦးဆောင်ပြီး "န" တောင်တန်းနဲ့ ဆင်ဦးခေါင်းတောင်ကြီးကို လက်ညှိုးထိုးပြပြီး အဲဒီတူရူကို စတင်ချီတက်ကြပါတော့တယ်။ ကျွန်တော်က တပ်ရေးဗိုလ်ကြီး ဗိုလ်ကြီးကိုကို ကြီးနဲ့အတူ **B Coy** (တပ်ခွဲ-၂) နဲ့ လိုက်တယ်။ ဘယ်တောင်ပံက **A Coy** (တပ်ခွဲ-၁) **Follow up** လိုက်ပြီး နောက်နား ညာတောင်ပံက **D Coy** (တပ်ခွဲ-၄) **Reserve Com-**





စာရေးဆရာကြီးသူရဦးထွန်းတင်
ယခုဗိုလ်မှူးကြီးသူရထွန်းတင် (အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com



ရန်ကြီးအောင်စစ်ဆင်ရေးကာလက
ဗိုလ်မှူးကြီး သုရထွန်းတင်နှင့် ဗိုလ်မှူးကြီးရဲထွန်း(အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com



မဲခေါင်စစ်ဆင်ရေးတွင် မိမိတပ်မတော်မှ သိမ်းပိုက်ရမိသည့် တရုတ်ဖြူတို့၏ လွယ်တော်ခန်းစခန်း

www.burmeseclassic.com

www.burmeseclassic.com



ရန်ကြီးအောင်စစ်ဆင်ရေးမှ ပြန်ဝင်လာသည့် ခလရ (၄) အား ကျောက်မဲမြို့ရွာ
ကြိုဆိုနေပုံ



y (အရန်တပ်ခွဲ) အနေနဲ့ လိုက်ခိုင်းတယ်။ စပြီး ချီတက်
အချိန်ဟာ တောထဲတောင်ထဲမှာဆိုတော့ နေစောင်းပြီး
င်ရိပ်သမ်းလာပြီ။ ညနေ ၅ နာရီ ကျော်ပြီ။ ကွန်တော်
စပြီးချီတက်ပြီဆိုတာ စက်နဲ့ ဦးထွန်းတင် (ဗိုလ်မှူး
စစ်ဆင်ရေးမှူးကြီး)ထံ သတင်းပို့လိုက်တယ်။
က်ရာလမ်းကြောင်းက တောတောင်ရဲ့ အခြေအနေ
ကိုပါ သတင်းပို့ပါဆိုလို့ နာရီဝက် တစ်ခါ သတင်းပို့နေရ
ယ်။ တောင်ကြောပေါ် လမ်းမရှိတော့ဘူး။ တောင်
က်ဆင်းသွားပြီ။ နာရီဝက်တစ်ခါ သတင်းပို့နေတာ
ခါရှိလို့ ည ၇ နာရီကျော်သွားပြီ။ တောင်ပေါ်က ဆင်း
တုန်းပဲ။ ရှစ်နာရီထိုးလည်း ဆင်းနေတုန်းပဲ။ ကိုးနာရီ
က်ရောက်တော့ စမ်းချောင်းကြီးတစ်ခု ရေတသွင်သွင်
နေတာ တွေ့ရတယ်။ အတိမ်အနက်မသိဘဲ တကယ့်
က်ကြီးထဲက လျှိုကြီးမြောင်ကြီးထဲမှာ မမြင်မကန်းနဲ့
ချောင်းကို ဖြတ်ကူးကြရတယ်။ သို့သော် အနက်ဆုံး
ရာဟာ ရင်ခေါင်းလောက်ပဲရှိပါတယ်။ ရဲဘော်တွေ
ချင်းချင်း ကြိုးတွေနဲ့ဆက်ပြီး ကူးကြတယ်။ ကြိုးမလောက်
တော့ ရိုင်ဖယ်သေနတ် ကြိုးတွေကိုချည်ပြီး ဆက်ကူးကြ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ ည ၁၀ နာရီကျော်မှပဲ အားလုံးဟာ လှိုကြီးတစ်
ထဲရောက်နေမှန်း သိရတယ်။ အခြေအနေတွေကို ဦးထွန်း
တင် ခေါ် ဗိုလ်မှူးချုပ်ကျော်ဇောထံကို အစီရင်ခံနေရတယ်
သူကိုယ်တိုင် မအိပ်ဘဲ စောင့်ပြီးနားထောင်နေပါတယ်။
''ဦးထွန်းတင်ခင်ဗျာ ကျွန်တော်တို့ ခုထိ ဖျာမခင်းနိုင်သေး
လို့ အပြစ်ဖြစ်နေပြီလားလို့'' စိုးရိမ်တကြီး မေးလိုက်တော့
သူက အားရပါးရ ရယ်ပြီး ကျုပ်က ခင်ဗျားကို ပြလိုက်
တုန်းက မြေအခြေအနေ မပြောလိုက်မိဘူးလို့ ပြောတယ်
တော်သေးတာပေါ့။ သူ့အနားက ဗိုအေဗိုလ်ကြီးဗကြိုင်က
တပ်မှူးကြီး မောနေပြီလားတဲ့။ ဒီလိုပေါ့ဗျာလို့ ပြန်ပြော
တယ်။ ည ၁၂ နာရီ သန်းခေါင်ကျော်တော့ ကားသံတွေ
တစ်ခါတစ်ခါ ကြားနေရတယ်။ ကေန္တတော့ ကေန္တပဲ
တစ်နေရာရာတော့ ရောက်နေပြီ။ သတင်းပို့လိုက်တယ်
လက်စသတ်တော့ ''န'' တောင်ကြောရဲ့အဆင်း ကွန်တို
မျဉ်းက တခြားဘက်မှာကိုး။ ဒါနဲ့ လက်နှိပ်ဓာတ်မီးနဲ့ မြေ
ဖွင့်ကြည့်ရတယ်။ မြေပုံညွှန်း ပေးလိုက်ရတယ်။ ''နံ့
တောင်အလယ်ကြောနဲ့ တောင်ထိပ်ဆင်ဦးခေါင်း တောင်
ပေါ်မှာ ရန်သူတွေရှိနေတာ၊ တစ်ဖက်မှာ ရန်သူမရှိဘူး





B Coy ကိုခေါ်ပြီး တောင်ပေါ်ခွစီးပြီး တဖြည်းဖြည်းချင်း
တက်သွားတယ်။ ၁၅ မိနစ်တစ်ခါ သတင်းပို့တယ်။ တပ်ခွဲ
ဗိုလ်ညွှန့်လှိုင်နဲ့ ထောက်လှမ်းရေးအရာရှိနောက်တစ်
ယောက်ကို ရှေ့ဆုံးကတက်သွားဖို့ ကျုပ် ခင်ဗျားတို့နဲ့
တက်ကြပ်မကွာရှိနေမယ်လို့ ပြောလိုက်တယ်။ ကျုပ်နဲ့
ဆင်ရေးမှူးကြီးတို့ တိုက်ရိုက်အဆက်အသွယ်ရှိနေတယ်
ည်း မှာလိုက်တယ်။ ဒီလို လူကြီးတစ်ယောက် ရှေ့တန်း
နေရင် ဂေါ်ရခါးတွေက သိပ်အားရှိပြီး သိပ်လုပ်ပြ
တာ။ မနေ့က ညစာထမင်းမစားရသေးလို့ ဗိုလ်ကြီးကိုကို
ကြီးက ဟန်းကောအဖုံးလေးထဲ ဟင်းတစ်ဖတ်ထည့်ပြီး
ခင်းကျွေးတယ်။ ဗိုလ်ကြီးကိုကိုကြီးက အရေးထဲမှာ
ခေါ်လာတော့ သူ့ခွေးက လာစားလိုက်သေးတယ်။ သူက
ကို သတ်မယ်လုပ်လို့ မနည်းတောင်းပန်ရတယ်။ မော
တော့ မဆာပါဘူး။ ရမ်လေး နည်းနည်းသောက်လိုက်
ယ်။ ဗိုလ်ကြီးကိုကိုကြီး၊ ဗိုလ်ကြီးခင်အုန်းတို့က အခြေ
နေ သုံးသပ်ပြတယ်။ ရှေ့ကိုဆက်ပြီး တက်ကြပါတယ်။
ဘက်က တပ်ခွဲနှစ်ခွဲကလည်း ပါလာကြတယ်။ နံနက်
နာရီထိုးပြီ။ A Coy လမ်းမှားသွားလို့ B Coy က တပ်စု



www.burmeseclassic.com

www.burmeseclassic.com



တစ်စု လိုက်ရှာခိုင်းရတယ်။ တောတောင်ချောက်ကမ်း ဝါးရုံတောကြီးတွေပါပဲ။ တောကြီးမျက်မည်းထဲ လျှော ရင်းပဲ ဧပြီလ ၁၈ ရက်နေ့ နံနက် ၃ နာရီမှာ B Co ဟာ တောင်ပေါ်ကို တက်ရင်း တက်ရင်းနဲ့ ဖူဂျီတောင် ၂၊ ၃ တို့ကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပါတယ်။ စစ်ဆ ရေးမှူးထံ သတင်းပို့လိုက်တယ်။ ဘယ်တော့ဆက်ဆ သူကိုယ်တိုင်ပဲ ကိုင်ပြောတယ်။ သူက အားပေးနေတာ ဆက်တက်ပါတဲ့။ တောင်ပြတ်တွေဆိုတော့ ဖူဂျီ ၄ သိမ်းဖို့ ချောက်ကမ်းပါးအောက် ပြန်ဆင်းပြီးမှ ပြန်တ သိမ်းရတာ။ မနက် ၅ နာရီမှာ ရလိုက်ပါပြီ။ ချက်ချ သတင်းပို့လိုက်ရတယ်။ ဗိုလ်ချုပ်က ဖူဂျီတောင်တ ရလိုက်တော့ "န" တောင်ကြီးပေါ်က ရန်သူတွေသိအော ရန်သူကို သုံးဖက်သုံးတန်မှ ဝိုင်းထားပြီးကြောင်း သိအော သေနတ်ပစ်ဖောက် မီးရှို့ပြခိုင်းပါတယ်။ "န" တောင် က ရန်သူတွေက အံ့အားသင့်သွားကြတယ်။ သူတို့ထင် က "န" တောင်နဲ့ ဆင်ဦးခေါင်းတောင်ကို ရှေ့က လည်းကောင်း၊ ဘေးကသော်လည်းကောင်း တိုက်လိမ့် လို့ထင်ပြီး ခံစစ်ကတုတ်တွေကို အဲဒီဘက်ပဲ မျက်နှာမူ





ယ်။ မိမိတပ်များ၏အင်အားကိုလည်း သူတို့က တော် ာ်များတယ်လို့ တွက်မယ်ထင်တယ်။ သူတို့အံ့အားသင့် လို့ပြင်လမ်းဘက်ကို တအားဆုတ်နေကြတဲ့အကြောင်း B Coy ရှေ့ဆုံးတပ်စုကနေ ဗိုလ်ကြီး S B Gurung နဲ့ ယွန့်လှိုင်တို့က သတင်းပို့တယ်။ ဒီအကြောင်းကို စစ်ဆင် မှူးကြီးဆီ ချက်ချင်းသတင်းပို့လိုက်ရပါတယ်။ ဦးသံ ချောင်း ပင်ပန်းနေတဲ့ရဲဘော်တွေကို အားမလျှော့ဖို့နဲ့ ခလရ သည်ပင် "န"တောင်တန်းကို သိမ်းပြီး မေးတင်ထား က်ဖို့ စစ်ဆင်ရေးမှူးကြီးက အမိန့်ပေးပါတယ်။ ဖူဂျီကို ထားတဲ့ B Coy ကို D Coy နဲ့ လဲပေးပြီး "န"တောင် ဆက်လက်ချီတက်သိမ်းပိုက်ဖို့နဲ့ ဖူဂျီတောင်ပေါ်မှာ တုတ်ကျင်းများ ချက်ချင်းတူးကြဖို့ အမိန့်ပေးရတယ်။ ၁၈ ရက်နေ့ နံနက် ၉ နာရီလောက်မှာ B Coy က "န" တောင်ကို မေးတင်ထားလိုက်ပြီဆိုတာ တွေ့ရတယ်။ ခွဲမှူးနဲ့ စက်နဲ့ဆက်သွယ်ပြီး စစ်ဆင်ရေးမှူးကြီးထံ က်သွယ်ရေးစက်နဲ့ပဲ အောင်မြင်ပြီဖြစ်ကြောင်း သတင်းပို့ တယ်။ ဗိုလ်ချုပ်က ဦးသံချောင်း ကျုပ်တို့အကြဲ အောင်ပြီလို့ လက်အောက်က အဆင့်အတန်းအားလုံးအ



www.burmeseclassic.com

www.burmeseclassic.com



သိအောင် ပြောခိုင်းလိုက်တယ်။ စိတ်ဓာတ်အရေးကြ
ပါတယ်။ ထမင်းချက်ဖို့ အချိန်မရလို့ ထမင်းမစားရ
နှစ်နပ်ရှိသွားပါပြီ။ ရေဘူးတွေလည်း ရေကုန်နေကြ
ဂေါ်ရခါးတပ်သားတွေက ရေထွက်တဲ့၊ သောက်လို့ရ
နွယ်ပင်ကို သိတယ်။ စိမ်းစော်နံသော်လည်း ရေငတ်ပြေ
တယ်။ အန္တရာယ်မရှိပါဘူး။ တချို့ရဲဘော်တွေ ငှက်ပျော
တွေကို ဝါးစားနေကြပြီး တိုက်ခိုက်သိမ်းပိုက်ဖို့ကို
စိတ်ဝင်စားနေကြတယ်။ စိတ်မောနေတော့ ထမင်း
တာကို ဂရုမစိုက်ဖြစ်ပါဘူး။ **A Coy** တပ်ခွဲက "န" တော
အမှတ် (၄) ကို ခက်ခဲစွာ ချီတက်သိမ်းပိုက်နေပါတယ်
**K M T** များ လှိုင်လမ်း၊ မိုင်းယောင်းဘက်ကို တရကြ
ဆုတ်နေကြကြောင်း သတင်းပို့ရတယ်။ တောင်ထိပ်မှ
သုံး အဝေးကြည့်မှန်ပြောင်းတွေနဲ့ ကြည့်တော့ တွေ့
ရတယ်။ ရန်သူဟာ ကိုက် ၁၅၀၀ လောက် အနီးအ
တောင်တန်းကနေ တစ်မိုင် နှစ်မိုင်ခွာပြီး အကာအကွ
ယူ ဆုတ်နေတယ်ဆိုတာ သတိထားမိလိုက်တယ်။ ဗို
က **B Coy** ကို **D Coy** နဲ့လဲပြီး "န" တောင်တန်း
ချီတက်သိမ်းပိုက်ရန် အမိန့်ပေးလိုက်ရတယ်။ ၁၈ ရ





ညနေစောင်းသွားပြီ။ တောင်ကြောမှာ "န" တောင်ဟာ
င်းကုန်းနိမ့်ကဲ့သို့ ဖြစ်နေ၍ ညတိုက်ပွဲအနေဖြင့် တဖြည်း
ည်းချင်း ချဉ်းကပ်ရာ ရန်သူကို ဘယ်တောင်ပံမှပတ်ပြီး
ခက်အခဲမရှိ ရရှိလိုက်ပါတယ်။ ဆက်တိုက် ပင် **G 1,**
**G2, G 3** စသည်တို့ကို သိမ်းပိုက်လိုက်ပါတော့တယ်။ ဖြေလ
၉ ရက်နေ့ နံနက် ၆ နာရီရောက်လာပါပြီ။ စစ်ဆင်ရေးမှူး
ကြီးက ဗဟာဒူးတောင်ကုန်းကို သွေးတိုးစမ်းတဲ့အနေနဲ့
က်ခိုင်းပါတယ်။ ဗဟာဒူးတောင်ကုန်းနဲ့ ဆင်ဦးခါင်း
တောင်ဟာ တစ်ကြောတည်းဖြစ်နေတယ်။ **Foxhole** ကနေ
င်သွားရင် ဆက်သွယ်ရေး **Trench** ဆီရောက်ပြီး အဲဒီ
ကနေ တောင်ကို **ZigZag** တူးထားတာ ခုခံပစ်ခတ်ဖို့
ာန်ကကြီးတွေဆိုတာကတော့ ကျွန်းတုံးကြီးတွေကို
ကရော အပေါ်ကရော စီချထားပြီး ခိုင်မာစွာ ခံစစ်ပြု
ထားတာ ဖြစ်တယ်။ ရန်သူက ပြောတာကတော့ ဗမာ
ပ်ဟာ ဒီခံတပ်ကို ဘယ်လိုနည်းနဲ့မှ မရနိုင်ဘူး။ သူတို့
ပြောရင်လည်း ပြောစရာပါပဲ။ ခလရ (၁၈) က ၁၈ ရက်
နေ့နံနက်မှာ **Frontal Attack** တိုက်ရင်တော့ ဗဟာဒူးနဲ့
ဆင်ဦးခေါင်းနဲ့ "န"တောင်ကို ရှေ့နှင့်ဘေးကသာ မောင်း



www.burmeseclassic.com

www.burmeseclassic.com



တက်တိုက်ရမယ်ဆိုရင်တော့ တိုက်လို့ရမယ်၊ မရမယ်တော့ မပြောတတ်ဘူး။ ရရ မရရ ပေးရမယ့်အသက်တွေကတော့ သနကတပ်ရင်း (၅)၊ ၁၉၄၉ ခုနှစ် အင်းစိန်မှာ KNDO နဲ့ ပထမဆုံးလက်ဦး နှဖူးတွေ့ ဒူးတွေ့ပွဲထက်တောင် အင် နာနိုင်ပါတယ်။

ယခု ဒီ KMT နဲ့ပွဲမှာတော့ ကျွန်တော့်တပ် သူက ရောင်ပြတိုက်ပွဲလုပ်ခိုင်းလိုက်တယ်။ ဒီမှာ အရှေ ကောင်းတစ်ချက်က ညာတောင်ပံကနေ တောင်ကြော သွားလိုက်တာ‌ ချောက်ကမ်းပါးကြီးအောက် အရော မျက်စိလည်လမ်းမှားပြီး ဖူဂျီတောင်ကြောနဲ့ ''နှ'' တော ကြောကို ရန်သူမထင်တဲ့ဘက်ကနေ ခွစီးမိလိုက်တယ် ရန်သူ့နောက်ကျောကို ဝင်ထိုးလိုက်သလိုဖြစ်သွားတော ရန်သူမျက်စိလည်ပြီး သူတို့ အကာအကွယ် လုပ်ပေမယ့် လည်း ရှေ့နဲ့ဘေးကလောက် အခိုင်အမာ ကာကွယ်ထား တဲ့နေရာ မဟုတ်တော့ မိမိတပ်ကိုလည်း သူတို့ထက် အင် အားများတယ်ထင်သွားပြီး မဆုတ်ချင်ဘဲနဲ့ ဆုတ်ပြေးကြ ရတဲ့ပွဲပါ။ ခလရ (၄) (အများအခေါ် 4 Gurkha) တ တပ်ရင်းက ရာရှင်ပါရဲ့သားနဲ့ ထမင်းသုံးနပ်နှင့် ရေ





နာရီနီးပါးခန့် အငတ်ခံပြီး လုံ့လ၊ ဝီရိယ၊ ဖွဲ့၊ သတ္တိကို တစ်ပြားသားမှ မလျှော့ဘဲ ပေးတဲ့အမိန့်နဲ့ တာဝန်ကို မိုလ်၊ အကြပ်တပ်သား အားလုံးတို့ဟာ ဦးလည်မသုန်လိုက်နာပြီး တက်ညီလက်ညီ ကြိုးစားလိုက်ကြတာ ဧပြီလ ၁၉ ရက်နေ့ ဝေး၃၃ နာရီမှာ ဖူဂျီတောင် အမှတ် ၁၊ ၂၊ ၃၊ ၄၊ "နှ''တောင် အမှတ် ၁၊ ၂၊ ၃၊ ၄၊ ဗဟာဒူးတောင်ကုန်းနဲ့ ဆင်ဦးခေါင်းတောင်ကြီးကို ထိခိုက်ဒဏ်ရာရမှု အနည်း ယ်နဲ့ အောင်မြင်စွာ သိမ်းပိုက်ရရှိလိုက်ပါပြီ။ Tac HQ ကို မိမိကိုယ်တိုင် စက်ဖြင့် ရည်မှန်းချက်အောင်မြင်ကြောင်း သတင်းပို့လိုက်နိုင်တဲ့အချိန်ဟာ မိမိရဲ့စစ်သားဘဝ တစ် သက်တာမှာ ပီတိတွေဝေဖြာပြီး မောရပန်းရမှန်း မသိသည့် အထိ ဖြစ်ရပါတော့တယ်။

နံနက် ၉ နာရီနဲ့ ၁၀ နာရီအကြားမှာ ရန်ကြီး အောင် စစ်ဆင်ရေးမှူးကြီးနဲ့ တစ်ဖွဲ့လုံး၊ တပ်ရင်း (၁၈) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ချစ်ခိုင်နဲ့ တပ်ခွဲမှူးများ အခြားတပ်ရင်းမှူးများဖြစ်သော ဒုတိယဗိုလ်မှူးကြီး သိမ်းတုတ်၊ Col Nawla တို့ပါတယ် ထင်ပါတယ်။ တော် တော်များများ အချို့မြင်းစီးပြီး အချို့လည်း လား ဘျော



www.burmeseclassic.com

www.burmeseclassic.com



ကုန်းပေါ်စီးပြီး တချို့လည်း ခြေလျင်ဖြင့် ဗဟာဒူး တောင်ကုန်းနှင့် ဆင်ဦးခေါင်းတောင်ပေါ်ကို တက်လာ လိုက်ကြတာ ဝမ်းသာအားရနဲ့ လက်ဆွဲနှုတ်ဆက် **Congratulate** လုပ်ကြပါတယ်။ ရန်သူတွေ ဘယ်လိုခံတပ် လုပ်ပြီးနေတယ်ဆိုတာ အားလုံးလက်တွေ့သုံးသပ်မိကြ တော့ တအံ့တသြဖြစ်ကြရတယ်။ တောင်ကိုထွင်းပြီး ခံ ကတုတ်ကျင်း၊ ဆက်သွယ်ရေးကျင်းတွေနဲ့ ခံစစ်လိုင်း ယူထားပုံတွေကတော့ အတုယူစရာကောင်းလိုက်ပါဘိလို့ ဆိုကြတယ်။ ဗိုလ်ချုပ်က ဗိုလ်မှူးထွန်းတင် ခင်ဗျားအတွက် ဘရန်ဒီတစ်ပုလင်းဆိုပြီး ပေးလို့ ချက်ချင်း တပျော်တပါး ဝိုင်းသောက်လိုက်ကြတယ်။ အဲဒီအချိန်မှာ ရွှေလိပ်ပြာက သော်တာ–၄ အသံကြားရင် အကြောင်း ပြန်ဆိုလို့ သော်တာ–၄ က ရွှေလိပ်ပြာ၊ အသံ ၅ ကြားပါတယ်။ သော်တာ–၄ အတွက် ခေါက်ဆွဲကြော် အထုပ် ၂၀၀၀ ပါတယ်ဆိုတော့ ဂေါ်ရခါးတပ်အတွက် နိုင်ငံခြားက မှာထားတဲ့ ခွတ်ကမီး ဓားကောက်တွေများလားလို့ ထင်လိုက်မိတုန်း **Dropping Zone** ထဲကို လေထီးနဲ့ ခေါက်ဆွဲထုတ်တွေ ချပေးတာ တကယ့်ကို ပူပူနွေးနွေးပါပဲ။ ပျဉ်းမနား သခင်ဘနီတို့ရဲ့





ခေါက်ဆွဲထုပ်တွေကို လွယ်လင်က အမျိုးသား အမျိုးသမီး အဖွဲ့တွေရဲ့ ရှေ့တန်းရဲဘော်များကို ဂုဏ်ပြုချီးမြှင့်တဲ့ အကြောင်း ခေါက်ဆွဲထုပ်တွေထဲမှာ စာခွေလေးတွေပါတယ်။ ဗိုလ်၊ အကြပ်၊ တပ်သားအဆင့်အတန်းအားလုံးရဲ့ အမော ကိုပြေသွားစေပြီး ပီတိတွေရွှမ်းတဲ့မျက်နှာတွေနဲ့ စစ်သား ချင်း ဝမ်းမြောက်ရွှင်မြူးပြီး ပြောကြဆိုကြ၊ ကြည့်ကြရှုကြ၊ နောက်ကြပြောင်ကြဖြစ်နေကြပါတယ်။

အမြောက်တပ်က ဗိုလ်မှူးရဲထွန်းတို့နှင့်ပါ ရမ် သောက်ကြရင်း ခေါက်ဆွဲထုပ်တွေ ဖြေစားလိုက်ကြတာ အမောပြေတယ်ဆိုသော်လည်း ထင်သလောက် မစားနိုင် ကြတော့ပါဘူး။ ရဲဘော်တွေကတော့ တော်တော်ပျော်နေ ကြတယ်။ ၁၁း၀၀ နာရီသာသာလောက်မှာ စစ်ဆင်ရေး မှူးကြီးက အစည်းအဝေးလုပ်ပြီး ကချင်တပ်ရင်း (၄) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးနော်လာနဲ့ ခလရ (၂၃) တို့ကို **Leap Frog** လုပ်စေပြီး ထွက်ပြေးတဲ့ ရန်သူတွေကို **Pursuit** လုပ်ခိုင်းပါတယ်။ ရန်သူကို စစ်သဘောအရ အနား မပေးဘဲ တရကြမ်းလိုက်တိုက်တဲ့ သဘောပါပဲ။ အကယ်၍သာ ရန်သူကို တရကြမ်းမလိုက်ရင် သူတို့ ၅ မိုင် ၁၀



www.burmeseclassic.com

www.burmeseclassic.com



မိုင်လောက်ကနေ ခံစစ်ကောင်းကောင်းလုပ်ပြီး ပြန်ခံဦးမှာပဲ။ ခုတော့ သူတို့ရဲ့ အခြေကျစခန်းဖြစ်တဲ့ လွိုင်လင်၊ မိုင်းယောင်း၊ လွိုင်တုံကြီးတို့နဲ့ တာချီလိတ်ပတ်ဝန်းကျင်က တောင်တန်းတွေဘက်ကို ဆုတ်ခွာသွားကြတယ်။

## လွိုင်လမ်းသို့ချီတက်ရပြန်ခြင်း

ခလရ (၄) ကိုတော့ ရှေ့ပြေးအဖြစ်နဲ့ လွိုင်လမ်းကို သိမ်းခိုင်းပါတယ်။ မိမိတို့တပ်စွဲထားတဲ့ ဖူဂျီတောင်တန်း၊ "နု" တောင်တန်း၊ ဗဟာဒူးတောင်ကုန်းနဲ့ ဆင်ဦးခေါင်း တောင်တို့ကို ကချင် သနက (၄)၊ ခလရ (၁၈) တို့ကို လွှဲပေးခဲ့ပြီး နံနက်အစောကြီး လွိုင်လမ်းကို တပ်ခွဲနှစ်ခွဲက **Fighting Order** တပ်ခွဲတစ်ခွဲက **Marching Order** နဲ့ ၂ ရက်စာ ရိက္ခာ၊ ခဲယမ်းတွေနဲ့ ချီတက်ကြပါတယ်။ လွိုင်လမ်းအသွားလမ်းမှာ ၇၀၀၅ ပေ မြင့်တဲ့ စိုင်တမော့ဆိုတာ တက်ကြရပါတော့တယ်။ မောတဲ့လူတွေက လားအမြီး ဆွဲတက်ကြတယ်။ လားတွေက တောင်ပေါ်ပစ် အမြောက်ဆန်တွေ သယ်ရတယ်။ ယူဂိုဆလပ်မြင်းတွေဆိုတာ သနားစရာပဲ။ တချို့ အမောဆို့ ချောက်ထဲကျပြီး သေသွားကြ





တယ်။ တချို့ ဗိုလ်ကြီးတွေနဲ့ အရာခံဗိုလ်တွေက ဗိုက်ရွဲပြီး အသက်နည်းနည်းကြီးနေကြတော့ လျှာထွက်နေကြတော့ တာပဲ။ ကျွန်တော့်အသက်က ၃၅ နှစ်ကျော်ကျော်ဆိုတော့ သိပ်မမောဘူး။ တဖြည်းဖြည်းချင်းတက်လိုက်တာ တောင်ထိပ်အထိ ခန့်မှန်းခြေ ၂ နာရီလောက်ကြာတယ်။ တောင်ပေါ်ရောက်တော့မှပဲ ကျောပိုးအိတ်ပေါ် ခြေထောက်တင်ပြီး ပစ်လှဲလိုက်တာ ၁၅ မိနစ်လောက်ကြာတော့ အမော ပြေသွားပါတယ်။ ခရီးတစ်ထောက်လောက် နားကြ၊ လူတွေ စစ်၊ လားတွေ၊ မြင်းတွေ စစ်၊ အမြောက်တပ်ကလည်း သူ့အမြောက်နဲ့ ကျည်ဆန်တွေစစ် လုပ်ကြတယ်။ ထမင်း တော့ ဟန်းကောဖွင့်ပြီး ဖြစ်သလို စားလိုက်ကြတယ်။ ဗိုလ်မှူးရဲထွန်းက သူ့မြင်းပေါ်က အထုပ်ဖြေပြီး ပုန်းရည်ကြီး လာပေးလို့ စားလို့ကောင်းလိုက်တာ ဆွေမျိုးမေ့သွားပါတယ်။ စားပြီး နောက်ဆုံးက တပ်ခွဲကို ဝန်ပေါ့နဲ့ ရှေ့ဆုံး ပြောင်းပြီး ရှေ့ဆုံးက တပ်ခွဲကိုတော့ နောက်ပို့ရတယ်။ တပ်ရင်းမှူးကိုယ်တိုင်က ဘရင်းဂန်းရဲဘော်ကို သနားလို့ ကိုယ်တိုင် ဘရင်းဂန်းကို ဝင်ထမ်းတော့ **RSM** က ပြေး တယ်။ တပ်ရင်းမှူးဆိုတာ တစ်တပ်လုံးကို အုပ်ချုပ်ဖို့ ပြင်းစီး



www.burmeseclassic.com

www.burmeseclassic.com



ပါလို့ တောင်းပန်တယ်။ ရဲဘော်အလုပ်ကို ဝင်မလုပ်ပါနဲ့ လို့ပြောပါတယ်။ တပ်ရင်းမှူး သိပ်မောနေရင် တပ်အုပ်ချုပ်ဖို့ ခက်တယ်တဲ့။ တပ်ရင်းမှူးက ရှေ့ဆုံးကလည်း မလိုက်ပါနဲ့တဲ့။ တပ်ခွဲတစ်ခုရဲ့နောက်က သို့မဟုတ် အလယ်ကသာ လိုက်ပါတဲ့။ တပ်ရင်းမှူးမရှိရင် စစ်တိုက်တဲ့လူကို ဘွဲ့တံဆိပ်ထောက်ခံဖို့နဲ့ မတိုက်တဲ့လူကို အပြစ်ပေးဖို့ လူမရှိရင် ခက်မယ်တဲ့။ သူတို့မိဘ သုံးဆက်လောက် စစ်တိုက်လာတဲ့ ဂေါ်ရခါးစစ်သားကြီးတွေဆိုတော့ ရှေးစစ်သားဟောင်းကြီးများရဲ့ အယူအဆကို ကြိုက်ပြီး စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားပုံရတယ်။

ဂေါ်ရခါးတွေဟာ စစ်တိုက်တယ်။ ဓားကောက် **Khukri** ကိုင်ပြီး ရန်သူကို ချေမှုန်းတတ်တယ်။ အနီးကပ်တိုက်ပွဲတွေဖြစ်ရင် **Big Pipe** မှုတ်ပေးရတယ်။ **Piper** နှစ်ယောက်ခေါ်လာရတယ်။ ဂေါ်ရခါးစစ်သည်တွေဟာ စိတ်ချရတယ်။ အမိန့်ကိုတော့ ပြည့်စုံအောင်ပေးရတယ်။ အမိန့်ပေးတဲ့အတိုင်း လုပ်ကြတာပါပဲ။ အမိန့်ထဲမှာမပါလို့ သူတို့မလုပ်တာကိုတော့ စိတ်ဆိုးလို့မရဘူး။ ရန်ကြီးအောင် စစ်ဆင်ရေးမှာ နိုင်ငံခြားကမှာတဲ့ **Khukri** ဓားကောက်





တွေကို လေထီးနဲ့ချပေးပါတယ်။

ဆက်ပြီးချီတက်ကြတာ ၇၀၀၅ ပေ အမြင့်ရှိတဲ့ တောင်ထိပ်ကိုရောက်ပြီ။ လွိုင်လမ်းကို ဆက်လိုက်ကြတာ ဗိုလ်ကြီးထွန်းနောင်ရဲ့ လားဟူလေးနှစ်ယောက်က ရှေ့မှာ တရုတ်ဖြူလေယာဉ်ပျံကွင်းရှိတယ်တဲ့။ ဒါ မဖြစ်နိုင်တာပဲလို့ ထင်မိတယ်။ ဒီလောက် တောအထပ်ထပ် တောင်အထပ်ထပ်နေရာမှာ ဘယ့်နှယ် လေယာဉ်ကွင်းရှိနိုင်ပါ့မလဲ။ လျှောက်ရင်း လျှောက်ရင်းနဲ့ ညနေ ၃ နာရီလောက်မှာ တောင်ပေါ်ကနေ ဘွားဆို လေယာဉ်ကွင်းကိုတွေ့ပါရော။ လေယာဉ်ငယ်လေးတွေအားလုံး ဆင်းသက်နိုင်ပါတယ်။ အံ့ဩဖို့ကောင်းတာက စက်ကိရိယာမပါဘဲနဲ့ တရုတ်စစ်သားတွေဟာ ပေါင်မုန့်ကို ဓားနဲ့လှီးသလို တောင်ကြီးကို ဖြတ်လှီးထားတယ်။ လေယာဉ်ကွင်းအနီးမှာရှိတဲ့ ရေအိုင်လေးကို သပ်သပ်ရပ်ရပ်လုပ်ပြီး တရုတ်နားနေစခန်း ဇရပ်ကလေးတွေ ဆောက်ထားတာကလည်း တရုတ်ဘုံကျောင်း ခေါင်မိုးပုံစံလေးတွေနဲ့မို့ လူတိုင်း အံ့ဩပြီး သက်ဖျားခါရတယ်။ **KMT** ရဲ့ အကြံဟာ နည်းနည်းနောနောမှ မဟုတ်ဘဲ။ မော်စီတုံးတို့ အားလျှော့သွားလျှင်



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ပြည်မကြီး ပြန်တိုက်ဖို့အကြံအစည်ပေပဲ။ ကွန်မြူနစ်
ဝါဒ တားဆီးရေးအတွက် နိုင်ငံကြီးတစ်ခုကလည်း ကောင်း
ကောင်း အားပေးထားပုံပေါ်ပါတယ်။ လေယာဉ်ကွင်းမှာ
တစ်ထောက်နားကြပြီး လက်ဖက်ရည်ကြမ်းလေး သောက်
ကြတယ်။ ကျွန်တော့် **Batman** ဖြစ်တဲ့ **Dil Bahadur** က
မတ်ခွက်နဲ့ လက်ဖက်ရည်အချိုတစ်ခွက် လာပေးတာ
သောက်လိုက်တော့ အမောပြေသွားတယ်။ ရှေ့ဆက်ပြီး
တက်ကြတာ ညနေ ၆ နာရီလောက်မှာ လွယ်လမ်းကို
ရောက်တော့ ရန်သူဟာ မိုင်းရောင်း၊ လွယ်တုံကြီးဘက်မှာ
အခိုင်အမာ ခံစစ်ယူနေကြောင်း ကြားသိရတယ်။ ကျွန်တော်
လူ သူရဂျမ်ဘိုက ရှမ်းမြင်းတစ်ကောင် ဝယ်တယ်။ သိပ်
မပေးရပါဘူး။ မြင်းလေးက **Pony** လေး။ လှတယ်။ အုန်း
နာကြားနဲ့၊ သူက ကော်ဇောကို ကုန်းနှီးလုပ်ပေးပြီး ဖက်ကြိုး
နဲ့ဆိုတော့ တော်တော် စတိုင်ဖြောင့်တယ်။ ဂျမ်ဘိုက
မြင်းနောက်ကလိုက်တယ်။ အဲဒီ ၃ နာရီခရီးကတော့
တော်တော်သက်သာတယ်။ လွယ်လမ်းအဝင်မှာ တပ်ရင်း
(၂၃)၊ ခလရ (၄)၊ လွယ်လမ်းရွာနောက်နားမှာ ကင်းများ
ခံစစ်ကျင်း ချက်ချင်းတူးပြီး ညစခန်းချကြတယ်။ ကျွန်တော်





**...tman, Dil Bahadur** က အရပ်ပုတော့ သူများခြေ
...လှမ်းရင် သူက နှစ်လှမ်းသုံးလှမ်းလောက်နဲ့ ညီလို့
... ၉ နာရီလောက်မှာပဲ လားတန်းကြီး **Mule Train** နဲ့
...ောက်လာပါတယ်။ စစ်ဆင်ရေးမှူးက ကျွန်တော်နဲ့
...ကြီးထွန်းနောင်ကိုခေါ်ပြီး မနက်ဖြန်နံနက် ကင်း
...ာက်ဖို့ ပြောပါတယ်။ ကျွန်တော် တပ်စုတစ်စုနဲ့ပဲ
...န်တော်တို့နှစ်ယောက်ကတော့ မြင်းတစ်ယောက်
...ကောင်စီနဲ့ သူရ ဂျမ်ဘိုက လားတစ်ကောင်နဲ့ နောက်
...းတစ်ကောင်ပေါ်မှာ ရိက္ခာ၊ ကျည်၊ လက်နက်တင်ပြီး
...က် ဝ၆းဝဝ နာရီမှာ ဆက်ထွက်ကြတယ်။ နံနက်စာ
...န်းကောထဲမှာ ထည့်လာပါတယ်။ လွိုင်လမ်းကနေ
...ယောင်းလမ်းဟာ ဝါးတောတွေများတယ်။ အခြားသစ်
...ာတွေလည်း ရှိပါတယ်။ လျှိုမြောင်စိမ့်စမ်းတွေလည်း
...တယ်။ မိုင်းယောင်းကနေ လွယ်တုံကြီးဘက်ကို ရန်သူ
...သုံးအရင်းနဲ့ ဆုတ်သွားတဲ့အကြောင်း အရပ်သား
...နဲ့လားဟူတွေထံက သိရပါတယ်။ သူတို့ ဆုတ်ခွာတဲ့
...းကြောင်းတွေမှာ သူတို့ရဲ့ ပစ္စည်းတချို့ ကျန်ရစ်ခဲ့
...တွေ့ရတယ်။ တချို့ဝါးရုံတောတွေက ဝါးသေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြခတ်ဝါးရုံမဟုတ်တော့ ရန်သူတွေ အပြေးအလွှား တောနင်းသွားတဲ့အခါ ဝါးရုံတော မကြီးမငယ်လေးတွေ ပြားချပ်သွားတယ်။ တောကိုခုတ်ပြီး လမ်းထွင်ချိန် မပေါ်ဘူး။ တစ်ရက်ခရီးဆိုရင် လွယ်တုံးကြီးတောင်ထိ ရောက်သွားနိုင်တယ်။ အဲဒီဘက်က တောင်ကြော တကယ့်ခံတပ် အနိုင်အမာပါပဲလို့ ပြောတယ်။ "န" တော ခံတပ်အတိုင်းပဲ။ ရသမျှသတင်း စုဆောင်းပြီးအပြန် လမ်းမှားပြီး တပ်စုကလည်း မလိုက်နိုင်တော့ နောက်ကျ ခဲ့တယ်။ ကျွန်တော်ရယ်၊ ဗိုလ်ကြီးထွန်းနောင်ရယ် သူရဂျမ်ဘိုရယ် သုံးယောက် ယိုးဒယားကိုဝင်တဲ့ Moun- tain pass ကလေးတွေ့တယ်။ ဗိုလ်ကြီး ထွန်းနောင် ဟိုဘက်က ယိုးဒယားပဲတဲ့။ သွားကြည့်ကြမလားလို့ ပြော တယ်။ စစ်ဆင်ရေးမှူးကြီးက တစ်ခုခုဖြစ်လာရင် ပြော နေမှာ စိုးရသေးတယ်။ ကိုယ်ကလည်း မြင်းနဲ့ ကာ သူရဂျမ်ဘိုက စတင်းဂန်းနဲ့ ဗိုလ်ကြီးထွန်းနောင်က ခြေ လုံးပြူးနဲ့၊ သမိုင်းအရတော့က ဒီလမ်းတွေဟာ တို့ဗမာ ဝင်နေကြလမ်းတွေ ဖြစ်မှာပါကွာ။ တို့အဘိုးတွေ ဝင် သားလမ်းကိုတော့ သိပ်ကြည့်ချင်တာပဲကွာလို့ ပြော





ဗိုလ်ကြီးထွန်းနောင်က သူဟာ ယိုးဒယားမှာ မွေးတာ၊ ယိုးဒယားစကားလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်တယ်။ အလည်း တတ်တယ်တဲ့၊ သူက ရှမ်းယိုးဒယားတဲ့။ ပြဿနာ မရှိပါဘူးဆိုပြီး မြင်းကို အသားကျစီးပြီး တောင်ကြားလမ်း ကျဉ်းကျဉ်းကို ဝင်ပြီး သွားလိုက်ကြတာ နာရီဝက် ဘာက်နဲ့ပဲ တောင်ကြားလမ်းအလယ်လောက် ရောက် တယ်။ အဲဒီမှာ ယိုးဒယားကင်းနဲ့ တွေ့တယ်။ သူတို့က ဘာမှမမေးမြန်းဘူး။ အလေးပြုပြီး လွှတ်ပေးတယ်။ ဂိတ်တို့ ဘာတို့ မရှိပါဘူး။ နောက် ယိုးဒယားထဲ ဝင်သွားတော့ ကင်းတပ်စိတ်တစ်စိတ်လောက်ရှိတယ်။ သူတို့ကလည်း ဘန်းစီပြီးတောင် အလေးပြုနေကြသေးတယ်။ ဒါနဲ့ အလေး ပြုပြီး ယိုးဒယားဘက်ကို မြင်းနဲ့ လျှောက်စီးကြတယ်။ ပြန်တွေများပါတယ်။ ၁၅ မိနစ်လောက် မြင်းစီးပြီးပြန် ကြတော့လည်း ကင်းတွေက ဘာမှမပြောကြပါဘူး။ အလေးပြုကြပါတယ်။

လွိုင်လမ်းကို ညနေ ၄ နာရီလောက်မှ ပြန်ရောက် ကြပါတယ်။ ဗိုလ်ချုပ်ကို သတင်းပို့ပြီး ဗိုလ်ချုပ်က ညမှာ ညည်းအဝေးခေါ်ပါတယ်။ လွယ်တုံးကြီးဘက်က ရန်သူကို



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်ကနေ မတိုက်ဘူးဟဲ့။ တပ်တွေကို မိုင်းတုံဘက်ကနေပြီး နမ့်ဆန်ကို မော်တော်ယာဉ်များနဲ့ပို့၊ ပြီးတော့ ကျိုင်းတုံကိုသွား၊ နောက် တာချီလိတ်ဘက်ကနေပြီး လွယ်တုံကြီးကို ဆက်တိုက်မယ်တဲ့။ ခရီးကတော့ မနီးလှဘူး **Logistic Support** ခေါ်တဲ့ အုပ်ချုပ်မှုကလည်း တပ်တွေ ရွေ့ဖို့ရာ တော်တော်လုပ်ရမယ်။

စစ်ဆင်ရေးမှူးက "န" တောင်တန်းမှာ ရန်သူကို အငိုက်မိလိုက်တော့ သူ ဒီလိုအငိုက်မိအောင် ကြိုးစားချင်တဲ့ပုံပဲ။ ကချင် သနက (၄) ဒုဗိုလ်မှူးကြီးနော်လာနဲ့ ဗိုလ်ကြီးဖော်ယူခ (နောင် ကချင်ပြည်နယ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ကောင်စီဝင်) တို့ဟာ မိုင်းတုံတပ်မဟာညက တပ်ပေါင်းစုနဲ့ မိုင်းတုံကနေ လွိုင်လမ်းအထိ ပြန်လည် သိမ်းပိုက်ပြီးသား ဖြစ်တယ်။ ခလရ (၄) နဲ့ ခလရ (၂၃) ကိုတော့ သူ ကျိုင်းတုံမှာဖြစ်ဖြစ်၊ တာချီလိတ်မှာဖြစ်ဖြစ် တွေ့မယ်တဲ့။ မိုင်းတုံမှာ တပ်တွေတစ်ညနားပြီး နမ့်ဆန်မှာ တစ်ညနားကြပါတယ်။ လွိုင်လမ်း အရောက်ကတော့ ဖောနဲ့ချီတက်တိုက်ခိုက်ရတာ မောပေမယ့် မောမှန်းမသိဘူး ဒီရောက်ပြီးသားခရီးကနေ နောက်ကြောင်းပြန်ရဖို့ကျတော့





ခြေလျင်ခရီး တစ်မျှော်တစ်ခေါ်ကြီးကို ဒီတောင်တန်းကြီး၊ သို့မြောင်ကြီးတွေ ပြန်ဖြတ်လျှောက်ဖို့ဆိုတာ ကိုယ့်ကျောနဲ့ ကိုယ့်ခြေထောက်ကို နိုင်ရဲ့လားလို့ စမ်းကြည့်ရသေးတယ်။ ခြေလျင်တပ်ကိုဝင်ဖို့ ကိုယ်ရွေးထားတာပဲ။ ရန်သူကို ရှေ့ဆုံး ကတိုက်ရတဲ့ ခြေလျင်တပ်က တပ်ရင်းမှူးတောင် ဖြစ်နေပြီပဲ။ တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့ပါ့မလဲဆိုပြီး အားတင်း ပြီး နောက်တစ်နေ့ အပြန်ခရီးစကြတော့ပါတယ်။ လမ်းမှာ "န" တောင်တန်းဘက်မှာ တစ်ထောက်နားပြီး နောက်တစ်နေ့ ဆက်ထွက်၊ ၇၀၀၅ တက်တော့ အတော်မော သလောက် အဆင်းကျတော့ ဒူးမခိုင်ဘူး။ တောင်ကလည်း ဆျာက်တောင်ကြီး။ တောင်အောက်ရောက်တော့ စမ်း ချောင်းမှာ လူရော၊ လားရော ရေသောက်ကြပြီး ခေတ္တ နားပြီး ဆက်လျှောက်ကြတယ်။ ညမှောင်လာတဲ့အခါမှာ ခမ်းဟွေ့ဟ ရောက်တယ်။ အဲဒီမှာ တပ်မဟာက ကားဆီး တွေကြားရတယ်။ ဖြစ်ကတတ်ဆန်း ဖောက်ထားတဲ့ ကားလမ်းက ယာဉ်တွေပေါ်တက်ပြီး လိုက်ကြတာ မိုင်းတုံကို ညနေ ၁၈း၀၀ နာရီလောက်မှာ ရောက်ကြတယ်။ မိုင်းတုံ ရောက်တော့ တပ်မဟာက ကျွေးမွေးတဲ့ ထမင်းဟင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ကြတယ်။

**D တောင်တန်းတစ်လျှောက်တိုက်ပွဲ**

ရေမိုးချိုး စားသောက်ပြီး မိုင်းတုံမြို့ကို ဗိုလ်မှူး ကြည်သိန်းနဲ့ လှည့်ကြည့်တာ ပထမဆုံး ကိုမျိုးလွင် (ကာလူး) နဲ့တွေ့တယ်။ သူက ဗိုလ်ချုပ် ကွမ်းဖိုးပါရင် လိုက် ခဲ့ပါတဲ့။ မြို့ထဲလိုက်ကြည့်တော့ တချို့ကလေးမလေးတွေ ဟာ ကြီးကြီးမာစတာအချို့ရဲ့ မွေးစားသမီးတွေ ဖြစ်နေ တယ်။ ဒါနဲ့ပဲ မြို့ကို အနည်းငယ်လှည့်ပတ်ကြည့်ပြီး ပြန် တော့တယ်။ နောက်တစ်နေ့ 2IC နဲ့အတူ "ဝ"တောင် ကုန်းကို တက်ပြီး **Order Group** နဲ့ တိုင်ပင်ကြတယ်။ အဲဒီကနေ **D-1, D-2** ကို သွားတယ်။ တက်ကြည့်ကြတယ်။ နောက်နေ့နံနက် တပ်ရင်း (၁၀၆) က ခေါင်းဆောင်ပြီး **D-1, D-2, D-3, D-4** ကို သိမ်းပိုက်ရမယ်။ နံနက်လင်း အားကြီးမှာ တိုက်ပွဲစပါပြီ။ **Mountain Gun** တို့၊ ဒုံး လက်မစိန်ပြောင်းတို့၊ ဘရင်းဂန်းတို့ရဲ့အသံတွေဟာ ဆူညံ နေအောင် ကြားနေရပြီ။ တပ်မဟာမှူးနဲ့ ကျွန်တော်ကတော့ ပြောပါတယ်။ ပေးထားတဲ့အချိန်ဇယားအရ ပစ်ခတ်မှု





အချိန်ဇယားက ကောင်းတယ်။ **Terrain** မြေအနေအထား အရ **Fire Plan** အတိုင်းတော့ သိမ်းပိုက်နိုင်ပုံပေါ်မယ် ထင်ဘူးလို့ ပြောတယ်။ တပ်ရင်း (၁၀၆) ကတည်း စိတ် ဓာတ်ကောင်းတယ်။ သူတို့က **Light Infanty** ဆိုတော့ **Automatic** တွေပဲ များတယ်။ ဗိုလ်ချုပ်က ပြောတယ်။ ဗိုလ်ကြီးဗကြိုင်က **Fire Plan** နဲ့ တပ်ကို **Lift** လုပ်ပေး ပါတယ်။ တပ်က တောင်ပေါ်ကို မော့တိုက်နေရတယ်။ နောက်ပြီးတော့ တစ်ဖက်နိုင်ငံက အမြောက်ကျည်ဆန် သူတို့ဘက်ကို မကျရဘူးတဲ့။ **KMT** က ကျွန်တော်တို့ ဘက်သီးဆုပ်လိုက်ရင် လက်ဖမိုးနဲ့ လက်ချောင်း စသည့် နေရာကပေါ်နေတဲ့ အရိုးအဆစ်တွေလိုနေတဲ့ တောင်ထိပ် တွေမှာ ခံကတုတ်ကျင်းတွေမှာ "နံ့"တောင်တန်းနည်းပါး ဆစ်တွေ အခိုင်အမာဆောက်လုပ်ထားတယ်။ မိမိတပ်က လက်ဖမိုးဘက်က တက်တိုက်ရတာ။ လက်ချောင်းနေရာ တွေနဲ့အောက်က တစ်ဖက်နိုင်ငံဆိုတာ တိုက်ရတဲ့တပ်ဟာ ချုပ်ပြီးတိုက်နေရတာပေါ့လေ။ **KMT** က လက်နက် ပါတယ်။ အပေါ်စီးရထားတယ်။ မိမိတပ်က စိုင်တမော့ တွေကို တက်တိုက်ရတော့ ရန်သူဘန်ကာတွေထဲက **Fire**



www.burmeseclassic.com

www.burmeseclassic.com



Power ကိုရော မိမိတပ်ရဲ့ Covering Fire ကိုပါ ထွေးရော ယှက်တင် လှိမ့်ခံနေရတော့တာပေါ့။ အကျအဆုံးကလည်း တော်တော်များနေပြီဆိုတော့ နမ့်ဆန်က လေကြောင်းအကူ ကို စက်နဲ့ခေါ်ရတယ်။ လေယာဉ်အုပ်က ဗိုလ်မှူးစောမြ (နောင်–ဒုကာကွယ်ရေးဦးစီးချုပ်–လေ၊ ဝန်ကြီး) ဗိုလ်မှူးတင်မောင်အေး (နောင်–ဗိုလ်မှူးကြီး) တို့က သူတို့ လေယာဉ်အုပ်စုနဲ့ ရောက်လာပြီး Rocket တွေ ဘာတွေ ပစ်တော့တာပါပဲ။ ရန်သူက မြေပြင်မှာ ပစ်အားမလျော့ဘူး ညနေစောင်းလာတော့ ဗိုလ်ချုပ်က ဗိုလ်မှူးထွန်းတင် လာပါဆိုလို့ တပ်စုတစ်စုနဲ့ သူ့ "O" Group ကို သွားတာ ရန်သူရဲ့ အုံးဝှမ်ဆိုတဲ့ Recoiless ဆော်လိုက်လို့ ဆာဂျင် တစ်ယောက်နဲ့ ရဲဘော်နှစ်ယောက် ကျသွားပါတယ်။ တိုက်ပွဲ မပြင်ခင် အဲဒီလိုဖြစ်သွားတော့ သူတို့ကို အလေးပြုသင်္ဂြိုဟ် ပြီး KMT တွေကို ကလဲ့စားချေမယ်မဟုတ်လားဆိုပြီး ရဲဘော်တွေကို ရဲဆေးတင်တယ်။ ဗိုလ်ချုပ်ဆီရောက်တော့ ဗိုလ်ချုပ်က ခါးမှာ ဂေါ်ရခါးဓားကောက်နဲ့။

မနက်ဖြန်နံနက် ခင်ဗျားတပ်ကို အဆင်သင့်လုပ်ထား ခင်ဗျား တိုက်ရမယ်။ ဟုတ်ကဲ့။ စိတ်ချပါဆိုပြီး တာဝန်





ယိတ်ကို ပြန်တယ်။ ဟိုရောက်ရောက်ချင်း ရတဲ့အချိန် လေး လုပြီးပြင်ရဆင်ရတယ်။ အင်းစိန်တိုက်ပွဲတုန်းကလို မဟုတ်တော့ဘူး။ ကာကွယ်ရေးဦးစီးချုပ် ကျေးဇူးကြောင့် အဆင်ပြေတဲ့ နိုင်ငံခြားနိုင်ငံအချို့နဲ့ ၃၀၃ ကျည်ဆန်လုပ်တဲ့ သတ်နက်စက်ရုံကတော့ ဖြစ်နေပြီ။ လက်နက်ကျည်ဆန် အပြည့်ရှိပါတယ်။ အားရှိစရာပါပဲ။

ဗိုလ်ကြီးဗကြိုင်နဲ့ အမြောက်တပ်က ဗိုလ်မှူး ရဲထွန်းတို့ Fire Plan စီမံချက်လုပ်တော့ ကျွန်တော်က Rate of Advance ကို ပြင်ပြီးနေပြီဆိုတော့ စီမံချက် မှန် သွားအောင် ဝင်ကူဆွဲပေးပါတယ်။ ဆွဲပြီးတာနဲ့ နောင်ရဲ ကလည်း သူ့လူတွေနဲ့ Ranging လုပ်တာပါပဲ။ ရန်သူ ကိုလည်း မှန်ပြောင်းနဲ့ကြည့်ရင် မြင်နေရတယ်။ ကတုတ် ကျင်းတွေ အခိုင်အမာလုပ်နေကြတယ်။ ပွဲကတော့ ကြည့် ကောင်းမယ့်ပွဲပါပဲ။ ယိုးဒယားဘက်က ဆိုက်ကားတွေ၊ မော်တော်ကားတွေနဲ့ တိုက်ပွဲကို လာကြည့်ပြီး အရှုံးအနိုင် လောင်းကြတယ်လေ။ KMT ကလည်း ကြွားထားတာက မြန်မာတပ်ဟာ ဘယ်တော့မှ သူတို့တောင်ထိပ်က ခံစစ်ကို ပေါက်အောင်မတိုက်နိုင်ပါဘူးတဲ့။ Marshalling Area က



www.burmeseclassic.com

www.burmeseclassic.com



၀၅း၀၀ နာရီမှာ ထွက်တယ်။ အမိန့်ပေးအဖွဲ့နဲ့ တောင်ကုန်း ကို ၀၆း၀၀ နာရီလောက် ရောက်တယ်။ ၀၆း၃၀ နာရီမှာ **Start Line** ကို ရောက်တယ်။ နောက်ပိုင်းက တပ်ခွဲ တစ်ခွဲက နမ့်ဆမ်က လိုက်လာတော့ လျော့သွားတဲ့ တပ်ခွဲ အင်အားတွေမှာ နည်းနည်းထည့်ပေးပြီး သူ့ကို တပ်စုနှစ်စု လောက်နဲ့ **Battalion Reserve** လုပ်ထားရတယ်။

ဒီပွဲမှာလည်း **B Coy** ဟာ **Leading** ပဲ။ ကျွန်တော် **B Coy** နဲ့ပဲ။ **C Coy Follow up, D Coy Reserve, A Coy** က **Platoon 2** နဲ့ တိုက်ရတယ်။ **D-1** တောင်ကို လျှိုထဲကနေ နောက်ကတက်ပြီး ညာသံပေးပြီး **H Hour** ဆိုတဲ့အချိန်မှာ စတိုက်ရတယ်။ အချိန်ရောက်ရင် စပစ်ဖို့ မီးကျည်တွေ ပစ်ဖောက်ဖို့ အမိန့်ပေးထားတယ်။ ၀၆း၃၀ နာရီမှာ **Mountain Gun** တွေကစပြီး ပစ်ပေးတယ်။ ရန်သူကလည်း အပေါ်စီးရထားတော့ ကောင်းကောင်း တန်ပြန်နေတာပါပဲ။ အဲဒီအချိန်မှာ **D-1** တောင်ရဲ့နောက် ရန်သူ နောက်ကျောက တပ်စုနှစ်စုကစပြီး ပစ်တက်နေပြီ။ ရှေ့ကို မဲနေတဲ့ ရန်သူဟာ သူ့နောက်ကျောကို ပြန်ကြည့်နေရပြီ။ ဒီဘက်ကလည်း **Fire Plan** အတိုင်းပဲ။ မိမိ အမြောက်ကျည်ဆန်နဲ့ အကာအကွယ်ယူပြီး ထပ်ကြပ်မကွာနေရာယူ ပစ်တက်လုပ်နေရတယ်။ ရန်သူရဲ့ အားနည်းချက်က သူ့နောက်ကျောကို **Defensive** လုပ်တာ အားပျော့နေတယ်။ ရှေ့က **Frontal Attack** က **Fire Plan** အတိုင်း **Rate of Advance** နဲ့ တက်နေတယ်။ နောက်က တပ်စုနှစ်စုက သူတို့နေတဲ့တောင်ရဲ့ အလယ်ကိုရောက်သွားပြီ။ ကျွန်တော်က ဘယ်သူမှ မသိအောင် သုံးလက်မစိန်ပြောင်း နှစ်လက်နဲ့ နှစ်လက်မ စိန်ပြောင်းသုံးလက်ကို **Motar Brigade** သဘောထည့်ပေးလိုက်တယ်။ သူတို့ကို ဒီက တပ်ရင်းမှူးက **Vary Light** မီးကျည်သေနတ် **Red Green Red** ပစ်ပေးလိုက်တယ်။ သူတို့နောက်က မော်တာ သုံးလက်မရော၊ နှစ်လက်မတွေရော ရန်သူ့ဘန်ကာတွေထဲကို ချိန်မှန်ပစ်သွင်းပေးနေတယ်။ ရန်သူ လှုပ်လှုပ်ရွရွ ဖြစ်နေတယ်။ လက်စသတ်တော့ **D-2** နဲ့ **D-3** က ရန်သူ့တပ်တွေက **D-1** ကို **Reinforce** လုပ်နေတယ်။ **Follow up Company** ကို **88-set** နဲ့ခေါ်ပြီး ဘယ်တောင်ပံကနေပြီး ရန်သူရဲ့ **Reinforcement** ကို ဖြတ်တောက်နိုင်းရတယ်။

**Point Coy** က **pin down** ဖြစ်နေတယ်။ သူ့ကို






www.burmeseclassic.com

www.burmeseclassic.com



မလှုပ်နိုင်းဘဲ Covering Fire ပစ်နိုင်းပြီး Reserve Company ကို ညာတောင်ပံကနေပြီး ပစ်တက် တက်နိုင်းရတယ်။ Rate of Advance ဟာ Fire Plan ကို မလိုက်နိုင်ဘူးပေါ့။ Artillery Support နဲ့ ရန်သူ Reinforcement ကို ပစ်နိုင်းပြီး H + 30 တုန်းကအတိုင်း Artillery Barrage လုပ်ပေးဖို့ပြောတော့ နောင်ရဲက ပစ်ပေးပါတယ်။ နိုင်ငံခြားတပ်တွေလို ဖောခြင်းသောခြင်း Free Firing Barrage တော့ မဟုတ်ဘူးပေါ့။ Interval နဲ့တော့ ချွေတာရေးနည်းနဲ့ ပစ်ပေးပါတယ်။ ရန်သူဟာ သူ့နောက်ကျောက ရန်သူကို ရင်ဆိုင်နေရတယ်။ Frontal Attack ဟာ Held up ဖြစ်ပြီး Pin Down ဖြစ်နေတယ်။ ဒါနဲ့ နောက်ကျောက အခြေအနေပေးနေတော့ B Coy နဲ့ C Coy က တပ်စုနှစ်ခု ရန်သူ့နောက်ကျောက တပ်စုနှစ်ခုနဲ့ ပေါင်းပြီး အခြေအနေပေးရင် Green Red Green ပစ်ပြီး လုံးစွပ်တက်ထိုးဖို့ တပ်ခွဲမှူးပါထည့်ပြီး မှာလိုက်တယ်။ H + 60 မှာ သူတို့ ရောက်သွားတယ်။ ပူးပေါင်းပြီး H + 90 မှာ GRG မီးကျည်တွေရပြီး ကျားထိုးသံနဲ့ ဘရင်းစတင်း၊ မော်တာ၊ လက်ပစ်ဗုံးသံတွေဟာ ဆူညံသွားတယ်။





ရန်သူတွေ ကျသွားတာတွေ၊ ပြေးတာတွေ အကုန်မြင်နေရပြီး တစ်ချိန်တည်းလိုမှာပဲ တပ်ရင်းတစ်ရင်းလုံးဟာ Red Red Red ပစ်ပြီး လုံးစွပ်တက်ထိုးကြတယ်။ ရန်သူဟာ D-3 နဲ့ D-4 ကို ဆုတ်ပြေးပါတယ်။ D-3 နဲ့ D-4 ကိုလည်း တစ်ပြိုင်နက်တည်း တပ်ရင်း (၁၀၆) နဲ့ တပ်ရင်း (၂၃) တို့က တက်တိုက်လိုက်ကြတော့ D-1, D-2, D-3, D-4 တောင်တစ်ကြောအားလုံး ရလိုက်ပါပြီ။ ယိုးဒယားဘက်က Brigadier General တစ်ဦးက ရဟတ်ယာဉ်နဲ့လာကြည့်နေပါတယ်။ အဲဒီဘက်က လောင်းတဲ့လူတွေ တော်တော်ရှုံးသွားတယ်လို့ ကြားပါတယ်။ ရန်သူ့ Mountain Warfare and Trench Warfare နဲ့ Tunnel Warfare ဟာ ခံစစ်အနေနဲ့ တော်တော်အံ့အားသင့် ချီးမွမ်းဖို့ကောင်းပါတယ်။

ရန်သူ့တောင်ကြောတစ်ခုလုံးကို ရလိုက်တဲ့ ခမရ (၁၀၆)၊ ခလရ (၂၃) နဲ့ ခလရ (၄)၊ အမြောက်တပ်တို့ဟာ တောင်ကြောပေါ်မှာ ရေဘူးထဲက ရမ်နဲ့ အောင်ပွဲခံလို့ ကြပါသေးတယ်။ စစ်ဆင်ရေးမှူးက ကပ်ပါလာပါတယ်။ တပ်မှူးတွေကို ဘရမ်ဒီတစ်ပုလင်းစီ ပေးပါတယ်။ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဝေ့ပြီး ဖောက်သောက်လိုက်ကြတော့တာပါပဲ။ တာချီလိတ်ကို ပြန်ကြတာ သိပ်မနီးတော့ဘူး။ သိမ်းပိုက်မိတဲ့ ရန်သူ့တောင်ကုန်းတွေပေါ်မှာပဲ ညခံစစ် **All round Defence** လုပ်ပြီးနေလိုက်ကြပါတယ်။ ရန်သူဟာ ငါးကြီးခွံလို ခံတပ်လုပ်ထားတယ်။ အဆင့်ဆင့် ခံသွားတဲ့ပုံပေါ်နေတယ်။ တိုက်ရတဲ့တောင်တန်းကြီးတွေကို ဗိုလ်ချုပ်က အမြဲ နာမည်တွေ ပေးထားတယ်။ မှတ်ရလွယ်တာပေါ့။ နှစ်ပေါင်း ၃၄ နှစ်ကျော်လာတော့ တချို့နာမည်တွေကို မေ့တော့တော့ ဖြစ်နေပါပြီ။ ရှေ့တိုက်ရမယ့် တောင်တန်းက A တောင်တန်း။ **A-1, A-2, A-3, A-4** ထင်ပါတယ်။ ခမရ (၁၀၆) တို့၊ ခလရ (၂၃) တို့၊ **Leap Frog** တိုက်သွားကြတယ်။ အကျအဆုံး မိမိဘက်ကရော ရန်သူဘက်ကရော ရှိပါတယ်။ ရန်သူ့ **Line of Withdrawal** က **Intermediate Position** တွေပါပဲ။ ရန်သူက **E-1, E-2, E-3, E-4, E-5, E-6, E-7** မှာတော့ စကတည်းက **Mountain Warfare** အတွက် ပြင်ဆင်ပြီး **Tunnel** ရော၊ **Communication Trench** တွေရော၊ **Fox Hole** တွေရော တူးထားကြပါတယ်။ သူတို့ရဲ့ **Head Quarters** မှာ **Zig Zag Tunnel**





တွေနဲ့ ဘန်ကာတွေ လုပ်ထားတယ်။ အထဲမှာ လူတွေ ကျကျနနနေလို့ရတယ်။ ဆက်သွယ်လို့ ခုခံလို့ရအောင် ဖုံးရိုက္ခာ၊ လက်နက်၊ ခဲယမ်းအပြည့်အစုံ ရှိတယ်။ ဒါအပြင် အနားယူအပန်းဖြေစခန်းနဲ့ ဘာနဲ့ပဲ။ အပန်းဖြေစခန်းမှာ တစ်ဖက်နိုင်ငံက အမျိုးသမီးတွေလည်း နေပုံရပါတယ်။ **KMT** ဒီဘက် စစ်မျက်နှာမှာ ဗိုလ်ချုပ်ရှိနေတယ်။ မိမိတို့ ဗိုလ်ချုပ်က သုံးသပ်တယ်။ ဒီ **E** တောင်ကုန်းတွေကို တိုက်ပြီးရင်တော့ ဒီဘက်က **KMT** တွေနဲ့ လွိုင်လမ်းဘက်က **KMT** တွေ လွိုင်တုံးကြီးမှာ သွားပေါင်းလိမ့်မယ်တဲ့။ ဗိုလ်ချုပ်ရဲ့ **Strategy** ကတော့ ရန်သူကို မိမိဘက်က တပ်အင်အား အများကြီးရှိတယ်ထင်အောင်ရယ် ရန်သူကို မိုင်းဆတ်၊ မိုင်းတုံဘက်ကလည်း တိုက်တယ်။ ကျိုင်းတုံ၊ တာချီလိတ်ဘက်ကလည်း တိုက်တယ်ဆိုတဲ့ နှစ်ဖက်ညှပ်ပူးညှပ်ပိတ် တိုက်တယ်ဆိုတဲ့ **Strategy** နဲ့ ရန်သူကို မိမိတို့မြန်မာနိုင်ငံတော်က မောင်းထုတ်မည့်သဘောပါပဲ။ **Tactics** ကတော့ ရန်သူကို **Surprise** လုပ်မယ်။ ရန်သူ **Defensive** ကို မိမိဘက်က **Offensive Action** ပေးတာပါပဲ။ ရန်သူက ရှမ်းပြည်နယ်အရှေ့ဘက်တောင်ခြမ်းကို



www.burmeseclassic.com

အတော်ကြာကြာ တပ်စွဲပြီး မဟာဗျူဟာအနေနဲ့ တရုတ် ပြည်မကြီးကို နှစ်ရှည် အနှောင့်အယှက်ပေးဖို့ လုပ်တာပါပဲ။ **Deterrance of Communist Infiltration to south East Asia** ဖြစ်မှာပါ။ သူတို့က မိမိတပ်ကို ထိုးစစ်လုပ်ဖို့က သူတို့ရဲ့ တိုင်းပြည်မဟုတ်တာက တစ်ကြောင်း၊ သူတို့ပြီး သား နယ်မြေကိုသာ အခိုင်အမာတပ်စွဲလိုတာက တစ် ကြောင်း၊ နောက်တစ်ခုက သူတို့ **Offensive Action** ထက် **Defensive Action** ကို ပိုမိုအားကိုးတာက တစ် ကြောင်း ရှိနေပါတယ်။ အဲဒါ **Principle of Warfare** အရဆိုရင် သူတို့ တစ်ပန်းရှုံးနေတယ်။ မိမိဘက်ကတော့ သူတို့ကို မိမိတိုင်းပြည်က တိုက်ထုတ်ဖို့ဆိုတာဟာ အဓိက ဖြစ်နေတော့ ထိုးစစ် **Offensive Action** ပဲလုပ်ရမှာ ဖြစ် နေတယ်။ ရင်ဆိုင်တိုက်ပွဲမှာ သူတို့ဘက်ကသာတာက မြေအနေအထား၊ မိမိဘက်ကသာတာက "မရရအောင် တိုက်မည်" ဆိုသည့် စိတ်ဓာတ်ပါပဲ။ သူတို့ဟာ တရုတ် ကွန်မြူနစ် တပ်နီတွေနဲ့ရော ဂျပန်ဖက်ဆစ်တွေနဲ့ရော တိုက်လာခဲ့တဲ့တပ်တွေဆိုတော့ တော်တော်ကို ထုသား ပေသားရနေတဲ့ တပ်တွေပါ။ သူတို့ဗိုလ်ချုပ်တွေနဲ့ တပ်

သားတွေဟာ မတတ်သာလို့သာ ဆုတ်ပြေးရတာ။ ဣန္ဒြေ တော့ ခပ်ရရပဲ။ တပ်တွေဟာ **Withdraw** မှာ ဣန္ဒြေရခဲ့ ယ်။ အင်မတန် အတွေ့အကြုံကောင်းတဲ့ တပ်တွေသာ **Withdraw** မှာ ဣန္ဒြေရတတ်တယ်။

မိုင်းဆတ်၊ မိုင်းတုံက ရန်သူတွေအားလုံးဟာ ကျင်၊ လွိုင်လမ်း၊ မိုင်းယောင်းဘက်ကရော၊ တာချီ လိတ်၊ ယိုးဒယားနယ်စပ်က တောင်ထိပ်တွေမှာ အခိုင်အမာ ပ်စွဲနေတဲ့ ရန်သူတွေနဲ့ ပူးပေါင်းပြီး **E** တောင်တန်းနဲ့ င်တုံးကြီးကိုတော့ သူတို့ ကျားကုတ်ကျားခဲ ခုခံပြီး နေ တော့မယ့်ပုံပါပဲ။ မေလထဲရောက်လာပြီ။ မိုးအနည်းငယ် ပြီး မိုးသားတွေ လိပ်လိပ်ပြီး တောင်ဘက်က တက် နေပြီ။

**ဆင်ရေးမှူးကြီးက E တောင်တန်းကို တက်သိမ်းရန် မိန့်ပေးပြီ**

စစ်ဆင်ရေးမှူးကြီးက တပ်မဟာ (၉)၊ တပ်မင်း ယ်မှူးကြီး လှမော်ရယ်၊ ကျွန်တော်ရယ် အမြောက်တပ်က မှူးရဲ့ထွန်းရယ် သုံးယောက်နဲ့ အခြားတပ်မှူးများကို




www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တာချီလိတ်ဗိုလ်တဲမှာ အစည်းအဝေးလာဖို့ ဝါယာလက်နဲ့ ခေါ်ပါတယ်။ တိုက်သွားတုန်းကတော့ ဖောကရှိနေလို့ အပြ မှာတော့ တစ်တောင်ပြီးတစ်တောင် အတက်အဆင်း လု လာရတယ်။ လူစုံတာနဲ့ပဲ ဗိုလ်ချုပ်က သူ့ဌာနချုပ်မှာ အစည်းအဝေးလုပ်တယ်။ ဘရန်ဒီ စတိုက်တယ်၊ အစည်း အဝေးရဲ့ အရေးအကြီးဆုံး အချက်ကတော့ စစ်ဆင်ရေ မှူးကြီးဟာ စစ်ရုံးချုပ်က ဗိုလ်ချုပ်အောင်ကြီးတို့နဲ့အတူ မြန်မာ၊ လာအို၊ ယိုးဒယား၊ **Tri-junction** နယ်စပ် **Border Conference** သွားလုပ်မယ်တဲ့။ သူဟာ ဒီအ တာရထားတဲ့ E တောင်တန်းကို သူဦးစီးပြီး တိုက်ချင်ပေမယ့် သူဦးစီးဖို့ မဖြစ်တော့ဘူးတဲ့။ ယခုဆိုရင် မိုးဦးရာသီဟာ အစပြုနေပြီ။ နောင် မိုးသိပ်ရွာလာလျှင် အမြောက်ကည ဆန်၊ ခဲယမ်းမီးကျောက်၊ ရိက္ခာသယ်ရတာတွေ ခက် လာမယ်။ ဒါကြောင့် သူ ပြန်အလာကို မစောင့်တော့ E တောင်တန်းက ရန်သူတွေကို တိုက်ထုတ်ရမယ်တဲ့။

ဒီတိုက်ပွဲကို ဗိုလ်မှူးကြီးလှမော်ရယ်၊ ဗိုလ်မှူး ထွန်းတင်ရယ်၊ အမြောက်တပ်က ဗိုလ်မှူးရဲထွန်း ဦးဆောင်ပြီး E တောင်တန်းကို တိုက်ရမယ်တဲ့။ **E-1, E-**





**2, E-3, E-4, E-5, E-6, E-7** အားလုံးက ရန်သူတွေကို အပြီးအပိုင် ချေမှုန်းတိုက်ထုတ်ရမယ်တဲ့။ **E** တောင်တန်း က **Commanding Feature** ရှိနေတယ်တဲ့။ သူ့ကိုရအောင် တိုက်ပစ်ရမယ်တဲ့။

သူ **Lao Border** က ပြန်ရောက်လာရင် တိုက် တာ အောင်မြင်တယ်ဆိုတာကိုပဲ ကြားချင်မြင်ချင်တယ် တဲ့။ အဲဒါ ခင်ဗျားတို့တာဝန်ပဲတဲ့။ **Fire Plan** နဲ့ **Fire Supporting** ကို သူ့ **Tac Head Quarter** က **Staff** တွေ နဲ့ ကျွန်တော်တို့သုံးဦး ရေးဆွဲပြီး တိုက်ရမယ်တဲ့။ ကျုပ် ဆိုးမသွားခင် ဒီအမိန့်ကို ကျုပ်ကိုယ်တိုင်ပေးခဲ့တယ်။ ဒါပဲ။ ဆွေးစရာရှိရင် မေးဆိုလို့ ဗိုလ်ချုပ် **D Day** တိုက်ရမယ့်နေ့ ရက်ပြောပါဆိုတော့၊ ခင်ဗျားတို့ ရွေးပါတဲ့။ အရန်အင်အား တပ်ခွဲ နောက်ထပ်တစ်ခွဲလောက်များ ရနိုင်ဦးမလား ထမေး တော့ ဒီတိုက်ပွဲကို ခလရ (၄) တစ်ရင်းတည်းပဲ တိုက်ပါတဲ့။ တိုတပ်ရင်းနှစ်ရင်းက ရပြီးသား တောင်ထိပ်တွေကို နေရာ ယူထားတော့ တပ် မနုတ်ချင်တော့ဘူး။ အင်အားလည်း ဒါပဲ ရှိတယ်တဲ့။ ရန်သူအင်အားများပြီး နေရာကောင်း တောင်ထိပ်တွေမှာ အခိုင်အမာယူထားတာ သိပါတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရန်သူမောနေတုန်း **Momentum** ယူပြီး မိမိတပ်တွေရဲ့ **Initiative** ရနေတုန်း တိုက်ထုတ်ဖို့။ နောက်ထပ် မေးစရာ မရှိရင် ဒီညတော့ တပ်မှူးတွေ တာချီလိတ်မှာပဲ အိပ်ကြစို့ ရှေ့တန်းက လူတွေကို ဒီကပဲ ကွပ်ကဲဖို့ပြောတယ်။ ကျွန်တော်တို့ ဗိုလ်ချုပ်ကို အလေးပြုပြီး ရေမိုးချိုးပြီး ဗိုလ်တဲမှာ လူပြန်စုကြတယ်။ ရမ်လေး ဘာလေး စသောက်ကြပြီလေ

နောင်ရဲက အမြောက်တပ်က မှန်ပြောင်းကြီးနဲ့ တစ်နေရာကိုကြည့်ပြီး နောင်ထွန်းတင် လာကြည့်ပါဦးတဲ့ သွားကြည့်တော့ ရန်သူမဟုတ်ဘူးဗျ။ တကယ့်မဟာမိတ်တွေပါလား။ ဟိုဘက်ကို ရဲဘော်တွေ မကူးရလို့ အမိန့်ထုတ်ထားတယ်။ ဒီဘက်က မကူးကြပါဘူး။ ကျွန်တော်တို့သာ ဒီကကြည့်ပြီး အမောအပန်းဖြေကြပါစို့လို့ ပြောလိုက်တော့မှပဲ ဝါးခနဲ ရယ်ကြပြီး စားကြသောက်ကြတယ်။ အဲဒီအချိန်မှာ စစ်ဆင်ရေးမှူးကြီး ရောက်လာပြီး ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အမောအပန်းဖြေရင်း ရမ်သောက်နေကြတာပါ ဗိုလ်ချုပ်လို့ ပြောလို့ ဗိုလ်ကြီးဗကြိုင်ကို ဘရန်ဒီတစ်လုံး ပေးလိုက်ပါဦးဆိုလို့ ထပ်သောက်လိုက်ကြပါသေးတယ်။





**E 7 ကို တိုက်ရန် ပြင်ဆင်မှု**

စစ်သားတို့မည်သည်မှာ တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်းလုပ်ရင်း ကြံဖန်ပြီး ရယ်ရမောရ နောက်ပြောင်ပြီး ဒုက္ခကို သုခမှတ်ကြရတော့တာပါပဲ။ သောက်သာ သောက်ရတယ် ပေးခဲ့တဲ့တာဝန်ကြီးက ကျွန်တော်တို့သုံးယောက်ရဲ့ ခေါင်းနဲ့ကျောကုန်း၊ ပခုံးပေါ်မှာ တကယ့်ကို ကြီးလှတဲ့ဝန်ထုပ်ဝန်ပိုးကြီးပါပဲ။ မိုးက စရွာပြီ။ **Rate of Advance** နှေးမယ်။ ဒီတစ်ခါတော့ ရန်သူဟာ ကျားကုတ်ကျားခဲ ခုခံတော့မယ်။ မိမိဘက်က တပ်တွေလည်း တစ်ရင်းပြီးတစ်ရင်း မနေမနား တိုက်နေရတော့ တော်တော်တော့ ပင်ပန်းနေပါပြီ။ ရက်လကလည်း ၃ လနီးပါး ရှိလာပါပြီ။ အမြောက်ဆန်သယ်တဲ့ လားတွေလည်း တော်တော်များများ သေကုန်ပြီ။ ရှမ်းပြည်နယ်နဲ့ မြေလတ်ပိုင်းက စုလာတဲ့ ဘက်ချောထမ်းတွေဆိုတာ တော်တော်ထွက်ပြေးသွားကြပြီ။ လက်နက်ခဲယမ်း မီးကျောက်ကလည်း **1st Line, 2nd Line** လောက်ပဲ ရှိတော့တယ်။ အရန်မရှိသလောက် ဖြစ်နေပြီ။ ဘရင်းဂန်း၊ စက်သေနတ်ပြောင်းအချို့လည်း အချို့ပြောင်းတွေဟာ သိပ်အသုံးမဝင်တော့သလို ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ မောထသီးလို့ ခေါ်တဲ့ မော်တာဗုံးဆန်တွေလည်း နည်းလာပြီ။ လက်ပစ်ဗုံးကတော့ လုံလုံလောက်လော ရှိနေတယ်။ စတင်းဂန်းကျည် ၉ မမ လုံလုံလောက်လော ရှိနေတယ်။ နှစ်လက်မ စိန်ပြောင်း၊ ဗုံးသီးတွေ အသ အတင့် ရှိသေးတယ်။ ညအိပ်ကြပါပြီ။ ကျွန်တော် အိပ် မရလို့ ဗိုလ်ကြီးဗကြိုင်ကိုနှိုးပြီး ဖယောင်းတိုင်ထွန်းပြီးတော Fire Plan အကြမ်းဖျင်းဆွဲကြတယ်။ သူက ပြောတ E-1 ကနေ စဆွဲမယ်တဲ့။ ကျွန်တော်က မလုပ်နဲ့ဗျာ။ ကျ ဆန် နည်းနေပြီ၊ အမြောက်ဆန်လည်း သိပ်မပို့နိုင်တော့ဘူး ဖြစ်ချင်ရာဖြစ်တော့ အမြင့်ဆုံးတောင်ကုန်း E-7 ကိုပဲ စတို လိုက်တော့မယ်။ ဒီအခြေအနေမျိုးမှာ **Bold action** ရမယ်။

ရန်သူဗိုလ်ချုပ်လည်း အဲဒီတောင်ကုန်းမှာပဲ အ ပေးပြင်ဆင်နေတာ တွေ့နေရတယ်။ သူက တောင်အ ပိုင်းကနေ ခွစီးပြီးတိုက်ရင် မကောင်းဘူးလားတဲ့။ “နံ”တောင်လို တပ်ရင်းနှစ်ရင်းနဲ့ တိုက်ရမှာ မဟုတ်ဘူး ဟိုမှာက ကျွန်တော်တို့ကို **Faint attack role** ပေ ကျွန်တော့် ခလရ (၄) ကိုပဲ ဗဟာဒူးနဲ့ ဆင်ဦးခေါင်းတော





ကို ဝင်စီးနိုင်းတာ။ အခုဟာက အမြောက်အကူနဲ့ တပ်ရင်း တစ်ရင်းတည်း တိုက်ရမှာ။ ဆယ်ရေးတစ်ရေး ကိုးရေး တစ်ရာ တိုက်ပွဲရှုံးသွားရင်လည်း ခင်ဗျားရဲ့တစ်ပွဲစားကြီးရဲ့ ခွပ်ကရီးက နေမှာမဟုတ်ဘူး။ ကျုပ်တော့ E-7 ကိုပဲ ဦးတည်တိုက်ဖို့ စဉ်းစားထားပြီ။ ခင်ဗျားလည်း အိပ်တော့။ နက်ကို ဗိုလ်ချုပ်တို့သွားရင် ကိုမော်ကြီးနဲ့ ကိုရဲပြောပြီး ခင်ဗျားနဲ့ **Fire Plan** အသေးစိတ်လုပ်မယ်။ ကိုင်း ... အိပ်ကြစို့။ **Good night** ပဲ။ **Night Cup** လေး လုပ်လိုက် ဦးဆိုလို့ **Neat** တစ်ခွက်တော့ သောက်လိုက်ရသေးတယ်။ နီလင်းတစ်ရေးပါပဲ။ ဗိုလ်ချုပ်ကို ကားပေါ်အထိ လိုက်ပို့ လိုက်ပါတယ်။ မနက် ထမင်းကြော်စားပြီး ဗိုလ်ကြီးဗကြိုင်နဲ့ ဆပ်တိုင်ပင်ကြည့်တယ်။ ဗိုလ်မှူးကြီးလှမော်၊ ဗိုလ်မှူး ရဲထွန်းတို့နဲ့ အသေးစိတ်တိုင်ပင်ကြည့်ပြီး တောင်ပေါ်ပစ် အမြောက်တွေ အခြေအနေ၊ **Smoke Bomb** မီးခိုးဗုံး အခြေ အနေတွေမေးပြီး ဗိုလ်ကြီးဗကြိုင် နဲ့ **Fire Plan** လုပ်ရတယ်။ စာရွက်စာတမ်း အလွတ်တွေကို အလျားလိုက် ဖယားချ တယ်။ E-7 ကို လွှတ်ထားတဲ့ ကင်းထောက်မှူးဆီက မြေပုံ တိုတောင်းကြည့်ပြီး ဗိုလ်ချုပ် အရင်တိုက်ပွဲတွေမှာ လင်္ခံ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတိုင်း E-7 တောင်ကုန်းကို ကျွန်တော်တို့ ကွက်စိပ်ရိုက်တယ်။ E 7-1, E 7-2, E 7-3 စသည်ဖြင့် First Contour Line နဲ့ Second Contour Line တွေကို အပိုင်းခွဲထားလိုက်တယ်။ တစ်ခါထပ်ပြီးတော့ E 7-1- Bunker 1, E 7-1- Bunker 2, E 7-1-Bunker 3 ဆိုတဲ့ နည်းတူစွာ E 7 တစ်ခုလုံးကို ရန်သူ့ဘန်ကာတွေအလိုက် အသေးစိတ် အမှတ်အသားလုပ်ပြီး ဇယားမှာ ထည့်လိုက်တယ်။ တိုက်မယ့်တပ်တွေရဲ့ Formation ကို လုပ်လိုက်တယ်။ B Company ကို Assault Copany လုပ်ပြီး A Coy ကို Follow up လုပ်၊ C Coy ကို Reserve လုပ်၊ D Coy ကို နောက်ကထားပြီး B Coy held up ဖြစ်နေရင် A, C, D Coy တွေ တစ်ခုနဲ့တစ်ခု Leap Frog လုပ်ခိုင်းထားတယ်။ အားလုံး 88 Set နဲ့ Vary Light နဲ့ အမိန့်နားထောင်ဖို့ ပြောထားတယ်။ Wireless Silence လုပ်မထားဘူး။ Attack က Silence break into noisy မျိုးမဟုတ်ဘူး။ မတိုက်ခင် တစ်ရက်တည်းက ရန်သူ့တောင်ကုန်းကို Artillery ranging လုပ်ပြီး အမြောက် Gun တွေအလိုက် Pad စိုက်ပြီး Register လုပ်ထားတာဆိုတော့





ရန်သူက မိမိတပ်ရဲ့ ထိုးစစ်လာတော့မယ်ဆိုတာ ကြိုတင်သိပြီးသား တိုက်ပွဲအမျိုးအစားပုံစံပေါ့။ အသံမကြားအောင် ညတိုက်ပွဲလုပ်ဖို့ကလည်း ဒီတောင်အမြင့်ကြီးကို တက်တိုက်ဖို့ အသံမကြားဘဲမနေဘူး။ ဘယ်အချိန်စတိုက်တိုက် ရန်သူမမြင်အောင်ကတော့ မီးခိုးဗုံးအားကိုးနဲ့ တိုက်ရမှာပဲ။ E-6 နဲ့ E-7 ကြားမှာ Saddle လေးလို အထစ်ကလေးနေရာရှိနေတယ်။ မြေပုံမှာလည်း ရှိတယ်။ Ground မှာလည်းရှိတယ်။ ကံအားလျော်စွာ အနီးကပ် ကင်းထောက်ကြည့်တော့ ရန်သူနေရာယူမထားဘူး။ သူတို့ထင်နေတာက E-1 ကနေ ဆင့်ကဲဆင့်ကဲ တိုက်လိမ့်မယ်လို့ ထင်နေတယ်။ D-2 မှာစပြီး ကျည်မကုန်အောင် Smoke မီးခိုးဗုံးကျည်ဆန်ရော၊ HE (High Explosive) ရောနဲ့ ဟန်ဆောင် Artillery Ranging လုပ်မယ်။ D-1 မှာ D Coy က တပ်စုတစ်စု တိတ်တိတ်ပုန်းပြီး ဖျာခင်းထားမယ်။ Start Line ကို H-3 hour ကို ရောက်မယ်။ SL နဲ့ D Coy တပ်စုသက်ယူရမယ့် Saddle ဟာ Rate of advance ၄၅ မိနစ်လောက်ကြာမယ်။ အဲဒီ Saddle ကို ရှေ့ကတည်သည့်တက်ရင် E-7 ရဲ့ ညာဘက်ဖြစ်တယ်။ E-7 ကို



www.burmeseclassic.com

**Troops Sl** ကနေ **Assault Line** ကို စတက်ရင် အမြောက်နှစ်လက်လောက်က **E-1, E-2, E-3, E-4, E-5, E-6** ကို ရောင်ပြ သူတို့ကို စတိုက်ပြီထင်အောင် မီးခိုးဗုံး တစ်လုံးနှစ်လုံးရော **H-E** တွေရော ပစ်ပေးနေမယ်။ **E-7** ကို လုံးဝမပစ်ဘူး။ **H+45 minutes** မှာ **Saddle** ရောက်ပြီဆိုရင် **E-7** တောင်ကုန်းတစ်ခုလုံးကို မီးခိုးဗုံး တွေရော **H-E** တွေရော ပစ်ပေးနေမယ်။ **Fire Plan** အတိုင်း အမြောက်က ပစ်ပေးဖို့ပဲ။ နောင်ရဲနဲ့ တိုင်ပင်ထား တာက မှတ်ဆိတ်ရိတ်တဲ့မှန်လေးကို နေရောင်နဲ့ အချက်ပြ တာ ကြည့်ပြီး **Fire Plan** အတိုင်း ရှေ့ကို ကြိုပစ်ပေတော့ **Point Platoon** ဟာ ကိုက် ၃၀ ကပ်လိုက်မယ် ဆိုတော့ သူက မလုပ်နဲ့တဲ့။ အဲဒါ **Beaten Zone** မလွတ်ဘူးတဲ့ **Mountain Gun** ကို ကြည့်တော့ **Explosion** ဟာ **Antipersonal** မဟုတ်ဘူး။ တောင်စောင်းရဲ့ **Gradient** ဆိုရင် **Flight** က အပေါ်သွားတော့ လွတ်နေတယ်။ ကိုယ့် သုံးဆယ် ကပ်မလိုက်လို ရန်သူခေါင်းပြန်ထောင်ရင် သိမ်း ဝိုက်နိုင်ဖို့ ခက်မယ်။ **Own Artillery Fire** ကို ကျွန်တော် **Calculated Risk** ယူထားတယ်။ **Casuality** လည်း





တွက်ထားတယ်။ ပစ်သာ ပစ်ပါ။ **E-7** ရဖို့ပဲ အရေးကြီး တယ်ဆိုတော့ သူက ကတိပေးပါတယ်။ **E-7 Second Contour Line** ဘန်ကာထဲက ရန်သူတွေကို မီးခိုးဗုံးတွေနဲ့ ဖုံးထားဖို့ စီစဉ်ထားတယ်။ မီးခိုးက အပေါ်ကိုလာတော့ အိမ်တပ်ကိုလည်း ရန်သူမမြင်နိုင်ဘူးပေါ့။

ကျွန်တော်တို့ **Fire Plan** ကို အသေးစိတ် အမြောက်တပ်နဲ့ညှိပြီး တပ်မဟာမှူး ဗိုလ်မှူးကြီးလှမော်ကို ပြကြတယ်။ သူက သဘောတူပါတယ်။ ကိုထွန်းနဲ့ ကျွန် တော် လိုက်မယ်တဲ့။ မလုပ်ပါနဲ့ တပ်မင်း။ တပ်မင်းမှာ ကျောနာပေါင်းတန်းနေတော့ ချီတက်၊ ပြေးတက်ဖို့ ခက် တယ်။ **Command Post** က အရေးကြီးတာမို့ အဲဒီမှာ နေပြီး ကွပ်ကဲဖို့ တောင်းပန်ရတယ်။ သူက ရဲဘော်စိတ် ကြီးတယ်။ အားလုံးပြင်ဆင်ပြီးတော့ ကျွန်တော့် တပ်ခွဲမှူး တွေခေါ်ပြီး **Assembly Area** တောထဲမှာ **Tele Battle** လုပ်ပြီး စမ်းကြည့်သေးတယ်။ တိုက်မယ့် တပ်ခွဲမှူးတွေ ဘယ်လိုတိုက်ရမယ်ဆိုတာကို အလွတ်ကျက်မိအောင် အစမ်းအသံတိတ် လေ့ကျင့်တာပါ။ **D-Day** ရဲ့ **Minus 2** ရောက်ပြီ။ **Attack Fire Plan** အတိုင်း **E-1** ကနေ **E-6**



www.burmeseclassic.com

www.burmeseclassic.com



အထိကို ရောင်ပြ **Atrillery Ranging** စလုပ်ပါပြီ။ အဲဒီ အချိန်မှာ တပ်ခွဲမှူးတွေနဲ့ တပ်စုမှူး တပ်စုတပ်ကြပ်ကြီး တွေကိုခေါ်ပြီး ပြောတယ်။ စိတ်ဓာတ်မြှင့်တင်ပေးနေတယ်။ ဂေါ်ရခါးလူမျိုးရဲ့သတ္တိ ဒီလိုပွဲမျိုးမှာတော့ တကယ့်ကို ပြရတော့မယ်။ **Burma Gurkha** တွေဟာ ကြေးစားစိတ် မရှိဘူး။ မိမိတိုင်းပြည်ဖြစ်နေပြီး အဖေနဲ့အဘိုးပါဆိုရင် သုံးဆက်ရှိနေပြီမို့ မိမိတိုင်းပြည်ကို ကာကွယ်တဲ့အနေ နဲ့တိုက်မယ်။ ဒီလိုပွဲမျိုးကို မြန်မာနိုင်ငံတော် တိုင်းရင်း သားအားလုံး လူမျိုးမရွေး၊ ဘာသာမရွေး အားလုံးနားစွင့်ပြီး အနယ်နယ်မှာ အားပေးဆုတောင်းပွဲတွေ လုပ်နေကြတယ်။ လက်ဆောင်တွေ ပို့ပေးနေကြတယ်။ ဒို့ပြည်ကို တိုင်းခြား သားအား တစ်လက်မမျှ မပေးဘူး။ ဒို့ပြည်ကိုထိရင် ဒင်းတို့ မီးပွင့်သွားစေမယ်ဆိုပြီး ပြောထားတယ်။

ဂေါ်ရခါးထုံးစံအတိုင်း တပ်ရင်း **Pundit** ထံက သင်ထားတဲ့ ဆရာကြီးတစ်ယောက်နဲ့လည်း **Puja** ပူဇော် ပသပွဲနဲ့ ဆုတောင်းပွဲ တိတ်တိတ်လုပ်ပေးထားတယ်။ **Goddess of Mountain, Goddess of Forest, Goddess of War** နဲ့ ရာမလက္ခဏတို့ကိုပါ ပူဇော်ပေးလိုက်





တယ်။ စိတ်ဓာတ်အရ ရဲဆေးတော့ အားလုံးလုပ်ပေးပြီးပြီ။ နောက်ပိုင်း သားမယားတွေအားလုံးကိုလည်း အသက် အာမခံနဲ့ အသုံးလုံး၊ လက်ရက်ကန်း၊ စက်ရက်ကန်း၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်လုပ်ငန်းတွေမှာ ထည့်ပေးထား တာ ၇၀ ရာခိုင်နှုန်းလောက်ဟာ ရှေ့တန်းက သူတို့ ယောက်ျားတွေထက်တောင် ဝင်ငွေကောင်းနေပါတယ်။ နေ့စဉ်နေ့တိုင်း ရမ်အရက် သူတို့နဲ့အဖော်လုပ် ရောသောက် ပြီး ဂေါ်ရခါးစစ်ချီသီချင်းတွေကိုပါ တောထဲမှာ ဆိုနိုင်းက င်းထားတယ်။ ဒီနေရာမှာ ကျဆုံးသွားတဲ့ ဂေါ်ရခါး သော်တွေအတွက် လက်စားချေပွဲလုပ်ရမယ်ပေါ့။ ဂေါ်ရခါး တွေနဲ့ အရာရှိတွေက ချင်း၊ ကချင်၊ ကရင်၊ ဗမာတွေလည်း သွားကြွနေကြပြီ။ စိတ်ဓာတ်ကို တွက်လိုက်ရင်တော့ အခြေအနေဟာ ပေးနေပါပြီ။

## E 7 ကို တက်သိမ်းပြီ

**D-Day** ကိုရောက်ပါပြီ။ နေသာနေပါတယ်။ **H Hour** ကတော့ ထုံးစံအတိုင်း ဝ၆း၀၀ နာရီပဲ။ **"H-1"** ၀၅း၀၀ နာရီမှာ **Start Line** ကို ရောက်နှင့်ပြီ။ တပ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



အသင့်ဖြစ်နေပါပြီ။ "H" 2 ဖြစ်တဲ့ မနက် ၀၄း၀၀ နာရီမှာ D Coy က No-12 Platoon ဟာ ရွေးထားတဲ့အတိုင်း Saddle ကို စတင်တက်နေပါပြီ။ "H" 100 မိနစ်မှာ တပ်စုဟာ Saddle ကို ရောက်ပြီဆိုတဲ့အကြောင်း Code နဲ့ သတင်းပို့ပါတယ်။ ရန်သူဟာ ဒီအမြင့်ဆုံး Tring Point တွေကိုသာ ယူထားပြီး Saddle ကို လွှတ်ထားတာဟာ သူတို့ရဲ့ ဟာကွက်ကလေး တစ်ကွက်ပါပဲ။ အဲဒီဟာကွက် သည် မိမိတပ်အတွက် အကောင်းဆုံး အားသာချက်ဖြစ် နေပါပြီ။

D Coy ရဲ့ No-12 Platoon တက်တဲ့အတိုင်း Assault Coy ဖြစ်တဲ့ B Coy ဟာ ရှေ့ဆုံးက တပ်ခွဲမှ နဲ့ တက်လိုက်သွားပါပြီ။ တွဲထားတဲ့ Rate of Advance အတိုင်းမရပါ။ တောရော၊ တောင်ရော၊ လျှိုရော ဆိုတော့ တစ်နာရီကျော်ကျော် တက်မှပဲ ရောက်တော့တယ်။ နံနက် လင်းအားကြီး အရုဏ်ဦးတိုက်ပွဲသဏ္ဍာန် "H" Hour ကို စောင့်နေကြပါတယ်။ အသက်ရှူသံတောင် မကြားရပါဘူး ကိုယ်စီရဲ့စိတ်ထဲမှ KMT ရန်သူကိုတော့ ဒီတစ်ချီ လင်း ကုန်တီးလိုက်တော့မယ်ဆိုတဲ့ စိတ်ပဲရှိနေတယ်။ ရန်





သည်း ငြိမ်နေတယ်။ အငိုက်မိလိုက်ဖို့တော့ ပိုင်နေပြီထင် ရတယ်။ "H" Hour ကို ရောက်ဖို့ စောင့်နေရတာဟာ သိပ်ကြာတယ် ထင်ရတယ်။ "H" Hour ကို စောလိုက် ချင်တယ်။ ခုမှတော့ ပြင်လို့မရတော့ဘူး။ အရှေ့ဘက်က ချောင်နီဦး မြင်နေရပါပြီ။ H-10 min H-5 min, H ......H-1 min တွေကို BST အတိုင်း Synchonize လုပ်ထားတယ်။ H-10 Sec-9, -8, -7, -6, -5, -4, -3, -2, -1, 1 "H" Hour ရောက်ပါပြီ။ ၀၆း၀၀ နာရီတိတိမှာ Artillery Mountain Guns တွေ Ranging အတိုင်း ရန်သူ့ position ရဲ့ Second Contour Line ရော တောင်ထိပ်ရော၊ Register လုပ်ထားတဲ့ ဘန်ကာတွေကိုရော၊ High Explosive တွေနဲ့ ပစ်ပြီး၊ Second Contour Line ကို ပစ်ပေးတဲ့ Smoke Round တွေက အပေါ်တက်လာပြီး မိမိတပ်ကို Covering Fire လုပ်ပေးထားပါပြီ။ တစ်တောလုံး တစ် တောင်လုံး ပစ်ခတ်သံများဖြင့် ဆူညံနေပါပြီ။ ရှေ့တန်း ဆေးတပ် တပ်ဆွယ်မှူးဗိုလ်ကြီး ဒေါက်တာတင်ဦး (ဆေးမှူး နောင် ADMS က ကျွန်တော့်နားကနေ တောင်ပေါ်ကို အတင်းလိုက်တက်နေတယ်။ တပ်ခွဲကတော့ ရိုင်ဖယ်



www.burmeseclassic.com

www.burmeseclassic.com



ဘရင်းဂန်း၊ စတင်းဂန်း လက်ပစ်ဗုံး၊ **M-9 A-1** တွေနဲ့ အားလုံးပစ်ပြီး တစ်ဟုန်ထိုး တအားပြေးတက်နေပါပြီ။ မိမိတပ်ရဲ့ ပစ်သံခတ်သံတွေရော ရန်သူဘက်က စက်သေနတ်သံတွေရောဟာ ဆူညံနေတာပါပဲ။ ကြောက်ဖို့ နေနေသာသာ ပျော်စရာလိုလို ထင်ရတယ်။ ဗိုလ်ကြီးတင်ဦးက ဆရာဝန်ဆိုတော့ **E-7** နဲ့ ကိုက် ၁၅၀ လောက်မှာရှိတဲ့ ကျောက်တုံးမှာ အတင်းအမိန့်ပေးပြီး ချန်ထားခဲ့ရတယ်။ သူက ဒဏ်ရာရတဲ့လူတွေကို ဆေးကုဖို့ ... အရေးကြီးပါတယ်။ အခု သူက **Infantry Foot Soldier** လို လုပ်နေတာ။

အဲဒီအချိန်မှာ **Fire Plan** အတိုင်း အမြောက်တပ်က **E-** တောင်တန်းတစ်ခုလုံးကို **Engage** လုပ်ထားလိုက်ပါပြီ။ နေလည်း ထွက်လာပါပြီ။ **E-7** ပေါ်က ရန်သူတွေကို **B Coy** နဲ့ **A Coy** တပ်ခွဲနှစ်ခုစလုံး **Assault** လုပ် ကျားထိုးပြီး ထွေးလုံးရစ်ပတ်ချေမှုန်းနေပါပြီ။ ကျွန်တော်တို့အားလုံးဟာ တောင်ပေါ်ပစ် အမြောက်ကျည်ဆန် ... ပေါက်ကွဲခြင်း ရှေ့ကို ကိုက် ၃၀ စီ ပြေးတက်တက်ပြီး **Close Quarter Battle Hip Firing** နဲ့ ရန်သူဘန်ကာ





...တွေ ပစ်ကျင်းတွေ ဆက်သွယ်ရေးမြောင်းတွေကို တစ်ခုပြီးတစ်ခု ပစ်ခတ်ရှင်းလင်း လုံ့စွပ်ထိုးတိုက်ပွဲ ဝင်လိုက်တာ **H t 30** မိနစ်မှာ **E-7** ကြီးတစ်လုံးကို အောင်မြင်စွာ သိမ်းပိုက်လိုက်နိုင်ကြောင်း သတင်းပို့နိုင်ပါပြီ။ ထိုသတင်းကို ရှေ့တန်းဌာနချုပ်သို့ ပို့လိုက်ရာ ဌာနချုပ်မှတစ်ဆင့် တာချီလိတ်၊ တာချီလိတ်မှတစ်ဆင့် ကျိုင်းတုံ၊ ကျိုင်းတုံမှ တစ်ဆင့် စစ်ဆင်ရေးမှူးကြီးထံ သတင်းဆက်လက်ပို့နေကြကြောင်း ကြားသိရပါတယ်။ ဝေလီဝေလင်းမှာ တရုတ်ဖြူတို့ ...လိုက်ရပြန်ပါပြီ။ တရုတ်ဖြူ စစ်ဗိုလ်၊ စစ်သားတွေဟာ သူတို့ရဲ့ ခံစစ်ကျင်းတွေထဲမှာ မိမိတို့ လက်နက်ငယ်၊ အမြောက်စသည့် လက်ချက်တွေကြောင့် အတုံးအရုန်း ဖြစ်နေပါတယ်။ မိမိဘက်က ဒဏ်ရာရသူတွေကို ချက်ချင်း နောက်ကိုပြန်ပို့နေပါပြီ။ **D Coy** ကို **E-6, E-5, E-4, E-3, E-2, E-1** အတိုင်း ပြောင်းပြန်တိုက်ခိုင်းထားလိုက်တယ်။ **C Coy** က **Leap Frog** လုပ်ပြီး ထွက်ပြေးသွားတဲ့ ရန်သူတွေကို တောင်ကြောကုန်တဲ့အထိ **Pursue** လိုက်စစ်အနေနဲ့ စစ်ဆင်တယ်။ **A** နဲ့ **B Coy** က **E-7** တောင်ကုန်းပေါ်မှာ **Consolidate** လုပ်နေပါပြီ။ **H+2 Hour** မှာ ခလရ (၄)



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်း တစ်ရင်းလုံး E-တောင်တန်းကြီး (တော်တော် အခိုင်အခံ့ ကြွက်တွင်းတွေလိုတူးပြီး Communicati Trench တွေထဲမှာတောင် ဝါးပိုးဝါးတွေကိုခွဲပြီး မှော လှန်မိုးပြီး နေနေလိုက်ကြတာတွေ ယာယီအိမ်လေးတွေ ကြက်တွေရော၊ ဝက်တွေရော၊ ကျည်ဆန်လက်နက်ခဲယ မီးကျောက်တွေကတော့ အများကြီးပါပဲ။) ကို အောင်မြင် သိမ်းပိုက်လိုက်နိုင်ပါပြီ။ ပင်ပန်းဆင်းရဲတာတွေ အားလုံး သွားပြီ။ အမြောက်တပ်က ဗိုလ်မှူးရဲထွန်းတို့နှင့်အ တပ်မင်းဗိုလ်မှူးကြီး လှမော် (ပထမပတ်– ဂျပန်ပြန်) တောင်ပေါ်ကို တက်လာပါပြီ။ Congratulation တွေ တာ စုံသွားတာပါ။ တစ်ယောက်နဲ့တစ်ယောက် ဖက်ကြ ပေါ့လေ။ လက်ဖက်ရည်ဖျော်ပြီးသား သံပုံးကြီးကိုထမ်း လို့ မတ်ခွက်တွေနဲ့ တစ်ယောက်တစ်ခွက် သောက်လို ကြတာ ဆွေမျိုးကို မေ့သွားတာပါပဲ။

**စစ်ဆင်ရေးမှူးကြီး E-7 ပေါ် တက်ရောက်ပြီး အ မေးမြန်း**

နောက်တစ်ရက် နှစ်ရက်လောက်မှာ စစ်ဆင်

မြရတနာစာပေ



ကြီး lao က ပြန်လာတော့ E-7 ကို အရင်တက်လာ ဦး ဝမ်းသာအားရ ပြုံးရယ်နေပါတော့တယ်။ ထုံးစံအတိုင်း င်ရင် ဘရန်ဒီတစ်လုံးပေးတယ်။ အမောပြေပေါ့။ ဂေါ်ရခါး ရာရှိတချို့က ဝက်သားကြိုက်တယ်။ သူတို့ရယ် ဗိုလ်ကြီး ကိုကြီးနဲ့ ဗိုလ်ကြီး ခင်အုန်းတို့ဟာ ဝက်ကို အကောင် ိုက်မီးကင်ပြီး စားနေကြတယ်။ ဗိုလ်ချုပ်က သဘောကျ န်းလို့ သူက ကျွန်တော်တို့ O Group ကို ခေါ်ပြီး E- ောင်တန်းတစ်ခုလုံးကို တပ်ခွဲနှစ်ခွဲနဲ့ ထိန်းခိုင်းထား ီးတော့ နောက်တပ်ခွဲနှစ်ခွဲနှင့် လွိုင်တုံးကြီးကို ချက်ချင်း င်းထောက်ခိုင်းပါတယ်။ တာချီလိတ်၊ လွိုင်တုံးကြီး၊ ်ငးယောင်၊ လွိုင်လမ်းက K M T တွေဟာ များသော ားဖြင့် တစ်ဖက်နိုင်ငံနဲ့ ကရင်ပြည်နယ်ဘက်က ဒေါန ောင်တန်းကို သူတို့ အခိုင်အမာ ထပ်လုပ်တော့မယ်။ ူတို့ အင်အားတော့ ထပ်ဖြည့်လိမ့်မယ်ထင်တယ်။ တချို့ ာ အတွင်းဘက်က သံလွင်မြစ်တောင်ဘက်၊ ကျိုင်း ောင်။ ကျိုင်းခမ်းဘက်ကို ပြေးသွားကြောင်း သတင်း နေပါတယ်။ တပ်ခွဲတစ်ခွဲနဲ့ ဗိုလ်ကြီးခင်အုန်းကို Brief-

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ing ပေးပြီး ဗိုလ်ကြီးထွန်းနောင် လားဟူနှစ်ယောက် မနက်အစောကြီးကနေ လွှတ်လိုက်တာ ညနေစောင်း လောက်မှ ပြန်ရောက်လာကြတယ်။ ရန်သူပြေးလမ်း ချိတက်နိုင်မည့်လမ်းများ လွိုင်တုံးကြီး ရန်သူအခြေအနေ များ၊ ခံစစ်အခြေအနေများ အားလုံးသိခဲ့ရတယ်။ လွိုင် ကြီးကို တစ်ချီတမောင်းတော့ တိုက်ကြရဦးမှာပဲလို့ ထင် တယ်။ ဘယ်တပ်ရင်းများ တာဝန်ယူရမလဲပေါ့။ ဒီတာဝန် တပ်ရင်း (၂၃) နဲ့ ခမရ (၁၀၆) တစ်ခုခုတော့ ဖြစ်နိုင် တယ်။ သို့မဟုတ် တပ်မဟာ (၉) က တပ်ရင်းတစ်ရင်း ဖြစ်နိုင်ပါတယ်။

စစ်ဆင်ရေးမှူးကြီး ပြန်ရောက်ပြီး ၄၈–နာရီ အတွင်းမှာ မိုးတအားရွာနေပါပြီ။ လားလမ်းတွေလည်း ပျက် ပြီး လားတွေ မဆွဲနိုင်တော့ပါ။ ချောထမ်းတွေလည်း လေးဘာက်ပစ်ပြီ၊ အမြောက်ကို ချောထမ်းနဲ့ စမ်းသယ်ကြည့် သေးတယ်။ တောင်ပေါ် တောလမ်းခရီးပြင်းမှာ ဘယ်ပုံနည်း နဲ့မျှ ရတော့မည် အခြေမရှိတော့ပါ။ ချောထမ်းတော လားရော အင်အားဟာ သိပ်ကိုနည်းနေပါပြီ။ တပ်တွေ လည်း ဖွဲနုပဲနဲ့သာ လုပ်နေရတယ်။ တော်တော်ကို





နေပါပြီ၊ ငှက်ဖျားရောဂါသည်တွေလည်း ထပ်တိုးလာတယ်။

အရာရှိတွေနဲ့ **Family men** တွေလည်း မိုးတွေက လွန်း အမိုးအကာလည်း သိပ်မရှိတော့ အိမ်ကို လွမ်း နေကြပြီပေါ့။ စစ်ဆင်ရေးမှူးကြီးအနေနဲ့ **O Group** ကို ခေါ်ပြီး ရန်ကြီးအောင်စစ်ဆင်ရေးကို အနည်းငယ် သုံးသပ် ပြပါတယ်။ ဒီနှစ်နားမယ်။ မိုင်းတုံ၊ မိုင်းဆတ်ဘက်က တပ်တွေရော၊ တာချီလိတ်ဘက်က တပ်တွေရောကို လက်ရှိ တပ်မဟာတွေက တပ်တွေက အခြားတပ်အချို့နဲ့ ဒီနေရာ တွေကို အခိုင်အမာယူထားဖို့ အခု တိုက်ပြီးတဲ့တပ်တွေဟာ မိမိတပ် မိမိတပ်မဟာကို စနစ်တကျ ပြန်ကြဖို့ အစီအစဉ် ချပ်ဖို့ အမိန့်ပေးပါတယ်။ အမြောက်တပ်အပါအဝင် ဖြစ်ပါ တယ်။ **Artillery, Engineer, Signal, S&T, Medical** စသည်တို့လည်း အသီးသီးဌာနချုပ်ရှိရာ နေရာတို့ကို ပြန် ကြရမှာ ဖြစ်ပါတယ်။

တပ်မဟာ (၉) က ကျိုင်းတုံဘက်ကနေ စီစဉ် ပေးပြီး နမ့်ဆန်ဘက်ကလည်း မော်တော်ယာဉ် သယ်ယူ ပို့ဆောင်ရေး စသည်တို့ကို တော်တော်လုပ်ပေးကြပါတယ်။ မနက်ခင် တစ်ညနေမှာ ဗိုလ်မှူးကြီးညွန့်နဲ့ ဒုတိယဗိုလ်မှူး



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဘနီတို့ မယ်ဆိုင်ဘက်ကနေ တာချီလိတ်ကို ကူးလာ ပါတယ်။ သူတို့က ယိုးဒယားဘက်ကနေ ရိက္ခာထောက်ပံ့ ရေး လုပ်နေကြရတယ်။ မြန်မာပြည်မက ထောက်ပံ့ရတာ ဝေးနေတော့ သိပ်အဆင်မပြေသဖြင့် ယိုးဒယားဘက်က ကုန်သည်များနဲ့ အစိုးရပိုင်း တပ်မတော်ပိုင်းက ခွင့်ပြုချက် ယူပြီး ရိက္ခာပို့ပေးတယ်။ ပြည်တွင်းဘက်က လေထီးနဲ့ **Front** ကို ချပေးပါတယ်။ **Front Drop** လည်း ချပေး တယ်။

## ဆိုင်းဘက်က ညှော်ခံမှု

ဒုတိယဗိုလ်မှူးကြီးဘနီ (ကိုရဲနီကြီး) က တပ်မင်း ဗိုလ်မှူးကြီး လှမော် (ကိုမော်ကြီး) ကို တိတ်တိတ် ကပ်ပြော တယ်။ ယိုးဒယားဗိုလ်ချုပ်တွေက သိပ်ချီးမွမ်းနေကြောင်း ဖင်းမယ်ဘက်မှာ ဒီဘက်က တပ်မှူးတွေကို ထမင်းစားပွဲနဲ့ ညှော်ခံဖို့လုပ်ထားကြောင်း ခွင့်ပြုသင့်ကြောင်းပြောတော့ စစ်ဆင်ရေးမှူးကြီးကလည်း ကျိုင်းတုံဘက် ထွက်သွားပြီ ဖြစ်လို့ သူတာဝန်ဖြစ်နေတော့ အင်တင်တင် လုပ်နေ မယ့် ကိုညွန့်ကြီးနဲ့ ကိုရဲနီကြီးတို့ အားနာပြီး ဗိုလ်မှူး





ညွန့်တင်နဲ့ ဗိုလ်မှူးရဲထွန်းတို့ လိုက်သွားဖို့ တာဝန်ယူဖို့ လိုက်ပါတယ်။ ရန်ကုန်က သတင်းထောက် အဖွဲ့တွေ ည်း ပါလာပါတယ်။ တာချီလိတ် ဟိုဘက်ကမ်းရောက် တော့ ယိုးဒယားဗိုလ်ချုပ်တွေက ဆီးကြိုနှုတ်ဆက်ပြီး ပျူပျူ ငှာ ပြုစုညှော်ခံပါတယ်။ ဂျော်နီဝါးကား၊ မဲခေါင်အရက်နဲ့ ကျွန်တော်တို့နှစ်ယောက် တပ်ခွဲမှူးအချို့နဲ့ သတင်း ထောက်တွေကို ခပ်ချိုချိုသောက်ဖို့ ပြောပါတယ်။ ဘယ် လဲ တစ်နာရီလောက်နဲ့ပဲ လူတွေထွေပြီး မူးကုန်ပါပြီ။ ကျွန်တော်တို့တပ်ရင်း (၅) နဲ့ အမြဲပါနေကြ သတင်းထောက် တစ်ဦးကလည်း အန်နေပါပြီ။ ကိုမော်ကြီးကို ပြန်သတင်း ပို့ တာဝန်ရှိနေလို့ပါဆိုပြီး တောင်းပန်ပြီး တာချီလိတ် ဘက် ကူးလာရတယ်။

## စစ်ဆင်ရေးကြီးအပြီး မိခင်တပ်ရင်းဌာနချုပ်သို့ အပြန်

နောက်တစ်နေ့ တကယ့်စစ်မြေပြင်ကြီးကို မျှော် ကြည့်မိတယ်။ ငေးမောတွေဝေနေမိတယ်။ စဉ်းစားစရာ တွေ မြောက်မြားစွာနှင့် **Power Wagon** ပေါ်တက်ပြီး ကျိုင်း တုံ တပ်မဟာကို ထွက်လာကြပါတယ်။ ကျိုင်းတုံ တပ်



www.burmeseclassic.com

www.burmeseclassic.com



မဟာက တပ်မဟာဗိုလ်မှူး ဗိုလ်တင့်ဆွေ (နောင်–ဝန်ကြီး ဦးတင့်ဆွေ) ကလည်း တော်တော် ညှော်ခံပါတယ်။ ကျောင်း တိုက်စော်တွားထံလည်း ဝင်ပြီး သွားလည်ပတ်လိုက်ကြပါသေး တယ်။ ကျောင်းတိုက်မှာရှိတဲ့ဘုရားလည်း မသေလို့ သွားရောက် ဖူးမြော်ပြီး ဆီမီး၊ ဖယောင်းတိုင်၊ ပန်း၊ ရေချမ်းကပ်ပြီး ဆုမွန်ကောင်းတောင်း ကျဆုံးသွားတဲ့ မိမိရဲဘော်တွေကို လည်း ကောင်းရာသုဂတိလားဖို့ မေတ္တာတွေပို့သလိုက် ရပါတယ်။ အနန္တော အနန္တငါးပါး ရတနာမြတ်သုံးပါး ဖူး မြတ်စွာဘုရားတို့ရဲ့ ဂုဏ်ကျေးဇူး၊ သမာဒေဝ နတ်ကောင်း နတ်မြတ်တို့ရဲ့ မေတ္တာနဲ့ မိမိရဲ့သစ္စာနဲ့ ဒီလောက်ပြင်းထန် တဲ့ တိုက်ပွဲကြီးများ အောင်အောင်မြင်မြင်နဲ့ စွမ်းဆောင် နိုင်ခဲ့ပြီးလို့ အိမ်ပြန်ရောက်ပါတော့မယ်။ နောက်နေ့ ကျောင်း တိုက်ကနေ နမ့်ဆန်၊ နမ့်ဆန်ကနေ တစ်ဆင့် အော်တာ လေယာဉ်နဲ့ လားရှိုးကို ပြန်ပါတယ်။

လားရှိုးက တပ်မဟာမှူး ဗိုလ်မှူးကြီး ချစ်မြိုင် B M ဗိုလ်မှူးသန်းဝင်း၊ D Q ဗိုလ်မှူးခင်မောင်ချစ်တို့နဲ့ **Brigade H Q Staff** တွေကို ရှေ့တန်းစစ်မျက်နှာရဲ့ အတွေ့အကြုံတွေကို သူတို့က ပြောနိုင်းလို့ ဖောက်သည်

မြရတနာစာပေ



ချရပါတယ်။ ရန်ကြီးအောင် စစ်ဆင်ရေးကြီး အောင်မြင် တာဟာ မြန်မာနိုင်ငံတော်အတွက် နိုင်ငံရေး၊ စစ်ရေး အောင်မြင်ချက်တွေပါပဲ။ တရုတ်ပြည်မှာ ချူးမော် **Concept** နဲ့ နိုင်ငံရေး၊ စစ်ရေး အနိုင်ရပြီး နိုင်ငံရေးကြီး တစ်ခဲနက် ပြောင်းလဲသွားပြီးတော့ ချန်ကေရှိတ်ရဲ့ တရုတ် ဖြူဟာ ဆုတ်ပြေးရပါတယ်။ နိုင်ငံကြီးတစ်ခုကလည်း ချန်ကေရှိတ်အတွက် အတော်ကြီး လုံးပန်းလိုက်ပါသေး တယ်။ မရတော့ပါဘူး။ တရုတ်ပြည်ကြီးကို ကွန်မြူနစ် ဝါဒ လွှမ်းမိုးသွားပါပြီ။ ရလိုရငြား တရုတ်ဖြူတွေကို **General Limi** နဲ့ မြန်မာ၊ ယိုးဒယားနယ်စပ်ကို ရွှေ့ပြီး မွေးထားပါတယ်။ မြန်မာနိုင်ငံတော်အစိုးရနဲ့ တပ်မတော် ပြည်သူတွေဟာ သတင်းစာတွေကပါ ဝိုင်းရေးသားကြ သော်လည်း ကုလသမဂ္ဂမှာ **KMT** ကျူးကျော်မှုကို အထောက်အထား စုံလင်စွာဖြင့် တင်ပြကြသော်လည်း ရေတော့ပါဘူး။ တိုက်ခိုက်ဖို့ နည်းလမ်းကလွဲလို့ အခြား နည်းမရှိတော့ပါ။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ဟာ ၁၉၄၈–၄၉ ခုနှစ်အပြီး ၁၉၅၀၊ ၅၁၊ ၅၂၊ ၅၃ မှာ ရန်ကုန်အစိုးရကနေပြီးတော့ နိုင်ငံတော်ကို အုပ်မိပါပြီ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မသုံးလုံးနယ်မြေက ဗကပတွေလည်း ရွှေလီဘက်က တစ်လမ်း၊ ကျောက်ဆည်၊ ကျောက်ဂူ၊ ရှမ်းပြည်နယ်က တစ်လမ်း၊ အနီးဆုံးနိုင်ငံနဲ့ အဝေးဆုံးနိုင်ငံ နှစ်နိုင်ငံသို့ ပြေးနေကြပါပြီ။ နစ်နီလည်း သခင်စိုးနဲ့ ပြေးနေရပါပြီ။ **KNDO** လည်း အင်းစိန်ကနေ ပြေးရတာ မြစ်ဝကျွန်းပေါ်မှာ တော်တော်လေး ချန်ရစ်ပြီး ပဲခူးရိုးမကနေ နယ်စပ်ဘက်သို့ ပြေးနေရပါပြီ။ ရောင်စုံသူပုန်တွေလည်း နေရာအနှံ့အပြားမှာ ရှိနေသေးသော်လည်း အစိုးရ၏ တပ်မတော်ကြီးဟာ တိုက်ရင်းခိုက်ရင်းကနေ အမာခံနဲ့ တဖြည်းဖြည်း ချဲ့လာလိုက်တာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နဲ့ တောင်ပိုင်းစစ်ဌာနချုပ်ရဲ့ အောက်တွေမှာ တပ်မဟာ ၉ ခုလောက်နဲ့ တကယ်တိုက်တဲ့ ခြေလျင်သေနတ်ကိုင်တပ်ရင်းများမှာ တပ်ရင်းပေါင်း ၃၀ ကျော်လောက် ရှိနေပါပြီ။ အားကိုးရတဲ့ လက်ရုံးတပ်တွေလည်း ဖွင့်လာနိုင်ခဲ့ပါပြီ။ လေ့ကျင့်ခန်းတွေလည်း တိုက်ရေးခိုက်ရေးဘက်ကရော၊ အုပ်ချုပ်ရေးဘက်ကရော အကုန်ပေးထားပါတယ်။ လေ့ကျင့်ရေး သင်တန်းကျောင်းတွေလည်း အမြန်ဆုံးဖွင့်ထားပါတယ်။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှင့်





အခြားတပ်မတော်အကြီးအကဲများ၏ ကြိုးပမ်းချက်အရ လက်နက်ငယ်နှင့် ကျည်အချို့၊ မော်တာကျည်အချို့တို့ကိုလည်း ပြည်တွင်းမှာ ထုတ်လုပ်တတ်လာပြီဖြစ်လို့ စက်ရုံတွေ၊ လက်နက်ခဲယမ်းမီးကျောက် တပ်တွေကိုရော သယ်ယူပို့ဆောင်ရေး တပ်တွေကိုရော၊ အချက်ပြဆက်သွယ်ရေး တပ်တွေရော ဖွဲ့စည်းပေးပြီး တပ်မတော်(ရေ)၊ (လေ)ဘက်ကိုလည်း တတ်အားသရွေ့ ပြန်ကြည့်ပေးပြီး ဖွဲ့စည်းတိုးချဲ့မှုတွေ လုပ်ခဲ့ပါတယ်။ စိတ်ဓာတ်ရေးရာ သင်တန်းတွေလည်း ဆက်တိုက်ပေးနေပါတယ်။ တပ်မတော်ရဲ့ အင်အားဟာ **KMT** နိုင်ငံခြားကျူးကျော်မှုကို ရင်ဆိုင်တိုက်ခိုက်မှုဖြင့် အနိုင်ယူနိုင်ပြီး ရောင်စုံသောင်းကျန်းသူတွေကိုလည်း ရင်ဆိုင်ရ၊ ပြောက်ကျားကို ပြောက်ကျားနည်းနဲ့ရော တိုက်နေကြရတော့ တပ်တိုင်းဟာ အားတယ်မရှိပါ။ ဘယ်သူ့ကိုမျှ အားမကိုးဘဲ မိမိတပ်မတော်ရဲ့ အင်အားဟာ မိမိနိုင်ငံထဲမှာပဲ ရှိတယ်ဆိုတဲ့ အဓိက စိတ်ဓာတ်အရင်းခံနဲ့ အဘက်ဘက်က ရန်သူတွေကို ကြံကြံ့ခံလာနိုင်ပါပြီ။ နေရာဒေသအားဖြင့် တောင်တန်း၊ တောင်ထိပ်တွေပေါ်မှာ အပေါ်စည်းရထားပြီး လူ့အင်အားဖြင့်လည်း တစ်သောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျော်လောက်ရှိပြီး ထုသားပေသား ရထားပြီးဖြစ်တဲ့ ခံစစ်ပိုင်း အနိုင်အမာယူထားပြီး လက်နက်ခဲယမ်းမှာလည်း အလုံအလောက်ရှိနေတဲ့ ဗိုလ်ချုပ်ကြီး **Limi** အုပ်ချုပ်တဲ့ **KMT** တပ်တွေကို မိမိတို့ တပ်မတော်က စစ်ရေးအားဖြင့် အနိုင်ရအောင် တိုက်ခဲ့ရတယ်ဆိုတာဟာ တပ်မတော်ကြီးရဲ့ တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်၊ တစ်ဖက်က အကြီးဆုံးအုပ်ချုပ်သူ ဗိုလ်ချုပ်ကြီး၏ အနိုင်အမာဆုံးဖြတ်ချက် စစ်ဆင်ရေးမှူးကြီးနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှာ အုပ်ချုပ်ကွပ်ကဲအားပေးကူညီမှု၊ တိုင်းနှင့် တပ်မဟာတပ်ရင်းတို့၏ အမာခံ စိတ်ဓာတ်နှင့် လေ့ကျင့်ရေးနှင့် လက်တွေ့ စစ်မြေပြင် အတွေ့အကြုံများ ရှိနေလို့သာ အနိုင်တိုက်နိုင်ခြင်း ဖြစ်ပါတယ်။

ဒီရန်ကြီးအောင် စစ်ဆင်ရေးမှာ ကျွန်တော် လက်တွေ့ အချစ်တော်တွေကတော့ ဘရင်းဂန်းရယ်၊ နှစ်လက်မ စိန်ပြောင်း၊ သုံးလက်မ စိန်ပြောင်းရယ် **CQB** အတွက် စတင်းဂန်းရယ်၊ **88 Signal Set** ရယ်၊ **Power Wagon** ရယ်၊ **Marshal Tito** လက်ဆောင်ပေးသွားတဲ့ **Mountain Gun** ရယ်ပါပဲ။ အချစ်တော် အစစ်တွေကတော့





ကျွန်တော်တို့ ခိုင်းတာတွေကို ရှုပ်ရှုပ်ချုံချုံ ဦးလည်မသုန်ဆောင်ရွက်သွားတဲ့ ဗိုလ်၊ အကြပ်တပ်သား တွေပါပဲ။ နိုင်ငံတော်နဲ့ တိုင်းသူပြည်သားတွေရဲ့ အားပေးမှုကလည်း စိတ်ဓာတ်ကို မြင့်မားတက်ကြွစေပါတယ်။ ကျွန်တော်က လားရှိုးမှာတစ်ညအိပ်ပြီး တပ်ခွဲတွေအရောက်ကို ကျောက်မဲ ကနေ ကြိုနေရပါတယ်။ တပ်ခွဲတွေက နောက်တစ်ရက် နှစ်ရက်နေမှ ရောက်လာတော့ ကျောက်မဲမြို့တော်သူ မြို့တော်သားများက အုန်းအုန်းကျွက်ကျွက် ကြိုဆိုအားပေး အောင်သပြေပန်းတွေကမ်းပြီး အငြိမ့်တွေ ဘာတွေနဲ့ အောင်ပွဲတွေ ပြုလုပ်ပေးကြပါတယ်။ ငွေဖလားကိုလည်း ပေးပါတယ်။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အစီအစဉ်ဖြင့် မန္တလေးမြို့တော်ကလည်း တပ်ရင်းတွေကို ငွေဖလားကြီးတွေနဲ့ ဂုဏ်ပြုကြိုဆို ချီးကျူးစကား မြို့မိမြို့ဖကြီးများက ပြောကြားကြပြီး မန္တလေးအငြိမ့်ဖြင့် ဖျော်ဖြေကြပါသေးတယ်။

တိုက်ခဲ့ ခိုက်ခဲ့ရတဲ့ အမောတွေကတော့ အားလုံးပြေပျောက်ပြီး အောင်အောင်မြင်မြင် အနိုင်ရရှိခဲ့ခြင်းကို သခုတိုင် တွေးမိရင် တိုင်းပြည်နှင့် လူမျိုးအတွက် ပီတိဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



ပါတော့တယ်။

"စစ်သားတို့မည်သည်မှာ . . . . .စစ်မြေပြင်မှာ အောင်ပွဲရဖူးမှသာ တင့်တယ်ပါပေတယ်"

❖



## အခန်း ( ၈ )

### တိုက်ပွဲဝင်တပ်မှူးကြီးများ၏ဖော်ပြချက်များ အမှတ်( ၃ )

တတိယဖော်ပြမည့် တိုက်ပွဲဝင်စစ်မှတ်တမ်းမှာ "စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ'' စာအုပ်ဖြင့် အမျိုးသား စာပေဆုရရှိခဲ့သည့် ဗိုလ်မှူးချုပ်သန်းတင်(အငြိမ်းစား)၏ ဖော်ပြချက်ဖြစ်ပါသည်။

အချိန်က ၁၉၅၅ ခုနှစ် နှစ်လယ်ပိုင်းဖြစ်သည်။

စာရေးသူ ဗိုလ်မှူးချုပ်သန်းတင်သည် ဗိုလ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဘဝနှင့် ပြင်ဦးလွင်ရှိ ဗိုလ်သင်တန်းကျောင်းတွင် နည်းပြ တာဝန် ထမ်းဆောင်လျက်ရှိ၏။

တစ်ရက်တွင် တိုင်းစစ်ဌာနချုပ်က ညွှန်ကြားသဖြင့် လေယာဉ်ဖြင့် နမ့်စန်သို့သွားရင်း နမ့်စန်မှ မိုင်းဆတ်သို့ ထပ်သွားရ၏။ မိုင်းဆတ်မှ မိုင်းတုံသို့ ကားဖြင့်သွားရ၏။ မိုင်းတုံတွင် စစ်ရုံးမှဆောင်ရွက်မည့် **KMT** တရုတ်ဖြူများကို တိုက်မည့် ရန်ကြီးအောင်စစ်ဆင်ရေးတွင် ပါဝင်ဆင်နွှဲ ရတော့၏။

စစ်ဆင်ရေးမှူးမှာ ဗိုလ်မှူးချုပ်ကျော်ဇောဖြစ်၏။

ဗိုလ်ကြီးသန်းတင်သည် ၁၉၅၃ ခုနှစ်က ဆောင် ရွက်ခဲ့သည့် နဂါးနိုင်စစ်ဆင်ရေးတွင် ပါဝင်ဖူးသော အတွေ့ အကြုံရှိသည့် တပ်မှူးတစ်ဦးဖြစ်သောကြောင့် ဗိုလ်သင်တန်း ကျောင်းနည်းပြမှ ရှေ့တန်းသို့ ခေါ်ယူကာ အထူးတာဝန် ပေးခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ဆီးပြောကြ၏။

ဗိုလ်ကြီးသန်းတင်ကား သဘောတရားထက် လက်တွေ့အားသန်သူဖြစ်၏။ တကယ့် **Typical Soldier** ဖြစ်၏။ ထို့ကြောင့် ရန်ကြီးအောင်စစ်ဆင်ရေးကြီးတွင် ကျရာတာဝန်ကို ပျော်ပျော်ကြီးဆင်နွှဲခဲ့၏။





နဂါးနိုင်စစ်ဆင်ရေးတွင် ပါဝင်ခဲ့သည့် ဗိုလ်ကြီးသန်းတင်
ယခု ဗိုလ်မှူးချုပ်သန်းတင် (အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ ပါဝင်ဆင်နွှဲခဲ့သော ရန်ကြီးအောင် စစ်ဆင်ရေး အတွေ့အကြုံများကို ကာယကံရှင် ရေးသားသည့် "စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ" စာအုပ် စာမျက်နှာ ၂၄၄ မှ အောက်ပါအတိုင်း ပြန်လည်ဖော်ပြအပ်ပါသည် ခင်ဗျား။

**ရန်ကြီးအောင်စစ်ဆင်ရေး**

အမှတ်စဉ် (၁၃) ဗိုလ်လောင်းသင်တန်းဆင်းသွားပြီး တစ်လလောက် နောက်တပ်ခွဲ (၁၅) အတွက် ပြင်ဆင်မှုများ ပြုလုပ်ပြီး စာရေးသူပဲ ဆက်ပြီးတာဝန်ကျပြန်ပါသည်။ ဤသင်တန်းကိုလည်း ဗိုလ်လောင်း သင်တန်း (၁၃) ကဲ့သို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ချမှတ်ပေးသည့်အတိုင်း ဆောင်ရွက်ရသည်။ ဤအမှတ်စဉ် (၁၅) သင်တန်းတက်နေစဉ် [illegible]လကျော်အချိန်လောက်တွင် ကျောင်းအုပ်ကြီး ဒုတိယ ဗိုလ်မှူးကြီး သူရမြဝင်းက ခေါ်ခိုင်းသည်ဆိုကာ ဆက်သား တော် ရောက်လာသည်။ စာရေးသူလည်း ဆက်သား တော်နောက်ကို လိုက်သွားပြီး ကျောင်းအုပ်ကြီးရုံးခန်းသို့ ဝင်ရောက်၍ ကျောင်းအုပ်ကြီးနှင့် တွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအုပ်ကြီးက ထိုင်ပါတဲ့။ ဆက်ပြီး ဗိုလ် သန်းတင် အလုပ်တော်တော်များနေပြီလားတဲ့။ ယ ခင်ဗျားကို ခေါ်ရတဲ့အကြောင်းကိစ္စက မကြာခင် တရုတ်ဖြူ ကျူးကျော်သူတွေကို စစ်ဆင်ရေးကြီးတစ်ခု ပြုလုပ်မည် ဒီစစ်ဆင်ရေးကြီးကို ဗိုလ်ချုပ်တစ်ဦး ခေါင်းဆောင်ပြီး တိုက်မှာဖြစ်သည်။ ဒီစစ်ဆင်ရေးမှာ အရန်အရာရှိအင်အား ထားရန်နှင့် ဒီလိုတိုက်ပွဲမျိုးမှာ အတွေ့အကြုံရှိပြီး နောင်တွ တပ်မတော်၏ ကျောင်းများတွင် လက်ရှိတိုက်ပွဲတွေ့ရဲ့ အတွေ့အကြုံနဲ့ နောင်တပ်မတော်အတွက် အလားအလာ ရှိမယ့် ဗိုလ်သင်တန်းမှ သင်တန်းနည်းပြဆရာတစ်ဦး ရွေးပြီး အမြန်ဆုံးလွှတ်ပေးရန် တိုင်းစစ်ဌာနချုပ်က ညွှ ကြားလာလို့ ခင်ဗျားကိုလွှတ်ဖို့ ဆုံးဖြတ်ပြီး ရွေးပါတယ်တဲ့ ရွေးရတဲ့အကြောင်းကလည်း ဒီတရုတ်ဖြူတွေနှင့် တိုက် ဖူးတဲ့ အရာရှိကောင်းတစ်ဦး၊ ကျန်းမာရေးလည်း ကောင်း ရမယ်တဲ့။ ဒါကြောင့် ခင်ဗျားဟာ ဒီတရုတ်ဖြူတွေကို နယ် နိုင်စစ်ဆင်ရေးမှာ ကျွန်တော်နှင့်အတူ တရုတ်ဖြူတွေနှ နဲ့ဖူးတွေ့ ဒူးတွေ့ ရင်ဆိုင် တိုက်ခိုက်ခဲ့ဖူးတယ်ဆိုတော့ ဒီတရုတ်ဖြူတွေကို တိုက်တဲ့အခါ သာမန်တိုက်သလို တို





မှာမဟုတ်ဘဲ တောင်ပေါ်စစ်ပွဲတွေ (**Mountain Warfare**) မှာ ခံစစ်ကျင်းတွေတူးပြီး၊ ခံကတုတ်တွေတူးပြီး တိုက်တဲ့ **Tunnel Warfare Trench Warfare** တွေမှာ တိုက်ရမှာ။

ဒီတရုတ်ဖြူတပ်တွေဟာ တရုတ်ပြည်မှာ မော်စီ တုံးရဲ့ ကွန်မြူနစ်တပ်တွေနှင့် ရင်ဆိုင်တိုက်ပွဲပေါင်း မြောက်မြားစွာ တိုက်လာခဲ့တဲ့ အတွေ့အကြုံများစွာ ရထား တဲ့ အမာခံစစ်သားတွေပဲ။ ဒီတစ်ချီမှာတော့ ဒို့ နဂါးနိုင် စစ်ဆင်ရေးရဲ့ လိုအပ်ချက်တွေကို အားဖြည့်ပြီး လက်နက် ကြီးတွေ၊ လေကြောင်းအကူအညီတွေနဲ့ တိုက်မယ်။ ဒီတော့ ခင်ဗျားအနေနဲ့ ဒီတိုက်ပွဲတွေမှာ အတွေ့အကြုံတွေ အများ ကြီးရဦးမှာတဲ့။ ခင်ဗျားက ဗိုလ်သင်တန်းက ကျောင်းဆရာ ဖြစ်ပြန်တော့ ဗိုလ်လောင်းကျောင်းသားတွေကို စစ်ပညာတွေ သင်ကြားတဲ့အခါတော့ လက်တွေ့လုပ်ဆောင်ခဲ့တော့ ပိုပြီး သင်ပြလို့ ကောင်းတာပေါ့တဲ့။

ခင်ဗျား နဂါးနိုင်စစ်ဆင်ရေးတုန်းက တောတောင် တွေဆီကို ပြန်ရောက်ပြီး ကျွန်တော်တို့တိုက်ခဲ့ရတဲ့ အခြေ အနေတွေ၊ ယခု ခင်ဗျားလက်တွေ့ ထပ်ပြီး လေ့လာနိုင်တဲ့ အတွေ့အကြုံတွေ ရမှာပါတဲ့။ ကျောင်းအုပ်ကြီး စကား



www.burmeseclassic.com

www.burmeseclassic.com



ရပ်သွားသည့်အခါ ကျွန်တော် မေးတာကတော့ ဘယ်နေ့ ဘယ်နေရာ၊ ဘာတွေယူသွားရမလဲလို့ မေးတော့ ကျောင်း အုပ်ကြီး ဒုတိယဗိုလ်မှူးကြီး သူရမြဝင်းက မနက်ဖြန်ခါပဲတဲ့ ရှေ့တန်းသွားမယ့် လေယာဉ်ပျံ ကြုံတယ်။ ဒီလေယာဉ်နဲ့ လိုက်သွားရင်တော့ စစ်ဆင်ရေးကြီးရဲ့ ရှေ့တန်းရော သွားမှာပဲတဲ့။ ခင်ဗျား ယူသွားရမယ့် လက်နက်နဲ့ အဝတ် အစားတွေကတော့ ကျောင်းကထုတ်ပေးထားတဲ့ ခြော လုံးပြူးနဲ့ ကာဘိုင်ပဲ၊ အဝတ်အစားကတော့ ရှေ့တန်းတိုက် ပွဲဝင် စစ်ဝတ်စုံပဲ။ ရှမ်းပြည်က တောင်ပေါ်တွေကိုတော ခင်ဗျားတို့ တိုက်မယ့်အချိန်ကတော့ အတော်အေးနေပြီ ပေါ့တဲ့။

လစာကိုတော့ သုံးလစာကြိုတင်ယူသွားတဲ့။ ဒီ စစ်ဆင်ရေးမျိုးကြီးမှာ အခွင့်အရေးက ခင်ဗျားအတွက် သိ ကောင်းတဲ့ အခွင့်အရေးပဲတဲ့။ စာရေးသူလည်း ကျောင်း အုပ်ကြီး ညွှန်ကြားချက်အတိုင်း ဆက်လက်ဆောင်ရွက်ရေ အကြောင်း ပြန်လည်သတင်းပို့ပြီး တပ်ခွဲသို့ ပြန်ခဲ့သည် တပ်ခွဲအရာရှိများအား ကျောင်းအုပ်ကြီးနှင့် တွေ့ခဲ့သည် စစ်ဆင်ရေးကြီးတစ်ခုသို့ သွားရောက် တာဝန်ထမ်းဆော





မည်ဟုပြောပြီး တပ်ခွဲမှူးတာဝန်ကိုတော့ ဗိုလ်ကြီး မောင် ဆောင်(နောင်စစ်ဦးစီးဗိုလ်မှူးကြီး) ကို တာဝန်လွှဲခဲ့သည်။

နောက်တစ်နေ့ ကျောင်းမှကားဖြင့် မေမြို့အနီး ခန်း လေယာဉ်ကွင်းကို ပို့သည်။ အနီးစခန်းလေယာဉ် ကွင်းမှ နမ့်စန်ကိုသွားသည့် လေယာဉ်ဖြင့် လိုက်သွား သည်။ နမ့်စန်တွင် တစ်ညအိပ်ပြီး စောင့်ရသည်။ နောက် တစ်နေ့တွင် မိုင်းဆတ်ကိုရောက်သည်။ မိုင်းဆတ်မှာတော့ အင်ဂျင်နီယာတပ်က ဗိုလ်ကြီးကျော်ဇေ၊ လေတပ်မှ ဗိုလ် ကြီး ခင်မောင်မြင့်၊ အမြောက်တပ်မှ ဗိုလ်ကြီးသက်ဝေ တို့လည်း ပါလာသည်။

မိုင်းဆတ်ရိပ်သာမှာတော့ ရှေ့ဆက်သွားရမယ့် ကားတန်းကို စောင့်ရပြန်သည်။ မိုင်းတုံကိုသွားမယ့် ကား တန်းနှင့် မိုင်းတုံကိုသွားတော့ ကားလမ်းကတော့ တော် တော်ဆိုးသည်။ တောင်ကြီးတွေက ပေလေးထောင်ကျော်၊ ချောင်ကွေ့တွေကလည်း များလွန်းသည်။ ကားတွေကတော့ တက်လိုက်ဆင်းလိုက် ဘေးတစ်ဖက်တစ်ချက်ကတော့ ချောက်ကြီးတွေ၊ တောင်ကြီးတွေ မြင့်သလောက် တစ်ဖက် တစ်ချက်က ချောက်တွေကလည်း နက်လှသည်။ ကားလမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေက မြွေလိမ်မြွေကောက်၊ နောက် တစ်ဆစ်ချိုးကွေ့ တွေက များလွန်းသည်။

တစ်ဖက်ချောက်ထဲများကျရင်တော့ မစဉ်းစားနိုင်စရာပင်။ ဒီလမ်း ဒီချောက်တွေထက် ရှေ့လာမယ့်စစ်ဆင်ရေးကိုပဲ အာရုံရောက်ပြီး သေရမှာလည်း မကြောက်တော့ပါ။ ဤတောင်ပေါ်ကားလမ်းများသည် စစ်ဆင်ရေးအတွက် အမြန်သွားနိုင်ရန် ဖောက်လုပ်ထားခြင်းများကြောင့် ဖြစ်သည်။ ည ၁၀ နာရီလောက်မှ မိုင်းတုံကို ရောက်သည်။ အရာရှိရိပ်သာသို့ ပို့သည်။ ရိပ်သာမှာတော့ တပ်မဟာ ဗိုလ်မှူး BE ဗိုလ်မှူးမောင်မောင်နှင့် တွေ့ပြီး နေရာထိုင်ခင်းနှင့် ညစာကျွေးသည်။

ထိုအချိန် အမှတ် (၂၃) ခြေလျင်တပ်ရင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသိန်းတုတ် (နောင်သံအမတ်ကြီး ဗိုလ်မှူးကြီး)၊ အမှတ် (၄) ကချင်သေနတ်ကိုင်တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးနော်လာ၊ အမှတ် (၁၈) ခြေလျင်တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးချစ်ခိုင်၊ အမြောက်တပ် တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးရဲထွန်း၊ တောင်ပေါ်ပစ်အမြောက်တပ်မှူး ဗိုလ်မှူးအောင်ကြူ (နောင် ဒုဗိုလ်မှူးကြီး လားရှိုးတွင်



ကျဆုံး)၊ ဆေးတပ်တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး မောင်မောင်သန်း၊ ဗိုလ်မှူးတိုင်းလုံးကျော်မြ၊ ဗိုလ်မှူးတင်ဦး၊ အချက်ပြတပ်ရင်းမှ ဗိုလ်ကြီးခင်မောင်ထွန်း၊ စစ်ဆင်ရေးမှူးကြီး ဦးစီးအရာရှိ(တတိယတန်း) ဗိုလ်ကြီးဘကြိုင် BE တပ်မှူးဖြစ်သည်။ စစ်ဆင်ရေးအတွက် ပြင်ဆင်နေကြသည်။

မကြာခင်မှာပဲ စစ်ဆင်ရေးမှူးကြီး ဗိုလ်မှူးချုပ်အောင်ဂျော် ရောက်လာသည်။ အားလုံးမတ်တတ်ရပ်ပြီး အလေးပြုကြသည်။ ဗိုလ်ကြီးဘကြိုင်က ကျွန်တော့်ကို လက်ညှိုးထိုးပြီး မေမြို့ဗိုလ်သင်တန်းကျောင်းက ကျောင်းသားတပ်ဖွဲ့မှူး ဗိုလ်ကြီးသန်းတင်ပါတဲ့။ ညက ရောက်ပါသည်။ စစ်ဆင်ရေးမှူးကြီး ဗိုလ်ချုပ်က ခင်ဗျား ဗိုလ်ကြီးဘကြိုင်ကို ကူပြီးလုပ်ပါတဲ့။ ခင်ဗျားကတော့ "ချောဗိုလ်ကြီးပဲ" တဲ့။ ဗိုလ်သင်တန်းကျောင်းက ချောဆွဲခေါ်လာလို့ နာမည်ပြောင်စရာအဖြစ် ချောဗိုလ်ကြီးပဲတဲ့။

မေမြို့ဗိုလ်သင်တန်းကျောင်းမှာတော့ ဗိုလ်လောင်းကျောင်းသားတွေရဲ့ နည်းပြဆရာ ယခုတော့ ရန်ကြီးအောင်စစ်ဆင်ရေးမှာ ကျောင်းသားဖြစ်ပြီတဲ့။ ရန်သူတရုတ်ဖြူ တိုက်ပွဲမှာ စစ်ဦးစီးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ရ

www.burmeseclassic.com

မည်။ ဗိုလ်သင်တန်းကျောင်းတွင် ဗိုလ်လောင်းကျောင်း သားတွေကို ကိုယ်စီတိုက်ပွဲ၊ တပ်စိတ်၊ တပ်ခွဲတိုက်ဖွဲ့များ လက်တွေ့ချီစစ်၊ တိုက်စစ်၊ ခံစစ်၊ ခွာစစ်တွေကို ရန်သူအ တွေထားပြီး စစ်သဘောတရားများကို နားလည်အောင် မိမိကိုယ်တိုင်ခေါင်းဆောင်ပြီး သင်ကြားခဲ့၊ တိုက်ပြခဲ့သည်။

ထိုထက်မြင့်မားသည့် တပ်ခွဲ၊ တပ်ရင်း၊ တပ်မ တပ်မတို့၏ စစ်ဆင်ရေးလှုပ်ရှား စစ်ကစားမှုတို့ကို သဲမြေပုံတိုက်ပွဲ၊ မြေပုံတိုက်ပွဲများကိုတော့ တိုက်ရမယ့်ရန် အား သဲမြေပုံနှင့် မြေပုံပေါ်တွင် သတ်မှတ်ပေးပြီး တိုက် စစ်မြေပြင်အနေအထားအတိုင်း တူအောင် မြစ်၊ ချောင်း အင်း၊ အိုင်၊ တောတောင်များကိုပါ အကွာအဝေးမှ တူအောင် သတ်မှတ်ပြုတိုက်ရသည်။

ယခု ရန်ကြီးအောင် စစ်ဆင်ရေးသည် မြန်မာနိုင် အတွင်း ကျူးကျော်ဝင်ရောက်နေသည့် တရုတ်ဖြူ ကျူး ကျော်တပ်များကို သူတို့နေရာယူထားသည့် တောင်ကုန်း တောင်တန်းများ၊ တောင်ကြောများတွင် ဆက်သွယ်ရေး ကျင်းများ၊ ဘန်ကာခံကတုတ်များ၊ ဆက်သွယ်ရေးကျင်း များကို မြင့်မားသည့်နေရာကောင်းများတွင် နေရာယူထား





သည့် ရန်သူက တရုတ်ဖြူတို့အား တကယ်တိုက်ကြရမည်။ တရုတ်ဖြူတို့၏ ခံစစ်ဘန်ကာများသည် သစ်လုံးကြီးတွေနဲ့ ကာမိုးခင်းထားသည်။

၎င်းကဲ့သို့ ပြုလုပ်ထားရခြင်းသည် မိမိတို့တပ် တော်ဘက်မှ တစ်ချိန်မဟုတ် တစ်ချိန်ချိန် လေကြောင်းမှ ဗုံးချ၊ စက်သေနတ်နှင့် ပစ်၊ မြေပြင်မှ အမြောက်ကြီးများ နှင့်ပြောင်းများ ပစ်ခတ်မှုဒဏ်ကို ကာကွယ်နိုင်ရန် ပြုလုပ် ထားခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်လာသည့်အခါ လက်နက် ငယ်၊ လက်နက်ကြီး လေကြောင်းရန်ကိုပါ မမှုသည့် ဆက် သွယ်ရေးတူးမြောင်းတွေကလည်း ကောင်းလှပေသည်။ တိုက်ပွဲဖြစ်သည်နှင့် မိမိတို့ဘက်မှ တရုတ်ဖြူစစ်သားများကို အစအနတောင်မှ မမြင်ရတော့ဘဲ မိမိတို့တပ်ကို တန်ပြန် တိုက်ခိုက်နိုင်အောင် ပြုလုပ်ထားသည်။ ၎င်းခံစစ်မျိုး ပြုလုပ် ထားပြီး အစစ လိုလေသေးမရှိအောင် ပစ္စည်းများကလည်း ရှိသည်။ လိုအပ်သည့် ရိက္ခာ၊ လက်နက်ခဲယမ်းများကို လေထီးဖြင့် ချပေးခဲ့သည်။

တရုတ်ဖြူတို့၏ တပ်ခွဲရုံး၊ တပ်ရင်းရုံး၊ တပ်မဟာ ရုံးတွေကို ရောက်ဖို့ကတော့ သူတို့ရဲ့ ရှေ့တန်းတပ်ခွဲ

www.burmeseclassic.com



ရုံးကိုပင် ချေမှုန်းနိုင်အောင် အရန်ရွေ့ပြေးတပ်စခန်းတွေကို ကျော်နိုင်မှ ရောက်မည်။ အထူးသဖြင့် ယင်းတို့၏စခန်းများ အနီးသို့ မိမိခြေကျင်တပ်များသည် မော်တာတွေ အမြောက်ကြီးတွေအပြင် လေကြောင်းအကူများဖြင့် ပါဝင်တိုက်ခိုက်တောင် အတော်ခက်ခက်ခဲခဲ ချဉ်းကပ်ပြီးမှ ပစ်အားကျည်ကွယ်တွေနှင့် တက်ရပေဦးမည်။ တကယ် ရင်ဆိုင်တိုက်ပွဲ **Conventional Warfare** များဖြင့် ဗမာ့သတ္တိများကို ပြကြရဦးမည်။

ရှေ့တန်းတက်တိုက်တဲ့ တပ်တွေကလည်း သူမြင်ကိုယ်မြင် ဤအကူလက်နက်ကြီးတွေရဲ့ ပစ်အား ကျည်ကွယ်များဖြင့်လည်းကောင်း၊ ရဲဘော်တွေက မျက်ကွယ်ရနိုင်ဖို့အတွက် တောတွင်းရဲ့ သစ်ရွက်၊ သစ်ခက်တို့နှင့် ရုပ်ဖျက်ပြီး မျက်ကွယ်ပြုရပြန်သည်။ တရုတ်ဖြူကလည်း သူတို့ရဲ့ရှေ့ကြည့်ကင်းစခန်းတွေအနား မရောက်မီမှာပင် တိုက်မိုင်းတွေ၊ နင်းမိုင်းတွေ ခင်းထားပြန်သည်။ ဤမိုင်းတွေကို ကျော်နိုင်မှ သူတို့ရဲ့ ရှေ့ကြည့်ကင်းနား ရောက်မည်။ ဤမိုင်းများကိုလည်း တရုတ်ဖြူတွေက ပစ်ခတ်မှုအားဖြင့် ထိန်းထားပြန်သည်။





သူတို့၏ ရှေ့ကင်းတပ်ဖွဲ့နှင့် ထိတွေ့မှုဖြစ်တာနှင့် ချိန်တွက်ထားပြီးဖြစ်သည့် ပစ်မှတ်တို့ကို လက်နက်ကြီးများဖြင့် ပစ်တော့သည်။ ဤကဲ့သို့ ပြုလုပ်ထားသည့်ကြားမှ မိတ်တို့တပ်တွေက ဝိုင်းပတ်ချေမှုန်းပိတ်ဆို့ပြီး တဖြည်းဖြည်း ချီတက်ဝိုင်းပတ်ချေမှုန်းကြသည်။

ထို့ကြောင့် နဂါးနိုင်စစ်ဆင်ရေးတုန်းက အမှတ် (၂) ခြေလျင်တပ်ရင်းမှ တပ်ခွဲမှူးများကို တရုတ်ဖြူတပ်တွေက ဤတိုက်ခိုက်သည့်နည်းမျိုးဖြင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသည်။ ထိုအချိန်က ဤကဲ့သို့ဖြစ်လင့်ကစား မြန်မာ့သတ္တိဖြင့် ပြန်တိုက်ခိုက်နိုင်ခဲ့သည်။ ဤကဲ့သို့ ပြန်တိုက်ခိုက်နိုင်ရန် တပ်မှူးတွေရဲ့လက်ထဲတွင် အရန်အင်အားဖြင့် ပြန်၍စစ်ကစားနိုင်ဖို့က အရေးကြီးလှသည့်အတွက် အရန်အင်အား ထားရန်လိုပေသည်။

တရုတ်ဖြူတပ်တွေက ဤကဲ့သို့ ခံစစ်ကြောင်းများကို ရန်ကြီးအောင် စစ်ဆင်ရေးတပ်မှူးကြီးသည် စစ်ဆင်ရေးမတိုင်မီပင် အသေအချာထောက်လှမ်းသည်။ ထောက်လှမ်းသည့်အခါ သူကိုယ်တိုင် ရန်သူ့စခန်းကို မြင်အောင်သွားသည်။ ကြည့်သည်။ ဤကဲ့သို့ ထောက်လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ မသေမချာမချင်း ထောက်လှမ်းသည်။ စာရေးသူ တို့လို ဦးစီးအရာရှိတွေက စစ်ဆင်ရေးမှူးကြီးနှင့် အမြဲ ကပ်လိုက်ပြီး သူ၏သုံးသပ်ချက် အတွေးအခေါ်များ သူ၏ ဆုံးဖြတ်ချက်များသည် စာရေးသူတို့အတွက် တကယ့် သင်တန်းကျောင်းများကို လက်တွေ့ ပို့ချနေသကဲ့သို့ စစ်ပညာအတွေးအခေါ် များစွာရခဲ့သည်။ စာရေးသူတို့က ယူလာသည့်မြေပုံပေါ်တွင် တိကျစွာ မှတ်သားကြရသည်။ ဤစစ်ဆင်ရေးတွင် မကြာမီကမှ ရထားသည့် တောင်ပေါ် ပစ် အမြောက်တွေကို ကျကျနန ရန်သူဘန်ကာကြီးတွေကို တစ်ဖက်တောင်ကုန်းမှ စစ်ဆင်ရေးစလိုက်သည်နှင့် ရန်သူ ဘန်ကာကြီးတွေကို တစ်လုံးပြီးတစ်လုံး စေ့စေ့ညက်ညက် ကြေအောင် အစွမ်းပြနိုင်အောင်နေရာကို ရှာသည်။ အမြင့် နိုင်ဆုံးနှင့် ရိုင်ဖယ်သေနတ်များ ပစ်သကဲ့သို့ ရန်သူဘန် ကာများကို အမြောက်ပြောင်းထဲမှကြည့်ပြီး ချိန်ကာပစ်နိုင် အောင် နေရာရွေးသည်။

စစ်ဆိုသည်မှာ သူနိုင်ကိုယ်နိုင် တစ်ဖက်နှင့်တစ် ဖက် တိုက်ခိုက်ကြရသည့်အခါ ကိုယ့်ဘက်က နိုင်အောင် ကြံကြရသည်။ ထို့ကြောင့် ရန်သူတို့ မမျှော်မှန်းထားသည့်





နေရာက တက်တိုက်သည်။ မမျှော်မှန်းသည့်အင်အားဖြင့် တိုက်သည်။ မမျှော်မှန်းသည့်လက်နက်ကြီးတွေနှင့်ပါ တိုက် သည်။ ဤတောင်ပေါ်ပစ်အမြောက်ကို မြင်းတွေနှင့် တင်ယူ နိုင်သည်။ ကျည်ဆန်များကိုလည်း တစ်ပါတည်း မြင်းတွေ နှင့် သယ်နိုင်သည်။ တောင်ပေါ်ပစ် အမြောက်တွေ ရောက် သည်နှင့် အမြောက်ဆန်တွေပါ တစ်ပါတည်းရောက်သည်။

ဤအမြောက်ကိုလည်း တပ်ဆင်ရာမှာ လွယ်ကူ သည်။ ခြေလျင်တပ်ရောက်နိုင်သည့် တောင်ကြောတောင် ကုန်းများသို့ ရောက်နိုင်သည်။ မိနစ်ပိုင်းအတွင်း ရန်သူအား ပစ်နိုင်အောင် အဆင်သင့်ပြုလုပ်နိုင်သည်။ ဤရန်ကြီး အောင် စစ်ဆင်ရေးတွင် ဤတောင်ပေါ်ပစ် အမြောက်ကို ခြေလျင်တပ်က ရိုင်ဖယ်သေနတ်ပစ်သကဲ့သို့ ပစ်နိုင်အောင် အမြင့်ပေသုံးလေးထောင်မြင့်ပြီး တောအထပ်ထပ် တောင် အဆင့်ဆင့် လမ်းပန်းမရှိသည့် ရန်သူမမျှော်မှန်းသည့် တစ်ဖက်တောင်ကုန်းမှ မမျှော်လင့်သည့် ဤတောင်ပေါ် အမြောက်ကို မရမက ရောက်အောင် BE တပ် အင်ဂျင် နီယာတပ်ခွဲမှ ဗိုလ်ကြီးကျော်ဇ (နောင်တွင် ဗိုလ်မှူးကြီး သတ္တုဒုတိယဝန်ကြီး) တို့အဖွဲ့က ရောက်ရှိအောင် စစ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ရေးမှူးကြီးကို ရိုင်ဖယ်သေနတ်ကဲ့သို့ ပစ်နိုင်အောင် ဆော ရှက်ပေးသည်။

ဤတောင်ပေါ်ပစ်အမြောက်ကို စစ်ဆင်ရေး ကြီးက သူ သတ်မှတ်ပေးသည့်နေရာကို သတ်မှတ်ပေးသည့် အချိန်မီရောက်အောင် ရန်သူ့မျက်စိအောက်မှ ရန် မမြင်ရအောင် ပထမထောက်လှမ်းမှုများ ပြုလုပ်မည့် နေ ရွေးသည်။ ဤနေရာသို့ စစ်ဆင်ရေးမှူးကြီးနဲ့ အဖွဲ့ရော အောင်သွားသည်။ ဤကဲ့သို့ ထောက်လမ်းစဉ် ရန်သူ့ဘ က သုံးလေးကြိမ် ကင်းတွေတွေ့လို့ အပစ်ခံရပေါင်းလည် များသည်။ ကံကောင်းလို့လည်း မမှန်။ ဤကဲ့သို့ တောင်ပေ ပစ်အမြောက်များကို သတ်မှတ်သည့်နေရာက ပစ်ခ နိုင်အောင်နေရာယူပြီး ဤတောင်ပေါ်ပစ် အမြောက်ခ ကျည်သွားလမ်းရှေ့မှာ ကာကွယ်တားဆီးနေသည့် သစ် ကြီးများကို စတိုက်သည်နှင့် တစ်ချိန်တည်း ပစ်ခတ်နိ အောင် ဤသစ်ပင်ကြီးတို့ကို မိုင်းဖောက်ခွဲပစ်ရန် အရှေ့ ပြီး မိုင်းများခွဲနိုင်ရန် အဆင်သင့် ရန်သူဘန်ကာနှင့် နိုင်သည့် တောင်ကုန်းများတွင် နေရာရွေးပြီး အမြော ထားနိုင်အောင် မြေကို ညှိပေးရန်နှင့် ရှေ့ကသစ်ပင်ကြီးတေ





ပြီးကွယ်နေပါက ဤသစ်ပင်ကြီးများ မကွယ်လေရအောင် **BE** တပ် အင်ဂျင်နီယာတပ်မှ ဗိုလ်ကြီးကျော်ဇော်တို့တပ်ဖွဲ့က တိုက်မိနေရာယူပြီး ဤသစ်ပင်ကြီးများကို မှတ်သားရ သည်။ တိုက်ပွဲစတင်တိုက်သည့်အချိန်သည် ကျည်သွားလမ်း ကြောင်းပေါ်က ကွယ်နေသည့် သစ်ပင်ကြီးတွေကိုလည်း တစ်ချိန်တည်း ဖောက်ခွဲပြီး သစ်ပင်ကြီးတွေကို လှဲသည့် အချိန်လည်း ဖြစ်သည်။

ဇကာင်ပေါ်ပစ်အမြောက်တွေရဲ့ ဗုံးတစ်လုံး ပစ်ပြီး သည်နှင့် လေကြောင်းမှ ပစ်မှတ်ပေးသည့် ပစ်မှတ်များကို ပစ်သည်။ ထို့နောက် အမြောက်ကြီးများနှင့် စိန်ပြောင်းတို့က သတ်မှတ်ပေးသည့် **Fireplan** အလိုက် လက်နက်ကြီးများ ပစ်ခတ်ရန် ပေးထားသည့်အချိန်အတိုင်း ပစ်ကြရသည်။ ဤအချိန်တွင် ခြေလျင်တပ်တွေက ဖြန့်ထားသည့် နေရာ များက လက်နက်ကြီးတွေရဲ့ ပစ်ခတ်မှုပစ်အားကိုယူပြီး ကျည်ကွယ်ပြု၍ ရန်သူ့အနီးသို့ လုံ့စွပ်ထိုးရန် ချဉ်းကပ် သည်။

လက်နက်ကြီးအားလုံး အပစ်ရပ်လိုက်သည်နှင့် ခြေလျင်တပ်တွေက ချက်ချင်းတစ်ဟုန်ထိုး ရန်သူ့စခန်း



www.burmeseclassic.com

www.burmeseclassic.com



တွေအပေါ် ခုန်တက်ကာ ရန်သူခေါင်းမထောင်နိုင်ခင် လက်နက်ကြီးများ၏ ပုံးဒဏ်ရာများကြောင့် ကြောင်တောင် တောင်ဖြစ်နေသည့်အချိန် ခဏပန်း သတိလစ်စိတ်ချောက် ချားနေသည့် တရုတ်ဖြူတို့ကို ခြေလျင်တပ်တွေက လုံ့ခွ တက်ထိုးကြရသည်။ မိမိတိုက်ခိုက်ရေးတပ်တွေ ရန်သူ့ တောင်ကုန်းပေါ်ရောက်ပြီး အောင်မြင်သည့် မီးကျည်မပ ခင်မှာပင် စစ်ဆင်ရေးမှူးကြီးက ရန်သူ့စခန်းပေါ် ရောက်ရှိ နေသည်။

စာရေးသူတို့ ဦးစီးအရာရှိတွေကလည်း ထက်ကြ မကွာ လိုက်ကြရသည်။ တိုက်ပွဲတစ်ခုတွင် ဤကဲ့သို့ အော မြင်ကြောင်း မီးကျည်ပစ်သည်နှင့် ခြေလျင်တပ်များတက်ပြီ နေရာယူစစ်ဆေးနေချိန် တရုတ်ဖြူရဲ့ တန်ပြန်ပစ်ခတ်လာ ကြောင့် စစ်ဆင်ရေးအမိန့်ပေးအဖွဲ့ **O Group** အဖွဲ့နာ ကျည်တွေကပ်ကျပြီး ကွဲသည်။ အစောင့်ပါလာသည့် ရဲဘော် လေးငါးယောက် ကျဆုံးကုန်သည်။ တပ်မတော်(လေ) ရှေ့ကြည့် **OP** ဗိုလ်ကြီး ခင်မောင်မြင့် (လေဗိုလ်ချု ရှမ်းစကား) လေတပ်ဗိုလ်ကြီး။ သူလည်း ချောဗိုလ်ကြီးပဲ ရန်သူစခန်းအား တိုက်သည့်အခါ တပ်မတော်(လေ)မှ ရှေ့





ကြည့် ဗိုလ်ကြီးခင်မောင်မြင့်က ခြေလျင်တပ်တွေရဲ့ ရှေ့တန်း တပ်စုနှင့် လိုက်သွားရသည်။

စစ်ဆင်ရေးစသည့် အချိန်၊ နာရီအတိုင်း တပ် တော်(လေ) သူတို့ပစ်ခတ်ရမယ့် ရန်သူ့နေရာများ၊ ဘန်ကာ များကို သတ်မှတ်သည့်အတိုင်း ထိမှန်မှုရှိ၊ မရှိ လွဲချော်မသွား စေရန် တပ်မတော်(လေ)မှ ဗိုလ်ကြီးခင်မောင်မြင့်မှ ရှေ့ တန်းမြေပြင်မှ ခေါင်းပေါ်ကလေသူရဲအား ညွှန်ကြားရသည်။ တစ်ခါတစ်ရံ ခြေလျင်တပ်များနှင့် အတူတွဲပြီး ပစ်ခတ် နေသေးသည်။

အင်ဂျင်နီယာတပ်မှ တပ်မှူး ဗိုလ်ကြီးကျော်ဇ တပ်ဖွဲ့ကလည်း စစ်ဆင်ရေး အောင်မြင်မှုအတွက် လမ်း ဘံတားပြုပြင်ဖောက်လုပ်ခြင်း၊ ရန်သူမိုင်းကွင်းတို့ကို ကျော် ဖြတ်နိုင်ရန် ခြေလျင်တပ်များနှင့်အတူ ရှေ့တန်းခြေလျင်များ ရှေ့သို့ချီတက်နိုင်ရန် ခြေလျင်တပ်များရဲ့ရှေ့က **BE** အင်ဂျင် နီယာတပ်မှ ရဲဘော်တွေ ရှင်းလင်းပေးရသည်။ တစ်ခါ တစ်ရံ မိမိတပ်မှ ခံစစ်သဘောမျိုး ခေတ္တ တောင်ကုန်း တောင်ကြောများကို ထိန်းထားသည့်အခါ ရန်သူများတက် လာနိုင်သည့် တောလမ်း၊ တောင်ပေါ်လမ်း၊ လှိုဏ်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com



ချောက်ကြီးများတွင် မိုင်းများ ထောင်ပေးရပြန်သည်။

ရှေ့တန်းအမိန့်ပေးအဖွဲ့နှင့် ပါလာသည့် ဆေးတပ်ရင်းမှူး ဗိုလ်မှူးကြီးမောင်မောင်သန်း၊ ဒုဗိုလ်မှူးကြီး တိုင်းလုံးကျော်မြနှင့် ဒုဗိုလ်မှူးကြီးတင်ဦးတို့သည် ရှေ့တန်းတွင် ဒဏ်ရာရသည့် စစ်သည်တို့အား ချက်ချင်း နောက်တန်းသို့ မပို့မီ ခွဲစိတ်ကုပေးသည်။

ဤကဲ့သို့ ရှေ့တန်းတွင် ဒဏ်ရာရသည့် ရဲဘော်များကို လုံခြုံသည့် တောင်ကြော၊ တောင်ကွေ့တို့တွင် ရှေ့တန်းခွဲစိတ်ကုသပေးသည့်အချိန်မှာပင် ရန်သူ့လက်နက်ကြီးမှ ဗုံးကျည်များကျလာသဖြင့် ဆေးရဲဘော်တချို့ ဒဏ်ရာရပြန်သည်။ ဆေးမှူးကြီးတွေတောင် ကံကောင်းလို့ တိုက်ရိုက်မထိလို့။

ဤရန်ကြီးအောင် စစ်ဆင်ရေးကြီးသည် အလှည့်ကျ ပါဝင်တိုက်ခိုက်ရသည့် တပ်ရင်းတွေ ထိုနည်းအတူ ဤအလှည့်ကျ တိုက်ပွဲဝင်နေသည့် စစ်ကြောင်းတွေအား လက်နက်ကြီးများဖြင့် စစ်ဆင်ရေးပစ်ခတ်မှုအမိန့် **Firepla[n]** အတိုင်း တစ်သဝေမတိမ်း နာရီ၊ မိနစ်၊ စက္ကန့်တိုင်းမှ ရှေ့တွင် တပ်များ လက်နက်ကြီးတပ်များ၊ လေကြောင်းမှ





...က်ခိုက်ပေးသည့် လေယာဉ်ပျံတို့၏ အချင်းချင်းဆက်...ယ်နိုင်မှု အရေးအကြီးဆုံးက စစ်ဆင်ရေးမှူးကြီးက ဤ...ချုပ်တပ်ရင်းတွေ အကူပစ်ပေးသည့် လက်နက်ကြီးတွေ၊ ...ကြောင်းအကူပေးသည့် အဖွဲ့အားလုံးနှင့် အရေးကြီးလျှင် ...သလို ပြောလိုသည်။ မေးလိုသည်။ လိုအပ်ပါက ချက်...း ဆုံးဖြတ်ပေးချင်သည်။ ဤကဲ့သို့ပြောလို၊ မေးလို၊ ...င်ပြလို၍ ထပ်ဆုံးဖြတ်ပေးရန် ဆက်သွယ်မှုကတော့ ...လွန်အရေးကြီးသည်။

ဘယ်စစ်ကြောင်းက တပ်ရင်းမှူး၊ ဘယ်တောင်...န်းမှာလဲ။ စကားပြောချင်သည်။ အမိန့်ပေးသည်နှင့် ...မတော်ဆက်သွယ်ရေး ညွှန်ကြားမှူး၏ တပ်ရင်းတပ်ဖွဲ့...က ချက်ချင်းစကားပြောနိုင်အောင် ချက်ချင်း ဆောင်...ပေးရသည်။ ထိုနည်းအတူ အကူပစ် လက်နက်ကြီးများ...သည်း ချက်ချင်းစကားပြောလိုသည်။ ပစ်ခိုင်းချင်သည်။ ...အခါ ပစ်ခတ်ပေးရမည့် ၂၅ ပေါင်ဒါအမြောက်တပ်မှူး ...လ်မှူးကြီး စိန်ရွှေ၊ ဒုဗိုလ်မှူး ကြီး စိုးလွင်တို့နှင့် ချက်...င်းစကားပြောနိုင်အောင် အချက်ပြစက်တွေကို အဆက်...သွယ်ရအောင် လုပ်ပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ တောင်ပေါ်ပစ်အမြောက်တွေက (၈) နာရီတွင် ရန်သူ့ဘန်ကာကြီးများ တစ်လုံးပြီးတစ်လုံး ပစ်ခတ်ချေမှုန်းပြီးသည်နှင့် တပ်မတော်(လေ)မှ သတ်မှတ်ထားသည့် (၈) နာရီမှ အပေါင်း ၁၀ မိနစ်တွင် တပ်မတော် (လေ) မှ သတ်မှတ်ပေးထားသည့် တရုတ်ဖြူတို့၏ ဌာနချုပ်များကို လေကြောင်းမှ ဗုံးချ၊ စက်သေနတ် ပစ်ရမည်ဖြစ်ရာ တောင်ပေါ်ပစ်အမြောက်က သူ့အား သတ်မှတ်ပေးသည့် ဘန်ကာကြီး လေးလုံးမှ သုံးလုံး ပစ်ပြီးသည်နှင့် ဘန်ကာတစ်လုံးကျန်သည့်အချိန် နောက်ထပ်တပ်မတော် (လေ) မှ ဆက်ပြီးတိုက်ခိုက်ရန် တိုက်ပွဲဖြစ်သည်သို့ ဦးတည်ပျံသန်းလာသည့် ဗိုလ်ကြီးစောဖြူ (နောင်ကာကွယ်ရေးဦးစီးချုပ်လေ)၊ ဗိုလ်ကြီး တင်မောင်အေး (ကာကွယ်ရေးဦးစီးဗိုလ်မှူးကြီး) တို့ လေယာဉ်တွေ မရောက်သေးဘူးလားရှေ့တန်း တပ်မတော်လေမှ ရှေ့ကြည့် OP ဗိုလ်ကြီးခင်မောင်မြင့်အား မေးသည့်အခါ ဗိုလ်ကြီးခင်မောင်မြင့်က ဗိုလ်ကြီးစောဖြူနှင့် ဗိုလ်ကြီး တင်မောင်အေးတို့အား အချက်ပြစက်ဖြင့် ဘယ်ရောက်နေသလဲ၊ မရောက်သေးဘူးလားဟု မေးမြန်းချက်ကို လေသူရဲတို့ကို ပြောလိုက်ရာ ဤလေသူရဲတွေလာနေပါပြီ။ ဗိုလ်ချုပ်ကို ပြောလိုက်ပါ။ နှေးနေ၍ ပြေးဆင်းခဲ့ရမလားတဲ့ဟု ပြန်ပြောသည်။





ဒီစကားသံတွေကြားတော့ ဗိုလ်ခင်မောင်မြင့် သူတို့က ဘာပြောသလဲ၊ ဘယ်ရောက်နေပြီလဲတဲ့ ဗိုလ်ကြီး ခင်မောင်မြင့်က နောက်တစ်မိနစ် နှစ်မိနစ်တွင် ရန်သူ့အပေါ် ရောက်မည်။ သိပ်အရေးကြီးနေပါက ပြေးဆင်းခဲ့ရမလားလို့မေးတဲ့ အကြောင်းပြောတော့ သိပ်နောက်တဲ့လူတွေပဲတဲ့။ ဤကဲ့သို့ ဆက်သွယ်ရေးစက်နှင့် စစ်ဆင်ရေးမှူးကြီးက ပြောလိုက်၊ မေးလိုက်၊ ပြောချင်တဲ့စကားတွေကို တပ်ရင်း တပ်ဖွဲ့ လက်နက်ကြီးများ တပ်မတော်(လေ)ကိုပါ ချက်ချင်း ပြောနိုင်အောင် အမြော်အမြင်ကြီးကြီးနှင့် စစ်အောင်နိုင်ရေးအတွက် ရှေ့တန်းဆက်သွယ်မှုတွေရအောင် ဆက်သွယ်ပေးသည့် အရာရှိကတော့ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးက ဗိုလ်ကြီးခင်မောင်ထွန်းဖြစ်ပါသည်။ နောင်ဗိုလ်မှူးကြီး ခင်မောင်ထွန်းပါ။

ဒီတစ်ချီ ရန်ကြီးအောင် တိုက်ပွဲမှာတော့ တရုတ်ဖြူတပ်တွေ တစ်ခါတည်း ဦးကျိုးသွားအောင် တိုက်ခဲ့ကြသည်။ တောင်ပေါ်တိုက်ပွဲဆိုသည်မှာ တောင်ကြီးတွေအား



www.burmeseclassic.com

www.burmeseclassic.com



တစ်တောင်ထက်တစ်တောင် ဟိုတောင်ကုန်းက ပိုနေ ကောင်းသည်၊ ဒီတောင်ကုန်းက ပိုမြင့်သည်ဟု ထင်တတ် သည်။ တောင်ကုန်း တောင်ကြောပေါ် ရောက်ပြန်တော့ လည်း တစ်ဖက်တောင်ကုန်းက ပိုကောင်းသည်။ မြင့်သည် ဟု ထင်တတ်သည်။

မြေပုံထဲတွင် တစ်တောင်နှင့်တစ်တောင် တောင် ကြောတစ်ခုနှင့်တစ်ခု ဆက်နေသည်။ မြေပုံထဲမှာလည်း တွေ့ရသည်။ မြေပြင်ကသွားရောက်ပြီး ထောက်လှမ်းကြည့် ပြန်တော့လည်း တစ်တောင်တည်း၊ တစ်ကြောတည်းတွင် ထင်မိသည်။ တရုတ်ဖြူတပ်တွေ တပ်စွဲထားသည့် တောင် ကြီးတွေ၊ တောင်ကုန်းတွေ၊ တောင်ကြောတွေကို မိမိတပ် တွေက ပိုပြီးမှတ်သားမိအောင် သတင်းပို့သည့်အခါလည်း လွယ်ကူအောင် ဒီတောင်ကတော့ ဖူဂျီတောင်ကွ။ ဒီရှေ့ တောင်ကြောဟိုဖက်က မြင်ရတဲ့တောင်ကတော့ "န" တောင်ကြော၊ ဒီ"န"တောင်ကြောရဲ့ ဟိုတစ်ဆက်တည်း ဒီတောင်ကုန်းတက်တဲ့အခါ ပထမတောင်ထိပ်က "အေ" ဒုတိယတောင်ထိပ်က "ဘီ" တတိယတောင်ထိပ်က "စီ" နောက်တောင်ထိပ်က "ဒီး"နှင့်"အီး"တွေပေါ့။





တစ်ခါတစ်ရံ ခြေလျင်တပ်တွေအတွက် ပစ်ခတ်မှု အမိန့် **Fireplan** အစီအစဉ်အရ လက်နက်ကြီးတွေ တပ်မတော်(လေ)မှ အကူအညီတွေ ရှက်ထားတဲ့ တောင်ပေါ် ပစ်အမြောက်တွေရဲ့ အမိန့်အတိုင်းဖြစ်လင့်ကစား တောင် ပေါ်တောင်ကြောတွေကို ဆက်ပြီး တိုက်ကြသည့်အခါ တောင်ကြော **A.B.C** တောင်ကြောသည် တစ်ကြောတည်း ဖြစ်လင့်ကစား တောင်ကုန်း **CD** နှင့် **CE** တို့က တောင် ကြောတောင်ဆွယ်က တခြား တောင်ကုန်းတောင်ဆွယ်ဖြစ် နေတတ်သည်။ ထိုအခါ ခြေလျင်တပ်တွေ မတက်နိုင်ဖြစ် နေတော့သည်။

ထိုအခါ တပ်ရင်းမှူးလုပ်သူက အခြေအနေများကို စစ်ဆင်ရေးမှူးကြီးထံ ချက်ချင်းတင်ပြလာသည်။ ဤ **D** နှင့် **E** တောင်ကုန်းတောင်ကြောကို တက်သိမ်းနိုင်ရန် နောက်ထပ်ညွှန်ကြားပေးထားသည့် **D** နှင့် **E** တောင်ကုန်း ၏ ညာဘက်မှ တောင်ကုန်းကို နောက်ထပ် ၁၀ မိနစ် လက်နက်ကြီးများနှင့် ပစ်ကူပေးမှ တက်နိုင်မည်ဖြစ်ကြောင်း သတင်းပို့လာရာ အမြောက်တပ်ရင်းမှူး၊ ဒုဗိုလ်မှူးကြီး ရဲထွန်းအား တောင်ကုန်းလွဲနေသည်။ ဤ **D** နှင့် **E** ညာ



www.burmeseclassic.com

www.burmeseclassic.com



ကြားထားသည့်အတိုင်း ဟုတ်,မဟုတ် ပထမမီးခိုးဗုံးနှစ်လုံး သုံးလုံး ပစ်နိုင်းသည်။

မီးခိုးဗုံးများသည် တပ်ရင်းမှူးပြောသည့် D နှင့် E တောင်ကုန်းဖြစ်ကြောင်း သေချာသည်နှင့် လက်နက်ကြီး ပစ်ကူ ၁၀ မိနစ် ပစ်ခတ်ပေးတော့သည်။ ဤ ၁၀ မိနစ် ပစ်ခတ်ပေးနေသည့်အချိန် ဤလက်နက်ကြီးတို့၏ ဗုံးဆန်များကို ကျည်ကွယ်ယူပြီး တက်ရသည်။ လက်နက်ကြီးများ ၁၀ မိနစ်ပစ်ပြီး အပစ်ရပ်လိုက်သည်နှင့် ခြေလျင်တပ်တွေက တရုတ်ဖြူတောင်ကုန်းပေါ်သို့ တစ်ဟုန်ထိုးတက်ကာ ကျားဟုအော်ကြကာ လှံစွပ်တက်ထိုးအသံတွေ သေနတ်သံတွေက ဆူညံသွားတော့သည်။ ဤတောင်ကုန်း D နှင့် E ကို သိမ်းပြီးသည်နှင့် ချက်ချင်းစစ်ဆင်ရေး အမိန့်ပေးအဖွဲ့ တောင်ပေါ်သို့ ချီတက်သွားကြည့်သည်။ တရုတ်ဖြူတို့ရဲ့ အလောင်းများ၊ ပစ္စည်းများ ပြန့်ကျဲနေသည်ကို တွေ့ရသည်။ မိမိဘက်မှ အကျအဆုံးမရှိပါ။ ရဲဘော် ၁၀ ယောက် ဒဏ်ရာရသည်။ ပြင်းထန်တဲ့ဒဏ်ရာများမဟုတ်ပါ။ ဤကဲ့သို့ ရှေ့တန်းတွင် ဒဏ်ရာရသည့် ရဲဘော်များကို ဆေးမှူးကြီး ဒုဗိုလ်မှူးကြီးမောင်မောင်သန်းနှင့် လက်

မြရတနာစာပေ



ထောက်ဆေးမှူးများဖြစ်သည့် ဒုဗိုလ်မှူးကြီး တိုင်းလုံးကျော်မြနှင့် ဒုဗိုလ်မှူးကြီး တင်ဦးတို့က ရှေ့တန်း အရိပ်ကောင်းသည့်သစ်ပင်များအောက်မှာပဲ ခွဲစိတ်ကုသမှုများ ချက်ချင်းပြုလုပ်သည်။

ထို့ကြောင့် ရဲဘော်များ၏ အသက်ပေါင်းများစွာကို ကယ်နိုင်သည်ကို တွေ့ရသည်။ ဤစစ်ဆင်ရေးအဆင့်တွင် အမှတ် (၄) ခြေလျင်တပ်ရင်း (အများက ဂေါ်ရခါးစစ်သည်များသည်) တပ်ရင်းမှူးကတော့ ဒုဗိုလ်မှူးကြီးသူရထွန်းတင် (နောင်တွင် နိုင်ငံတော်ဝန်ကြီးချုပ်) နှင့် အမှတ် (၁၀၆) ခြေမြန်တပ်ရင်း၊ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး သူရအောင်ဖေ (နောင်ဝန်ကြီး၊ ဗိုလ်မှူးကြီး) တို့က ဦးဆောင်ပြီး တိုက်ကြသည်။

ပထမပိုင်း စစ်ဆင်ရေးတွင် အမှတ် (၁၈) ခြေလျင်တပ်ရင်း တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးချစ်ခိုင်၊ အမှတ် (၂၃) ခြေလျင်တပ်ရင်း တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးသိန်းတုတ် (နောင်သံအမတ်ကြီး ဗိုလ်မှူးကြီး သိန်းတုတ်)နှင့် အမှတ် (၄) ကချင်သေနတ်ကိုင်တပ်ရင်း တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး နော်လာတို့သည် သတ်မှတ်ပေးသည့် တရုတ်ဖြူတို့ရဲ့ ခံစစ်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းများကို အလှည့်ကျ(ဦးဆောင်ပြီး) တာဝန်ကျသည့် အတိုင်း တက်၍ တိုက်ကြရသည်။

ဤရန်ကြီးအောင် စစ်ဆင်ရေးကို တာဝန်ကျသည့် တပ်မတော်သားအားလုံးတို့သည် အသက်ကို ပဓာနမထားဘဲ အားတက်သရော တရားတဲ့စစ်ပွဲများကို အသက်စွန့်၍ တက်ကြ၊ တိုက်ခဲ့ကြသည်။ တရုတ်ဖြူတို့သည် မိမိဘက်မှ လက်နက်ကြီးများကို သုံးခဲ့စေကာမူ ပထမပိုင်းတွင် မတုန် လှုပ်ခဲ့သေး။ မိမိဘက်မှ တောင်ပေါ်ပစ်အမြောက်ကို ထုတ်၍ အနီးကပ်ပစ်ခတ်တိုက်ခိုက်လာသည့်အခါတွင် တရုတ်ဖြူ တွေ မခံနိုင် ဆုတ်ရတော့သည်။

မိမိတပ်မတော်ဘက်မှ ဆုတ်သွားသည့် တရုတ်ဖြူ တို့အား စစ်သဘော ဥပဒေသများအရ အနားမပေးဘဲ တောက်လျှောက် လိုက်လံတိုက်ခိုက်မှုကြောင့် ရပ်တည်ရာ မရကြတော့ဘဲ ဖြစ်သွားတော့သည်။ တရုတ်ဖြူတပ်တွေ တစ်ဆုတ်တည်းဆုတ်နေရသည်။ ဒါပေမဲ့ ထုသားပေသား ရပြီး စစ်သားများဖြစ်သည့်အတွက် ဆုတ်ပေးကြပေမယ့် အမိန့်အတိုင်း စနစ်တကျဆုတ်လျှင်ပင် တပ်မတော်ဘက်မှ မနားတမ်းတိုက်ခိုက်မှုကြောင့် မိုင်းတုံ၊ မိုင်းဆတ်က ရန်သူ





တွေအားလုံးလို ပုံပါကျင်၊ လွယ်လန်း၊ မိုင်းယောင်းဘက်မှ တာချီလိတ်၊ ယိုးဒယားနယ်စပ်က တောင်ထိပ်များတွင် အခိုင်အမာတပ်စွဲနေတဲ့ တရုတ်ဖြူရန်သူတွေဟာ ဆုတ်ကြပြီး လွယ်တုံးကြီးဘက်တွင် စုဝေးပြီး ခုခံမယ့်ပုံဖြစ်တော့သည်။

မိုးတွေကလည်း အတော်ရွာလာနေတော့သည်။ ရှေ့ဆက်ပြီးတိုက်ဖို့ကတော့ အလှည့်ကျသည့် တပ်ရင်းနှင့် လက်နက်ကြီးတွေက ရန်သူဆုတ်ပြီး နောက်ဆုံးခံနိုင်သည့် နေရာများကို ပစ်ခတ်နိုင်အောင်တော့ အမြောက်က လှမ်းပစ်နိုင်သည့်နေရာများကို ရွေးချယ်ကြရသည်။

တောင်ပေါ်ပစ်အမြောက်ကဲ့သို့ ၆ လက်မ ပေါင်ဒါ အမြောက်တပ်မျိုးကလည်း ရန်သူစခန်းမှ ဘန်ကာကြီးတွေကို ၆ လက်မ ပေါင်ဒါတပ်မျိုး ဗိုလ်မှူးစိုးလွင်နှင့် ဗိုလ်ကြီးသက်ဝေက ရန်သူဘန်ကာကြီးတွေကို တစ်လုံးပြီးတစ်လုံး ပစ်ပြချင်သည်။ ထို့ကြောင့် လားသွားလမ်းကလေးတွေမှာ မိုးထဲရေထဲတွင် လူအင်အားနှင့် ဖိပြီး ရဲဘော်တွေက မိုးတွေထဲမှာ ထမ်းပိုးပြီး သယ်နေကြသည်။ ဤနောက်ဆုံးပွဲမှာ ပွဲပြီးသည်အထိ ပါလိုက်ချင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆင်ရေးမှူးကြီးနှင့် ဦးစီးအရာရှိများပါ ရှေ့တန်းမှ ကိစ္စတစ်ခုကြောင့် တာချီလိတ်သို့ ပြန်လာကြသည်။ ၆ လက်မ ပေါင်ဒါအမြောက် ခြေလျင်တပ်ချင်း ရင်ဆိုင်တိုက်သည့်အခါ တစ်ဖက်ရန်သူမှ တင့်ကားများပါလာပါက ဤ ၆ လက်မ ပေါင်ဒါအမြောက်ဖြင့် အနီးကပ်ပစ်ကြသည့် အမြောက်ဖြစ်သည်။ ယခု ၆ လက်မ ပေါင်ဒါအမြောက်ကတော့ တင့်ကားကဲ့သို့ နိုင်မာတောင့်တင်းပြီး တောင်ပေါ်စခန်းတွေမှ အခြေပြုလုပ်ထားသည့် ဘန်ကာများသည် မရွေ့ပြောင်းနိုင်သည့် တင့်ကားများပင်ဖြစ်သည်။

မရွေ့ပြောင်းနိုင်သည့် တရုတ်ဖြူရဲ့ ဘန်ကာကြီးတွေကို ဤတင့်ကားဖျက်သည့် ၆ လက်မ ပေါင်ဒါအမြောက်နှင့် ပစ်ပြလိုသည်။ ထို့ကြောင့် တရုတ်ဖြူနှင့် ရင်ဆိုင်ထားသည့် ခြေလျင်တပ်များအရောက် မိုးထဲလေထဲ သွားစရာကလည်း လားလမ်းပဲရှိသည်။ ဤလားလမ်းကလေးတွေမှာပဲ အပင်ပန်း အဆင်းရဲခံပြီး သယ်နေခြင်းကို စစ်ဆင်ရေးမှူးမြင်တော့ ရဲဘော်တွေလည်း အတော်ပင်ပန်းကုန်ပြီတဲ့။

တာချီလိတ် ဗိုလ်တဲတွင် စစ်ဆင်ရေးမှူးကြီးက





တပ်မှူးများကို အစည်းအဝေးခေါ်ထားသည်။ စစ်ဆင်ရေးမှူးကြီး ခရီးသွားစရာရှိသည်။ ဒါကြောင့် တပ်မဟာ (၉) ရဲ့ တပ်မင်းဗိုလ်မှူးကြီး လှမော်နဲ့ တပ်ရင်းမှူးများ အမြောက်ပါ ညှိနှိုင်းပြီး တိုက်ကြတဲ့ဟု တာဝန်ပေးသည်။ တပ်မဟာမှူးနှင့် တပ်ရင်းမှူးများ လက်နက်ကြီးများ၏ တပ်မှူးများသည် စစ်ဆင်ရေးမှူးကြီး၏ အနီးကပ်တိုက်ကွက်ကြီးများကို လက်တွေ့ပြခဲ့ပြီးဖြစ်၍ တပ်မဟာမှူး ခြေလျင်တပ်မှူးများနှင့် လက်နက်ကြီးတပ်မှူးတွေကလည်း တပ်ခွဲများကို အလှည့်ကျတာဝန်ပေးပြီး တိုက်ခိုက်ခဲ့ကြ၍ အဆင့်ဆင့်အောင်ပွဲတွေ ရခဲ့ကြသည်။

စာရေးသူသည် တိုက်ပွဲတွေပြီးသည်နှင့် တရုတ်ဖြူတို့ရဲ့ ခံစစ်စခန်းတွေကို ရောက်သည့်အခါစ၍ မတိုက်ခင်အဝေးမှမြင်ရသည်ထက် တရုတ်ဖြူစခန်းတွေ၊ ကျင်းတွေ၊ ဘန်ကာတွေသည် စက်များနှင့် ပြုလုပ်ထားသည့်အလားတူပင် ထင်မိသည်။ တောင်ပေါ် တောင်စောင်းတွေမှာ အခိုင်အခံ ကြွက်တွင်းတွေ တူးထားသကဲ့သို့ ထင်ရသည်။ သို့သော်လည်း တပ်မတော်ရဲ့ လက်နက်ကြီးတွေရဲ့ ပစ်အားအထူးသဖြင့် တောင်ပေါ်ပစ်အမြောက်ကို ရှိုင်ဖယ်သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ တရုတ်ဖြူတွေရဲ့ ဘန်ကာတွေကို အမြောက်ပြောင်းထဲမှ ကြည့်ပြီး ချိန်ကာ ပစ်ခတ်ခဲ့သဖြင့် ရန်သူဘန်ကာကြီးတွေ တစ်လုံးပြီးတစ်လုံး ပစ်နိုင်အောင် စီစဉ်ထားမှုနှင့်အတူ ခြေလျင်တပ်တွေရဲ့ သတ္တိ၊ ဇွဲ၊ အသိစိတ်ဓာတ်တွေနှင့် ကိုယ့်တာဝန်ကျသည့် တာဝန်အပိုင်းတွေကို အသက်နဲ့လဲပြီး စွန့်လွှတ်စွန့်စားကြပြီး၊ ရဲသော်မသေသေသော် ငရဲမလားဆိုသည့် ပြည်သူ့တပ်မတော်သားတစ်ဦးအနေဖြင့် ရဲဘော်အားလုံးရဲ့စိတ်ထားတွေကိုတော့ ကျေးဇူးတင်ဂုဏ်ယူမိပါတော့သည်။

နောင်လည်း မြန်မာ့တပ်မတော်ကြီးသည် ကျွန်တော်တို့ မျှော်မှန်းခဲ့သည့် ဖြစ်ချင်လှသည့် ပြည်သူ့တပ်မတော်ကြီးဖြစ်ရမည်ကို ဤစစ်ဆင်ရေးကြီးအပြီးတွင် ကျွန်တော့်ရင်တွင်းမှ ဆုံးဖြတ်မိပါတော့သည်။ ဤရန်ကြီးအောင်စစ်ဆင်ရေး ခေတ္တရပ်ထားသဖြင့် စစ်ဆင်ရေးမှူးကြီး ဗိုလ်ချုပ်က ကဲ ချောဗိုလ်ကြီး ဗိုလ်သင်တန်းကျောင်းကို ပြန်ပေတော့တဲ့၊ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးမြဝင်းကိုလည်း ကျေးဇူးတင်ကြောင်း ပြောပြလိုက်ပါတဲ့။

ဗိုလ်သန်းတင်တို့က ဗိုလ်သင်တန်းကျောင်းက





သင်တန်းဆရာဖြစ်တော့ စစ်ပွဲအောင်နိုင်ဖို့ ဒီမှာရှိတဲ့ လက်နက်ပစ္စည်းတွေနှင့် ရဲဘော်တွေရဲ့ နောက်မဆုတ်တန်း ဆုံးဖြတ်ချက်တွေကြောင့် အောင်မြင်တာကိုတော့ ကျောင်းကအရာရှိနှင့် ဗိုလ်လောင်းကျောင်းသားတွေကိုတော့ လက်တွေ့သင်တန်းတွေ ပေးပေတော့တဲ့။ စာရေးသူ မေမြို့ကျောင်းတော်ကြီးသို့ ပြန်ရောက်ပြီးလို့ မကြာခင်မှာပဲ ဖဆပလအစိုးရက နိုင်ငံရေးအရ ကေအမ်တီ (တရုတ်ဖြူ) ကျူးကျော်မှုကို ကုလသမဂ္ဂသို့ ၁၉၅၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ကေအမ်တီ(တရုတ်ဖြူ) ကျူးကျော်မှု ပြဿနာကို ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးသို့ တင်ပြရန် မြန်မာနိုင်ငံအစိုးရက ဆုံးဖြတ်လိုက်သည်။

မတ်လ ၁၇ ရက်နေ့တွင် အမေရိကန်အစိုးရနှင့် ချုပ်ဆိုထားသော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (အီးစီအေ) စာချုပ်ကို ဇွန်လ ၃၀ ရက်နေ့တွင် ရပ်စဲမည်ဟု ကြေညာသည်။ ထို့နောက် မတ်လ ၂၅ ရက်နေ့တွင် တရုတ်ဖြူကျူးကျော်မှု ပြဿနာကို ကုလသမဂ္ဂအဖွဲ့ချုပ်သို့ တရားဝင်တိုင်ကြားသည်။

မြန်မာ့တပ်မတော်ကြီးသည် တရုတ်ဖြူ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်လာသည့်မတိုင်မီ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်မှစ၍ ပြည်တွင်းဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရာတွင် တပ်မတော်ကြီးအနေဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ရှိသည့်အင်အားဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်ရသည့်အချိန်တွင် စာရေးသူသည် တပ်စုမှူး၊ တပ်ခွဲမှူးဘဝဖြင့် တပ်ဖွဲ့၊ တပ်ရင်းတွေရဲ့ ရှေ့ဆုံးမှ ပါဝင်တိုက်ခိုက်ခဲ့ရသည်။

စာရေးသူသည် ရန်ကြီးအောင် စစ်ဆင်ရေးပြီးသည့်အခါ မေမြို့ ဗိုလ်သင်တန်းကျောင်းတော်ကြီးသို့ မရောက်မီ လမ်းခရီးတွင် ရန်သူများအပေါ် ဘယ်လို အနိုင်ရအောင် အောင်ပွဲခံရုံတွင်မက သောင်းကျန်းသူတွေ တစ်ယောက်မှ မကျန်ရအောင် ဘယ်လိုတိုက်ရင်ကောင်း မလဲဆိုသည့် အတွေးတွေနှင့်အတူ ခြေလျင်တပ်ရင်းသို့သာ ပြန်လိုစိတ်ပြင်းပြနေခဲ့တော့သည်။

❖



## အခန်း ( ၄ )

## ထိုက်ပွဲဝင်တပ်မှူးကြီးများ၏ ဖော်ပြချက်များ အမှတ်(၄)

ယခုနောက်ဆုံးဖော်ပြမည့် စစ်မှတ်တမ်းမှာ စာရေးဆရာကြီး မိုးမိုးတာရောစန် အမည်ခံ ဗိုလ်မှူးကြီး ခင်မောင်သောင်း(အငြိမ်းစား)၏ ဖော်ပြချက်ဖြစ်ပါသည်။

အချိန်က ၁၉၆၀ ခုနှစ် ဒီဇင်ဘာလ။

ဗိုလ်မှူးကြီး ခင်မောင်သောင်းသည် ခမရ (၁၀၇) တပ်ရင်းမှူးတာဝန်ဖြင့် **Staff College** စစ်ဦးစီးတက္ကသိုလ် တက်နေချိန်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိုင်ငံနယ်နိမိတ်သတ်မှတ်ရေး နယ်ခြားမှတ်တိုင် စိုက်ထူရေးကိစ္စကို ဘဘစစ်ဆင်ရေးအမည်ဖြင့် ဆောင်ရွက်လျက်ရှိ၏။ ထိုစဉ်က KMT တရုတ်ဖြူများသည် ကျိုင်းတုံ အရှေ့ခြမ်း မိုင်းတုံ၊ မိုင်းဆတ်၊ ပုံပါကျင်၊ တာချီလိတ်၊ မိုင်းဖျတ်၊ မိုင်းပါလွို၊ ကျိုင်းလတ် စသည့် ဒေသများတွင် အခိုင်အမာ အခြေချလျက်ရှိ၏။ တရုတ်ဖြူများကြောင့် တရုတ်မြန်မာ နယ်နိမိတ်သတ်မှတ်ရေး နယ်ခြားကျောက်တိုင် စိုက်ထူရေးတို့မှာ အနှောင့်အယှက်ကြီးစွာ ဖြစ်ရတော့၏။

ဒီရန်သူတွေ ဒီကျူးကျော်သူတွေကို မြန်မာ့မြေ အပြီးအပြတ် မောင်းထုတ်ရပေတော့မည်။ အချိန်ကလည်း အတော်ကြာခဲ့ပါပြီ။ မြွေမသေ၊ တုတ်မကျိုး လုပ်ထား လို့ကား မရတော့။ ကုလသမဂ္ဂကိုလည်း တိုင်ပြီးပြီ ထိုင်ဝမ်ကလည်း သူ့လူတွေကို တာဝန်မယူတော့။ အပြင် ငြင်းပယ်ထား၏။ ထို့ကြောင့် ဒီကျူးကျော်သူတွေကို စစ်ရေးအရ ပြတ်သားစွာ အရေးယူရန်ကလွဲပြီး အခြား နည်းမရှိတော့ပါချေ။



ဤသို့ဖြင့် ၁၉၆၀ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာ တပ်မတော်သည် နာမည်ကျော် မဲခေါင်စစ်ဆင်ရေးကြီးကို ဆင်နွှဲရလေတော့သည်။

မဲခေါင်စစ်ဆင်ရေးကြီး စတင်ချိန်၌ စာရေးသူ ဗိုလ်မှူးကြီးခင်မောင်သောင်း (အငြိမ်းစား)သည် စစ်ဦးစီးတက္ကသိုလ် တက်နေဆဲကာလ ဖြစ်၏။ သင်တန်းသားဘဝမှ စာရေးသူအား ဘဘစစ်ဆင် ရေးတွင် အုပ်ချုပ်ထောက်ပံ့မှု တာဝန်ပေးထားရာ စာရေး သူက အုပ်ချုပ်ထောက်ပံ့မှုကိစ္စများအစား ကိုယ့်တပ် ကိုယ် တိုင်ပြီး မဲခေါင်စစ်ဆင်ရေးကြီးတွင် ပါဝင်ဆင်နွှဲခွင့်အား မြောက်ပိုင်းတိုင်း တိုင်းမှူးကို တင်ပြတောင်းဆိုခဲ့ပါသည်။

တိုင်းမှူးကလည်း ဘဘစစ်ဆင်ရေးထက် မဲခေါင် စစ်ဆင်ရေးက ပိုအရေးကြီးသဖြင့် ဗိုလ်မှူးကြီးခင်မောင် သောင်း၏ တင်ပြချက်အား ခွင့်ပြုခဲ့ပါသည်။ ဤတွင် ဗိုလ်မှူးကြီးခင်မောင်သောင်းသည် မိမိ၏တပ်ရင်း ခမရ (၁၀၇) ကို ဦးစီးပြီး မဲခေါင်စစ်ဆင်ရေးကြီးကို တပ်မဟာ (၉) ၏ ကွပ်ကဲမှုဖြင့် ဆင်နွှဲခွင့်ရရှိတော့၏။ ထိုစဉ်က တပ်မဟာ (၉) တပ်မဟာမှူးကား ဗိုလ်မှူးကြီးထွန်းစိန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါ၏။

ထိုစစ်ဆင်ရေးကြီး၌ ဗိုလ်မှူးကြီးခင်မောင်သောင်း နှင့် သူ၏တပ်ရင်းတို့ ပါဝင်ဆင်နွှဲခဲ့ပုံအား ကာယကံရှင် ကိုယ်တိုင် ရေးသားခဲ့သည့် နှစ် ၅၀ မြောက် တပ်မတော် ရွှေရတုစာစောင် စာမျက်နှာ ၁၅၆ တွင် ဖော်ပြခဲ့သည့် အတိုင်း အောက်တွင် ပြန်လည်ဖော်ပြအပ်ပါသည်ခင်ဗျား။

**မဲခေါင်စစ်ဆင်ရေး မွိုင်း ၃၁၁၅ နှင့် ဝင်းမနော် တိုက်ခဲ့**

တစ်မှုန့်မြေလွှာ၊ တစ်လွှာပန်းခြောက်
တစ်ပေါက်ရေစက်၊ ငါတို့လက်မှ
ရန်သူရလျှင်၊ မြန်မာ့သမိုင်း ရိုင်းတော့မည်။

၁၉၆၀ ပြည့်နှစ်၊ ဖွန်လတွင် တရုတ်–မြန်မာ နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးနှင့် နယ်ခြားကျောက် တိုင်များ စိုက်ထူရေးအတွက် စစ်ဆင်ရေးတစ်ရပ် ပြုလုပ် ခဲ့ပါသည်။ အဆိုပါ စစ်ဆင်ရေးကို ဘဘ စစ်ဆင်ရေး Burma Boundary Operation ဟု ခေါ်ပါသည်။

"ဘဘ စစ်ဆင်ရေး" ကို မြန်မာနိုင်ငံဘက်မှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးစီးကွပ်ကဲပြီး ကြေးတိုင်နှင့်





မြေစာရင်းဦးစီးဌာန၊ တပ်မတော်မှ တပ်ရင်းတပ်ဖွဲ့များအပြင် အထူးတာဝန် တစ်ရပ်အနေဖြင့် စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် နည်းပြဆရာများ၊ စစ်ဦးစီးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၁၂) မှ သင်တန်းသားအရာရှိများ ပါဝင်ကြပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှလည်း တရုတ်ပြည်သူ့ တပ်မတော်အရာရှိများနှင့် မြေတိုင်းအဖွဲ့များ ပါဝင်ကြပါသည်။

တရုတ်–မြန်မာ နယ်နိမိတ် သတ်မှတ်ရာတွင် တိုင်းတာသတ်မှတ်ရမည့် နယ်နိမိတ်များပေါ်တွင် "ကူမင် တန်ဆန်ပေ့" ခေါ် ကျူးကျော်သူ တရုတ်ဖြူ ကြွင်းကျန် တပ်များ အခိုင်အမာ တပ်စွဲနေကြသဖြင့် ၎င်းတပ်များကို တိုက်ထုတ်ရန် လိုအပ်လာသည့်အတွက် မဲခေါင်စစ်ဆင် ရေးကို ဗမာ့တပ်မတော်မှ ဆင်နွှဲခဲ့ရပါသည်။

တပ်မဟာ (၉) နယ်မြေအတွင်း တရုတ်ဖြူတပ် များသည် တရုတ်–မြန်မာနယ်နိမိတ်တစ်လျှောက် တရုတ်– မြန်မာနှင့် လာအိုနိုင်ငံ ဆက်စပ်လျက်ရှိသော နေရာအထိ သည်းကောင်း၊ ၎င်းနေရာမှ လော၊ မြန်မာနယ်နိမိတ် အတိုင်း လော၊ မြန်မာနှင့်ထိုင်းနိုင်ငံ ဆက်စပ်လျက်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



နေရာအထိလည်းကောင်း၊ ၎င်းနေရာမှ ထိုင်း–မြန်မာ နယ်နိမိတ်တစ်လျှောက် လွယ်တော်ခမ်း၊ လွယ်ခမ်းရှိုးစသော ရေဝေကုန်းတန်းများပေါ်တွင် အခိုင်အမာ စခန်းများ တည်ဆောက်ကာ နေထိုင်လျက်ရှိကြပါသည်။ တရုတ်ဖြူတပ်မ ဌာနချုပ်များ မိုင်းပါလျှိုနှင့် ကျိုင်းလတ်တွင် ရှိနေသည်။ မိုင်းပါလျှိုသည် ကျိုင်းတုံ၊ တာချီလိတ်ကားလမ်း တာလေ မိုင်းလင်းအရှေ့ဘက် မိုင် ၂၀ ခန့်တွင် ရှိသည်။ မိုင်းပါ လျှိုတွင် ညအချိန် လေယာဉ်ဆင်းသက်နိုင်သော လျှပ်စစ် မီးများ တပ်ဆင်သွယ်တန်းထားသော အဆင့်မီ လေယာဉ် ကွင်းရှိသည်။ မိုင်းပါလျှို၊ ကျိုင်းလတ်၊ ဝင်းမနော် လွမ်းတော်ခမ်း၊ လွယ်ခမ်းရှိုး၊ တရုတ်ဖြူစခန်းများတွင် စစ်တန်းလျားများ၊ အိမ်ထောင်သည်လိုင်းများ၊ နေအိမ် အဆောက်အဦများ၊ ဆေးရုံ၊ စာသင်ကျောင်းများ ရှိကြ သည်။ စခန်းအတွင်း လျှပ်စစ်မီးများ သွယ်တန်းထား ရှိပါသည်။ စခန်းတိုင်းတွင် စခန်းပတ်လည် ခံစစ်အဖြစ် တည်ဆောက်ထားသည်။ ခိုင်ခံ့သောဘန်ကာများ၊ ဆက် သွယ်ကျင်းများ၊ ပတ်လည်တည်ဆောက်ထားသည်။ ကာ ကင်းဘန်ကာများလည်း အများအပြားတည်ဆောက်ထား





သည်။ တရုတ်ဖြူတပ်များသည် အထက်ပါအတိုင်း အခိုင် အမာ အဆောက်အဦများ အများအပြား တည်ဆောက် ထားသည်။ တရုတ်ဖြူတပ်များသည် မြန်မာပြည်အတွင်း တွင် တရုတ်ပြည်ငယ်ကလေး တစ်ခုသဖွယ် အတင့်ရဲစွာ ကျူးကျော်နေထိုင်လျက် ရှိကြပါသည်။

တရုတ်ဖြူတပ်များ အခိုင်အမာရှိနေသဖြင့် ဘာဘာ စစ်ဆင်ရေးပထမပိုင်းတွင် တပ်မဟာ (၉) နယ်မြေအတွင်း နယ်နိမိတ်တိုင်းတာခြင်း၊ နယ်နိမိတ်ကျောက်တိုင်များ စိုက် ထူခြင်း မပြုလုပ်နိုင်ခဲ့ပါ။

"တရုတ်ဖြူတွေက တပ်မကြီးတွေကို ဂျင်နရယ် ကြီးတွေ ဦးစီးပြီးစောင့်နေကြတယ်။ ငါတို့မှာ ခလရ (၇) က မေဂျာကင်းငင်း (ယခင် ချင်းပြည်နယ်ဥက္ကဋ္ဌ) နဲ့ တပ်ခွဲ နှစ်ခွဲ၊ ခလရ (၃) က မေဂျာမြင့်အောင် (ကွယ်လွန်) နဲ့ စစ်ကြောင်းတစ်ကြောင်း ဒါပဲရှိတယ်။ ဂျင်နရယ်လောက်လီ နဲ့ မေဂျာကင်ငင်းတစ်ယောက်ချင်း နဘမ်းချရင်တော့ ဘို့နိုင်ချင်နိုင်မယ်"

တပ်မဟာ (၉) တပ်မင်း ဗိုလ်မှူးကြီး ထွန်းစိန် (ကွယ်လွန်) က ပျော်ပျော်နေတတ်သူပီပီ မဲခေါင်စစ်ဆင်ရေး



www.burmeseclassic.com

www.burmeseclassic.com



မစမီက သူရင်ဆိုင်နေရသော ပြဿနာကို ရယ်ရယ်မောမော ပြောလိုက်ခြင်းဖြစ်ပါသည်။

မဲခေါင် စစ်ဆင်ရေးကို ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် စတင်ခဲ့ပါသည်။ စစ်ဆင်ရေးကို နယ်မြေခံတပ်ဖြစ်သော တပ်မဟာ (၉)လက်အောက်ခံ တပ်များအပြင် သနက (၃)၊ ချင်း (၄)၊ ခမရ (၁၀၄)၊ ခမရ (၁၀၇)၊ ခမရ (၁၀၉)၊ ခြေလျင်တပ်ရင်းများ၊ အကူလက်ရုံးတပ်များဖြစ်သော အမှတ် (၂) မြေပြင် ပစ်အမြောက် တပ်ရင်း (၂၅) ပေါင်ဒါအမြောက်များ၊ ၇၆ မီလီမီတာ တောင်ပေါ်ပစ်အမြောက်တပ်များ၊ ၁၂၀ မီလီမီတာ စိန်ပြောင်းတပ်များ၊ တပ်မတော်(လေ) မှ ဆီးဖြူရီတိုက်လေယာဉ်များ၊ ဘဲလ်ရဟတ်ယာဉ်များ၊ ဒါကိုတာ သယ်ယူပို့ဆောင်ရေးလေယာဉ်များ ပါဝင်ကြပါသည်။

မဲခေါင်စစ်ဆင်ရေး စတင်သောအခါ ကျွန်တော်သည် ခမရ (၁၀၇) တပ်ရင်းမှူးမှ စစ်ဦးစီးတက္ကသိုလ်သင်တန်းသားဖြစ်ခြင်းကြောင့် ဘဘ စစ်ဆင်ရေး အုပ်ချုပ်ထောက်ပံ့ဌာနချုပ်မှူး တာဝန်ထမ်းဆောင်နေချိန် ဖြစ်ပါသည်။ မဲခေါင်စစ်ဆင်ရေးတွင် ကျွန်တော်တပ်ရင်း ခမရ (၁၀၇) ပါနေသည်။ ဤကဲ့သို့ အရေးကြီးသော စစ်ဆင်ရေးတွင် တပ်ရင်းကို တပ်ရင်းမှူးကိုယ်တိုင်သာ ဦးစီးစေသင့်ပါသည်။ နောက်တစ်ချက်မှာ ကျူးကျော်သူ တရုတ်ဖြူများကို တိုက်ခိုက်ရမည့် ပွဲကြီးပွဲကောင်းစစ်ဆင်ရေးကြီးကို ကျွန်တော် လက်လွှတ်မခံနိုင်ပါ။ သို့ဖြစ်၍ မပခတိုင်းမှူးအား ယခုကဲ့သို့ အရေးကြီးသော စစ်ဆင်ရေးတွင် တပ်ရင်းမှူး မပါလျှင် မဖြစ်ကြောင်း တင်ပြရာ တိုင်းမှူးကလည်း ဘဘစစ်ဆင်ရေးထက် မဲခေါင်စစ်ဆင်ရေးက ပို၍အရေးကြီးကြောင်း၊ သဘောပေါက်သဖြင့် ကျွန်တော် မူလတာဝန်ဖြစ်သော ခမရ (၁၀၇) တပ်ရင်းမှူးအဖြစ် မဲခေါင်စစ်ဆင်ရေးကို ပါဝင်ဆင်နွှဲခွင့် ရရှိခဲ့ပါသည်။

ကျွန်တော်သည် ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် မန္တလေးမှ ဖော်ကာလေယာဉ်ဖြင့် ကျိုင်းတုံသို့ လိုက်ပါခဲ့ပါသည်။ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ခမရ (၁၀၄) မှ ဗိုလ်မှူးမောင်မောင် (ဖခင်ကြီး မောင်မောင်) နှင့်အတူ ဘဲလ်ရဟတ်ယာဉ်ဖြင့် ကျိုင်းတုံမှ ရှေ့တန်းတပ်မဟာ (၉) ရှိရာ တာလေသို့ လိုက်ခဲ့ပါသည်။ ကျိုင်းတုံမှ ထွက်ကတည်းက ရဟတ်ယာဉ်စက်က ချွေး







www.burmeseclassic.com

www.burmeseclassic.com



နေပါသည်။ လမ်းခရီးတွင် တောတွင်းတစ်နေရာသို့ ဆင်းရမည့် အခြေအနေဖြစ်လာပါသည်။ ဗိုလ်မှူးမောင်မောင်က "ရွှေဘန့်တင်ညွှန့်ပါတယ်ကွ၊ ယီးတီးယားတား မလုပ်နဲ့" ဟု ကြိမ်းမောင်းလိုက်မှ ရဟတ်ယာဉ်သည် ကျွန်တော်တို့နှစ်ယောက်အား ကြောက်၍လားမသိ၊ စက်မချွတ်ယွင်းတော့ဘဲ တာလေသို့ ချောချောမောမော ရောက်ရှိသွားပါသည်။

တာလေတွင် တပ်မဟာ (၉) ရှေ့တန်းဌာနချုပ်ကို တောင်ကုန်းပေါ်တွင် ဖွင့်လှစ်ထားသည်။ အမြောက်တပ်များကွပ်ကဲရန် ဒုဗိုလ်မှူးကြီး ရဲထွန်းရှိနေသည်။ ဆက်သွယ်ရေးလမ်းကြောင်း ထိန်းသိမ်းသော ချင်း (၄) မှ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဗန်ကူးရှိသည်။

မိမိတပ်များ တာလေမှ မိုင်းပါလျှိုသို့ သွားသောလမ်း လန်းတောင်၊ မိုင်းလင်းနှင့် နားဖန်ကို တိုက်ခိုက်သိမ်းပိုက်ထားသည်။ မိုင်းလင်းတွင် သနက (၃) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး မောင်ကျော် (ဗိုလ်မှူးကြီး၊ ဗလက အငြိမ်းစား(ကွယ်လွန်) ရှိနေသည်။ နားဖန်တွင် ခမရ (၁၀၄) ရှိသည်။ တပ်ရင်းမှူးမှာ ဗိုလ်မှူးစည်သူ (မျက်ပြစည်သူ





ကွယ်လွန်) ဖြစ်သည်။ ခမရ (၁၀၄) သည် ဝင်းမနော်ကို တိုက်ရန် သွေးတိုးစမ်းလျက်ရှိသည်။ ရှေ့သို့ မတက်နိုင်သေး။ ဝင်းမနော်တွင် တရုတ်ဖြူများ ဘန်ကာများအခိုင်အမာဖြင့် တပ်စွဲထားပြီး ရှေ့မျက်နှာစာမှတိုက်သောတပ်များကို ခုခံချေမှုန်းလျက်ရှိနေသည်။ ချင်း (၄) မှ ဝင်းမနော်ကို တိုက်ခိုက်ရာတွင် အကျအဆုံးများစွာဖြင့် ဆုတ်ခွာခဲ့ရသည်။

ခမရ (၁၀၄) တပ်ရင်းမှူး ဗိုလ်မှူးစည်သူကို ရှေ့တန်းကျကျနေရာ ကျင်းတစ်ခုအတွင်း တွေ့ရသည်။ "ကျင်းထဲက ထွက်လို့မရဘူး။ ခွေးမသားတွေ၊ ပစ်အားသိပ်ကောင်းတယ်" ဟု ဗိုလ်မှူးစည်သူက ပြောသည်။ သူတစ်ကိုယ်လုံး ကွမ်းတံတွေးများပေလျက်ရှိသည်။ "ဘာမှစားရဘူး။ ကွမ်းချည်းပဲ စားနေရတယ်" ဟု သူက ရှင်းပြောသည်။ အကူရဲဘော်သည် သူ့နောက်တွင် ကပ်လျက်ရှိနေပြီး ကွမ်းအစ်တစ်လုံးကို ပိုက်ထားသည်။ တပ်ရင်းမှူးမှ ကွမ်းတောင်းလျှင် ကွမ်းယာကိုယာပြီး ခုံးပေါ်မှ ကျော်၍ ပေးနေရသည်။ ဗိုလ်မှူးစည်သူ ရှိနေသော ကျင်းအပေါ်တွင်ရှိသော ဝါးရုံပင်များ ရန်သူ့စက်



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကြီးများ ပစ်ခတ်မှုကြောင့် ခါးလယ်မှပြတ်လျက် ရှိသည်။

ဝင်းမနော်စခန်းသည် မိုင်းပါလျှိုသို့ တက်ရာလမ်း၏ လက်ယာဘက် ကုန်းမြင့်များပေါ်တွင် ရှိသည်။ တရုတ်ဖြူ ဗိုလ်ချုပ်တစ်ဦးဦးစီးသော တပ်စခန်းကြီး ဖြစ်ပါသည်။ အိမ်ထောင်သည်လိုင်း၊ ဆေးရုံ၊ သားဖွားခန်း၊ စာသင်ကျောင်းများရှိသည်။ တည်ဆောက်ထားသော ဘန်ကာများမှ ကြီးမားခိုင်ခံ့လှပါသည်။ လူတစ်ယောက်ဖက် သစ်လုံးကြီးများဖြင့် တည်ဆောက်ထားသဖြင့် မိမိတို့ ပစ်ခတ်သော ၁၂၀ မီလီမီတာ စိန်ပြောင်း တိုက်ရိုက်ထိမှန်သည်ကိုပင် မမှုပါ။ နားဖန်ဘက်မှ တိုက်သော မိမိတပ်များ စခန်းအနီးသို့ပင် မသီနိုင်ပါ။ ချင်း (၄) မှ ဝင်းမနော်သို့ တိုက်သောတပ်များ အကျအဆုံးများစွာဖြင့် ဆုတ်ခွာခဲ့ရပါသည်။

ကျွန်တော်သည် ဝင်းမနော်စခန်းကြီးကို တိုက်ရန် ရည်မှန်းထားသဖြင့် တိုက်ခိုက်ရန် စီမံချက်အကြမ်းကို စဉ်းစားထားပြီးဖြစ်ပါသည်။ ဝင်းမနော်ကို ရှေ့မျက်နှာစာက တိုက်လျှင် ကိုယ့်သေတွင်းကို ကိုယ်တူးသလိုသာ ဖြစ်ပေ





လိမ့်မည်။ သို့ဖြစ်၍ ချဉ်းကပ်ရာလမ်းကို ရွေးချယ်ထားပါသည်။

ဇန်နဝါရီလ ၂၃ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် တပ်မင်းဗိုလ်မှူးကြီး ထွန်းစိန်သည် ရဟတ်ယာဉ်ဖြင့် နားဖန်သို့ ဆင်းလာသည်။ ချင်း (၄) မှ ဒုတိယဗိုလ်မှူးကြီး ဇန်ကူး၊ အမြောက်တပ်မှ ဒုဗိုလ်မှူးကြီး ရဲထွန်း၊ သနက (၃) မှ ဒုဗိုလ်မှူးကြီး မောင်ကျော် (ဗလက ကွယ်လွန်)၊ ခမရ (၁၀၄) မှ ဗိုလ်မှူးစည်သူ (ကွယ်လွန်)၊ ဗိုလ်မှူးမောင်မောင်၊ ခမရ (၁၀၇) မှ ကျွန်တော်တို့ ရှိနေကြသည်။

တပ်မင်းသည် ဘဲလ်ရဟတ်ယာဉ်မှ ဆင်းပြီး ရဟတ်ယာဉ်ကွင်းနှင့် ခပ်လှမ်းလှမ်း စခန်းအနီးတွင် တပ်မှူးများအား ရှေ့ပြုလုပ်မည့် စစ်ဆင်ရေး အစီအစဉ်များကို ဆွေးနွေးညွှန်ကြားပါသည်။ တပ်မင်း စတင်ဆွေးနွေးစဉ်မှာပင် ဝင်းမနော်စခန်းတောင်ကုန်းပေါ်မှ ၇၅ မီလီမီတာ နောက်ပွင့်အမြောက်ဟု ယူဆရသော လက်နက်ကြီးများဖြင့် အဆက်မပြတ် ပစ်ခတ်ပါတော့သည်။ ဗုံးသီးများ ရဟတ်ယာဉ်အနီးတွင် တဝုန်းဝုန်း ကျရောက် ပေါက်ကွဲလျက် ရှိပါသည်။ ရဟတ်ယာဉ် မြေပြင်မှ ထပြန်ရသည်။ မပြန်



www.burmeseclassic.com

www.burmeseclassic.com



လျှင် တိုက်ရိုက်ထိမှန်နိုင်သည်။ ရန်သူ့လက်နက်ကြီး ပစ်ခတ်မှုတိကျ မှန်ကန်လှပါသည်။ တပ်မင်းနှင့် အရာရှိ အားလုံး အနီးအနားရှိ ဗုံးခိုကျင်းများအတွင်းသို့ ခုန်ဆင်း ကြသည်။ မြေပြင်ပေါ်တွင် တစ်ယောက်မှ မရှိကြတော့ပါ။

ရန်သူ့လက်နက်ကြီး ပစ်ခတ်နေသောအချိန်တွင် ပစ်ခတ်သော နေရာတွင် မီးခိုးလုံးဖုန်လုံးကြီးများ ထနေပြီး အချိန်အနည်းငယ်တွင် ပျောက်ကွယ်သွားနိုင်သည်။ ကျွန် တော်က ပစ်ခတ်သော နေရာကို ရှာဖွေလိုက်ရာ ဝင်းမ နော် တောင်ကြောပေါ် တစ်နေရာတွင် တွေ့ရှိရသဖြင့် ကွန်ပတ်(စ) (အိမ်မြှောင်) ကို ထုတ်၍ ညွှန်းဒီဂရီကို နားဖန်တွင် ရှိနေသော ၁၂၀ မီလီမီတာ စိန်ပြောင်း အမြောက်စခန်းသို့ ပေးပို့လိုက်ပါသည်။

ရန်သူ့လက်နက်ကြီး ပစ်သောနေရာတွင် မီးခိုး လုံးကြီးများ ပျောက်သွားသော်လည်း ညွှန်းဒီဂရီယူထား ပြီး နေရာကို မှတ်သားထားပြီး ဖြစ်ပါသည်။ ရန်သူ့နောက်ကျ အမြောက်နေရာမှ တိုက်ရိုက်မြင်နေရသဖြင့် တိုက်ရိုက် ချိန်တွယ်နိုင်ပါသည်။ မြေပုံပေါ်တွင် အကွာအဝေး တိုင်းတွာ တွက်ချက်ပြီး အမြောက်သို့ တင်လိုက်သောအခါ ပစ်ခတ်





ရန် အသင့်ဖြစ်သွားပါသည်။

၁၂၀ မီလီမီတာ စိန်ပြောင်းမှ အဝေးရှာဗုံးတစ်လုံး ပစ်ထုတ်လိုက်သည်။ တောထူးလွန်း၍ ကျည်ကျနေရာကို မမြင်ရပါ။ အကွာအဝေး အဆုံးတင်ပြီး နောက်တစ်လုံး ထပ်ပစ်သည်။ ကျည်ကျနေရာကို မမြင်ရပါ။ ဒုဗိုလ်မှူးကြီး ရဲထွန်းက ၇၆ မီလီမီတာ အမြောက်ကို မိုင်းလင်းမှ ခေါ်ယူ ပြီးဖြစ်၍ ၇၆ မီလီမီတာ အမြောက်ဖြင့် ဆက်လက်ပစ် ခတ်ကြရပြန်ပါသည်။ ရန်သူ့လက်နက်ကြီး ဆက်လက် ပစ်ခတ်မှု မရှိတော့ဘဲ ငြိမ်သွားသည်။

"ဗိုလ်သောင်း၊ ဝင်းမနော်ကို တိုက်မလား" ဟု တပ်မဟာမှူးက မေး၍ "တိုက်မယ်" ဟု ကျွန်တော် ဆိုင်းမတွ ပြန်ဖြေလိုက်ပါသည်။

"ကျွန်တော် **Frontal** မတိုက်ဘူး။ ကျိုင်းတုံ ဘာချီလိတ် ကားလမ်းမိုင်တိုင် ၇၇ က ဖြတ်ဝင်မယ်"

ကျွန်တော်က ဤသို့ ပြောလိုက်ပြီးနောက် အကြမ်း ချင်း အစီအစဉ်ကို တင်ပြလိုက်ရာ တပ်မဟာမှူးက သဘောတူပါသည်။ တပ်မဟာမှူး ဗိုလ်မှူးကြီး ထွန်းစိန် သည် စစ်ဆင်ရေး စီမံချက်တစ်ခုကို သဘောတူပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



အသေးစိတ် လိုက်လံကွပ်ကဲခြင်းမပြုဘဲ သက်ဆိုင်ရာ တပ်မှူးကို လွတ်လပ်စွာ လုပ်ပိုင်ခွင့်ပေးထားလေ့ရှိပါသည်။ စစ်ဆင်ရေးဟူသည် မြေပြင်အခြေအနေ၊ ရန်သူ့အခြေ အနေကိုမသိဘဲ နောက်ပိုင်းမှ ကွပ်ကဲနေခြင်းသည် မှန်ကန် မှုမရှိနိုင်ပါ။ မြေပြင်ပေါ်ရှိတပ်မှူးမှသာ မြေပြင်အခြေအနေ ရန်သူ အခြေအနေကို သိရှိနိုင်သဖြင့် လွတ်လပ်စွာ လုပ်ပိုင် ခွင့်ပေးထားခြင်းဖြင့် ညွှန်ကြားချက်ကို တရားသေဆုပ် ကိုင်မထားဘဲ ပြုပြင်ပြောင်းလဲ ဆောင်ရွက်နိုင်ခွင့်ရရှိသဖြင့် ိုမိုအောင်မြင်မှု ရရှိနိုင်ပါသည်။ သက်ဆိုင်ရာတပ်မှူးအ အနိုင်ရရှိခြင်း၊ သို့မဟုတ် ဆုံးရှုံးခြင်းတို့အတွက် တာဝန် ကိုတော့ ယူရပါမည်။

တပ်မဟာမှူးပြန်သွားပြီးနောက် ဝင်းမနော် တိုက် ခိုက်ရေးအတွက် အသေးစိတ် အစီအစဉ်များ ပြုလုပ်ရပါ သည်။ တပ်ရင်းတစ်ရင်းလုံး တပ်ခွဲ (၄) ခွဲအတွက် ခဲယမ်း မီးကျောက်၊ အရန်ခဲယမ်း မီးကျောက်များ ဖြည့်တင်း သည်။ ရိက္ခာ (၇) ရက်စာနှင့် အရန်ရိက္ခာများ ဖြည့်တင်း ရသည်။ တိရစ္ဆာန်ဝန်တင်တပ်ဖွဲ့မှ ဝန်တင်လားများ တောင်း ခံပေးရသည်။





စာရေးဆရာကြီးမိုးမိုးဘာဘရောစ်
ယခုဗိုလ်မှူးကြီးခင်မောင်သောင်း (အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com



ခ.မ.ရ ([illegible])တပ်ရင်းမှူး ဗိုလ်မှူးကြီးခင်မောင်သောင်းနှင့် အရာရှိများ တပ်မဟာမှူးအား နားဖန်စခန်းမှ စောင့်ကြိုနေစဉ်
(၁၉၆၁ မဲခေါင်စစ်ဆင်ရေး)

www.burmeseclassic.com

www.burmeseclassic.com




မဲခေါင်စစ်ဆင်ရေးတွင် သိမ်းပိုက်ရမိသည့် တရုတ်ဖြူတို့၏ ဝင်းမနော်စခန်း



တပ်မင်းဗိုလ်မှူးကြီး ဘရွှေ လွယ်တော်ခန်းစခန်း စစ်ဆေးနေစဉ်
(၁၉၆၁ မဲခေါင်စစ်ဆင်ရေး)

www.burmeseclassic.com

www.burmeseclassic.com



အောင်ဆန်းသူရိယဘွဲ့ရ တပ်သားစွတ်(တ်) ဗဟာဒူးရှိုင်း(ကျဆုံး)
အမှတ်(၄)ခြေလျင်တပ်ရင်း
(၁၉၅၀ ဇွန်လ ၁၇ ရက် တာလေအနီးတွင် တရုတ်ဖြူများနှင့်
တိုက်ခိုက်ရာ၌ ကျဆုံးခဲ့ခြင်းဖြစ်သည်)



ထိုင်း၊ မြန်မာနယ်နိမိတ်ပေါ်ရှိ
နန်ကြီးအောင်စေတီတော်အား ၁၉၆၁ ခုနှစ် မဲခေါင်စစ်ဆင်ရေးကာလက တွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com



တရုတ်မြန်မာနယ်ခြားကျောက်တိုင်တစ်ခု



မဲခေါင်စစ်ဆင်ရေးတွင် အမြောက်အကဲကြည့်နေသော ခမရ (၁၀၇) တပ်ရင်းမှူးနှင့် အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com





အမှတ် (၁၀၇) ခြေမြန်တပ်ရင်းသည် ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ အရုဏ်မတက်မီ နံနက် ၃ နာရီတွင် တာလေမှ မော်တော်ယာဉ်များဖြင့် စတင်ချီတက် ကြပါသည်။ တပ်ရင်းတစ်ရင်းလုံး တစ်ပြိုင်တည်း ပို့ရန် မော်တော်ယာဉ် မလုံလောက်သဖြင့် တပ်ခွဲအလိုက် ကူသယ် ခေါက်သယ် သယ်ပို့ရပါသည်။ ကျိုင်းတုံ၊ တာချီလိတ် ကားလမ်း မိုင်တိုင် ၇၇ တွင် တပ်ရင်းတစ်ရင်းလုံးစုံမှ အရှေ့ဘက်တောင်ကြောပေါ်သို့ ဆက်လက် ချီတက်ခဲ့ကြ သည်။ နံနက် ၇ နာရီခွဲခန့်တွင် ဆရာကြက်ရောရွာသို့ ရောက်ရှိကြသည်။ ဆရာကြက်ရောရွာသည် လားဟူရွာ တစ်ရွာ ရွာသို့ရောက်အောင် မက်စောက်စွာတက်ခဲ့ရသဖြင့် ဇန်နဝါရီလ နံနက်ခင်း အလွန်အေးချမ်းလှသော ရာသီ ဥတုဒ္ဓပင် ချွေးသီးချွေးပေါက်များ ကျလောက်အောင် ပင်ပန်း လှပါသည်။

ဆရာကြက်ရောရွာတွင် နံနက်စာစားရန်နှင့် ပြန် ချက်ရန် ''စားချက်'' အချိန် ၄၅ မိနစ်ပေးလိုက်ပါသည်။ စားချက်ဆိုသည်မှာ စားပြီးပြန်ချက်ရန် ဖြစ်ပါသည်။ ခြေမြန် တပ်ရင်းများတွင် စစ်ဆင်ရေးကာလအတွင်း နံနက်စာကို



www.burmeseclassic.com

စာစောစားပြီး ညနေစာအတွက် ပြန်ချက်ထားရပါသည်။ သို့မှသာ တိုက်ပွဲဖြစ်နေလျှင် ထမင်း ကိုယ်ပေါ်တွင်ပါနေ ထမင်းအတွက် မပူပင်ရတော့ပါ။ ညစာစားပြီးလျှင် နံနက်စာအတွက် ချက်ထားကြပြန်ပါသည်။ အရုဏ်မတက် မီချီတက်ရသဖြင့် နံနက်တွင် ထမင်းချက်ရန် အချိန်မရ ညတွင် ချက်ထားမှ စိတ်ချရသည်။ သို့ဖြစ်၍ စစ်ဆင်ရေး ကာလအတွင်း တပ်ရင်းမှူးမှအစ ရဲဘော်အဆုံး ထမင်း ဟင်း ပူပူနွေးနွေး မစားကြရရှာပါ။

ဆရာကြက်ရောရှာ ရွာလူကြီးများ ဆွေးနွေး ဗမာစကား နားမလည်သဖြင့် ဒုအရာခံဗိုလ်အဟိုက် စကားပြန်အဖြစ် အသုံးပြုရပါသည်။ ဆရာအဟိုက်မှာ လားဟူအမျိုးသားဖြစ်ပါသည်။ ရှေ့တွင် တောင်တွေ အများ ကြီးတက်ရဦးမည်။ ဝင်းမနော်သို့မရောက်မီ ရန်သူစခန်း နေရာယူထားသော တောင်ကုန်း ၄၊ ၅ ကုန်းကို ကျော် ဖြတ်ရမည်ဟု သိရသည်။ မိမိမှ အကူအညီတောင်း ဆရာကြက်ရောက သူသားတစ်ယောက်နှင့် ရွာသား ယောက် လမ်းပြရန် ထည့်ပေးလိုက်ပါသည်။

ဆက်လက်ချီတက်ရာတွင် စကြာတပ်ခွဲမှာ ဦး





ဆောင်တပ်ခွဲ (ပွိုင့်) အဖြစ် တာဝန်ကျသည်။ ဦးဆောင် တပ်စု (ပွိုင့်) တပ်စုမှူးမှာ ဒုဗိုလ်ဂျေဒတ်(ခ) ဖြစ်ပါသည်။ ပွိုင့်တပ်စု၏ တာဝန်မှာ အရေးကြီးလှပါသည်။ ဗိုလ်သင် တန်းမှဆင်းခါစ မျက်စိသူငယ်ဖြစ်နေသော ဒုဗိုလ်ကုလား လေးကိုကြည့်၍ သနားမိသည်။ သို့သော်တပ်ခွဲမှာ တိုက် ရည်ခိုက်ရည်ဝပြီးသော တပ်ခွဲဖြစ်သည်။ တပ်စုတပ်ကြပ် ကြီး မြင့်ရွှေသည် အထူးအားကိုးရသူဖြစ်၍ စိတ်ချရသည်။ [တပ်ကြပ်ကြီးမြင့်ရွှေသည် စစ်ဆင်ရေးများတွင် သတ္တိ ရှိဖြင့် ထူးချွန်စွာ ဆောင်ရွက်ခဲ့သဖြင့် နောင်တွင် စစ် မြေပြင်ရာထူးခန့်အပ်ခြင်း **Field Commission** အဖြစ် ဒုဗိုလ်အဆင့်သို့ တိုက်ရိုက်ခန့်အပ်ခြင်းခံရသူဖြစ်ပါသည်]

တပ်ရင်းသည် မဲခေါင်မြစ်အနောက်ဘက်တွင် ရှိသော အမြင့်ဆုံးတောင်တန်းကြီးပေါ်သို့ တက်နေခြင်းပင် ဖြစ်ပါသည်။ မဲခေါင်မြစ်၏အရှေ့ဘက်တွင် လာအိုနိုင်ငံ ရှိပါသည်။ တောင်ကြော တောင်တန်းသည် ပင်လယ်ရေ မျက်နှာပြင်အထက် ပေ ၄၀၀၀ ကျော် မြင့်သည်။ တောင် ကြောတောင်တန်း ရေဝေကုန်းတန်းပေါ်တွင် တရုတ်ဖြူ တပ်များသည် ဝင်းမနော်စခန်းအထိ နေရာယူထားလျှက်

ရှိနေကြသည်။

တောင်ကြောအမြင့်ဆုံးနေရာသို့ မရောက်မီ အထက်တစ်နေရာတွင် ရန်သူစခန်းချသွားသောနေရာ တစ်နေရာကို တွေ့ရသည်။ ရန်သူသည် လွန်ခဲ့သည့်ရက်က မိမိတပ်ချီတက်လာမည့်လမ်းကို ပိတ်၍ စောင့်သွားဟန် ရှိသည်။ အိပ်သွားသည့်နေရာများ၊ ချက်ပြုတ်စားသောက် သွားသည့်နေရာများကို တွေ့ရှိရသည်။

ညနေ ၄ နာရီခန့်တွင် ရန်သူ့စခန်းတစ်ခု တွေ့ရှိ ကြောင်း ရှေ့ဆောင်တပ်ခွဲမှ သတင်းပို့သဖြင့် တပ်ရင်း မှူးသည် ရန်သူစခန်းအခြေအနေကို သွားရောက်လေ့လာ ကြည့်ရှုပါသည်။ ရန်သူသည် မိမိစစ်ကြောင်းရှိရာ လမ်း ကြောင်း၊ ရေဝေကုန်းတန်းပေါ်တွင် ပိတ်ဆို့စခန်းထိုင်ထား ခြင်း ဖြစ်ပါသည်။ တောင်ကုန်းအမြင့် ပွိုင့် ၃၁၁၅ တွင် အနိုင်အမာ တပ်စွဲထားသည်။ ဘန်ကာနှင့် ဂိုက် ၅၀ အကွာ တွင် ဝါးဖြင့် ခြံစည်းရိုးနှစ်ထပ်နှင့် သံဆူးကြိုးများ ခိုင်ခံ့စွာ ခတ်ထားသည်။ ခြံစည်းရိုးအတွင်းမှ အပြင်ဘက်တွင် ကြောင့်များ အပြည့်ထောင်ထားသည်။ စခန်း၏ဝဲယာတွင် နက်ရှိုင်းသော ချောက်ကြီးများရှိနေ၍ စခန်းကို ပန်း





သွား၍မရပါ။ လမ်းသည် စခန်းအတွင်းမှသာ ဖြတ်သန်း သွားနိုင်ပါသည်။ စစ်ကြောင်းသည် စခန်းကို တိုက်ခိုက်ထိုး ဖောက်ချီတက်ရန်မှတစ်ပါး အခြားရွေးစရာနည်းလမ်းမရှိပါ။

ပွိုင့် ၃၁၁၅ တောင်ကုန်း ရန်သူ့စခန်းကို တိုက် ခိုက်ရန် မျက်နှာစာမှာ ကျဉ်းလွန်းလှသည်။ တပ်စိတ် တစ်စိတ်ခန့်သာ တပ်ဖြန့်၍ရနိုင်သည်။ ခြံစည်းရိုးကို ဖျက် ဆီးပြီး မကျော်နိုင်လျှင် မိမိတပ်များ ခြံစည်းရိုးအပြင်ဘက် တွင်ပင် ချေမှုန်းခံရဖွယ်ရှိသည်။ အမိန့်ပေးလျှင် တိုက်ရန် တပ်ခွဲများအဆင့် ရှိနေကြသည်။

တပ်ရင်း၏ရည်မှန်းချက်သည် ဝင်းမနော်ဖြစ်သည်။ ရည်မှန်းချက်သို့ ရောက်အောင်သာ သွားရမည်ဖြစ်၍ ရည်မှန်းချက်မရောက်မီ လမ်းတွင် ရန်သူတွေ့လျှင် မတိုက် ရ။ ရန်သူ့အနှောင့်အယှက် အဟန့်အတားများကို ရှောင် ကွင်းသွားရမည်။ ယခု အခြေအနေမှာ ရန်သူ့စခန်းကို တိုက် ခိုက်ထိုးဖောက်သွားရမည် ဖြစ်သည်။ မတိုက်မနေရ တိုက် ကို တိုက်ရမည်။ တပ်ရင်းမှူးအနေဖြင့် ရည်မှန်းချက်သို့ မရောက်မီ အကျအဆုံးများသွားမှာကို မရင်ဆိုင်လိုပါ။ အကျအဆုံးအနည်းဆုံးနှင့် တိုက်ရန်နည်းလမ်းကိုသာ ရွေး

www.burmeseclassic.com



ချယ်ရမည်ဖြစ်သည်။

"ဗိုလ်တင်မောင်အေး Range (အကွာအဝေး) မိသလား တိုင်းကြည့်စမ်း"

တပ်ရင်းစစ်ကြောင်းနှင့် ပါလာသော အမြောက်ရှေ့တန်းအကဲကြည့်အရာရှိ ဗိုလ်တင်မောင်အေး(ဆန်နီ) အား တပ်ရင်းမှူးက လှမ်းမေးလိုက်သည်။ ဗိုလ်တင်မောင်အေး မြေပုံပေါ်တွင် တိုင်းထွာပြီးနောက် အကွာအဝေး မမီကြောင်း သတင်းပို့သည်။

အမြောက်ပစ်ကူမပါဘဲ ခိုင်ခံ့သော သံဆူးကြိုးနှင့်ခြံစည်းရိုး အထပ်ထပ်ကာရံထားပြီး ခိုင်မာသော ဘန်ကာများ တည်ဆောက်ထားသည့် စခန်းတစ်ခုကို ကျဉ်းမြောင်းသော မျက်နှာစာတစ်ခုတည်းမှ တိုက်လျှင် အသက်ပေါင်းများစွာကို စတေးရပေလိမ့်မည်။ မိမိတပ်များ ဝင်းမနော်ကိုမျက်နှာစာဘက်မှ တိုက်စဉ်က အကျအဆုံးများစွာဖြင့် တပ်လန်ခဲ့ရသည့်အဖြစ်မျိုး အဖြစ်မခံနိုင်ပါ။ တပ်ရင်းမှူးအနေဖြင့် ရည်မှန်းချက်သို့မရောက်မီ ကြီးမားသော တန်ဖိုးကို ပေးဆပ်၍ စွန့်စားမှုကို မလုပ်လိုပါ။ တိုက်ပွဲတစ်ပွဲတိုက်လျှင် နိုင်ရမည်။ မနိုင်နိုင်အောင်တိုက်ပြီး အနိုင်ဖြင့်သာ





အဆုံးသတ်ရမည်။ အကျအဆုံးနည်းနိုင်သမျှ နည်းပြီး နိုင်အောင်တိုက်နိုင် သည့်နည်းလမ်းကို ရွေးချယ်ရမည်။

သို့ဖြစ်၍ ပထမအနေဖြင့် ကွန်မန်ဒိုနည်းလမ်းဖြင့် ချေမ်းသပ်တိုက်ခိုက်ရန် အစီအစဉ် ပြုလုပ်လိုက်ပါသည်။ ကွန်မန်ဒိုနည်းဖြင့်တိုက်၍ မအောင်မြင်မှသာ သမားရိုးကျတိုက်နည်းဖြင့် အင်အားသုံး၍ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ပါသည်။

အမိနိုင်ငံကို ကျူးကျော်လာသည့် တရုတ်ဖြူများအား ကွန်မန်ဒိုနည်းဖြင့် တိုက်ခိုက်ရမည်ဖြစ်သဖြင့် ပါဝင်တိုက်ခိုက်လိုသူ အများအပြား ပေါ်ထွက်လာပါသည်။ တပ်ရင်းအနေဖြင့် ကွန်မန်ဒိုစစ်ဆင်ရေးကို လေ့ကျင့်ထားသော်လည်း လက်တွေ့မတိုက်ခိုက်ဖူးသဖြင့် သူ့ထက်ငါ ဦးအောင် အမည်စာရင်းပေးကြသည်။ အရာရှိများလည်း တာဝန်ပေးလျှင် အသင့်ရှိနေကြသည်။ ယင်းအထဲမှ ခေါင်းဆောင်အဖြစ် တပ်ကြပ်ကြီးမြင့်ရွှေနှင့် လက်ရွေးစင် စစ်သည် ၁၀ ဦးအား ရွေးချယ်လိုက်ပါသည်။ ကွန်မန်ဒို တပ်ဖွဲ့ကို "ဗလ" ဟု အမည်ပေးလိုက်ပါသည်။

ဗလရန်သူ့ခြံစည်းရိုးကို ဖောက်ထွင်းဝင်နိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စတင်ပစ်ခတ်သည်နှင့် တာယာတပ်ခွဲမှ တပ်စုတစ်စုက ဆက်တိုက်နိုင်ရန် ဗလနောက်မှ ကပ်ထားရမည်။ ယင်းတပ်စုကို ဗိုလ်ရွှေသွင်(မွန်ပြည်နယ်ကောင်စီအငြိမ်းစား) က ဦးဆောင်ရမည် ဖြစ်ပါသည်။

ဗလအဖွဲ့တွင် တစ်ဦးချင်း ဘီအေ ၅၂ တစ်လက်စီ၊ ကျည်ကပ်အပြည့် ၄ ကပ်စီ၊ လက်ပစ်ဗုံးအသက်သွင်းပြီး ၄ လုံးစီ ပါရှိကြရမည်။ ဗလအဖွဲ့သည် ခြံစည်းရိုးအတွင်းသို့ ဝင်ရောက်မိသည်နှင့် တောင်ကုန်းပေါ်ရှိ ဘန်ကာကတုတ်ကျင်းများ ချဉ်းကပ်ပြီး အတွင်းသို့ လက်ပစ်ဗုံးများပစ်သွင်းရန်၊ ပြီးလျှင် ကတုတ်ကျင်းများ၊ ဆက်သွယ်ကျင်းများအတွင်းသို့ ဘီအေ ၅၂ သေနတ်များဖြင့် ဝှေ့ယမ်းပစ်ခတ်ကြရန် ဗလအဖွဲ့ စတင်ပစ်ခတ်သည်နှင့် ဗိုလ်ရွှေသွင်တပ်စုမှ အတင်းဝင်ရောက်တိုက်ခိုက်ရန် ဖြစ်သည်။

ကွန်မန်ဒိုစစ်ဆင်ရေးဖြင့် တိုက်ခိုက်ရန်မှာ ရန်သူအငိုက်ရရှိရန် အဓိက အရေးကြီးသည်။ အငိုက်မရလျှင် သမားရိုးကျတိုက်ပွဲကိုသာ တိုက်ရမည်။ ခမရ (၁၀ တပ်ရင်းတစ်ရင်းလုံး ရန်သူ့စခန်းနှင့် ကိုက် ၄၀ ခန့် အကွာအဝေးတွင်ရှိနေပြီ ဖြစ်သည်။ ရန်သူအား အငိုက်ဖမ်း





တိုက်ခိုက်ရမည်ဖြစ်၍ မိမိတပ်များ ချဉ်းကပ်လာသည်ကို ရန်သူမရိပ်မိအောင် တပ်ဖျောက်ထားရမည်။ လူအင်အား ၁၀၀၀ နီးပါးနှင့် ဝန်တင်တိရစ္ဆာန်များပါသော စစ်ကြောင်းကြီးကို တပ်ဖျောက်ထားရန်မှာ ဆင်သေကို သားရေဖုံးသလိုသာ ရှိပေလိမ့်မည်။ တပ်ရင်းအနေဖြင့် စည်းကမ်းရှိသည်ထားဦး တိရစ္ဆာန်များ အသံမမြည်အောင် ထိန်းဖို့က ပို၍ခက်ပါသည်။ လူဆိုသည်မှာ ငြိမ်ငြိမ်နေတတ်ကြသည် မဟုတ်ပါ။ ဗာဟီရကိစ္စများလှသည်။ ချီးပါ၊ သေးပေါက်၊ စားသောက်ရေးကို မလုပ်မနေနိုင်ကြ။ ချောင်းဆိုးသူကို ချောင်းမဆိုးရဟု ပိတ်ပင်လျှင် ပို၍ချောင်းဆိုးချင်သည်။

ဆက်သွယ်ရေးစက်များ လုံးဝအဆက်မသွယ် မပြုလုပ်ရန် **Wireless Silence** လုပ်လိုက်သည်။ လှုပ်ရှားမှု လုံးဝ မလုပ်ရ၊ စကားမပြောရ၊ ဆေးလိပ်မသောက်ရ၊ အသံ လုံးဝမထွက်ရ၊ နံနက်ချက်ထားသော ထမင်းကို စားပြီး နောက်တစ်နေ့နံနက်စာအတွက် ထပ်မချက်ရ။ မီးမဖိုရ။ ညအချိန် တောင်ကုန်းမြင့်ပေါ်တွင် အလွန်အေး၍ မီးဖိုတတ်ကြသည်။ လုံးဝ မီးမဖိုရန် တပ်ခွဲမှူးများအား တင်းတင်းကျပ်ကျပ် ကွပ်ကဲကြရန် အမိန့်ထုတ်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဗလအဖွဲ့နှင့် တိုက်ခိုက်ရန် တာယာတပ်ခွဲကို ရန်သူနှင့် အနီးကပ်ဆုံးနေရာတွင် ထားလိုက်သည်။ ကျန်တပ်ခွဲများနှင့် ဝန်တင်တိရစ္ဆာန်များကို နောက်ဘက် ကိုက် ၁၀၀၀ အထိ ဆုတ်ခိုင်းလိုက်သည်။ စကြာတပ်ခွဲကို ဘယ်ဘက်ချောက်ထဲသို့ ဆင်းခိုင်းလိုက်သည်။

မကြာပါ တပ်ခွဲမှူး ဗိုလ်ကြီးအောင်ဖေက ချောက်ထဲသို့ဆင်းရန် လုံးဝမဖြစ်နိုင်ကြောင်း စောဒကတက်နေသေးသည်။

"တောင်ကြောပေါ်မှာ တပ်တွေ စုပြုံနေလို့ မဖြစ်ဘူး။ လက်နက်ကြီးတစ်လုံးကျရင် အကုန်လုံး မသာဖြစ်ကုန်မယ်။ ချောက်ထဲကိုရောက်အောင် မဖြစ်ဖြစ်တဲ့နည်းနဲ့ဆင်း။ ချောက်သိပ်နက်ပြီး မတ်စောက်နေရင် ကြိုးတွေသုံးပြီး လျှောဆင်း။ ဘယ်ဘက်ခြမ်းက ပစ်ကူပေးတန်ပေးရမယ်။ တက်ပြီးတိုက်တန်တိုက်ရမယ်"

တပ်ရင်းမှူးက အပြတ် အမိန့်ပေးလိုက်သည်။ စကြာတပ်ခွဲ ချောက်ထဲဆင်းသွားချိန် နေဝင်သွားပြီဖြစ်၍ မှောင်စပြုနေပါပြီ။ ဗထူးတပ်ခွဲ ညာဘက်ချောက်ထဲ





ဆင်းရမည်ဖြစ်၍ လမ်းစရှာထားရန် ညွှန်ကြားလိုက်ပါသည်။

တပ်ရင်းမှူးအနေဖြင့် တစ်ညလုံး တစ်မှေးမှ အိပ်ရပါ။ ဆေးလိပ်မသောက်ရန်၊ စကားမပြောရန်၊ ချောင်းမဆိုးရန် လိုက်လံကြပ်မတ်နေရပါသည်။ သန်းခေါင်ကျော် ၂ နာရီတွင် ဗလအဖွဲ့ တိုက်ခိုက်ရန်ပြင်ဆင်ကြသည်။ တပို့တွဲလဆန်း ၁၀ ရက်ဖြစ်၍ နံနက် ၁ နာရီ တွင် လဝင်မည်ဖြစ်၍ လမဝင်မီ မြေပြင်အခြေအနေကို လေ့လာထား၍ လဝင်လျှင်ဝင်ချင်း စတင်လှုပ်ရှားရန် အကောင်းဆုံးအချိန်ဖြစ်ပါသည်။

တပ်ရင်းမှူးသည် ဗလအဖွဲ့ရန်သူစခန်းအတွင်းဝင်နိုင်လျှင် ဆက်လိုက်မည့် တာယာတပ်ခွဲ၏ ရှေ့ဆုံးတပ်စုနှင့်အတူရှိနေသည်။ တပ်ခွဲမှူးဗိုလ်ကြီးကျော်သောင်း(ယခင်ရှမ်းပြည်နယ်ကောင်စီအဖွဲ့ဝင် ဒုဗိုလ်မှူးကြီး ကောင်စစ်)က တပ်ရင်းမှူးရှိနေသောနေရာသည် ရန်သူနှင့် အလွန်နီးကပ်နေသဖြင့် တပ်ရင်းမှူးအား နောက်သို့ဆုတ်၍ နေရာယူသင့်ကြောင်း တင်ပြပါသည်။

"ဗိုလ်မှူးနဲ့ ရန်သူအကြားမှာ ဗလအဖွဲ့ ၁၉



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲ ရှိနေပါတယ်။ ရန်သူနဲ့လည်း ကိုက် ၂၀၀ လောက်ပဲ ဝေးတယ်။ လက်နက်ငယ်တစ်ကမ်းပဲရှိတယ်။ တိုက်ပွဲဖြစ်လို့ ပစ်ခတ်မှုတွေများလာရင် ဒီနေရာက မလုံခြုံဘူး။ အန္တရာယ်များတယ်။ နောက်ပြီး ဗလအဖွဲ့ ချေမှုန်းခံရလို့ ရန်သူအလုံးအရင်းနဲ့ဆင်းလာရင် ဒီနေရာ ရှေ့တန်းအကျဆုံးနေရာဖြစ်လို့ ဗိုလ်မှူး ဒီနေရာမှာ မနေသင့်ဘူး"

ဗိုလ်ကြီးကျော်သောင်း စေတနာနှင့် အကြံပြုတင်ပြသည်ကို ကျွန်တော် လက်မခံပါ။ ဗလအဖွဲ့ကို ရှေ့တန်းကျကျ ကွပ်ကဲရမည်။ ဗလအဖွဲ့ ရန်သူစခန်းအတွင်းသို့ ဝင်နိုင်လျှင် ဆက်လိုက်ရမည့်တပ်စုနှင့် အတူ ရှိနေသင့်သည်။ သို့ဖြစ်၍ ဗလအဖွဲ့ စတင်လှုပ်ရှားချိန်တွင် အခြေအနေကို အနီးကပ်လေ့လာလျက် ရှိနေပါသည်။

ဗလအဖွဲ့ ရန်သူ့စခန်းရှိရာ တောင်ကုန်းပေါ်သို့ လူသွားလမ်းအတိုင်း တွားတက်သွားကြပါသည်။ လူသွားလမ်းဘေးဝဲယာတွင် ဝါးညှောင့်များ ထောင်ထားသဖြင့် တပ်ဖြန့်၍မရ။ ဝါးညှောင့်များကို နုတ်၍ ဖြည်းဖြည်းတွားတက်ကြသည်။ ရန်သူသည် လူသတ်မိုင်းများ ထောင်ထားတတ်သဖြင့် မြေကြီးကို လှံစွပ်ဖြင့်ထိုး၍ မိုင်းမုံးများကို





ရှာရသေးသည်။ မုံးနှစ်လုံး တူးဖော်ရရှိသည်။

ဗလအဖွဲ့ ခြံစည်းရိုးကို ချဉ်းကပ်၍ ခြံစည်းရိုးကို ဖြကြည့်ကြသည်။ ခြံစည်းရိုးသည် ခိုင်ခံ့လှသည်။ နှဲ၍ပင်မရပါ။ ခြံစည်းရိုးကို အနည်းငယ်လှုပ်သည်နှင့် သံဆူးကြိုးတွင် ဆွဲထားသော နို့ဆီခွက်များ အသံမြည်လာသည်။ ဆရာမြင့်ရွှေ တံခါးပေါက်သို့ တွားသွားပြီး တံခါးပေါက်ကိုဖွင့်ရန် ကြိုးစားသည်။ တံခါးပေါက်ကို သံကြိုးအထပ်ထပ်ချည်ထားပြီး သော့ခတ်ထားသည်။ သံကြိုးကို ကိုင်ကြည့်ရာ အသံမြည်သွားသည်။ ထိုစဉ် တံခါးပေါက်နှင့် ကိုက် ၃၀ ခန့်သာဝေးသော ဘန်ကာအတွင်းမှ ရန်သူများက အတွဲလိုက် စတင်ပစ်ခတ်ပါတော့သည်။

ရန်သူသည် ဗလအဖွဲ့ခြံစည်းရိုးသို့ ချဉ်းကပ်ကတည်းက သိနေပြီဖြစ်၍ အသင့်ပြင်ထားပုံရသည်။ ခြံစည်းရိုးတံခါးရောက်လိုက်သည်နှင့် တံခါးပေါက်ဆီသို့ အတွဲလိုက် ပစ်ခတ်ကြသည်။ ဘန်ကာသည် ကုန်းမြင့်ပေါ်တွင်ရှိနေပြီး တံခါးပေါက်မှာ အနိမ့်ပိုင်းတွင်ရှိနေသဖြင့် တံခါးပေါက်ကို ပစ်ခတ်ရာတွင် စိုက်၍(နှိမ့်၍) ပစ်ခတ်ရခြင်းဖြစ်ရာ ပစ်ခတ်မှုထိရောက်ခြင်း မရှိပါ။ ပစ်ခတ်သောကျည်



www.burmeseclassic.com

www.burmeseclassic.com



များ မြေပြင်သို့မရောက်ဘဲ တံခါးပေါက်၏ ခါးလယ်မှသာ ပြတ်သွားသဖြင့် ဝပ်နေသော ဗလအဖွဲ့များကို မထိဘဲ တံခါးပေါက်ကိုချည်ထားသော သံကြိုးကို လှမ်းဆွဲသော ဆရာမြင့်ရွှေ၏လက်ကိုသာ ထိမှန်သွားခဲ့ပါသည်။

ခြံစည်းရိုးတံခါးပေါက်နှင့် အနီးဆုံး ဘန်ကာမှ စတင်ပစ်ခတ်သည်နှင့် အခြားဘန်ကာများနှင့် ကတုတ်ကျင်းများမှလည်း အဆက်မပြတ် ဒလဟော မီးကုန်ယမ်းကုန် ပစ်ခတ်ကြပါတော့သည်။ လက်ပစ်ဗုံးများကိုလည်း လိမ့်ချကြသဖြင့် တဝုန်းဝုန်း တဒိုင်းဒိုင်း နားကွဲမတတ် တစ်တောလုံး တစ်တောင်လုံး ဟိန်းသွားပါတော့သည်။ သေနတ်ပြောင်းမှ ထွက်လာသော မီးတောက်မီးလျှံများနှင့် လက်ပစ်ဗုံးကွဲ၍ ထွက်ပေါ်လာသော မီးတောက်မီးလျှံများမှာ မျက်စိများ ကျိန်းမတတ်ပင်။ ရန်သူပစ်ခတ်သော ကျည်ဆန်များ ကျွန်တော်တို့ နေရာယူထားသောနေရာသို့ မိုးသီး မိုးပေါက်ပမာ ကျရောက်လျက်ရှိပါသည်။ ခေါင်းပေါ်မှ သစ်ကိုင်းများကျိုး၍ သစ်ရွက်များ ကျွန်တော်တို့ကိုယ်ပေါ်သို့ ကြွေကျကုန်ပါသည်။

ဗလအဖွဲ့မှ ရန်သူကတုတ်ကျင်းများနှင့် ဘန်ကာ





များသို့ လက်ပစ်ဗုံးများ ပစ်သွင်းကြသည်။ လက်နက်ငယ်များဖြင့်လည်း ပစ်ခတ်ကြသည်။

"တပ်ရင်းမှူး ဆက်လိုက်ရတော့မလား"

ဗိုလ်ကြီးကျော်သောင်းက လှမ်းမေးသည်။

"ခြံစည်းရိုးကိုဖောက်မဝင်နိုင်ရင် ခြံစည်းရိုးအပြင်မှာပဲ အားလုံးသေကုန်လိမ့်မယ်။ ဗလကို ပြန်ဆုတ်ခိုင်းပါ"

တပ်ရင်းမှူးမှ ဗလကို ဆုတ်မိန့်ပေးလိုက်သည်။ အင်္ဂါမရသဖြင့် ကွန်မန်ဒိုစစ်ဆင်ရေး မအောင်မြင်ပါ။ ဗလအဖွဲ့ စုံစုံညီညီပြန်လည်ရောက်ရှိလာကြသည်။ မိမိဘက်မှ ဆရာမြင့်ရွှေလက်တွင် လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာရသည်မှအပ ထိခိုက်မှုမရှိပါ။ သို့သော် မိမိမှ လက်ဦးမှုတစ်ကွက် ဆုံးရှုံးခဲ့ပါသည်။ အင်အားသုံး၍ ရင်ဆိုင်တိုက်ခိုက်ရန်မှတစ်ပါး အခြားနည်းလမ်းမရှိတော့ပါ။

ဇန်နဝါရီလ ၂၆ ရက်

"စကြာ ရန်သူစခန်းကို ပစ်အားသုံးပြီး ဦးနှိမ်ထားပါ။ စခန်းကိုပဲဖြစ်ဖြစ်၊ စခန်းကိုပန်းပြီးပဲဖြစ်ဖြစ် တောင်ကြောပေါ်ရောက်အောင် တက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှူးက ဘယ်ဘက်ချောက်ထဲ ရောက်နေသော စကြာတပ်ခွဲကို ၁၅၆ ဆက်သွယ်ရေးစက်ဖြင့် ညွှန်ကြားလိုက်သည်။

"တက်လို့မရဘူး။ သိပ်ပြီးမတ်စောက်တယ်"

တပ်ခွဲမှူးဗိုလ်ကြီးအောင်ဖေက ပြန်ပြောသည်။

"ရန်သူ ရေဆင်းခပ်တဲ့လမ်းရှိတယ်။ ရေစခန်း အရင်သိမ်းပြီးတော့ လမ်းအတိုင်းတက်"

တပ်ရင်းမှူးက ထပ်ဆင့်အမိန့်ပေးသည်။ ထို ရန်သူစခန်းမှ လက်နက်ကြီးပစ်ခတ်သံများ ကြားရပြီး စကြာတပ်ခွဲဘက်တွင် ပေါက်ကွဲသံကြားရသည်။

"ကျွန်တော့်တပ်ခွဲကို ရန်သူလက်နက်ကြီးနဲ့ ပစ် နေတယ်။ အကာအကွယ်ယူထားတယ်။ ထိခိုက်မှု မရှိ ရေစခန်းကို သိမ်းပြီး ညွှန်ကြားချက်အတိုင်း ဆောင်ရွက် မယ်" ဟု ဗိုလ်ကြီးအောင်ဖေက ပြန်ပြောပြီး စက်ပိတ် သွားသည်။ စကြာတပ်ခွဲဘက်တွင် ပေါက်ကွဲသံများ ဆက် လက်ကြားနေရသည်။ စကြာတပ်ခွဲမှ ၂ လက်မ စိန် ပြောင်းဖြင့် ပြန်လည်ပစ်ခတ်ရာ ရန်သူစခန်းအတွင်း ကျရောက်ပေါက်ကွဲလျက် ရှိပါသည်။ စက်လတ်ဖြင့်လည်း





ပစ်ခတ်နေသည်။

ဗထူးတပ်ခွဲအား တောင်ကြော၏ ညာဘက် (အရှေ့ဘက်)သို့ဆင်းရန် ညွှန်ကြားလိုက်ပါသည်။ တောင်ကြော၏ညာဘက်၊ အရှေ့ဘက်တွင် နက်ရှိုင်းသော ချောက်ကြီးများသာ ရှိသည်။ အရှေ့ဘက်တွင် မဲခေါင်မြစ်မှာ သိပ်မဝေးလှပါ။ မဲခေါင်မြစ်တစ်ဖက်ကမ်းမှာ လောနိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် လောနိုင်ငံကူးသော တာတန် အောကူးတို့ဆိပ်ရှိပါသည်။ ဗထူးတပ်ခွဲရောက်နေသော နေရာမှာ ချောက်အတွင်းဖြစ်၍ ပွိုင့် ၃၁၁၅ တောင်ကုန်း၊ ရန်သူစခန်းကို မမြင်ရ။ ပစ်ကူပေးရန် မရနိုင်သည့် အခြေအနေတွင် ရှိနေသည်။ သို့သော် ညာတောင်ပံ လုံခြုံရေး အတွက် ဒီအတိုင်းပဲထားလိုက်ပါသည်။

ရှေ့တန်းတပ်ရင်းဌာနချုပ်နှင့်အတူ တာရာတပ်ခွဲ(တပ်ခွဲ ၃) နှင့် ရန်အောင်တပ်ခွဲ (တပ်ခွဲ ၄) တို့ တောင်ကြောပေါ်တွင် ရှိနေကြသည်။ ရန်သူစခန်းနှင့် ကိုက် ၂၀၀ ခန့်သာ ဝေးသည့်နေရာတွင် ၇ ဒသမ ၆၂ စက်လတ် နှစ်လက်ကို ဆင်ထားသည်။ စက်လတ်နှစ်လက်၏ အဓိက ပစ်မှတ်မှာ ရန်သူခြံစည်းရိုးတံခါးပေါက် ဖြစ်သည်။ ထိုခါး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကို ပျက်စီးအောင် ပစ်ခတ်ချေမှုန်းပစ်ရမည်။ ဒုတိယ ပစ်မှတ်မှာ ဘန်ကာပေါက်အတွင်းမှ မိမိတပ်အား အဆက် မပြတ် ပစ်ခတ်နေသော ရန်သူ့စက်သေနတ်ကြီးအား ချေမှုန်းရန် ဖြစ်ပါသည်။

ပထမပစ်မှတ်ကို စက်လတ်နှစ်လက်ဖြင့် အဆက် မပြတ် အတွဲလိုက်ပစ်ခတ်ရာ တံခါးပေါက်မှာ ကြေမွ ပျက်စီးပြီး ထိုးဖောက်ဝင်ရောက်နိုင်သော အခြေအနေသို့ ရောက်ရှိသွားပါသည်။ သို့သော် ဘန်ကာအတွင်းမှ စက် ကြီးများ ပစ်ခတ်မှုမရပ်သေး။ အဆက်မပြတ် ပစ်ခတ် နေဆဲဖြစ်ပါသည်။ ရန်သူသည် လက်နက်ငယ်များသာမက လက်နက်ကြီးများဖြင့်လည်း တောင်ကြောပေါ်ရှိ မိုး စစ်ကြောင်းအား ပစ်ခတ်လျက်ရှိနေပါသည်။ မိမိတပ် ကြောင်းတွင် ဂျီ မမ နောက်ပွင့်ရိုင်ဖယ် စသော လက်နက် ကြီးများ မပါပါ။ သို့ဖြစ်၍ ၇ ဒသမ ၆၂ စက်လတ် ဘရင်းဂန်း၊ ရိုင်ဖယ်နှင့် ၂ လက်မ စိန်ပြောင်းတို့ကိုသာ အသုံးပြုပြီး ရန်သူ့စခန်းအား ချေမှုန်းနေကြရပါသည်။ ကျဉ်းမြောင်းသော ထိုးစစ်လမ်းကြောင်းမှ လှိုင်းလုံးသဖွယ် Wave by Wave လိမ့်၍ ဝင်ရောက်လျှင် အောင်မြင်နိုင်





ပါသည်။ သို့သော် ရည်မှန်းချက်မဟုတ်သော စခန်း ကလေးအား အကျအဆုံးများစွာဖြင့် ပေးဆပ်ပြီး တိုက် ရန်မသင့်ပါ။

ရှေ့မျက်နှာစာမှ မိမိတပ်များ ရန်သူ့စခန်းအား လက်နက်အား အသုံးပြု၍ ချေမှုန်းနေချိန် စကြာတပ်ခွဲ သည် ရန်သူ့ရေစခန်းအား သိမ်းပိုက်နိုင်ခဲ့ပါသည်။ စခန်း တောင်ကုန်းသို့ တက်လမ်းကိုလည်း တွေ့ရှိထားကြောင်း သတင်းပို့ပါသည်။ တပ်ရင်းမှူးမှာ "စကြာတပ်ခွဲသည် စခန်းတက်သည့်လမ်းကို အသုံးပြုပြီး စခန်းအနီးသို့ ချဉ်းကပ်ထားရန်၊ နံနက်အလင်းရောင်ရသည်နှင့် ရှေ့မျက် နှာစာရှိ တာယာတပ်ခွဲမှ ပစ်ကူပေးနေမည်ဖြစ်ကြောင်း အပစ်ရပ်သည်နှင့် စခန်းအား တိုက်ခိုက်သိမ်းပိုက်ရန်" ညွှန်ကြားလိုက်ပါသည်။

ညနေ ၅ နာရီခန့်တွင် တရုတ်လမ်းပြတစ် ယောက်ကို ကင်းပုန်းဝပ်နေသော နောက်ပိုင်းတပ်ခွဲမှ ဖမ်း မိပါသည်။ လမ်းပြမှ တရုတ်ဖြူတစ်ရာခန့်ကို တောင်ကြော ပေါ်တက်သည့်လမ်းကို လမ်းပြပေးရကြောင်း၊ မိမိတပ်များ တောင်ကြောပေါ်ရှိနေ၍ တောင်ကြောပေါ်မတက်ဘဲ တပ်



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ထားကြောင်း သတင်းပေးပါသည်။ အဆိုပါ တရုတ်ဖြူတပ်သည် မိမိစစ်ကြောင်းကို နောက်ဘက်မှ ဝင်ရောက်တိုက်ခိုက်ရန် သို့မဟုတ် တာတန် အောက္ကူးတို့ဘက်သို့ ဆုတ်ခွာလာသောတပ်များ ဖြစ်နိုင်ပါသည်။ တပ်ရင်းမှူး နောက်ပိုင်းရှိတပ်များ အသင့်အနေအထားတွင် ရှိနေရန်နှင့် ကာကင်း၊ ကင်းပုန်းများချထားရန် ညွှန်ကြားလိုက်ပါသည်။

မိုင်ပါလို့နှင့်ကျိုင်းလတ် တရုတ်ဖြူစခန်းများကို အင်အားအလုံးအရင်းဖြင့် ပူးပေါင်းစစ်ဆင်လျက်ရှိရာ တရုတ်ဖြူတပ်များ ဆုတ်ခွာလျက်ရှိကြောင်း၊ ဝမ်နမ်း(မ)ကို သိမ်းပိုက်ရရှိကြောင်း တပ်မဟာ (၉)မှ ကြိုးမဲ့ စက်ဖြင့် သတင်းပေးပါသည်။ ထိုညက တစ်ညလုံး မဲခေါင်မြစ်အတွင်း မော်တော်များ ခုတ်မောင်းနေသံကို ဆူညံစွာ ကြားနေရပါသည်။ တရုတ်ဖြူတပ်များ တာတန်အောက္ကူးတို့မှ လာအိုနိုင်ငံဘက်သို့ ဆုတ်ခွာနေခြင်း ဖြစ်ပေလိမ့်မည်။ တာတန်အောက္ကူးတို့ကို အမြန်သိမ်းပိုက်ပိတ်ဆို့ရန် အရေးတကြီး လိုအပ်နေပါပြီ။ တာတန်အောက္ကူးတို့သို့ ပွိုင့် ၃၁၁၅ မှသာ ဆင်းလမ်းရှိသဖြင့် ပွိုင့် ၃၁၁၅ တောင်ကုန်း တရုတ်ဖြူစခန်းကို မဖြစ်မနေ တိုက်ခိုက်သိမ်းပိုက်ရပေတော့မည်။



သို့ဖြစ်၍ နောက်တစ်နေ့နံနက်တွင် စကြာတပ်ခွဲသည် တာယာတပ်ခွဲ ပစ်ကူဖြင့် ပွိုင့် ၃၁၁၅ ကို တိုက်ခိုက်သိမ်းပိုက် တပ်စွဲထားရန် စခန်းအား သိမ်းပိုက်ပြီးလျှင် တာယာတပ်ခွဲသည် တာတန်အောက္ကူးတို့သို့ ချီတက်သိမ်းပိုက်ရန် ဗထူးတပ်ခွဲသည် ဝင်းမနော်စခန်းဘက်ဆီသို့ အမြန်ချီတက်ရန် ဝင်းမနော်စခန်း မရောက်မီ အမြင့်ဆုံး တောင်ကုန်းတွင် နေရာယူထားရန် ရန်အောင်တပ်ခွဲသည် ဗထူးတပ်ခွဲကို ကျော်တက်ပြီး ဝင်းမနော်စခန်းသို့ ချဉ်းကပ်ထားရန် ညွှန်ကြားလိုက်ပါသည်။

နောက်တစ်နေ့နံနက် မိုးမလင်းမီ လဝင်ချိန် စကြာတပ်ခွဲသည် ပွိုင့် ၃၁၁၅ တောင်ကုန်း ရန်သူ့စခန်းအနီးသို့ ချဉ်းကပ်နေရာယူထားကြပါသည်။ မိုးလင်း၍ အလင်းရောင်ရလာသည်နှင့် တာယာတပ်ခွဲမှ ရန်သူ့စခန်းသို့ လက်နက်မျိုးစုံဖြင့် စုပြုပစ်ခတ်ကြပါသည်။ တာယာတပ်ခွဲမှ ပစ်ရပ်လိုက်သည်နှင့် စကြာတပ်ခွဲဘက်မှ လက်နက်ငယ်ပစ်ခတ်သံများ ထွက်ပေါ်လာပါသည်။ လက်ပစ်ဗုံးခွဲသံများလည်း ကြားရပါသည်။ ရန်သူဘက်မှလည်း စကြာတပ်ခွဲဘက်သို့ လက်နက်ငယ်များဖြင့် ပစ်ခတ်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သည်။ မကြာမီ ရန်သူဘက်မှ အပစ်ရပ်သွားပါသည်။ ရန်သူသည် နောက်ချန်အနည်းငယ်သာထားခဲ့ပြီး ယမ်း နွေညကပင် ဆုတ်ခွာသွားပြီးဖြစ်ပါသည်။ စကြာတပ်ခွဲမှ ပို့ုင့် ၃၁၁၅ ရန်သူတောင်ကုန်းကို နံနက် ၇ နာရီတွင် သိမ်းပိုက်ရရှိခဲ့ပါသည်။

တပ်ရင်းမှူးနှင့်အဖွဲ့သည် တာယာတပ်ခွဲနှင့်အတူ ပို့ုင့် ၃၁၁၅ တောင်ကုန်းစခန်းသို့ ချီတက်ခဲ့ပါသည်။ စခန်းတွင် ဘန်ကာ ၄ လုံးပတ်လည် တည်ဆောက်ထား သည်။ အလယ်တွင် လူနေတန်းလျားတစ်လုံး၊ ရိက္ခာ ဂိုဒေါင်တစ်လုံး၊ ဝန်တင်တိရစ္ဆာန်၊ လားတဲတစ်လုံး၊ ထမင်းချက်တစ်လုံး ရှိပါသည်။ ဘန်ကာများအတွင်း သွေး အိုင်ကြီးများကို တွေ့ရသည်။ ရန်သူအများအပြား ထိခိုက် ဒဏ်ရာရ သေဆုံးသွားကြောင်း ခန့်မှန်းရပါသည်။ ရိက္ခာ ဂိုဒေါင်တွင် ဆန်၊ ဆား၊ ပဲ၊ ပဲပုပ်၊ ပဲငါးပိ၊ မုန့်ညင်းစသော လူအတွက်နှင့် လားအတွက် ရိက္ခာများကို ဖမ်းဆီးရမိ ပါသည်။

မူလအစီအစဉ်အတိုင်း စကြာတပ်ခွဲ ပို့ုင့် ၃၁၁၅ တွင် တပ်စွဲသည်။ တာယာတပ်ခွဲ၊ တာတန်အောကူးတို့နှင့်





ဆက်လက်ချီတက်သွားကြသည်။ ဗထူးတပ်ခွဲမှ တပ်စု တစ်စု နောက်ကာကင်းအဖြစ် ကင်းပုန်းဝပ်နေခဲ့ပြီး တပ်ခွဲရုံး နှင့် တပ်စုနှစ်စုရှေ့သို့ ဆက်လက်ချီတက်ပြီး တောင်တန်း မြင့်တွင် နေရာယူတပ်စွဲသည်။ ဗထူးတပ်ခွဲ တောင်ကုန်း မြင့်ကို နေရာယူပြီးသောအခါ ရန်အောင်တပ်ခွဲသည် ဗထူးတပ်ခွဲကိုကျော်၍ ဆက်လက်ချီတက်သွားကြပါသည်။

တပ်ရင်းမှူးနှင့်အဖွဲ့ စကြာတပ်ခွဲနှင့်အတူ ပို့ုင့် ၃၁၁၅ တွင် ရှိနေစဉ် နောက်ချန်ကင်းပုန်းဝပ်နေသော ဗထူး တပ်စုဘက်မှ ပစ်ခတ်သံများ ကြားရပါသည်။ တောင်ပေါ်သို့ တက်လာသော တရုတ်ဖြူတပ်ကိုတွေ့ရှိသဖြင့် ပစ်ခတ်ခြင်း ဖြစ်ပါသည်။ တရုတ်ဖြူတပ်များ အနည်းငယ်ပြန်လည် ပစ်ခတ်ပြီး တောင်အောက်သို့ ဆင်းပြေးသွားကြောင်း သိရ ပါသည်။

တပ်ရင်းမှူးနှင့်အဖွဲ့ ဗထူးတပ်ခွဲရှိသော တောင် ကုန်းမြင့်သို့ နောက်တစ်နေ့ (ဖေဖော်ဝါရီလ ၂၈ ရက်) တွင် ပူးပေါင်းမိပါသည်။ တောင်ကုန်းမြင့်ပေါ်မှကြည့်လျှင် တာတန်အောကူးတို့ကို မြင်နေရပါသည်။ ဝင်းမနော်စခန်း ဘက်တွင် တရုတ်ဖြူစခန်းတစ်ခုကိုလည်း တွေ့မြင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။

ပို့င့် ၃၁၁၅ ကို အမြောက်ဖြင့် မချေမှုန်းခဲ့ရသော တပ်ရင်းမှူးသည် တရုတ်ဖြူစခန်းကို မျက်စိရှေ့တွင် မြင်နေရသောအခါ အမြောက်ဖြင့် ပစ်ခတ်ချေမှုန်းလိုစိတ် တဖွားဖွား ပေါ်ပေါက်လာပါသည်။ အဆိုပါစခန်းကို ချေမှုန်းထားနိုင်မှ ဝင်းမနော်စခန်းသို့ မိမိတပ်များဝင်ရောက်ရာတွင် အခက်အခဲတစ်ခုကို ကျော်လွှားနိုင်မည် ဖြစ်ပါသည်။

''ဗိုလ်တင်မောင်အေး Range မိသလား။ တိုင်းကြည့်စမ်း''

တပ်ရင်းမှူးက ရှေ့တန်းအကဲကြည့်အရာရှိ ဗိုလ်တင်မောင်အေး(ဆန်နီ)အား မေးကြည့်လိုက်ရာ ဗိုလ်တင်မောင်အေးက ရဖ် မမ အမြောက်ဖြင့် အကွာအဝေးမိကြောင်း တင်ပြပါသည်။

တပ်ရင်းမှူးက တပ်စုပစ်မှတ်အဖြစ် မြေပုံအညွှန်းကို အမြောက်စခန်းသို့ ပေးပို့လိုက်ပါသည်။ မကြာမီ နောက်တန်းမှ အမြောက်ပစ်သံကြားရပြီး ရန်သူ့စခန်းအနီး တစ်ဝိုက်တွင် ပေါက်ကွဲသံကြားရပါသည်။ တောထူထပ်သဖြင့် ကျည်ကျနေရာကို မမြင်ရပါ။ အကွာအဝေးကို လျှော့



လိုက်ပါသည်။ ပေါက်ကွဲသံကြားသော်လည်း ကျည်ကျနေရာကို မမြင်ရပါ။ အကွာအဝေးထပ်၍ လျှော့သော်လည်း ကျည်ကျပေါက်ကွဲမှုကို မမြင်ရပါ။ ကျည်ကျပေါက်ကွဲခြင်းကို မမြင်ရသော်လည်း အမြောက်ကျည်သည် ဝင်းမနော်စခန်းအတွင်းသို့ ကျရောက်သည်မှာ သေချာပါသည်။ တပ်စုတစ်ခုလုံး ပစ်မိန့်ကို ပေးလိုက်ပါသည်။

အမြောက်ပစ်ပြီးသည်နှင့် ရန်အောင်တပ်ခွဲသည် ဝင်းမနော်စခန်းအတွင်းသို့ ရှေ့ဆောင်ဝင်ရောက်သည်။ ဗထူးတပ်ခွဲနှင့် တပ်ရင်းကွပ်ကဲမှုအဖွဲ့က နောက်မှလိုက်ပါရှိရာ ဝင်းမနော်တရုတ်ဖြူစခန်းကို မွန်းလွဲ ၃ နာရီတွင် ဝင်ရောက်ခဲ့ပါသည်။ တရုတ်ဖြူများသည် ယမန်နေ့ညတပင် နောက်ဆုံးအသုတ် ဆုတ်ခွာသွားခဲ့ပါပြီ။ နောက်ချန်အဖွဲ့ပင် မထားခဲ့ပါ။

ရန်အောင်တပ်ခွဲသည် ဝင်းမနော် အပေါ်စခန်းများကို တက်ရောက်ရှင်းလင်းပြီး နေရာယူသည်။ ဗထူးတပ်ခွဲသည် ဝင်းမနော်အောက်စခန်းကို ဝင်ရောက်ရှင်းလင်းကြသည်။ အပေါ်စခန်းသည် အောက်စခန်းထက်မြင့်သော တောင်ကုန်းများပေါ်တွင်ရှိပြီး ဘန်ကာအများ

www.burmeseclassic.com

www.burmeseclassic.com



အပြားဖြင့် အောက်စခန်းကို အပေါ်စီးမှ ထိန်းထားသည်။ စစ်တန်းလျားများလည်း ရှိသည်။ အောက်စခန်းတွင် ရုံးများ၊ အရာရှိနေအိမ်များ၊ စစ်တန်းလျားများ၊ အိမ်ထောင်သည် လိုင်းများ၊ ရိက္ခာဂိုဒေါင်များ၊ စပါးကျီများ၊ စသင်ကျောင်း၊ ဆေးရုံ စသည့် အဆောက်အအုံများ ရှိကြသည်။ ရိက္ခာဂိုဒေါင်များတွင် ဆန်၊ ဆီ၊ ဆား၊ ပဲငါးပိ၊ ပဲပုပ်၊ မုန့်ညင်းချဉ်၊ မုန်းညင်းခြောက်၊ စည်သွတ်ဘူးများ စသည့် ရိက္ခာအခြောက်၊ ရိက္ခာအစိုများ တပ်ရင်းတစ်ရင်းနှင့် အိမ်ထောင်သည်များ တစ်လစာခန့်အတွက် သိုလှောင်ထားသည်ကို တွေ့ရှိရပါသည်။ အိမ်မိုးသွပ်၊ ဘိလပ်မြေစသော ဆောက်လုပ်ရေးပစ္စည်းများကိုလည်း သိမ်းဆည်းရမိပါသည်။ ရုံးတွင်းစာရွက်စာတမ်းများ၊ ဆေးရုံတွင် ဆေးပစ္စည်းများကို ဖျက်ဆီးသွားပြီး လူနာခုတင်များပေါ်တွင် အိပ်ရာခင်းများ ရှုပ်ပွနေသည်။ လူနေအဆောက်အအုံများတွင် ကလေးစီးသည့် လက်တွန်းလှည်းကလေးများပင် တွေ့ရှိရသည်။

ဝင်းမနော်စခန်းကို ပတ်လည်ခံစစ်အဖြစ် ဘန်ကာများ၊ သံဆူးကြိုးများ ကာထားသည်။ ဆက်သွယ်ရေးကျင်းများ တူးထားသည်။ ဘန်ကာများ အဆင့်ဆင့် တည်





ဆောက်ထားသည်။ ဘန်ကာများ တောင့်တင်းခိုင်မာလှပါသည်။ ကြီးမားသော သစ်လုံးကြီးများဖြင့် တည်ဆောက်ထားသဖြင့် မိမိတို့ပစ်ခတ်သော အလွန်ကြီးမားသည့် ၁၂၀ မီလီမီတာ စိန်ပြောင်းကျည် တိုက်ရိုက်ထိမှန်သည်ကိုပင် မမှုပါ။

တာတန်အောကူးတို့သို့ ချီတက်သွားသော တာယာတပ်ခွဲမှ တာတန်အောကူးတို့အား သိမ်းပိုက်ရရှိကြောင်း၊ ရန်သူတရုတ်ဖြူတပ်အများအပြားသည် တာတန်အောကူးတို့မှ တစ်ဖက်နိုင်ငံဖြစ်သော လောနိုင်ငံဘက်သို့ စက်တပ်မော်တော်များဖြင့် ကူးသယ်ခေါက်သည် ကူးသွားကြပြီးဖြစ်ကြောင်း၊ ကမန်းကတန်း ဆုတ်ခွာကြရသဖြင့် မြန်မာနိုင်ငံဘက်ကမ်းတွင်လည်းကောင်း၊ လောနိုင်ငံဘက်တွင် လည်းကောင်း၊ ရိက္ခာ၊ ဘိလပ်မြေအိတ် ၁၀၀၀ ခန့်နှင့် ဆောက်လုပ်ရေးပစ္စည်းများနှင့် ရေနံဆီပုံးများ ကျန်ရစ်ခဲ့ကြောင်း၊ လောနိုင်ငံဘက်ရှိ ရဲစခန်းနှင့် အဆက်အသွယ်ရရှိပြီးဖြစ်ကြောင်း သတင်းပို့ပါသည်။

တာယာတပ်ခွဲမှ သတင်းရလျှင်ရချင်း တပ်ရင်းမှူးသည် ဗထူးတပ်ခွဲမှ တပ်စုတစ်စုဖြင့် တာတန်အော



www.burmeseclassic.com

www.burmeseclassic.com



ကူးတို့သို့ ချီတက်ခဲ့ပါသည်။ တာတန်အောကူးတို့အထိ တောက်လျှောက် မတ်စောက်သော အဆင်းလမ်းဖြစ်ပါသည်။ ဖမ်းဆီးရမိသောပစ္စည်းများကို စစ်ဆေးပြီးနောက် ရိက္ခာများကို ဖျက်ဆီးပစ်ရန် ဘိလပ်မြေအိတ်အချို့နှင့် ဆောက်လုပ်ရေးပစ္စည်းများကို လောနိုင်ငံ ရဲစခန်းသို့ လွှဲအပ်ရန်၊ ဘိလပ်မြေအိတ်များနှင့် ရေနံဆီပုံးအချို့ကို သယ်ယူခဲ့ရန် ညွှန်ကြားပါသည်။ တပ်ရင်းမှူးသည် လောနိုင်ငံဘက်သို့ကူးပြီး လောရဲစခန်း စခန်းမှူးနှင့်တွေ့ဆုံကာ ချစ်ကြည်ရင်းနှီးစွာ နှုတ်ဆက်ခဲ့ပါသည်။ တာတန်အောမှ အပြန်တွင် မတ်စောက်သော တောင်တက်လမ်းဖြစ်သဖြင့် လမ်းတွင် တစ်ကြိမ်တော့နားရသည်။ တောင်ကြောရောက်အောင် တစ်နာရီကျော်ခန့် တက်ရပါသည်။

ဝင်းမနော်စခန်းနှင့် ပွိုင့် ၃၁၁၅ မှ သိမ်းဆီးရမိသော ရိက္ခာများအနက် ဆန်နှင့်စပါးများကို ချန်ထားပြီး ကျန်ရိက္ခာများကို ဖျက်ဆီးရန် တပ်ရင်းမှူးမှ ညွှန်ကြားလိုက်ပါသည်။ ဆန်ကို တပ်ခွဲအလိုက် အချိုးကျ ဝေငှပေးပါသည်။ ဘိလပ်မြေအိတ်များနှင့် စပါးကို ရှေ့တန်းတပ်မဟာ (၉) သို့အပ်ရန် နမ်းမနင်းချောင်း စခန်းသို့





အထမ်းသမားများနှင့် ကူသယ်ခေါက်သယ် ပို့ပေးပါသည်။ ဝင်းမနော်စခန်းတွင် ဆန်ထောင်းသော မောင်းများ ရှိပါသည်။ ဆန်ရိက္ခာလုံလောက်ရေးအတွက် တပ်ခွဲများမှ စပါးများ လာရောက်ယူငင်ပြီး ထောင်းကြရန် ညွှန်ကြားလိုက်သဖြင့် စခန်းအတွင်းရှိ ဆန်ထောင်းမောင်းများ တစ်နေကုန် မအားနိုင်ကြပါ။ မိမိလက်ထဲတွင် နေ့စဉ် ထမင်းစားရန် ဆန်ရှိနေရန် အရေးကြီးသည်။ ဆန်လုံလုံလောက်လောက်ရှိနေလျှင် တိုက်ပွဲများ ဆက်၍ဆက်၍ တိုက်နိုင်စည် ဖြစ်ပါသည်။

မိမိရည်ရွယ်ချက်သည် ဝင်းမနော်စခန်းကို သိမ်းပိုက်ရန် ဖြစ်ပါသည်။ မည်သည့်နည်းဖြင့် တိုက်တိုက် ရည်မှန်းချက်စခန်းကို သိမ်းပိုက်နိုင်ခြင်းသည် ရည်ရွယ်ချက်အောင်မြင်ခြင်းပင် ဖြစ်ပါသည်။ ခမရ (၁၀၇) သည် ဝင်းမနော်စခန်းကို သိမ်းပိုက်နိုင်သဖြင့် ရည်ရွယ်ချက် အောင်မြင်ပါသည်။ ကျူးကျော်သူ တရုတ်ဖြူတပ်များအား အောင်မြင်မှုတစ်ရပ်ပင် ဖြစ်ပါသည်။

ဝင်းမနော်ရှိ ကျူးကျော်သူ တရုတ်တပ်များကို မောင်းထုတ်နိုင်ခဲ့သော်လည်း မြန်မာ လောနိုင်ငံနယ်နိမိတ်



www.burmeseclassic.com

www.burmeseclassic.com



မဲခေါင်မြစ်တစ်လျှောက်နှင့် မိုင်းပါလျှို၊ ကျိုင်းလတ်နယ်မြေများတွင် အကြွင်းအကျန်တပ်များ ရှိနေသေးပါသည်။ မြန်မာ–ထိုင်းနိုင်ငံနယ်နမိတ်တစ်လျှောက် လွယ်တော်စခန်း လွယ်ခန်းရှိုးနေရာများတွင် အနိုင်အမာ တပ်စွဲလျက် ရှိနေကြပါသေးသည်။ ခမရ (၁၀၇) သည် လွယ်တော်စခန်းနှင့် လွယ်ခန်းရှိုးရှိ တရုတ်ဖြူစခန်းများကို တိုက်ခိုက်ရန် တပ်မဟာ (၉)၏ စစ်ဆင်ရေးညွှန်ကြားချက်ကို စောင့်လျက်ရှိနေပါသည်။

**လွယ်တော်စခန်း၊ လွယ်ခန်းရှိုးစခန်း သိမ်းပိုက်ပွဲ**

အမှတ် (၁၀၇) ခြေမြန်တပ်ရင်းသည် ပွိုင့် ၃၁၁၅ နှင့် ဝင်းမနော် တရုတ်ဖြူစခန်းများကို တိုက်ခိုက်ပြီး ကျူးကျော်သူ တရုတ်ဖြူတပ်များကို မောင်းထုတ်ပြီးနောက် ပွိုင့် ၃၁၁၅ စခန်း၊ တာတန်အောကူးတို့နှင့် ဝင်းမနော်စခန်းများတွင် တပ်စွဲထားပါသည်။ ပွိုင့် ၃၁၁၅ ရှိ တပ်ခွဲသည် ပွိုင့် ၃၁၁၅ စခန်းနှင့် မဲခေါင်မြစ်ကြားရှိ တရုတ်ဖြူ အကြွင်းအကျန်များကို ရှင်းလင်းခဲ့ပါသည်။ တပ်ခွဲတစ်ခွဲသည် ကျိုင်းတုံတာချီလိတ်ကားလမ်း မိုင်တိုင် ၇၇ မှ ၈၅ အတွင်း





နှင့် ဝင်းမနော်စခန်းမှ ဆရာကြက်ရောရွာတောင်ပေါ်လမ်း လုံခြုံရေးကို တာဝန်ယူပါသည်။

တာတန်အောကူးတို့ရှိ တာယာတပ်ခွဲသည် တရုတ်ဖြူတပ်များ ကျန်ရစ်ခဲ့သော ပစ္စည်းအနက် ဘီလပ်မြေအိတ် ၃၀၀၀ အနက် အချို့ကို လောနိုင်ငံရဲကင်းစခန်းသို့ လွှဲအပ်ပြီး၊ အချို့ကို ရှေ့တန်းတပ်မဟာ (၉) ဌာနချုပ်သို့ ဝင်းမနော်စခန်းမှတစ်ဆင့် ပို့ပေးရန် တာဝန်ယူရပါသည်။ တာယာတပ်ခွဲမှ စစ်သည်များနှင့် အထမ်းသမားများ ၃၂ ပိဿာရှိသော ဘီလပ်မြေအိတ်များကို ပေ ၂၀၀၀ ကျော် ခန့်မြင့်သော တောင်ကို ၃ မိုင် ခန့် ထမ်းတက် ၃ မိုင်ခန့် ထမ်းဆင်းကြရရာ အလွန်ပင်ပန်းလှပါသည်။ ဘီလပ်မြေအိတ် ၅၀၀ ကျော်ပို့ပြီး တာတန်အောကူးတို့စခန်းအားချင်း (၄) မှ တပ်ခွဲအား လွှဲအပ်လိုက်မှ သက်သာရာရတော့ပါသည်။ ဝင်းမနော်ရှိ ဆန်၊ စပါးများကိုလည်း ရှေ့တန်းတပ်မဟာ (၉) သို့ သယ်ပို့ပေးခဲ့ရပါသည်။

မိုင်းပါလျှိုနှင့် ကျိုင်းလတ် တရုတ်ဖြူစခန်းများကို မိမိတပ်များ သိမ်းပိုက်ပြီးဖြစ်ရာ မိုင်းပါလျှိုစခန်းတွင် စခန်းထိုင်ရန် ခမရ (၁၀၇) ကို တပ်မဟာ (၉) မှ တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ပေးပါသည်။ ခမရ (၁၀၇) သည် ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် မိုင်းပါလျှိုသို့ ရောက်ရှိပြီး သနက (၃) နှင့် အလွှဲအပြောင်းပြုလုပ်ကြပါသည်။ စခန်းအလွှဲအပြောင်းပြုလုပ်နေစဉ် ည ၈ နာရီခန့်တွင် ခမရ (၁၀၇) တာချီလိတ်သို့ အမြန်ချီတက်ရန် တပ်မဟာ (၉) မှ ညွှန်ကြားချက် ရရှိပါသည်။ တပ်အချို့ ကုန်းလမ်းဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ခမရ (၁၀၇) ရှေ့တန်းကွပ်ကဲမှုအဖွဲ့ ဝင်းနိုင်အား အော်တာလေယာဉ်ဖြင့် တာချီလိတ် သယ်ပို့ပေးပါသည်။ ယင်းနေ့တွင် တပ်ရင်းမှူးသည် တပ်မဟာ (၉) တာဝန်ရှိသူများ ဒုဗိုလ်မှူးကြီးရဲထွန်းနှင့်အတူ လွယ်တော်ခန်းစခန်းအား အော်တာလေယာဉ်ဖြင့် ဝေဟင်မှ ကင်းထောက်လေ့လာခဲ့ပါသည်။ လွယ်တော်ခန်းစခန်းမှ ထိုင်းနိုင်ငံဘက်သို့ ဝင်သွားသောတောင်ကြောတွင် သွပ်မိုးနှင့် အဆောက်အအုံများ တွေ့ရပါသည်။ တပ်မဟာ (၉) မှ တာဝန်ရှိသူများ ပြောကြားချက်အရ အဆိုပါအဆောက်အအုံများသည် တရုတ်ဖြူအိမ်ထောင်သည်ရိပ်သာ ဖြစ်သည်ဟု သိရပါသည်။

ခမရ (၁၀၇) ကို တာချီလိတ်သို့ ချီတက်ရန် ညွှန်



ကြားခြင်းမှာ တာချီလိတ် အနောက်တောင်ဘက်ရှိ ဝမ်ပန်းဆန်းဒေသ၊ လွယ်တော်ခန်းနှင့် လွယ်ခန်းရှိုး တရုတ်ဖြူစခန်းများကို စစ်ဆင်ရေးပြုလုပ်ရန် ဖြစ်ပါသည်။

ဝမ်ပန်ဆန်းဒေသ လွယ်တော်ခန်းနှင့် လွယ်ခန်းရှိုးစခန်းများတွင် တရုတ်ဖြူတပ်များ အခိုင်အမာ တပ်စွဲလျက်ရှိနေပါသေးသည်။ ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ယင်းစခန်းများသို့ လက်နက် ခဲယမ်းများနှင့် ရိက္ခာများကို ဝေဟင်မှ ချပေးခဲ့သည်။ ၁၅-၂-၆၁ နေ့က ကျိုင်းတုံရှိ မြန်မာလေတပ်မတော် ဆီးဖြူရီတိုက်လေယာဉ်အုပ်စုမှူး ဗိုလ်မှူး သူရတင်မောင်အေး (ဗိုလ်မှူးကြီး အငြိမ်းစား) သည် စက်စနာ လေယာဉ်ဖြင့် နေ့ခင်း ၂ နာရီခန့်တွင် ကင်းထောက်ပျံသန်းစဉ် တာချီလိတ်အနောက်ဘက် ဝမ်ပန်ဆန်းဒေသတွင် DZ ကို တွေ့ရှိခဲ့ရသည်။ ယမန်နေ့ကလည်း ဝေဟင်မှ ပစ္စည်းများ ချပေးခဲ့သည်။ ယနေ့လည်း ပစ္စည်းချရန် အစီအစဉ်ရှိ၍သာ DZ ခင်းထားခြင်းဖြစ်ကြောင်း ဗိုလ်မှူးသူရတင်မောင်အေးက သုံးသပ်လိုက်သည်။ သို့ဖြစ်၍ ကျိုင်းတုံသို့ အမြန်ပြန်ခဲ့သည်။

www.burmeseclassic.com

**တပ်မတော်(လေ)၏ ပထမဆုံးလေခကြောင်းတိုက်ပွဲ**

ဗိုလ်မှူးသူရတင်မောင်အေးသည် ကျိုင်းတုံသို့ ပြန်ရောက်လျှင်ရောက်ချင်း ဆီးဖြူရီလေယာဉ်အမှတ် **(UB 464)** ဗိုလ်မောင်သိန်း မောင်းနှင်သော တိုက်လေယာဉ် ခေါင်းဆောင်ကြီး **(UB 466)** တိုက်လေယာဉ် မောင်းနှင်သော ဒုတိယဗိုလ်ပီတာနှင့် **(UB 465)** တိုက်လေယာဉ် မောင်းနှင်သော ဗိုလ်ချစ်ခိုင်တို့ ပါဝင်သည်။ ဆီးဖြူရီ တိုက်လေယာဉ် ၃ စီးအား **DZ** တွေ့ရှိခဲ့သောနယ်မြေသို့ စေလွှတ်ခဲ့ပါသည်။ ဗိုလ်မှူး သူရတင်မောင်အေးသည် သူကိုယ်တိုင် လိုက်ရန်ဖြစ်သော်လည်း သူဆောင်းနေကျ လေသူရဲဦးထုပ် တပ်မဟာရုံးတွင် ကျန်ရစ်ခဲ့၍ သွားယူ နေလျှင် နောက်ကျမည်စိုး၍ ဗိုလ်မောင်သိန်းအား ခေါင်း ဆောင်စေပြီး စေလွှတ်လိုက်ခြင်း ဖြစ်ပါသည်။ ဗိုလ်မှူး သူရတင်မောင်အေးက ရန်သူ့လေယာဉ်တွေ့လျှင် ကျိုင်းတုံ လေယာဉ်ကွင်းသို့ ဖမ်းဆီးခေါ်ဆောင်ခဲ့ရန် ညွှန်ကြားလိုက် ပါသည်။ ဗိုလ်မောင်သိန်းခေါင်းဆောင်သည့် တိုက်လေယာဉ် ၃ စင်းသည် ဝမ်ပုန်ဆန်း နယ်မြေပေါ်သို့ မွန်းလွဲ ၃ နာရီ ခွဲခန့်တွင် ရောက်ရှိကြပါသည်။ ရန်သူ့လေယာဉ်အား ရှာ





ဖွေရင်း စောင့်ဆိုင်းနေစဉ် ညနေ ၄ နာရီခန့်တွင် အရှေ့မှ အနောက်သို့ စက်လေးလုံးတပ်လေယာဉ်ကြီးတစ်စင်း ဝင်ရောက်လာသည်ကို တွေ့ရှိရပါသည်။ ဗိုလ်မောင်သိန်းက ၎င်းလေယာဉ်ကို အဖမ်းခံရန် ရေဒီယိုဖြင့် အကြောင်း ကြားရာ မလိုက်နာသည့်အတွက် နောက်မှလိုက်၍ အနီး ကပ်ကြည့်နေစဉ် ၎င်းလေယာဉ်ကြီးက စတင်ပစ်ခတ်သဖြင့် ဗိုလ်မောင်သိန်းက ပြန်လည်တိုက်ခိုက်ခဲ့ပါသည်။ ဗိုလ် ပီတာနှင့် ဗိုလ်ချစ်ခိုင်တို့အားလည်း လေယာဉ်ကြီးမှ မိမိ အား ပစ်ခတ်နေကြောင်းနှင့် ၎င်းလေယာဉ်ကြီးအား ဝိုင်းဝန်း တိုက်ခိုက်ကြရန် အမိန့်ပေးလိုက်ပါသည်။ မိမိလေယာဉ် ၃ စီးမှ ပထအချိန်တိုက်ခိုက်စဉ်မှာပင် လေယာဉ်ကြီးမှ ပစ္စည်းတစ်ထုပ်ကို လေထီးဖြင့် ချလိုက်ပါသည်။ မီးကျည် တောင့် **TRACER** များဖြင့် ပြန်လည်ပစ်ခတ်ခဲ့ပါသည်။

မိမိလေယာဉ် ၃ စီးသည် ဒုတိယအကြိမ် ဆက် ဆက်တိုက်ခိုက်ကြပြန်ရာ ဗိုလ်ချစ်ခိုင်၏ လေယာဉ် အမြီး ပိုင်းကို လေယာဉ်ကြီးမှ ပစ်ခတ်သော ကျည်ထိမှန် သွားပါသည်။ တစ်ချိန်တည်းမှာပင် ဗိုလ်ပီတာ၏ “ကိုယ့် လေယာဉ်ထိသွားပြီ” ဟု အသံကြားလိုက်ပြီး ဗိုလ်ပီတာ

www.burmeseclassic.com



အား နောက်ထပ်ဆက်သွယ်၍ မရတော့ဘဲ အသံပျောက်သွားပါသည်။ ဗိုလ်ပီတာ၏လေယာဉ်သည် ရန်သူကျည်ထိမှန်ပြီးနောက် မိမိနယ်နိမိတ်နှင့် ၈ မိုင်ခန့် ဝေးသော ထိုင်းနိုင်ငံအတွင်းသို့ ဆင်းသက်နိုင်ခဲ့သော်လည်း မီးလောင်ပျက်စီးသွားပါသည်။ ဗိုလ်ပီတာလည်း ကျဆုံးသွားခဲ့ပါသည်။ ဗိုလ်မောင်သိန်းက တတိယအကြိမ် ဆက်လက်တိုက်ခိုက်ရာ စက်လေးလုံးတပ် လေယာဉ်ကြီးသည် အမြီးပြုတ်ထွက်ပြီး မီးဟုန်းဟုန်းတောက်ကာ အောက်သို့စိုက်ကျသွားပါသည်။ အဆိုပါ ရန်သူ့လေယာဉ်ကြီး ပျက်ကျသွားသည့်နေရာမှာ ထိုင်းနိုင်ငံအတွင်းပင် ဖြစ်ပါသည်။

တပ်မတော်လေမှ ပစ်ချခဲ့သော စက်လေးလုံးတပ် ရန်သူလေယာဉ်ကြီး ပုံသဏ္ဌာန်မှာ **High Wing Single Fin With Defensive Armament** ဖြစ်၍ **B 24** မှ ဆင်းသက်လာသည့် **P4Y2 PRAVATEER** လေယာဉ် ဖြစ်ပါသည်။ လေယာဉ်ကြီးတွင် ဒသမ ၅ ကျည်သုံး စက်သေနတ်ကြီး ၁၂ လက် တပ်ဆင်ထားပါသည်။

ဗိုလ်ချစ်နိုင်၏ လေယာဉ်နောက်မြီးအောက်ပိုင်း တစ်ခုလုံး ကြွေမွပျက်စီးသွားသည့်အပြင် ဘီးလည်းပြုတ်





ထွက်သွားခဲ့ပါသည်။ ဗိုလ်ချစ်နိုင်၏ လေယာဉ်ကို ဗိုလ်မောင်သိန်းမှ ခေါ်ဆောင်လာပြီး ကျိုင်းတုံကွင်းတွင် ဘီးချဘဲ ဝမ်းဗိုက်ဖြင့် ဆင်းသက်ခဲ့ရသည်။ ဗိုလ်ချစ်နိုင် ထိခိုက်ဒဏ်ရာရခြင်း မရှိပါ။

ခမရ (၁၀၇) အားပေးအပ်သော တာဝန်မှာ ဝမ်ပန်ဆန်းဒေသ လွယ်တော်ခန်းနှင့် လွယ်ခန်းရှိုးရှိ တရုတ်ဖြူစခန်းများကို တိုက်ခိုက်သိမ်းပိုက်ရန်နှင့် ဗိုလ်ပီတာလေယာဉ်အား ရှာဖွေရန်ဖြစ်ပါသည်။

ခမရ (၁၀၇) သည် တာချီလိတ်မှ ဖေဖော်ဝါရီလ ၁၉ ရက်၊ နံနက် ၅ နာရီမှ စတင်ချီထွက်ခဲ့သည်။ တပ်ရင်းရှေ့တန်းကွပ်ကဲမှုအဖွဲ့, ဝင်းနိုင်နှင့် ဗထူးတပ်ခွဲ၊ ရန်အောင်တပ်ခွဲတို့သည် နမ့်မနင်းချောင်းကိုကူးပြီး တောင်ပေါ်ရှိ မိမိတပ်စခန်းများကို ဖြတ်ကျော်ကာ ချီတက်ခဲ့ရာ ရှေ့တန်းအကျဆုံး အီး (၇) (E-7) စခန်းသို့ နံနက် ၁၀ နာရီကျော်တွင် ရောက်ရှိခဲ့ပါသည်။ ဆက်လက် ချီတက်နေစဉ် ကချင် (၅) နေရာယူထားသော စခန်းအနီးသို့ ရန်သူသက်နက်ကြီး ကျရောက်ပေါက်ကွဲပါသည်။ ခမရ (၁၀၇) သည် ဆက်လက်ချီတက်ခဲ့ရာ နေ့ခင်းပိုင်းတွင် လွယ်



www.burmeseclassic.com

www.burmeseclassic.com



တော်ခန်း တောင်ကြောကြီးကို မြင်ရသည့်နေရာသို့ ရောက်ရှိလာပါသည်။ ယင်းနေရာမှ လွယ်တော်ခန်းသို့ ကိုက် ၁၀၀၀ ကျော်ဝေးပါသည်။ မှန်ပြောင်းဖြင့်ကြည့်လျှင် တရုတ်ဖြူဘန်ကာများကို အစီအရီမြင်ရပါသည်။ မိမိတို့ ရောက်နေသောနေရာမှ တောင်အောက်သို့ ကိုက် ၃-၄၀၀ ခန့် ဆင်းပြီးမှ လွယ်တော်ခန်းတောင်ကြောကို မော့တက်ရမည် ဖြစ်ပါသည်။ ဗိုလ်စိန်ဖေနှင့် တပ်စိတ်တစ်စိတ် ထောင်ကင်းအဖြစ် စေလွှတ်လိုက်ရာ ရန်သူ့ရှေ့ကာကင်းမှ ဆီးကြိုပစ်ခတ်သဖြင့် ဆုတ်ခွာခဲ့ရသည်။ တပ်ကြပ်ရဲမြင့် ခြေထောက်တွင် ဒဏ်ရာရသည်။ လမ်းပြခေါင်း ကျည်ရုပ်မှန်သဖြင့် ဆံပင်များပြတ်သွားပြီး ဦးရေတွင် အကြောင်းကြီးထင်သွားပါသည်။ မိမိတပ်များ အသင့်ဆင်ထားသော ရ ဒသမ ၈၂ စက်လတ်ဖြင့် ရန်သူ့ဘန်ကာများကို ပစ်ခတ်ရာ ရန်သူမှလည်း ပြန်လည်ပစ်ခတ်သဖြင့် တပ်ရင်းမှူးထိုင်နေသော နေရာအနီးတွင် ကျည်များထောက်လျက် ရှိနေပါသည်။

လွယ်တော်ခန်းကို တိုက်ကို တိုက်ရမည်။ အမြောက်ပစ်ကူဖြင့် တိုက်ရမည်။ သို့သော် ယနေ့ အမြောက်





အသင့် မဖြစ်သေး။ နေဝင်သွားပြီးဖြစ်၍ ရောက်နေသော နေရာတွင်ပင် စခန်းချလိုက်ပါသည်။ ညတွင် လေသိပ်တိုက်သဖြင့် အလွန်အေးလှသည်။ တစ်ညလုံး အိပ်မပျော်ပါ။

လွယ်တော်ခန်း၏ မြောက်ဘက်မှ ရောင်ပြတိုက်ခိုက်ရန် တောလမ်းမှ တစ်ရက်ကြိုလွှတ်လိုက်သော စကြာတပ်ခွဲလမ်းပျောက်ကာ တပ်ခွဲရောက်နေသည့် မြေပုံညွှန်းကိုပင် မပေးနိုင်ပါ။ စကြာတပ်ခွဲနောက်မှ လိုက်သွားသော ဗိုလ်ကြီးကျော်သောင်း (ဒုဗိုလ်မှူးကြီး၊ ကောင်စစ်အငြိမ်းစား) ၏ တာယာတပ်ခွဲသည် လားဟူရွာတစ်ရွာတွင် ညအိပ်ပြီး နောက်တစ်နေ့ ဆက်လက်ချီတက်ရာ လွယ်တော်ခန်းမြောက်ဘက် တောင်ခြေရှိ အီကောရွာတစ်ရွာတွင် စခန်းချလိုက်ပါသည်။

လွယ်တော်ခန်းကို အရှေ့ဘက်မျက်နှာစာမှ ရင်ဆိုင်ထားသော ဝင်းနိုင်သည် ဗထူးတပ်ခွဲမှ ဗိုလ်စိန်ဖေ၏ တပ်စုကို ရှေ့တိုးနိုင်သမျှတိုး၍ နေရယူခိုင်းလိုက်သည်။ ရန်သူစခန်း ဘန်ကာများမှ တရုတ်ဖြူများ ဘန်ကာများပေါ်တက်၍ လူယောင်ပြခြင်း၊ ဘန်ကာတစ်ခုမှ တစ်ခုသို့ ကူး



www.burmeseclassic.com

www.burmeseclassic.com



သန်းလမ်းလျှောက်ပြခြင်းဖြင့် မိမိပစ်ခတ်လျက်ရှိသော ၇ ဒသမ ၆၂ စက်လတ်မှ ကျည်များ ခြွေနေပါသည်။

ဖေဖော်ဝါရီလ နံနက်စောစော ဝင်းနိုင်သည် လွယ်တော်ခန်းကို တိုက်ရန် စတင်ပြင်ဆင်ပါတော့သည်။ ၇၆ မီလီမီတာ အမြောက်ဖြင့် အကွာအဝေးမှာ ပစ်ခတ်ရာတွင် ယမ်းအား (၃) ပြင် ပထမ ပစ်သောကျည်သည် ဝင်းနိုင်ရှိသောနေရာရှိ သစ်ပင်ကို မလွတ်ဘဲ ထိမှန်ပေါက်ကွဲသွားပါသည်။ အမြောက်ကျည်ဆန် ထိမှန်သော သစ်ပင်အောက်တွင် ဗထူးတပ်ခွဲမှ ဗိုလ်ပီတာ ထိုင်နေရာ မဲခေါင်စစ်ဆင်ရေးတွင် ကျဆုံးသော ဒုတိယ ဗိုလ်ပီတာ ဖြစ်သွားမည့်ဘေးမှ သီသီလေး လွတ်မြောက်သွားခဲ့ပါသည်။

လွယ်တော်ခန်းမှ တရုတ်ဖြူစခန်းသည် မြန်မာ–ထိုင်း နယ်နိမိတ် ရေဝေကုန်းတန်းပေါ်တွင်ရှိ နေရာ မိမိပစ်သော အမြောက်များ ထိုင်းနိုင်ငံဘက် မရောက်စေရန် ဂရုစိုက်ရပါသည်။ အကွာအဝေးရှာရာတွင် အနီးမှအဝေးသို့ တဖြည်းဖြည်းချင်းအကွာအဝေးကို မြှင့်၍ ရှာရပါသည်။ တောထူလွန်း၍ ကျည်ကျနေရာကိုမမြင်ရ ပေါက်ကွဲသံကို နားထောင်၍ အကွာအဝေးကို မြှင့်ပေးရပါသည်။ အချို့





ကျည်များ ရန်သူစခန်းတောင်ကြောကို ကျော်၍ ထိုင်းနိုင်ငံထဲ ကျရောက်ပေါက်ကွဲလျက်ရှိပါသည်။ အမြောက်ကျည်များ ရန်သူစခန်းအတွင်း ပေါက်ကွဲသည်ကို မြင်ရသောအခါ ရဲဘော်များ ဝမ်းသာလွန်း၍ ထခုန်ကြသည်။

ဗိုလ်ရဲမြင့် (ဒုဗိုလ်မှူးကြီး၊ အငြိမ်းစား) ၏ ရန်အောင်တပ်ခွဲသည် လျှိုအတွင်းမှ ရန်သူစခန်းသို့ တဖြည်းဖြည်း ချဉ်းကပ်လျက်ရှိပါသည်။ ဗိုလ်ရဲမြင့်သည် ရန်သူဘန်ကာတစ်လုံးကို ၂ လက်မ စိန်ပြောင်းဖြင့် အနီးကပ်ပစ်ခတ်ချေမှုန်းလိုက်သည်။

လွယ်တော်ခန်း စခန်းအတွင်းသို့ အမြောက်ပစ်ခတ်ပြီးသည်နှင့် ရန်အောင်တပ်ခွဲဦးဆောင်၍ စခန်းအတွင်းသို့ ဝင်ရောက်ခဲ့ပါသည်။ ဝင်းနိုင်သည် ဗထူးတပ်ခွဲနှင့်အတူနောက်မှ လိုက်ပါသွားပါသည်။ ရန်သူတရုတ်ဖြူများ ယနေ့နံနက်ကပင် ဆုတ်ခွာသွားကြပြီ ဖြစ်ပါသည်။ စခန်းမှ ထိုင်းနိုင်ငံဘက်သို့ ဆင်းသော လားလမ်းကလေးများကို တွေ့ရသည်။ လမ်းပေါ်တွင် လတ်လတ်ဆတ်ဆတ် လားချေးများ၊ လားခွာရာများကို တွေ့ရပါသည်။

မြန်မာနယ်နိမိတ်ကိုကျော်၍ ထိုင်းနိုင်ငံထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားသော တောင်ကြောတစ်ခုရှိသည်။ ယင်းတောင်ကြော တောင်စွယ်ထိပ်တွင် သွပ်မိုးအဆောက်အဦများ ရှိနေသည်။ အဆိုပါ အဆောက်အဦများသည် တရုတ်ဖြူ အိမ်ထောင်သည်လိုင်းဟု လေယာဉ်ဖြင့် ကင်းထောက်စဉ်က တစ်မဟာ (၉) မှ ညွှန်ပြထားသည်။ တပ်ရင်းမှူးက ရန်အောင်တပ်ခွဲအား တက်ရောက်သိမ်းပိုက်ရန် အမိန့်ပေးလိုက်ပါသည်။ ရန်အောင်တပ်ခွဲ ဝင်ရောက်သွားသောအခါ အဆောက်အဦများအတွင်းမှ ယူနီဖောင်းအစိမ်းနှင့် ကာဘိုင်သေနတ်များ ကိုင်ထားသော လူ ၄ ယောက် ထွက်လာပြီး တောင်ဘက်ချောက်အတွင်းသို့ ဆင်းပြေးသွားသဖြင့် လိုက်လံပစ်ခတ်ကြပါသည်။ တပ်ရင်းမှူး ရောက်သွားသောအခါ ရန်အောင်တပ်ခွဲမှ လူရွယ် ၄–၅ ယောက်ကို ကြိုးဖြင့် တုတ်နှောင်ဖမ်းဆီးထားပြီး ဖြစ်သည်။ အမှန်မှာ ယင်းနေရာသည် အိမ်ထောင်သည်လိုင်း မဟုတ်ပါ။ ဘုန်းကြီးကျောင်းနှင့် ဇရပ်များသာဖြစ်သည်။ စေတီတစ်ဆူရှိသည်။ တပေါင်းလဆန်း ၈ ရက်နေ့ ဥပုသ်နေ့ဖြစ်၍ တပေါင်းလပြည့်နေ့ တပေါင်းပွဲကျင်းပရန် ကြိုတင်၍ ဘုရားပွဲကျင်းပနေခြင်း ဖြစ်ပါသည်။ ဘုရားပွဲဈေးတန်း ထိုးထားသည်ကို





တွေ့ရပါသည်။ ထွက်ပြေးသူ ယူနီဖောင်းအစိမ်းနှင့် လူများမှာ တရုတ်ဖြူများ မဟုတ်ပါ။ ထိုင်းရဲများသာ ဖြစ်ပါသည်။ ၎င်းတို့သည် သေနတ်ကိုသာ ယူနိုင်ပြီး ကျောပိုးအိတ်၊ အိပ်ရာပစ္စည်း၊ မှတ်ပုံတင်များပါ ကျန်ရစ်ခဲ့ပါသည်။ ဘုန်းကြီးကျောင်းတွင် ဘုန်းကြီးတစ်ပါး သီတင်းသုံးနေပါသည်။ ဘုန်းကြီးအား ကန်တော့ပြီး လျှောက်ထားမေးမြန်းကြည့်သောအခါ ဘုန်းကြီးမှာ ရွှေဘိုသား မြန်မာလူမျိုးဖြစ်နေကြောင်း သိရပါသည်။

မိမိတပ်များ ထိုင်းနယ်မြေအတွင်း ရောက်နေခြင်းဖြစ်၍ လွယ်တော်ခန်းစခန်းသို့ အမြန်ပြန်ဆုတ်ရန် တပ်ရင်းမှူးက အမိန့်ပေးလိုက်ပါသည်။

ထိုင်းနိုင်ငံအတွင်း ဝင်ရောက်ပစ်ခတ်မိသည့်ကိစ္စကို ကက (ကြည်း) မှ တပ်ရင်းမှူးအား ညဉ့်နက်သည်အထိ ကြိုးမဲ့စက်ဖြင့် မေးမြန်းစစ်ဆေးခြင်း ပြုလုပ်ခဲ့ပါသည်။

ဤအဖြစ်အပျက်ကို သင်ခန်းစာယူသင့်သော်လည်း တပ်ရင်းမှူးသည် ဆုတ်ခွာသွားသော တရုတ်ဖြူများနောက် လိုက်ရန်သာ စိတ်စောနေမိသည်။ တရုတ်ဖြူတွေ ဝေးဝေးမသွားနိုင်၊ တောင်ခြေမှာပဲ ရှိနေဦးမည်ဟုသုံးသပ်မိသဖြင့်

www.burmeseclassic.com



နောက်တစ်နေ့ နံနက်စောစောတွင် ဗထူးတပ်ခွဲမှ တပ်စုတစ်စုအား လားလမ်းအတိုင်းလိုက်ရန် စေလွှတ်လိုက်ပါသည်။ ဗထူးတပ်စု တောင်အောက်သို့ရောက်သောအခါ နှင်းမကွဲသေးပါ။ ဆက်လက်ချီတက်ရင်း တောင်စွယ်အကွေ့တစ်ခုအရောက် လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့နှင့် မျက်နှာချင်းဆိုင် ဘွားခနဲ တွေ့ရပါတော့သည်။ မိမိပွိုင့်တပ်သားမှာ ဘီအေ ၅၂ သေနတ်ကို မောင်းဖြုတ်ထည့်လိုက်ပါသည်။ ကျည်မထွက်ပါ။ ကျည်ထွက်သွားလျှင် ပြဿနာတစ်ခုမှ နောက်တစ်ခုထပ်၍ ဖြစ်ပေတော့မည်။ အဘယ်ကြောင့်ဆိုသော် မိမိတပ်နှင့် မျက်နှာချင်းဆိုင်တွေ့သူများမှာ ကင်းလှည့်လာသော ထိုင်းရဲတပ်ကိတ်တစ်စိတ် ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

လွယ်တော်ခန်း စခန်းသည် ဝင်းမနော် စခန်းထက် ကြီးပါသည်။ အရာရှိနေအိမ်များ ခြင်လုံသံဆန်ခါများ တပ်ဆင်ထားပါသည်။ ရိက္ခာအများအပြားလည်း သိမ်းဆည်းရမိပါသည်။

ဖေဖော်ဝါရီ ၂၄ ရက်နေ့ လွယ်ခန်းရှိုးသို့ ချီတက်ကြသည်။ အစီအစဉ်မှာ တာယာတပ်ခွဲ ရှေ့ဆောင်ချီတက်ပြီး စခန်းချရမည့်နေရာ မြေပုံအညွှန်း ပေးလိုက်သည်။ တာယာတပ်ခွဲနောက်မှ စကြာတပ်ခွဲလိုက်သွားပြီး စခန်းချရမည့် မြေပုံအညွှန်းပေးလိုက်ပါသည်။ တပ်ခွဲနှစ်ခွဲ နေရာယူပြီးနောက် နောက်တစ်နေ့ ဗထူးတပ်ခွဲ လွယ်ခန်းရှိုးအရောက် ချီတက်ရန်ဖြစ်သည်။

ရှေ့ဆောင် ချီတက်သော တာယာတပ်ခွဲသည် စခန်းချမည့် တောင်ကြားနေရာအရောက် ထိုင်းနိုင်ငံဘက်မှ ကြက်တွန်သံကြားရ၍ ရွာရှိကြောင်းသိရသဖြင့် တပ်ခွဲမှူး ဗိုလ်ကြီးကျော်သောင်း (ဒုဗိုလ်မှူးကြီး ကောင်စစ်အငြိမ်းစား) နှင့် ဒုအရာခံဗိုလ်ဘဟိုက်တို့ လားဟူအဝတ်များ ဝတ်ဆင်ပြီး ဝင်ရောက်စုံစမ်းခဲ့ပါသည်။ လွယ်ခန်းရှိုးတွင် ရန်သူများ ဆုတ်ခွာကြပြီးဖြစ်ကြောင်း သိရှိရသဖြင့် တပ်စုတစ်စုဖြင့် ထိုင်းနယ်မြေအတွင်းမှ ဖြတ်၍ လွယ်ခန်းရှိုးစခန်းသို့ ဝင်ရောက်ခဲ့ကြသည်။

တပ်ရင်းမှူးနှင့်အဖွဲ့ လွယ်ခန်းရှိုးသို့ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ချီတက်ခဲ့သည်။ လွယ်တော်ခန်းမှ နံနက် ၇ နာရီ ထွက်သည်။ လွယ်တော်ခန်းမှ တစ်မိုင်ကျော်ခန့် အဆင်းလမ်းဖြစ်သည်။ စကြာတပ်ခွဲသို့ ၉ နာရီခန့်







www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်။ တောကြောအတိုင်း တက်လိုက်ဆင်းလိုက်နှင့် ဆက်လက်ချီတက်ရာ တာယာတပ်ခွဲသို့ ၁၀ နာရီကျော်တွင် ရောက်ရှိပြီး နံနက်စာစားသည်။ ဆက်ထွက်ရာ **DZ** စခန်းသို့ ရောက်ပြီးနောက် အတက်လမ်းဖြစ်သည်။ နားပြီးတက်ရသည်။ လွယ်ခန်းရှိုးသို့ ၁၂ နာရီခန့်ရောက်သည်။

လွယ်ခန်းရှိုးစခန်းသည် မိုင်းဆတ် နယ်မြေအတွင်း ရှိ၍ ဂျင်နရယ်လီမီ စခန်းချခဲ့သော နေရာဖြစ်ပါသည်။ အင်အား ၁၀၀၀ ကျော်နှင့် အိမ်ထောင်သည်လိုင်းများ၊ စစ်တန်းလျားများ၊ ရိက္ခာဂိုဒေါင်များ၊ စာသင်ကျောင်းများရှိသည်။ အရာရှိနေအိမ်များ၊ ခြင်လုံသံဆန်ခါများ တပ်ဆင်ထားသည်။ အကျဉ်းစခန်းများ ရှိသည်။ အကျဉ်းစခန်းဆိုသည်မှာ ပေ ၂၀ ခန့် နက်သော တွင်းကြီးဖြစ်ပါသည်။ တွင်းတစ်ခုတွင် လူ ၆ ယောက်ခန့် ကျပ်ကျပ်နေနိုင်သည်။ အကျဉ်းသားကို ကြိုးချပေးသည်။ လှေခါး မရှိပါ။

လွယ်ခန်းရှိုးသည် အီကောရွာဖြစ်ပါသည်။ မြန်မာငွေ မသုံးပါ။ မြန်မာငွေစက္ကူဖြင့် ဈေးဝယ်၍ မရပါ။ ဈေးအခါ ဗြိတိသျှခေတ်က မြန်မာနိုင်ငံတွင်သုံးသော ငွေ





ဒင်္ဂါးများ (ဂျော့ကတုံးစသည်) ကို အသုံးပြုနေဆဲဖြစ်သည်။ ထိုင်းဘတ်ငွေကို လက်ခံပါသည်။

၁၉၆၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် တပ်မဟာ ၉ တပ်မင်း ဗိုလ်မှူးကြီး ဘရွှေချင်း (၄) တပ်ရင်းမှူး၊ ဒုဗိုလ်မှူးကြီး ဗန်ကူးလ် (အငြိမ်းစားနိုင်ငံတော် ကောင်စီဝင်) နှင့် အမြောက်တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ရဲထွန်း (အငြိမ်းစားဗိုလ်မှူးကြီး) တို့ လွယ်တော်ခန်းစခန်းသို့ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။ တပ်ကို အသင့် **(Stand to)** နေရာယူစေပြီး တပ်မင်းအား တပ်စခန်းများ စစ်ဆေးရန် အသင့်ဟု သတင်းပို့သောအခါ တပ်မင်းက တပ်မင်းလေးဘက်ပစ်ရန် အသင့်ဟော့ဟု လွယ်တော်ခန်း အတက်ကြမ်း၌ ပင်ပန်းပုံကို သရုပ်ဖော် ပြောကြားလိုက်ပါသည်။

ခမရ (၁၀၇) သည် မဲခေါင်စစ်ဆင်ရေးတွင် ပို့ုင့် ၃၁၁၅ တောင်ကုန်းစခန်း၊ ဝင်းမနော်စခန်း၊ လွယ်တော်ခန်းစခန်းနှင့် လွယ်ခန်းရှိုးစခန်းများမှ ကျူးကျော်သူ တရုတ်ဖြူတပ်များကို မောင်းထုတ်ပြီး စခန်းသိမ်းအောင်ပွဲများကို ခံနိုင်ခဲ့ကြောင်း ဤမှတ်တမ်းဖြင့် သက်သေပြုပါသည်။

❖



www.burmeseclassic.com


www.burmeseclassic.com





၁၉၈၃ ခုနှစ်က စာရေးသူရောက်ခဲ့သည့်
ကျိုင်းတုံနှင့် မိုင်းယောင်းကြားရှိ တရုတ်မြို့များဖနသွားသည့်တောင်ကြား

www.burmeseclassic.com

www.burmeseclassic.com








တောင်ကြီး ကျိုင်းတုံပြည်ထောင်စုကားလမ်းနှင့်ကျိုင်းတုံဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com






မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံနယ်နိမိတ်မြေပုံ

www.burmeseclassic.com

www.burmeseclassic.com




၁၉၄၉ ခုနှစ် ဇူလိုင်လ (၃၁) ရက်တွင် မြန်မာနိုင်ငံအတွင်း ရောင်စုံသောင်းကျ
လွှမ်းမိုးထားသော နယ်မြေများ




အရှေ့တောင်အာရှတစ်ခွင်ရှိ ဘိန်းသယ်ဆောင်ရာ လမ်းကြောင်းများ
စိုက်ပျိုးရာဒေသများမှ မူးယစ်ဆေးဝါး သယ်ဆောင်ပျံ့နှံ့သွားသော လမ်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com




# အခန်း ( ၁၀ )

## မြန်မာနိုင်ငံသို့တရုတ်ဖြူများဝင်ရောက်ကျူးကျော်ခဲ့သဖြင့် ဖြစ်ပေါ်လာသော အကျိုးဆက်များ

မြန်မာနိုင်ငံသို့ တရုတ်ဖြူများ ဝင်ရောက်ကျူးကျော်
သဖြင့် ဖြစ်ပေါ်ခဲ့သော အကျိုးဆက်များကား များလှချေ၏။
ပြာရလျှင် ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ပါချေမည်။
ထဲမှ အရေးကြီးသော မပြောမဖြစ်သော အချက်များကို
ာ ရွေးထုတ်တင်ပြပါမည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် မိမိတို့၏မြေကို တစ်လက်မမျှ အဝင်မခံနိုင်သည့် မြန်မာတပ်မတော်မှ လက်ပိုက်ကြည့်မနေနိုင်တော့သဖြင့် ကျူးကျော်သူ တရုတ်ဖြူများအား စစ်ဆင်ရေးကြီးများ ဆင်နွှဲကာ ၁၉၅၀ မှ ၁၉၆၁ ထိ ဆယ်နှစ်တိုင်တိုင် ရှင်းလင်းသုတ်သင်ချေမှုန်းခဲ့ရ၏။ ဆယ်နှစ်ကျော်ကြာပြီး တရုတ်ဖြူများ မြန်မာ့မြေပေါ်မှ ထွက်ခွာသွားခဲ့သော်လည်း သူတို့မွေးခဲ့သောမီးတောက်များက ယနေ့တိုင်တောက်လောင်နေဆဲဖြစ်၏။

တရုတ်ဖြူများသည် ရှမ်းပြည်နယ်အရှေ့ပိုင်းသို့ဝင်လာခါစက ဒေသခံ ရှမ်းဆိုး၊ ကော်ဆို၊ လားဟူဆိုးများနှင့် ပူးပေါင်းခဲ့ကြ၏။ ထိုသူများကို အစိုးရကို ပုန်ကန်အောင် မြှောက်ပေးကြ၏။ သူတို့နှင့်အတူ ယူနန်ပြည်နယ်မှ တရုတ်ပြည်သူ့တပ်မတော်အား သွားရောက်တိုက်ခိုက်ရာတွင် အဖော်ခေါ်သွားကြ၏။ လမ်းပြခိုင်းကြ၏။ တရုတ်ဖြူတို့အား အမေရိကန် C.I.A အဖွဲ့ကြီးနှင့် အမေရိကန်အစိုးရက လိုအပ်သည်များကို ပံ့ပိုးပေးနေ၏။ ထို့ကြောင့် တရုတ်ဖြူတို့တွင် ငွေကြေးနှင့် လက်နက် အလွန်ပြည့်စုံ၏။ အမေရိကန်တို့ကလည်း တရုတ်ပြည်မကြီးကို အနော





အနောက် နှစ်ဖက်ညှပ်ပြီး တိုက်နေပါသည်ဆိုသည့် ချန်ကေရှိတ်၏ မစားရဝခမန်းစကားကို တအားကျေနပ်နေ၏။ ထို့ကြောင့် မြန်မာနိုင်ငံတွင်းရှိ တရုတ်ဖြူတပ်များကို လေကြောင်းမှ အစစအရာရာ ထောက်ပံ့ခဲ့၏။ အမေရိကန်တို့ဆီမှ ရရှိသော လက်နက်ခဲယမ်းများကို တရုတ်ဖြူတို့က ဒေသခံ သောင်းကျန်းသူများသို့ တစ်ဆင့်ပြန်ရောင်းစားခဲ့လေသည်။

ဤသို့ဖြင့် ၁၉၅၈ ခုနှစ် ရှမ်းသူပုန်များ ထင်ထင်ရှားရှား ပေါ်ပေါက်လာချိန်၌ ရှမ်းသူပုန်တို့သည်လည်း တရုတ်ဖြူတို့၏ အမွေဆိုးကိုဆက်ခံကာ သောင်းကျန်းခဲ့ရာ ယနေ့အချိန်ထိ ထိုမီးတောက်မှာ တောက်လောင်နေဆဲဖြစ်ပါသည်။

ဒုတိယအဖွဲ့အစည်းတစ်ခုမှာ KNDO ခေါ် KNU ကရင်သောင်းကျန်းသူများ ဖြစ်ပါသည်။ KNDO တို့သည် ၁၉၄၉ ခုနှစ်၌ တောခိုသူပုန်ထပြီး မြန်မာနိုင်ငံ မြို့ကြီးတော်များများကို သိမ်းပိုက်နိုင်ခဲ့ကြ၏။ မြန်မာ့တပ်မတော်မှ ပြန်လည်တိုက်ခိုက်ခဲ့ရာ KNDO တို့မြို့များမှ ဆုတ်ခွာ၍ တောတွင်းသို့ဝင်ကြရ၏။ ၁၉၅၃ ခုနှစ် စောဘဦး



www.burmeseclassic.com

www.burmeseclassic.com



ကြီး ကျဆုံးသွားပြီးနောက် KNDO တို့ စိတ်ဓာတ်ကျနေ ချိန်တွင် KMT ခေါ် တရုတ်ဖြူနှင့် KNDO ခေါ် ကရင် သောင်းကျန်းသူတို့ မော်ချီးဒေသတွင် စတင်ဆက်သွယ် မိကြ၏။ အဖက်ဖက်က ချွတ်ခြုံကျနေသော KNDOတို့ထ တရုတ်ဖြူတို့ထံမှ ငွေကြေးနှင့် လက်နက်အကူအညီ လိုချင် ကြသည်။ တရုတ်ဖြူတို့ကလည်း ကရင်ပြည်နယ်နှင့် မွန် ပြည်နယ်မှ ကမ်းရိုးတန်းဒေသများကို ခြေဆန့်လိုသည်။ ပင်လယ်ဆိပ်ကမ်းဖွင့်ကာ အမေရိကန် အမှတ် (၇) ရေ တပ်မှ အကူအညီကို ရယူလိုကြသည်။ ဤသို့ဖြင့် ဘုန်းကြီ ရှူးနှင့် လေ့လူး တွေ့ကြတော့၏။

ထိုစဉ်က KNDO ခေါင်းဆောင်တစ်ဦးဖြစ်သူ စောစံဖိုးသင်သည် လက်ယာအစွန်းရောက်သည့် ခေါင်း ဆောင်တစ်ဦး၏ အစီအစဉ်ဖြင့် တရုတ်ဖြူတို့နှင့် ဦးစွာ ဆက်သွယ်ခဲ့၏။ တရုတ်ဖြူတို့ကို သွားခေါ်ခဲ့၏။ များမကြာမီ KNDO လူကြီးပိုင်းမှ ဗိုလ်ချုပ်စောအုံးဖေ ခေါင်းဆောင်ပြီး အဖွဲ့ဝင် စောသက်ဝါ၊ ဖဒိုဝရီးကျော်၊ ဖဒိုဆဒိတို့ပါဝင်သော KNDO Mission အဖွဲ့သည် ဖာပွန်အခြေပြုမှ ကယား ပြည်နယ်ကိုဖြတ်၍ ရှမ်းပြည်နယ် မိုင်းမောသို့ သွားရောက်





ခဲ့ကြ၏။ မိုင်းမောတွင် တရုတ်ဖြူကြိုဆိုရေးအဖွဲ့မှ ကြိုဆို ပြီး မိုင်းဆတ်ရှိ ဂျင်နရယ်လီမီ၏ ဌာနချုပ်သို့ လိုက်လံပို့ ဆောင်ပေးခဲ့၏။ KNDO မစ်ရှင်သည် မိုင်းဆတ်တွင် တရုတ်ဖြူများနှင့် ခုနစ်လကြာအောင် အတူနေပြီး အပြန်၌ တရုတ်ဖြူတပ်များကို ခေါ်လာခဲ့ကြလေသည်။ တရုတ်ဖြူ တပ်များသည် တောင်ဘက် မွန်ပြည်နယ်ဒေသကြီးအထိ ဆင်းလာပြီး MNDO များနှင့်ပါ ဆက်သွယ်၍ ပင၊ ကရပ္ပိ ဒေသ၌ ပင်လယ်ထွက်ပေါက် ဆိပ်ကမ်းဖွင့်ရန် ကြိုးစား ကြသည်။ မြန်မာ့တပ်မတော်က ချယ်ရီစစ်ဆင်ရေးဖြင့် အပြင်းအထန် ထိုးနှက်ချေမှုန်း တိုက်ခိုက်လိုက်မှ ထိုအစီ အစဉ် ပျက်သွားတော့၏။

သို့ရာတွင် တရုတ်ဖြူများသည် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ကို လွယ်လွယ်နှင့် စွန့်ခွာမသွားဘဲ ဒေသခံ KNDO, MNDO များက အကူအညီဖြင့် တွယ်ကပ်နေခဲ့ ကြ၏။ သူတို့ မှာယူရရှိထားသည့် လက်နက်များကို ရောင်း ချကြ၏။ ဤတွင် လက်နက်အသစ်အဆန်း လိုချင်သော KNU တပ်မဟာ (၅) တပ်မင်း လင်းထင်က ၁၉၅၄ ခုနှစ်၌ ရန်ကုန်၊ မုတ္တမ ရထားကို မိုင်းခွဲပြီး ရန်ကုန်တက္ကသိုလ်မှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာသည့် တက္ကသိုလ်ကျောင်းသူများအား ဖမ်းဆီးကာ တရုတ်ဖြူများထံ ပြည့်တန်ဆာအဖြစ် ရောင်းစား၍ လတ်နက်နှင့် လဲခဲ့၏။ လူကုန်ကူးခဲ့၏။ တကယ်တော့ လူကုန်ကူးမှုသည် ယခုမှသာမဟုတ်။ ထိုစဉ်ကပင် KNU တို့ လုပ်တတ်နေပါပြီ။

ထိုတရုတ်ဖြူတို့ Backing ပေးခဲ့သော KNU ကရင်သောင်းကျန်းသူတွေသည်လည်း သက်ဆိုးရှည်ကြပါသည် ခင်ဗျာ။ ယခုအချိန်ထိ တောထဲတွင် ကျန်သူတွေကကျန်ပြီး နိုင်ငံတော်အစိုးရကို ပုန်ကန်ခြားနားကာ ဆိုးသွမ်းနေကြဆဲပါခင်ဗျား။

**မြန်မာနိုင်ငံအတွင်း ဘိန်းရောင်းဝယ်စိုက်ပျိုးမှုများ တိုးတက်လာခဲ့ခြင်း**

မြန်မာနိုင်ငံ အရှေ့ပိုင်းနှင့်မြောက်ပိုင်းသည် တောင်ကုန်းတောင်တန်းများ ပေါများသောဒေသဖြစ်၏။ အချို့နေရာတွင် ကျောက်တောင်ကြီးများဖြစ်၏။ အေးမြ၏။ ထို့ကြောင့် ဘိန်းစိုက်ပျိုးမှု အလွန်ဖြစ်ထွန်း၏။ ဘိန်းစိုက်ပျိုးရေးအတွက် ရေခံမြေခံ အလွန်အဆင်ပြေလှပေသည်





မြန်မာနိုင်ငံကို ဗြိတိသျှအစိုးရ အုပ်စိုးခဲ့စဉ်က တရားဝင်ဘိန်းခန်းများ ဖွင့်ခွင့်ပြုခဲ့၏။ ထို့ကြောင့် ဘိန်းစိုက်ပျိုးမှုသည် မြန်မာနိုင်ငံ၌ ဗြိတိသျှအစိုးရလက်ထက်တွင် တရားဝင် စတင်ဖြစ်ထွန်းလာ၏။ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဘိန်းများ တရားဝင်စိုက်ပျိုးလာကြ၏။ လွတ်လပ်ရေးရပြီးသောအခါတွင်မူ မြန်မာအစိုးရက ဘိန်းခန်းများကို ပိတ်ပင်ခဲ့၏။ သို့ရာတွင် ဘိန်းစားအရေအတွက်ကား တိုးခဲ့ချေပြီ။ တရုတ်ပြည်ကို ဘိန်းစစ်ပွဲနှင့် ဝါးမျိုခဲ့သည့် ဗြိတိသျှတို့က မြန်မာတစ်နိုင်ငံလုံးကိုလည်း ဘိန်းစားဖြစ်အောင် လုပ်ခဲ့၏။ မြန်မာ နိုင်ငံအရှေ့ခြမ်းမှ အတော်များများ ဘိန်းစားဘဝကျရောက်ခဲ့၏။ စာရေးသူ စစ်ဆင်ရေးတာဝန် ထမ်းဆောင်ခဲ့ဖူးသည့် လားရှိုး၊ တန့်ယန်း၊ ကျိုင်းတုံ၊ မိုင်းယောင်း၊ မိုင်းယန်း စသည့်ဒေသများ၌ ၁၉၈၀ ပြည့်လွန်နှစ်များအထိ ဘိန်းစားများ အနှံ့တက္ကမ ပါပေ။

ဒါက ကြုံကြိုက်၍တင်ပြခြင်းပါ။

မြန်မာနိုင်ငံအတွင်းရှိ တရုတ်ဖြူများသည် ထိုင်ဝမ်တရုတ်ဖြူအစိုးရနှင့် မဟာမိတ်ကြီး အမေရိကန်အစိုးရ



www.burmeseclassic.com

www.burmeseclassic.com



အကူအညီဖြင့် စတင်ရပ်တည်ခဲ့ကြ၏။ သို့ရာတွင် ၁၉၅၃ ခုနှစ်၌ မြန်မာအစိုးရက ကုလသမဂ္ဂသို့ တရုတ်ဖြူ ကျူး ကျော်မှုအား တရားဝင်တိုင်ကြားခဲ့ရာ တရုတ်ဖြူတို့ ပြည်ပ အကူအညီ တဖြည်းဖြည်း လျော့ကျလာ၏။ ထိုအခါ တရုတ်ဖြူတို့သည် ငွေဝင်လမ်းဖြောင့်သော ဘိန်းရောင်းဘိန်းဝယ် လုပ်ကာ စီးပွားရှာတော့သည်။ သူတို့ စိုးမိုးသောနေရာများတွင် မြန်မာနိုင်ငံမှ တိုင်းရင်းသားများကို အတင်းဘိန်းစိုက်ခိုင်းခဲ့၏။ ထိုဘိန်းများကို တရုတ်ဖြူတို့က ချုပ်ဝယ်ပြီး ထိုင်းနိုင်ငံဘက်သို့ ပို့ဆောင်ရောင်းချသည်။ ၁၉၆၀ ခုနှစ် ပတ်ဝန်းကျင်၌ ကမ္ဘာပေါ်တွင် ဘိန်းဖြူခေါ် Heroin ဟီရိုးအင်း ပေါ်လာ၏။ ဘိန်းဖြူက သယ်ရပြုရလွယ်သည်။ သုံးရစွဲရ လွယ်သည်။ ဘိန်းမဲထက် စွမ်းအားအလွန်သာသည်။ ထိုအခါ ဘိန်းစားများ ဘိန်းမည်းအစား ဘိန်းဖြူကို ပြောင်းလဲအသုံးပြုလာကြ၏။

တရုတ်ဖြူများသည် ဘိန်းမည်းကုန်သည်ဘဝမှ ဘိန်းဖြူကုန်သည်ဘဝသို့ ကူးပြောင်းသွားကြ၏။ သူတို့နေရာဒေသများတွင် ဘိန်းဖြူချက်စက်ရုံများ တည်ဆောက်ကာ ဘိန်းဖြူများ ချက်ကြ၏။ ဘိန်းဖြူချက်စက်ရုံဆိုပြီး





ကြီးကြီးကျယ်ကျယ် မထင်လိုက်ပါနှင့်။ ခပ်စုတ်စုတ် တဲကလေးတစ်လုံးထိုးပြီး ဖန်ပေါင်းချောင် သုံးလေးငါးလုံးလောက်နှင့် ဘိန်းဖြူချက်ကြရပါသည်။ မယုံမရှိပါနဲ့။ စာရေးသူ ကိုယ်တွေ့ပါခင်ဗျာ။

ဤနည်းပညာများကို တရုတ်ဖြူများက ဒေသခံသောင်းကျန်းသူများကို သင်ပေးခဲ့ရာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ ဒေသခံသောင်းကျန်းသူအားလုံး ဘိန်းဖြူချက်တတ်သွားတော့၏။ သောင်းကျန်းသူများသာမက ကာကွယ်ရေးများကလည်း ဘိန်းချက်ကြပါသည်။ ယုတ်စွအဆုံး သူတို့ကိုယ်သူတို့ ပစ္စည်းမဲ့လူတန်းစားပါ၊ လုပ်သားပြည်သူတွေ ကောင်းစားရေးအတွက် တော်လှန်ရေးလုပ်နေကြတာပါဟု ကြွေးကြော်ခဲ့သည့် ဗမာပြည်ကွန်မြူနစ်ပါတီခေါ် ဗကပများပင်လျှင် ဘိန်းရောင်းဘိန်းဝယ်လုပ်ကာ ဘိန်းဘုရင်များဘဝ ကျရောက်သွားကြတော့၏။

ဘိန်းဖြူရောင်းဝယ်မှု ကြီးထွားလာသောအခါ မြန်မာနိုင်ငံအစိုးရက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ဘိန်းစစ်ဆင်ရေးများ ပြုလုပ်ခဲ့ရပါ၏။ စစ်ဆင်ရေးများကို ယနေ့အချိန်ထိ အဆက်မပြတ်ပြုလုပ်နေရဆဲ ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးမှု ကြီးထွားလာအောင် **C.I.A** နှင့် အမေရိကန်တို့ မွေးခဲ့သည့် တရုတ်ဖြူများက အထက်ပါအတိုင်း ဆောင်ရွက်ခဲ့ကြပါသည်ခင်ဗျား။

ဤကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော် ဖတ်မိပြီး နှစ်သက်သဘောကျခဲ့သော နိုင်ငံတကာသတင်းဂျာနယ်မှ ဆောင်းပါးတစ်ပုဒ်အား စာရှုသူများ လေ့လာဖတ်ရှုနိုင်ရန် အောက်တွင်ကူးယူဖော်ပြအပ်ပါသည်ခင်ဗျား။

**မူးယစ်ဆေးဝါးနှင့်ပတ်သက်သော စိန်ခေါ်မှု**

မူးယစ်ဆေးဝါး မှန်သမျှကို ကမ္ဘာ့လူသားများဘဝ အညွန့်တုံးစေသော သေမင်းတမန်အဖြစ် ကမ္ဘာ့နိုင်ငံများက သဘောထားကြသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ကုလသမဂ္ဂအဖွဲ့ကြီးမှ ကမကထပြုပြီး လုပ်ဆောင်လျက်ရှိသည်။ အနောက်နိုင်ငံကြီးအချို့က ဟန်ဆောင်ပန်ဆောင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ကြွေးကြော်နေသော်လည်း လက်တွေ့မပါပေ။ နိုင်ငံရေးအရ လည်းကောင်း၊ စီးပွားရေးအရလည်းကောင်း မူးယစ်ဆေးဝါးကို လိုရာသုံးနိုင်သည့် ဂျိုကာအဖြစ် အသုံးချလျက်ရှိသည်။





လူတို့၏ နာကျင်ကိုက်ခဲသော ဝေဒနာများကို ဘိန်းက သက်သာဖျောက်ပယ်ပေးနိုင်ကြောင်း ရှေးရှေးသမားတော်များက တွေ့ရှိခဲ့ကြသည်။ မြေထဲပင်လယ်တစ်ဝိုက်တွင် တွေ့ရသော ဘိန်းများကို အာရှသို့ယူဆောင်လာပြီး စိုက်ပျိုးရောင်းချခဲ့ကာ စီးပွားဖြစ်သူများမှာ အင်္ဂလိပ်တို့ဖြစ်သည်။ တရုတ်ပြည်ကြီးအား ဘိန်းစားတိုင်းပြည်ဖြစ်အောင် ဘိန်းဈေးကွက်သွင်းရင်း စီးပွားရှာခဲ့သည်မှာလည်း အင်္ဂလိပ်များပင်ဖြစ်သည်။ တရုတ်တို့က ယင်းကိစ္စကို မခံမရပ်နိုင်ဖြစ်ရာမှ ဘိန်းစစ်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့ရသည်။

ဒုတိယကမ္ဘာစစ်အပြီး ၁၉၅၀ ပြည့်နှစ်ဝန်းကျင်တွင် တရုတ်ပြည်မှ စစ်ရှုံးပြီး ထွက်ပြေးလာသော ချန်ကေရှိတ်၏ တရုတ်ဖြူ(ကေအမ်တီ) တပ်မှူးများ ထိုင်ဝမ်သို့လည်းကောင်း၊ မြန်မာနယ်စပ်သို့လည်းကောင်း ရောက်ရှိခဲ့သည်။ အရှေ့ဥရောပနိုင်ငံများတွင် ကွန်မြူနစ်များ အာဏာရလာသည့်အခါ အနောက်ဥရောပကိုပါ ကွန်မြူနစ်လွှမ်းမိုးမည်စိုးရိမ်၍ အမေရိကန်တို့က မာရှယ်စီမံကိန်းဖြင့် ကွန်မြူနစ်ဟန့်တားရေး လုပ်လာခဲ့ရသည်။ အလားတူပင် တရုတ်ပြည်ကြီးတွင် မော်စီတုန်း ဦးဆောင်သော ကွန်မြူ



www.burmeseclassic.com

www.burmeseclassic.com



နှစ်အစိုးရတက်လာသည့်အခါ အရှေ့တောင်အာရှတွင်ပါ ကွန်မြူနစ် လွှမ်းမိုးမည်ကို စိုးရိမ်လာခဲ့သည်။

ဤသို့ဖြင့် အမေရိကန်သည် စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့ကို တာဝန်ပေးခဲ့သည်။ စီအိုင်အေက တရုတ်ဖြူတပ်များကို မြန်မာနိုင်ငံအတွင်း အခြေချပေးထားပြီး တရုတ်ပြည်မကြီးအား တိုက်ခိုက်နှောင့်ယှက်ရန် စီမံကိန်းချခဲ့သည်။ စီအိုင်အေသည် တရုတ်ဖြူများကို ငွေကြေး ရိက္ခာများ ထောက်ပံ့ခဲ့သည်။ ထို့နောက် ဘိန်းကုန်ကူးရန်၊ ဘိန်းဖြူချက်လုပ်ဖြန့်ဖြူးရန် အကွက်ချစီစဉ်ပေးခဲ့သည်။ တရုတ်ဖြူ ၁၅၀၀၀ ခန့်သည် ၁၉၅၀ ပြည့်နှစ် မတ်လတွင် ကျိုင်းတုံနှင့် တာချီလိတ်ကြားမှ ဒေသကို သိမ်းပိုက်တပ်စွဲသည်။

တရုတ်ဖြူများကို အမေရိကန်က မော်တော်ကားပါမကျန် လေယာဉ်ဖြင့် ချပေးကြောင်း၊ အမေရိကန် လက်နက်မျိုးစုံထောက်ပံ့ကြောင်းသိရှိသော မြန်မာပြည်သူများက နိုင်ငံတစ်ဝန်း ဆန္ဒပြကြသည်။ ရန်ကုန်ရှိ အမေရိကန်သံရုံးရှေ့သို့ ချီတက်ဆန္ဒပြခဲ့ကြသည်။ တရုတ်ဖြူတပ်များ ရုပ်သိမ်းပေးရန် တောင်းဆိုချက်ကို တရုတ်ဖြူဗိုလ်ချုပ်လီမီက





လက်မခံသဖြင့် မြန်မာ့တပ်မတော်က စစ်ဆင်တိုက်ခိုက်ခဲ့ရသည်။ မြန်မာအစိုးရက ကုလသမဂ္ဂသို့ တင်ပြတိုင်တန်းခဲ့သည်။ အမေရိကန်က ထိုကိစ္စကို ကာဆီးကာဆီးလုပ်သော်လည်း ကုလသမဂ္ဂ ဆုံးဖြတ်ချက်အရ တရုတ်ဖြူတပ်များ ဆုတ်ခွာပေးရသည်။

ယင်းသို့ဆုတ်ခွာသည့်တိုင် တရုတ်ဖြူတပ်အချို့က တပ်ပြေးပုံစံဖြင့် ကျန်ရစ်ခဲ့သည်။ စီအိုင်အေက ယင်းတရုတ်ဖြူတပ်ကြွင်းများကို ဆက်လက်ထောက်ပံ့ အသုံးချခဲ့သည်။ တရုတ်ဖြူတို့၏ ဘိန်းလုပ်ငန်းမှာ ကြီးထွားလာသည်။ တရုတ်ဖြူတပ်များသည် ယူနန်နယ်ထဲ ဝင်သွားလိုက်၊ ထွက်ပြေးလာလိုက်၊ တစ်ဖက်မှ ဘိန်းကုန်ကူးလိုက်ဖြင့် စီအိုင်အေ အလိုကျ လုပ်နေခဲ့ရသည်။ ဒေသခံ တောင်ပေါ်တိုင်းရင်းသားများကို တရုတ်ဖြူတပ်သားသစ်များအဖြစ် အဓမ္မသိမ်းသွင်းအသုံးချခဲ့သည်။

တရုတ်ဖြူတို့က ဘိန်းစိုက်သူများထံမှ ဘိန်းခွန်ကောက်လာသည်။ သို့ဖြင့် ဘိန်းစိုက်သူများက အခွန်အကောက်ကာမိအောင် ဘိန်းပိုစိုက်လာသည်။ ဘိန်းများကို ထိုင်းနိုင်ငံသို့ လားအုပ်ဖြင့်သယ်လာကာ ထိုမှတဆင့် ထိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဝမ်သို့ စီ ၄၇ လေယာဉ်ကြီးများဖြင့်တင်ပို့ကာ ထိုင်ဝမ်တွင် ဘိန်းဖြူချက်လုပ်ဖြန့်ဖြူးသည်။ ဟောင်ကောင်သို့လည်း ပို့ပေးရသည်။

လားအုပ်သည် အသွားတွင် ဘိန်း၊ အပြန်တွင် တရုတ်ဖြူတပ်များအတွက် လက်နက်ခဲယမ်းမီးကျောက်နှင့် ရိက္ခာများ သယ်ဆောင်ကြရသည်။

စီအိုင်အေသည် ထိုင်း၊ လာအိုနှင့် မြန်မာနယ်စပ်မှ တောင်ပေါ်တိုင်းရင်းသားအချို့ကို သိမ်းသွင်းစည်းရုံးကာ ထိုင်းနိုင်ငံအတွင်း၌ စစ်ပညာနှင့် ထောက်လှမ်းရေးပညာ သင်ပေးကာ တရုတ်ပြည်အတွင်း သွားလာထောက်လှမ်းစေခဲ့သည်။

ယင်းလုပ်ငန်းအတွက် ကုန်ကျစရိတ်ကို ဘိန်းလုပ်ငန်းမှ ရရှိစေခဲ့သည်။ ထိုင်းနိုင်ငံမှ စီအိုင်အေ လက်နက်များကို တရုတ်ဖြူများထံ ပို့ဆောင်ပေးခဲ့ပြီး ဘိန်းများကိုလည်း လက်ခံသယ်ပို့ပေးခဲ့သည်။ ထိုစဉ်က ထိုင်းရဲတပ်ဖွဲ့မှူး အကြီးအကဲ ဗိုလ်ချုပ်ဖောင်မှာ စီအိုင်အေလူ ဖြစ်နေခဲ့ကြောင်း သိသာထင်ရှားလာခဲ့သည်။

မြို့လူမျိုးစု၊ ယော်လူမျိုးစုများကို စီအိုင်အေက





အထူးသိမ်းသွင်းအသုံးချခဲ့သည်။ ထိုစဉ်က လာအိုနိုင်ငံတွင် အမေရိကန်လိုလားသည့် လက်ယာအစိုးရ အုပ်ချုပ်နေခဲ့သည်။ ပသက်လော ခေါ် ကွန်မြူနစ်များကလည်း တော်လှန်နေချိန် ဖြစ်သည်။ လာအိုအစိုးရအဖွဲ့မှ ဗိုလ်ချုပ် အုန်းရက်တီကုန်း ကိုယ်တိုင် ဘိန်းလုပ်ငန်း အကြီးအကျယ် လုပ်လျက်ရှိသည်။ ၁၉၆၇ ခုနှစ်တွင် တရုတ်ဖြူများ သယ်ဆောင်လာသည့် ဘိန်းများကို ရက်တီကုန်းက လုယူအပိုင် စီးခဲ့သည်။ ထိုင်းနိုင်ငံအတွင်း ရောက်ရှိလာသော ဘိန်းများကို ပြင်သစ် မာဖီးယားဂိုဏ်း၊ ကော်ဆီကန်လူဆိုးဂိုဏ်းများက ထိုင်းနိုင်ငံအပြင်သို့ လေယာဉ်များဖြင့် ထုတ်ယူသည်။ ပြင်သစ်နိုင်ငံမှတစ်ဆင့် အမေရိကန်နှင့် ဥရောပနိုင်ငံများသို့ ဖြန့်ဖြူးသည်။ အမေရိကန်ပြည်ထောင်စုတွင်လည်း မာဖီးယား လူဆိုးဂိုဏ်းများက မူးယစ်ဆေးဝါးများ ဖြန့်ဖြူးကြသည်။ နှစ်စဉ်ဒေါ်လာသန်းပေါင်း သောင်းသိန်းချီပြီး တန်သော မူးယစ်ဆေးဝါးများ အမေရိကန်ပြည်တွင်းသို့ ဝင်ရောက်လျက်ရှိနေသည်။

အမေရိကန် စီအိုင်အေတာဝန်ခံ ဝီလျံယန်းသည် မြို့လူး လာအိုနှင့် လားဟူဘာသာများ ကျွမ်းကျင်သည့်



www.burmeseclassic.com

www.burmeseclassic.com



အားလျော်စွာ ယင်းတိုင်းရင်းသားများကို တရုတ်ဆန့်ကျင်ရေး၊ ဒေသတွင်း ကွန်မြူနစ်ဆန့်ကျင်ရေးအတွက် အသုံးချသည်။ ကေအမ်တီတရုတ်ဖြူနှင့် လူမျိုးစုကြေးစားတပ်ဖွဲ့ကာ ဒေသတွင်း လွှမ်းမိုးထားရန် စီအိုင်အေက ဆောင်ရွက်ခဲ့သည်။ စီအိုင်အေက လျှို့ဝှက်ထောင်ထားသော CAT လေကြောင်းပိုင် လေယာဉ်များဖြင့် နိုင်ငံစုံမှ ပြည့်တန်ဆာများခေါ်လာပြီး ကြေးစားတပ်သားများအား ဖျော်ဖြေစေခဲ့သည်။

အရှေ့တောင်အာရှဒေသတွင် ဝီလျံယန်းနှင့်အတူ အခြားစီအိုင်အေအရာရှိများဖြစ်သော အော့ဂျစ်ဝေး၊ အန်ထော်နီပိုးတို့လည်း ရှိနေခဲ့သည်။ ကြေးစားလူမျိုးစု တပ်ခေါင်းဆောင်များ၏ ဘိန်းကုန်ကူးခြင်းလုပ်ငန်းကိုလည်း စီအိုင်အေက အားပေးအားမြှောက်လုပ်ခဲ့သည်။ ဝီလျံယန်းသည် မြန်မာနယ်စပ်မှာပင် ရေဒီယိုဆက်သွယ်ရေးစခန်း သုံးခုဖွင့်ခဲ့သည်။

၁၉၅၀ ပြည့်လွန်နှစ်များတွင် အရှေ့တောင်အာရှ စီအိုင်အေတာဝန်ခံအဖြစ် အမေရိကန်ဗိုလ်ချုပ် အက်ဒွပ်ဂျီလင်းစဒေးလ်က ဆောင်ရွက်ခဲ့သည်။ တောင်ဗီယက်





နမ်ရှိ အမေရိကန်တပ်များ ဘိန်းဖြူစွဲသည်အထိ ဘိန်းဖြူနယ်က ကျယ်လာခဲ့သည်။ တောင်ဗီယက်နမ်မှ လေတပ်ဗိုလ်ချုပ် ငုယင်ကောင်ကီးသည် လေယာဉ်စင်းလုံးတိုက် ဘိန်းချခဲ့သဖြင့် နာမည်ပျက်ခဲ့သည်။ ယခုအခါ ငုယင်ကောင်ကီးသည် အမေရိကန်ပြည်ထောင်စု ဂူအမ်ကျွန်းတွင် အခြေချနေထိုင် စီးပွားဖြစ်လျက်ရှိသည်။

၁၉၅၀ နောက်ပိုင်းတွင် မဲခေါင်မြစ်ဝှမ်းတစ်လျှောက်နှင့် လာအိုနိုင်ငံအတွင်း၌ ဘိန်းဖြူချက်စက်ရုံများ အလျှိုအလျှိုပေါ်လာခဲ့သည်။ အမေရိကန်ရေတပ်က သောင်းကျန်းသူ နှိမ်နင်းရေးအတွက် အကြောင်းပြကာ ထိုင်းနိုင်ငံမြောက်ပိုင်းတွင် လမ်းများဖောက်ပေးခဲ့သည်။ ယင်းလမ်းများသည် ဘိန်းသယ်ယူရာ လမ်းမကြီးများ ဖြစ်လာခဲ့သည်။ သံတမန်အခွင့်အရေး၊ စစ်တပ်စာပို့စနစ်များကို သုံးပြီး အမေရိကန်ပြည်ထောင်စုသို့ ကမ္ဘာလုံး တံဆိပ်ဘိန်းဖြူထုပ်များ သယ်ပို့သည်အထိ ဖြစ်ခဲ့သည်။ ပြင်သစ်နိုင်ငံအတွင်း၌ လာအိုသံတမန်တစ်ဦးထံမှ ဘိန်းဖြူထုပ်များ မိခဲ့သည်။ အမေရိကန်နိုင်ငံအတွင်း၌ စစ်တပ်စာပို့စနစ်ဖြင့် ပေးပို့သော ဘိန်းဖြူများမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်မြို့များစွာသို့ **Crack Caine** များ စတင်မိတ်ဆက်ဖြန့်ချိသူများမှာ ဂျော့ဘုရှ်နှင့် ဗိုလ်မှူးကြီး အိုလီဗာနော့သ်တို့ဖြစ်ကြောင်း ဖော်ထုတ်ရေးသားလာကြသည်။ ဂျော့ဘုရှ်သည် အမေရိကန်စီအိုင်အေ ညွှန်ကြားရေးမှူးတာဝန် ယူခဲ့ပြီးနောက် အမေရိကန်ဒုတိယ သမ္မတနှင့် သမ္မတအဆင့်အထိ တက်လာခဲ့သူဖြစ်သည်။ ဂျော့ဘုရှ်သည် သူ သမ္မတတာဝန်ယူစဉ်က ဝန်ကြီးအဖြစ် တာဝန်ပေးခဲ့သူအချို့နှင့် ပူးပေါင်းပြီး အပြည်ပြည်ဆိုင်ရာ ရီပတ်ဘလီကင်အင်စတီကျု(အိုင်အာရ်အိုင်) **International Republican Institute** အဖွဲ့ကြီး တည်ထောင်ထားသည်။ အမေရိကန်ပြည်ထောင်စုတွင် မူးယစ်ဆေးဝါးကို တရားဝင်ဖြစ်အောင် ဘုရှ်တို့ အားထုတ်နေကြောင်း အမေရိကန်ဂျာနယ်တစ်စောင်၌ မကြာမီက ဖော်ပြခဲ့သည်။

ပနားမားနိုင်ငံကို အမေရိကန်တို့ စိတ်ကြိုက်ခြယ်လှယ်ပြီး မူးယစ်ဆေးဝါးသယ်ဖြန့်ရေး၊ မူးယစ်ဆေးဝါးရောင်းရသည့်ငွေမည်းများ ငွေဖြူအဖြစ် ပြောင်းလဲရေးတို့ကို စိတ်ကြိုက်လုပ်ဆောင်နိုင်ရန် ပနားမား ခေါင်းဆောင် နိုရီယေးဂါးအား ဖမ်းဆီးထောင်ချခဲ့သည်။ ရွှေတြိဂံဒေသတွင်





တရုတ်ဆန့်ကျင်ရေး၊ ကွန်မြူနစ် ဆန့်ကျင်ရေးနှင့် အမေရိကန် ဗိုလ်ကျစိုးမိုးရေးအတွက် အခြေအနေ မတည်ငြိမ်အောင်၊ မူးယစ်ဆေးဝါးလုပ်ငန်း ဆက်လက်ရှင်သန်နေအောင် ဂျော့ဘုရှ်တို့ အိုင်အာရ်အိုင်က ဆောင်ရွက်နေသည်ဟု အမေရိကန်ကလောင်ရှင် မိုက်ကယ်နှင့် ဂေးဘီလင်တန်တို့က ဖော်ထုတ်ရေးသားသည်။

အမေရိကန်မှ လူမည်းရပ်ကွက်များသို့ မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချပြီး ရရှိသောအမြတ်ငွေဖြင့် နီကာရာဂွာမှ ကွန်မြူနစ်ဆန့်ကျင်ရေး ကွန်ထရာများကို ထောက်ပံ့သော စီအိုင်အေ၏လုပ်ရပ် ပေါ်လာသဖြင့် လူမည်းများ ဒေါသထွက်နေကြသည်။ လူမည်းအမတ်များက ကွန်ဂရက်မှ ယင်းကိစ္စစုံစမ်းအရေးယူပေးရန် တောင်းဆိုလျက်ရှိသည်။

အမေရိကန်နှင့် ဥရောပတွင်လည်း စီအိုင်အေက နိုင်ငံရေးစီမံကိန်းများ အောင်မြင်ရန် မူးယစ်ဆေးဝါးဂိုဏ်းများကို မွေးမြူအသုံးချလျက်ရှိနေသည်။ ထင်ရှားသော သာဓကတစ်ခုမှာ ပြင်သစ်နိုင်ငံ မာဆေးလ်မြို့ အုပ်ချုပ်ရေးနှင့် မြူနီစပါယ်အဖွဲ့တွင် ကွန်မြူနစ်များ အရေးရ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို မလိုလားသော စီအိုင်အေက မာဖီးယားလူဆိုး ဂိုဏ်းများကို အသုံးချပြီး ဆူပူအုံကြွ ပြုတ်ကျစေခဲ့သည်။ မာဖီးယားဂိုဏ်းများ၏ မူးယစ်ဆေးဝါးလုပ်ငန်းကိုလည်း မသိဟန်ဆောင်ပြီး လွှတ်ပေးခဲ့သည်။ စီအိုင်အေနှင့် မူး ယစ်ဆေးဝါးလုပ်ငန်းအကြောင်း အသေးစိတ်ရေးမည်ဆို လျှင် စာတစ်အုပ်ဖြစ်လာနိုင်ပေသည်။

❖ ❖ ❖

ဤသည်တို့မှာ စီအိုင်အေခေါ် အမေရိကန်ဗဟို ထောက်လှမ်းရေးအဖွဲ့၏ ရွှေတြိဂံနယ်မြေ မြန်မာ၊ ထိုင်း၊ လာအိုနယ်စပ်၌ ခြေရှုပ်ပြီး မူးယစ်ဆေးဝါးရောင်းဝယ်မှုများ ၌ ပါဝင်ပတ်သက်ပုံ၊ တရုတ်ဖြူများကို အစွမ်းကုန်ကူညီခဲ့ပြီး မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများကို ဒုက္ခပေးခဲ့ပုံ များအကြောင်းပါခင်ဗျား။

❖

## KNDO နှင့်ဆက်သွယ်မှု

တရုတ်ဖြူကျူးကျော်မှုကြောင့် တပ်မတော်သည်





ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်များတွင် အပြင်းအထန် ခုခံတိုက်ခိုက်နေကြစဉ်တွင် **KNDO** ကရင်သောင်းကျန်း သူများက အမျိုးသားရေးကို မျက်ကွယ်ပြု၍ တရုတ်ဖြူ များနှင့်ဆက်သွယ်ပူးပေါင်းခဲ့ကြသည်။ ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဗိုလ်ချုပ်လူကိုချွမ် **Liu Kuo Chwan** ၏ လက်အောက်မှ တရုတ်ဖြူ ၁၀၀ ခန့်သည် မော်ချီးတွင် ရှိနေသော ကေအင်ဒီအိုများထံ ဦးစွာ ဆက်သွယ်ရောက် ရှိလာကြသည်။

တွေ့ဆုံညှိနှိုင်းကြပြီးနောက် ကေအင်ဒီအိုအဖွဲ့မှ ဗိုလ်မှူးချုပ်အဆင့်ရှိ စောရွှေခေါင်းဆောင်သော အဖွဲ့ တစ်ဖွဲ့သည် ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့သို့ ရောက်ရှိသွားကြပြီး တရုတ်ဖြူ ဗိုလ် ချုပ်ကြီး လီမီနှင့် တွေ့ဆုံခဲ့ကြသည်။ ထို့နောက် စော ရွှေသည် ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ကျင်းပသော တရုတ် ဖြူစစ်ခေါင်းဆောင်များ ညီလာခံတွင်လည်း တက်ရောက် ခဲ့သည်ကို တွေ့ရှိရလေသည်။ ထိုမှအပြန်တွင် ဖင်းမယ်၊ မိုင်းဆတ်လမ်းကြောင်းအတိုင်း ပြန်လာရာ တရုတ်ဖြူ လက်နက်ကိုင် ၂၀၀ ကို မော်ချီးတွင် အင်အားဖြည့်ရန်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာခဲ့သည်။ ၁၉၅၂ ခုနှစ်၊ ဩဂုတ်လတွင် တရုတ်ဖြူ ၃၀၀ ခန့်သည် လှိုင်းဘွဲ့နယ်ထဲသို့ ရောက်ရှိလာကြတော့သည်။ တရုတ်ဖြူအင်အား ၄၀၀ ခန့်မှ ကရုပ္ပိ၊ ပငနယ်မြေအထိ ရောက်ရှိလာကြပြီး ကေအင်တီအိုတို့၏ မဟာမိတ်ဖြစ်သည့် မွန်သောင်းကျန်းသူတို့နှင့်ပါ ပူးပေါင်းခဲ့ကြသည်။ ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလတွင် ကေအင်ဒီအိုများနှင့် ပူးပေါင်းနေသည့် တရုတ်အင်အားမှာ ၈၀၀ ကျော်ခန့်အထိ ရှိလာခဲ့လေသည်။

တရုတ်ဖြူများသည် ရိက္ခာနှင့် ထောက်ပံ့ရေး အကူအညီရရှိစေရန်အတွက် ကေအင်ဒီအိုများနှင့် ပူးပေါင်းခြင်းဖြစ်ပြီး ကေအင်ဒီအိုများကမူ တရုတ်ဖြူများထံမှ စစ်ရေးအကူအညီကို မျှော်လင့်ခဲ့ကြသည်။ တရုတ်ဖြူနှင့် **KNDO** တို့သည် ဘိန်းမှောင်ခိုလုပ်ငန်းနှင့် သတ္တုများအား ထုတ်ယူတူးဖော်ကာ ထိုင်းနိုင်ငံ ရောင်းချရန်အတွက်လည်း ရည်ရွယ်ခဲ့ကြလေသည်။

ကေအင်ဒီအိုများက ဖိတ်ခေါ်လာ၍ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်အတွင်း၌သာ ဝင်ရောက်ကျူးကျော်နေသော တရုတ်ဖြူများသည် ကယားပြည်နယ်၊ ကရင်





ပြည်နယ်နှင့် တနင်္သာရီတိုင်းမှ ဒေသအချို့ (ယခု မွန်ပြည်နယ်)တွင် ကျူးကျော်ဝင်ရောက်ခြေချနိုင်ခဲ့ကြသည်အထိ ကျယ်ပြန့်လာခဲ့တော့သည်။

၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဖော်မိုဆာမှ မိုင်းဆတ်သို့ ရောက်ရှိလာကြသော တရုတ်ဖြူအကြံပေး ပုဂ္ဂိုလ် ၇၀၀ သည် အောက်တိုဘာလတွင် ကေအင်ဒီအိုများနှင့်အတူ မော်ချီး၊ ဖာပွန်၊ လှိုင်းဘွဲ့၊ ကော့ကရိတ်နှင့် ပငနယ်မြေအထိ ပျံ့နှံ့ရောက်ရှိလာကြသည်ကို တွေ့ရှိရပေသည်။ တရုတ်ဖြူနှင့် ကေအင်ဒီအို ပူးတွဲတပ်ဖွဲ့များသည် ရှမ်းပြည်တောင်ပိုင်းနှင့် ကယားပြည်နယ်ရှိ တပ်မတော်တပ်စခန်းငယ်များကို ပူးတွဲတိုက်ခိုက်လာသည်အထိလည်း အလှမ်းကျယ် အတင့်ရဲလာခဲ့ကြသည်။ သို့နှင့် ကေအင်ဒီအိုများနှင့် အတူတကွ ပူးတွဲလှုပ်ရှားနေသည့် တရုတ်ဖြူအင်အားမှာ အများဆုံးအချိန်တွင် အင်အား ၁၂၀၀ ခန့်အထိ တိုးတက်များပြားလာတော့သည်။

တရုတ်ဖြူ ကျူးကျော်မှုနှင့်ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီက ဆန့်ကျင်ကြောင်း ကြေညာခဲ့သည်ကို တွေ့ရပါသည်။ စင်စစ် တရုတ်ဖြူမှာ တရုတ်နီကွန်မြူနစ်ကို



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်နေသော ရန်သူဖြစ်နေသဖြင့် ကွန်မြူနစ်များဘက်မှလိုက်၍ ထောက်ခံနေခြင်းသာ ဖြစ်ပေသည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် တရုတ်ဖြူကို ဆန့်ကျင်သည်ဟု ဆိုငြားသော်လည်း စစ်ရေးအရ ထူးထူးခြားခြား ဆန့်ကျင်သည့်အခြေအနေကို လုပ်ကိုင်ပြသခဲ့ခြင်း မရှိချေ။ ကေအင်ဒီအိုကမူ တရုတ်ဖြူများနှင့် ပြောင်ပြောင်တင်းတင်းပင် ပူးပေါင်းခဲ့ကြောင်း အထောက်အထားများစွာ တွေ့ရှိရပါသည်။

ဤသို့ဖြင့် ၁၉၅၃ ခုနှစ်၊ ဇန်နဝါရီလတွင် တပ်မတော်သည် ကရုပ္ပိ၊ ပနေယ်မြေရှိ တရုတ်ဖြူ၊ ကေအင်ဒီအိုများနှင့် မွန်သောင်းကျန်းသူများကို ထိုးစစ်ဆင် တိုက်ခိုက်တော့ရာ ကေအမ်တီများကို အသေဖမ်းဆီးရမိခဲ့သည်။ ကရုပ္ပိ၊ ပငမှ ကေအမ်တီများသည် ဒေါနတောင်တန်းကို ကျော်၍ ထိုင်းနိုင်ငံဘက်သို့ ထွက်ခွာသွားခဲ့ကြလေသည်။ ယင်းတပ်ဖွဲ့မှာ ဂျင်နရယ်လီမီ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင်ရှိသော ၁၉၃ တပ်မ၊ အမှတ် (၅၇၇) တပ်ရင်းမှ တရုတ်ဖြူများပင် ဖြစ်ကြပါသည်။ တပ်မတော်က ကရုပ္ပိ၊ ပနေယ်မြေကို တိုက်ခိုက်နေစဉ် တရုတ်ဖြူနှင့် ကေအင်ဒီအိုများ ပူးပေါင်းအင်အားစုတို့သည် ကော့ကရိတ်ကို တိုက်ခိုက်ခဲ့ကြကြောင်း တွေ့ရှိ ရပါသည်။





၁၉၅၃ ခုနှစ်၊ ဇန်နဝါရီလတွင်ပင် တပ်မတော်သည် မော်ချီးနှင့် သံတောင်ဒေသကို စစ်ဆင်တိုက်ခိုက်ရာ ကေအင်ဒီအိုများက တရုတ်ဖြူများထံ မော်ချီးမြို့ကို အကာအကွယ်ပေးရန်အတွက် စစ်ကူတောင်းခံခဲ့ကြသည်။ ထိုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် တရုတ်ဖြူ ၃၀၀ ခန့်နှင့် ကေအင်ဒီအိုများ ပူးပေါင်း၍ လွိုင်ကော်မြို့ကို တိုက်ခိုက်လာကြသည်။ တပ်မတော်က ရှုပ်ရှုပ်ချွံချွံခုခံတိုက်ခိုက်ရာ အကျအဆုံးများစွာဖြင့်ပင် ပြန်လည်ဆုတ်ခွာသွားကြရလေသည်။ ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် တရုတ်ဖြူနှင့် ကေအင်ဒီအိုတို့သည် လွိုင်ပွတ်၊ ဘောလခဲနှင့် နမ့်ဖဲတို့ကို တိုက်ခိုက်ကြသေးသော်လည်း အကျအဆုံးများစွာဖြင့်ပင် ဆုတ်ခွာသွားကြရပြန်သည်။ ကေအင်ဒီအိုများသည် တရုတ်ဖြူများထံမှ စစ်လက်နက်များ အပါအဝင် စစ်ရေးအကူအညီ များစွာရရှိခဲ့သော်လည်း တပ်မတော်၏ ထိုးစစ်များကို ခံနိုင်ရည်မရှိဘဲ လွိုင်ကော်၊ သံတောင်၊ မော်ချီး၊ ဖာပွန်၊ မော်လမြိုင်၊ ကော့ကရိတ်



www.burmeseclassic.com

www.burmeseclassic.com



နယ်များတွင် အရေးနိမ့်လာကြရလေသည်။

KNDO များသည် တရုတ်ဖြူများကို အားကိုးခဲ့ကြသော်လည်း ထင်တိုင်းမပေါက်ခဲ့ကြဘဲ မြန်မာ့တပ်မတော်၏ ပြင်းထန်သောထိုးစစ်များကြောင့် ၁၉၆၁ ခုနှစ်တွင် တရုတ်ဖြူများ မြန်မာ့မြေပေါ်မှ လုံးဝ ထွက်ခွာသွားရသည့်အခါတွင် KNDO နှင့် တရုတ်ဖြူတို့ ဆက်ဆံရေးမှာ နိဂုံးချုပ်သွားခဲ့ရ၏။

တရုတ်ဖြူ တပ်ကြွင်းတပ်ကျန်များမှာလည်း မြန်မာနိုင်ငံအတွင်းတွင် ထင်ထင်ပေါ်ပေါ်မနေရဲကြဘဲ မြန်မာ၊ ထိုင်းနယ်စပ်အနီး ထိုင်းနိုင်ငံအတွင်း၌သာ နေထိုင်ခဲ့ကြလေသည်။ ၎င်းတရုတ်ဖြူ တပ်ကြွင်းတပ်ကျန်များအား ထိုင်းတို့က ကွန်မြူနစ်သူပုန်များကို နှိမ်နင်းရာတွင် အသုံးပြုခဲ့လေသည်။

KNDO အဖွဲ့မှာ အရှေ့တိုင်း ကော်သူးလေနှင့် မြစ်ဝကျွန်းပေါ် ပဲခူးရိုးမအဖွဲ့များ သဘောထားကွဲလွဲသွားကြပြီး ၁၉၆၃ ခုနှစ် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ၌ အရှေ့တိုင်း ကော်သူးလေ သို့မဟုတ် အရှေ့ရိုးမ KNU များသည် KRC ကရင်တော်လှန်ရေးကောင်စီဟု အမည်





ခံကာ တော်လှန်ရေးကောင်စီ အစိုးရနှင့် ငြိမ်းချမ်းရေး ရယူခဲ့လေသည်။

တရုတ်ဖြူအရေးကိစ္စမှာ ထိုအချိန်တွင်မှ လုံးဝ ပြီးပြတ်သွားသည်ဟု ဆိုနိုင်ပါတော့သည်ခင်ဗျား။

**KNDO လင်းထင်မှ တက္ကသိုလ်ကျောင်းသူများအား တရုတ်ဖြူများထံ ရောင်းစားခဲ့သည့်ကိစ္စ**

KNDO ကရင်သောင်းကျန်းသူများထဲတွင် တပ်မဟာ (၅) တပ်မဟာမှူးလင်းထင်ကား နာမည်ဆိုးနှင့် ကျော်ကြားသူဖြစ်၏။ သူသည် **Women, Whisky, War** ဟုခေါ်သော W သုံးလုံးသမားဖြစ်၏။ သူအကြိုက်ဆုံးအရာကား **Women** ခေါ် ဣတ္ထိယများသာတည်း။

လင်းထင်သည် ရောက်လေရာမှာ မိန်းမယူ၏။ သူမသေမီအထိ မိန်းမရာချီရှိခဲ့၏။ သူ၏တပည့်များကိုလည်း သူ့နည်းတူ မိန်းမယူခွင့်ပြုခဲ့၏။ သူ့တပည့် ဆလံ၊ ရာကျော်တို့သည်လည်း မိန်းမရာကျော်အောင် ယူခဲ့ကြသည်။

လင်းထင်၏ အဆိုးဝါးဆုံးပြစ်မှုမှာ အောက်ပါ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းဖြစ်၏။

၁၉၅၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် စစ်တောင်းမှ မုတ္တမသို့ ခုတ်မောင်းလာသော လူစီးရထားအား **KNDO** များက ဒုံ၀န်းဘူတာနှင့် သိမ်ဆိပ်ဘူတာကြားတွင် မိုင်းခွဲတိုက်ခိုက်ကြသည်။ မီးရထားပေါ်တွင်ပါလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ခုခံတိုက်ခိုက်ကြသဖြင့် တိုက်ပွဲမှာ သုံးနာရီခန့်ကြာသည်။ နှစ်ဖက် အကျအဆုံးများပြားပြီး တိုက်ပွဲပြင်းထန်လှသည်။ **KNDO** အားလုံး အရက်သေစာများ သောက်စားပြီး မူးမူးရူးရူးနှင့် တိုက်ခိုက်နေကြခြင်းဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ ကျဆုံးကုန်သောအခါ **KNDO** များသည် မီးရထားစီးခရီးသည်များအား ဓားပြတိုက် လုယက်ကြတော့သည်။ ခရီးသည်တစ်ရာကျော်ကိုလည်း ဓားစာခံအဖြစ် ဖမ်းဆီးတော့သည်။ ထိုရထားပေါ်တွင် ရန်ကုန်တက္ကသိုလ်မှ ကျောင်းပိတ်၍ ပြန်လာကြသည့် တက္ကသိုလ်ကျောင်းသူ ၄၀ ကျော်လည်း လိုက်ပါလာကြရာ အားလုံးအဖမ်းခံကြရသည်။ အရပ်သူအမျိုးသမီးများထံမှ ရုပ်ရည်ချောမောသူ ၁၅ ဦးလည်း အဖမ်းခံရသည်။





လင်းထင်တို့လူစုသည် တက္ကသိုလ်ကျောင်းသူနှင့် အရပ်သူများအပါအဝင် ဓားစာခံလူ ၁၀၀ ကျော်ကို ဖမ်းဆီး၍ ဝင်းကျိုက်တောင်တန်းဘက်သို့ ဆုတ်ခွာသွားကြသည်။ ယောကျ်ားများကို ပစ္စည်းထမ်းခိုင်းသည်။ တပ်မတော်စစ်ကြောင်းမှ နောက်မှလိုက်လံတိုက်ခိုက်ရာ တိုက်ပွဲများ မကြာခဏဖြစ်ပွားသည်။ အမျိုးသမီးငယ်အချို့ ထွက်ပြေးလွတ်မြောက်ခဲ့ကြ၏။ လင်းထင်နှင့် **KNDO** များသည် သံလွင်မြစ်ကို ဖြတ်ကူး၍ ထိုင်းနိုင်ငံနယ်စပ်သို့ ဆုတ်ခွာသွားရာ တပ်မတော်မှ ထက်ကြပ်လိုက်လံ တိုက်ခိုက်ခဲ့၏။ လင်းထင်သည် ထိုင်းနယ်စပ်တွင် ဖမ်းဆီးလာသည့် တက္ကသိုလ်ကျောင်းသူများ၊ အရပ်သူများနှင့် လမ်းတစ်လျှောက် ကရင်ကျေးရွာ၊ မွန်ကျေးရွာများမှ ဖမ်းဆီးလာသည့် မိန်းမပျိုလေးများ တစ်ရာကျော်ကို တရုတ်ဖြူဗိုလ်ချုပ်လောလီထံ ရောင်းချလွှဲအပ်ပေးလိုက်၏။ လောလီက လင်းထင်ကို လက်နက်ခဲယမ်းများ ပြန်လည်ပေးအပ်သည်။ ထိုအမျိုးသမီးလေးများ အားလုံး ဘဝဆုံးသွားကြရသည်။ ပြည့်တန်ဆာများ၊ တရုတ်ဖြူစစ်သားများ၏ ပျော်တော်ဆက်များဘဝသို့ ရင်နှင့်စဖွယ် သက်ဆင်းခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

လင်းထင်သည် ဤသို့သော လူမဆန်သည့် ရက်စက်မှုများ ကျူးလွန်ခဲ့သော ကာမဘီလူးချုပ်ဘဝနှင့် **KNDO** များကို ခေါင်းဆောင်ခဲ့သည်။ ပြည်ပမှ ကျူး ကျော်လာသည့် ပြည်ပရန်သူ **KMT** တရုတ်ဖြူများနှင့် မဟာမိတ်လုပ်ခဲ့သည်။ အမျိုးသားရေးကို လုံးဝလျစ်လျူ ရှုခဲ့သည်။ ရက်စက်ယုတ်မာခဲ့သည်။ တိုင်းရင်းသား သူပုန် များထဲ၌ လင်းထင်လို လူစားတွေ အများကြီးရှိခဲ့ပါသည်။ လူယုတ်မာလင်းထင်သည် ဇာတ်သိမ်းမကောင်းခဲ့ပါ။ နောက်ဆုံးတော့ သေပွဲဝင်ခဲ့ရပါသည်။

ဤသည်မှာ တရုတ်ဖြူများနှင့် ဆက်စပ်နေသည့် **KNDO** တို့၏ ဆိုးသွမ်းမှုအား ဖော်ပြသော ဖြစ်ရပ်တစ်ခု ဖြစ်ကြောင်းပါခင်ဗျား။

❖



# အခန်း ( ၁၁ )

## နိဂုံးချုပ်ဖော်ပြချက်

**KMT** ခေါ် တရုတ်ဖြူများ မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့မှုနှင့် ကျူးကျော်ဝင်ရောက်လာ သူများအား မြန်မာ့တပ်မတော်မှ ဆယ်စုနှစ်တစ်ခုကျော် (၁၉၅၀ ခုနှစ်မှ ၁၉၆၁ ခုနှစ်ထိ) မျှ စစ်ဆင်ရေးကြီးများ ဆင်နွှဲကာ ရှင်းလင်းချေမှုန်းခဲ့ရပုံများကို အတော်ပင် ပြည့်စုံ အောင် ဖော်ပြခဲ့ပြီးပါပြီ။

တကယ်တော့ မြန်မာနိုင်ငံအတွင်း တရုတ်ဖြူများ



www.burmeseclassic.com

www.burmeseclassic.com



ကျူးကျော်ဝင်ရောက်ခဲ့ပြီး သက်ဆိုးရှည်ခဲ့ရသည်မှာ တစ်ဖက်တွင် ဖော်ပြခဲ့သည့် **C.I.A** ခေါ် အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့နှင့် သမ္မတ ထရူးမင်း၏ အမေရိကန်အစိုးရတို့က ထိုင်ဝမ်သို့ ထွက်ပြေးခဲ့ရသော ချန်ကေရှိတ် တရုတ်ဖြူအစိုးရကို အပြည့်အဝထောက်ခံ အားပေးနေမှုနှင့် တိုက်ရိုက်သက်ဆိုင်ခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကာလက အမေရိကန်သည် တရုတ်ပြည်ကြီး ဂျပန်လက်တွင်းကျဆုံးမသွားအောင် ချန်ကေရှိတ်၏ တရုတ်အမျိုးသားအစိုးရကို လိုလေသေးမရှိ ကူညီခဲ့၏။ ဂျပန်တို့ တရုတ်ပြည် ပင်လယ်ဆိပ်ကမ်းမြို့များကို သိမ်းပိုက်သွားသောအခါ တရုတ်တို့အတွက် အထောက်အပံ့ပစ္စည်းမျိုးစုံအား မြန်မာနိုင်ငံမှတစ်ဆင့် ပို့ခဲ့၏။ မြန်မာနိုင်ငံ ဂျပန်တို့လက်တွင်း ကျသွားသောအခါ အိန္ဒိယနိုင်ငံ အာသံပြည်နယ် လီဒိုမြို့မှ တရုတ်နိုင်ငံ ကူမင်းထိပေါက်သည့် လီဒိုလမ်းမကြီးကိုဖောက်လုပ်ပြီး ထိုလမ်းမကြီးမှ တရုတ်ပြည်တွင်းသို့ ပစ္စည်းများ ပေးပို့ခဲ့ပြန်သည်။ ထိုလမ်းကို အမေရိကန်ဗိုလ်ချုပ်ကြီး စတီးဝဲလ် ဦးဆောင်ဖောက်ခဲ့သဖြင့် စတီးဝဲလ်လမ်းမကြီးဟုလည်း ခေါ်၏။





၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ဂျပန်တို့ ခြွင်းချက်မရှိ လက်နက်ချ၍ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားခဲ့၏။ သို့ရာတွင် တရုတ်ပြည်ကြီးတွင်မူကား မော်စီတုန်း၏ တရုတ်ကွန်မြူနစ်တပ်များနှင့် ချန်ကေရှိတ်၏ တရုတ်အမျိုးသားတပ်များ ဆက်လက်တိုက်ခိုက်ခဲ့ကြသည်။ တိုက်ပွဲများ ပြင်းထန်လှ၏။ လေးနှစ်ကြာ တရုတ်ပြည်တွင်းစစ်ကြီး၌ အမေရိကန်တို့ ထောက်ခံအားပေးခဲ့သော ချန်ကေရှိတ်၊ ကူမင်တန်တရုတ်အမျိုးသားတပ် ခေါ် တရုတ်ဖြူတို့အရေးနိမ့်ပြီး မော်စီတုန်း၏ တရုတ်ကွန်မြူနစ်တပ် ခေါ် တရုတ်နီများက အနိုင်ရသွားကာ ချန်ကေရှိတ်လည်း ထိုင်ဝမ်သို့ ထွက်ပြေးရတော့၏။

ထွက်ပြေးသွားသည့် ချန်ကေရှိတ်နောက် တရုတ်ကွန်မြူနစ်တပ်များ မလိုက်နိုင်အောင် အမေရိကန် အမှတ် (၇) ရေတပ်ကြီးက တားဆီးပေးထား၏။ ဤသို့ဖြင့် ချန်ကေရှိတ်သည် ထိုင်ဝမ်တွင် အမေရိကန်ပံ့ပိုးမှုဖြင့် တရုတ်ဖြူအစိုးရကို ဆက်လက်တည်ထောင်ကာ အုပ်စိုးနေထိုင်ခွင့်ရသွားလေတော့သည်။ ဒါသာမကပါ အမေရိကန် အကူအညီဖြင့် တရုတ်ပြည်မကြီးကို ပြန်သိမ်းရန်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်မက်လျက်လည်း နေခဲ့၏။ ထိုအိပ်မက်ကို အကောင်အထည်ဖော်ရန်အတွက် **KMT** တရုတ်ဖြူ တပ်ကြွင်းတပ်ကျန်အချို့ကို မြန်မာနိုင်ငံအတွင်းထားရှိကာ တရုတ်ပြည်မကြီးကို အရှေ့အနောက် စစ်နှစ်ဖက်ညှပ်၍ ပြန်တိုက်ရန်လည်း စိတ်ကူးယဉ်ခဲ့၏။ ထိုစိတ်ကူးကို မီးလောင်ရာ လေပင့်ပေးသူများမှာ အမေရိကန်အစိုးရနှင့် **C.I.A** တို့ ဖြစ်ခဲ့၏။

၁၉၅၀ ခုနှစ် ဇွန်လတွင် ကိုးရီးယားစစ်ပွဲ ဖြစ်လာသောအခါ အမေရိကန်တို့၏ ထိုအတွေးခေါ်သည် ပို၍ ခိုင်မာလာ၏။ ၁၉၅၀ ခုနှစ် နိုဝင်ဘာတွင် မော်စီတုန်း၏ တရုတ်နီတပ်များသည် ယာလူးမြစ်ဝှမ်းသို့ ဆင်းချလာသည့် ကုလသမဂ္ဂ၏အမည်ခံ အမေရိကန်တပ်များကို အလုံးအရင်းဖြင့် ထိုးစစ်ဆင်တိုက်ခိုက်တော့၏။ ကိုရီးယားစစ်ပွဲကို ကွပ်ကဲနေသည့် အမေရိကန်ဗိုလ်ချုပ်ကြီး မက်အာသာက ချန်ကေရှိတ်၏ တရုတ်ဖြူတပ်များကို ခေါ်သွင်းကာ တရုတ်နီတပ်များအား ပြန်တိုက်ရန် အားထုတ်ခဲ့၏။ သို့ရာတွင် သမ္မတထရူးမင်းက တတိယကမ္ဘာစစ် မီးမွှေးသူအဖြစ် တံဆိပ်တပ်မခံနိုင်၍ မက်အာသာ၏ တင်ပြချက်ကို ပယ်ချ





ခဲ့လေသည်။ ၁၉၅၁ ခုနှစ်၌ ဤကိစ္စဖြင့်ပင် ထရူးမင်းက မက်အာသာကို ဖယ်ရှားခဲ့၏။

ထိုသို့ပယ်ချခဲ့သော်လည်း **C.I.A** နှင့် အမေရိကန်အစိုးရသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဒုက္ခပေးရန်အတွက် မြန်မာနိုင်ငံတွင်းရှိ တရုတ်ဖြူများအား လက်သတ်မွေးခဲ့၏။ မြန်မာနိုင်ငံအစိုးရက မခံမရပ်နိုင်ဖြစ်ပြီး ကုလသမဂ္ဂသို့ တင်ပြတိုင်ကြားမှ အမေရိကန်တို့ ပြောင်ကူညီမှုအား ရပ်ခဲ့ကြ၏။ သို့ရာတွင် ခိုးကြောင်ခိုးဝှက် ကူညီမှုများအား ဆက်ပြီးလုပ်ခဲ့၏။ ၁၉၆၀ ခုနှစ် တရုတ်မြန်မာနယ်နိမိတ်တိုင်းတာရေးအတွက် ဘဘ စစ်ဆင်ရေး ဆောင်ရွက်သည့်အခါတွင် ထိုင်း-မြန်မာနယ်စပ်၌ တရုတ်ဖြူများ အခိုင်အမာတပ်စွဲထားဆဲဖြစ်သဖြင့် မြန်မာအစိုးရမှ မဲခေါင်စစ်ဆင်ရေးကြီးဖြင့် တရုတ်ဖြူတပ်များကို အပြင်းအထန် ထိုးနှက်ရှင်းလင်းတိုက်ခိုက်ခဲ့ရ၏။

ထိုစဉ်က မြန်မာ့တပ်မတော်၏ တရုတ်ဖြူချေမှုန်းရေး စစ်ဆင်ရေးများနှင့် ဖြစ်ပေါ်လာမှုကို **Heroin Politics in South East Asia** စာအုပ်တွင် စာရေးဆရာ **Alfred. W.Mac: Coy** က အောက်ပါအတိုင်း ရေးသား



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြခဲ့ပါသည်။

**ထိုင်းနိုင်ငံအတွင်းမှ ကေအမ်တီ**

ကေအမ်တီတို့သည် မြန်မာ့ဘိန်း ပြည်ပသို့တင်ပို့မှုတွင် ၉၀% ကို ချုပ်ကိုင်ထားသော်လည်း ၁၉၆၁ ကစ၍ ရှမ်းပြည်နယ်တွင် အဓိကစခန်းကြီးများ မထားခဲ့ကြပေ။ ဖေဖော်ဝါရီ ၁၉၆၁ တွင် ကျိုင်းတုံနယ် မိုင်းပါလျှိုးကို မြန်မာ့တပ်မတော်မှ စစ်သည် ၅၀၀၀၊ တရုတ်နီတပ်မတော်မှ စစ်သည် ၂၀၀၀၀ တို့ တစ်ပြိုင်တည်း ထိုးစစ်ဆင်ရာတွင် ကေအမ်တီ ၁၀၀၀၀ ကျော် မဲခေါင်မြစ်ကိုကျော်ကာ လာအိုနိုင်ငံ နမ်းသာမြို့တွင် ခိုလှုံကြသည်။ မိုင်းပါလျှိုးတွင် အမေရိကန်လုပ် ခဲယမ်းမီးကျောက် ၅ တန် သိမ်းဆည်းရမိသည်။

ဖေဖော်ဝါရီ ၆ ရက်တွင် မြန်မာ့လေတပ်မတော်က မြန်မာပြည်အတွင်းရှိ ကေအမ်တီစခန်းများကို ရိက္ခာချပေးနေသည့် အမေရိကန်လုပ် လစ်ဘရေတာ တိုက်လေယာဉ်တစ်စင်းကို ပစ်ချခဲ့သည်။ ထိုအဖြစ်အပျက်များကြောင့် မျက်နှာပျက်လာသော အမေရိကန်နိုင်ငံခြားရေးဌာနက ကေအမ်တီတပ်များအား ထိုင်ဝမ်သို့ ဆုတ်ခွာသွားရေးတွင် ကူညီမည်ဖြစ်ကြောင်း စကားကမ်းလှမ်းခဲ့သည်။ မတ်လ ၁၄ မှ စတင်ရွှေ့ပြောင်းခဲ့ရာ ဧပြီ ၁၂ တွင် သယ်ယူရေးပြီးဆုံးသည်။ ကေအမ်တီ ၄၂၀၀ ကို သယ်ဆောင်ပေးခဲ့သည်။ ကျန်သော ကေအမ်တီများ မိမိတို့နှင့် လုံးဝမသက်ဆိုင်ကြောင်း ထိုင်ဝမ်မှ ကြေညာသည်။

အမှန်စင်စစ် ကေအမ်တီ အမြဲတမ်းစစ်သည် နှစ်ထောင်မှ သုံးထောင်အထိ လာအိုတွင် ကျန်ရစ်ခဲ့သည်။ လက်ျာအင်အားစုကို အားဖြည့်ရန် ထိုကေအမ်တီတို့အား စီအိုင်အေက ငှားထားခဲ့ခြင်းဖြစ်သည်။ ထို ကေအမ်တီတို့အား လာအိုဗိုလ်ချုပ် ဖူမိနောဆာဗန် လက်အောက်တွင်ထားကာ "အထူးတပ်ရင်း ၁၁၁" ဟု အမည်ပေးထားသည်။ ၁၉၆၂ ခုနှစ်တွင် လာအို၌ လက်ျာအင်အားစု ကျဆုံးသွားသည့်အချိန်အထိ ကေအမ်တီတို့ နမ်သောတွင်ပင် တပ်စွဲခဲ့ကြသည်။ ထို့နောက်တွင် မဲခေါင်မြစ်ကို ဖြတ်ကူးကာ ယိုးဒယားနိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ယိုးဒယားအစိုးရ၏ သဘောတူညီချက်အရ ကေအမ်တီတို့သည် မြန်မာနယ်နိမိတ်အနီး ယိုးဒယားမြေပေါ်တွင် တောတွင်းဒေသ၌ စခန်းနှစ်ခုတည်ဆောက်၍ တပ်စွဲခဲ့ကြသည်။



မြရတနာစာပေ
မြရတနာစာပေ

www.burmeseclassic.com



ထို့နောက် ၎င်းတို့၏ ဘိန်းမှောင်ခိုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ကြသည်။

ယိုးဒယားနိုင်ငံသို့ ပြောင်းရွှေ့လာရသည့်အတွက် ရွှေတြိဂံနယ်မြေမှ ဘိန်းရောင်းဝယ်ရေးတွင် ကေအမ်တီတို့၏ အခန်းကဏ္ဍသည် ပို၍ အရေးပါလာခဲ့သည်။ ၎င်းတို့သည် မြန်မာပြည်ထွက် ဘိန်းကို ဆက်လက်ထိန်းချုပ်ထားနိုင်ရုံသာမက ယိုးဒယားမြောက်ပိုင်းထွက် ဘိန်းကိုပါ ချုပ်ကိုင်ခွင့်ရလာသည်။ ၁၉၅၉ ခုနှစ်တွင် ယိုးဒယားအစိုးရက ဘိန်းကို ပိတ်ပင်လိုက်သည်။ ဤတွင် များစွာသော ဘိန်းကုန်သည်တို့က ဘိန်းလုပ်ငန်းကို စွန့်လွှတ်ရန်စီစဉ်ကြသည်။ ယိုးဒယားမြောက်ပိုင်းရှိ ဘိန်းလုပ်ငန်းဖြင့် ဆယ့်နှစ်နှစ်ခန့် ဆူဖြိုးလာသော မြို့ငယ်ရွာငယ်များတွင် ဘိန်းဝယ်မည့်သူ မရှိတော့သဖြင့် အကျပ်အတည်း ဖြစ်လုဆဲဆဲအခြေသို့ ရောက်လာခဲ့သည်။

ထိုအခြေအနေကို ကေအမ်တီကပင် ကယ်ဆယ်လိုက်လေသည်။ ၁၉၅၉ ခုနှစ်နောက်တွင် ယိုးဒယားဘိန်းကုန်သည်များ ပျောက်ကွယ်သွားရာတွင် ၎င်းတို့၏နေရာကို ကေအမ်တီနှင့် ၎င်းတို့၏ အရပ်သားများက ယူ





လိုက်ကြသည်။ ၎င်းတို့တွင်ရှိသော စနစ်တကျဖွဲ့ထားသည့် စစ်တပ်ဖြင့် ကေအမ်တီတို့သည် ယိုးဒယားထဲသို့ ဝင်ရောက်လာကြမည့် မြို့လူမျိုးတို့အားလည်း ဟန့်တားနိုင်သည်။ ဘိန်းသယ်ဆောင်လာကြသည့် ဝန်တင်လားအုပ်များကို ဓားပြအန္တရာယ်၊ ယိုးဒယားပုလိပ်တို့၏ ငွေညှစ်မှုအန္တရာယ်တို့မှ ကာကွယ်ပေးနိုင်ပေသည်။

ကေအမ်တီတို့၏ ဘိန်းရောင်းဝယ်ရေး ချုပ်ကိုင်မှုတွင် ယူနန်တရုတ်ကုန်သည်များက ရှေ့တော်ပြေးများအခန်းက ပါဝင်ခဲ့သည်။ ၎င်းတို့သည် တောင်ပေါ်ကျေးရွာများအရောက် ထိုးဖောက်ဝင်ရောက်၍ ဘိန်းတောင်သူများကို ကြွေးဖြင့် ကျွန်လုပ်ကြလေသည်။ ဘိန်းစိုက်ရွာကြီးများတွင် ထိုတရုတ်တို့က ဈေးဆိုင်များဖွင့်ကာ တောင်ပေါ်သားတို့မက်မည့် လက်နှိပ်ဓာတ်မီး၊ စည်သွတ်အစားအစာ၊ ငွေထည်ပစ္စည်း၊ အဝတ်အထည်၊ ဆားနှင့်ဖိနပ်စသည်တို့ကို ရောင်းချကြလေသည်။ တရုတ်တို့က ၎င်းတို့၏ပစ္စည်းများကို ဘိန်းတောင်သူတို့အား ဘိန်းဖြင့် ပြန်ဆပ်ရန် အကြွေးရောင်းကြသည်။ တစ်နည်းဆိုသော် တရုတ်တို့က ဘိန်းတောင်သူတို့အား ဘိန်းပေးပေးခြင်းပင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဘိန်းရာသီကုန်ဆုံးချိန်တွင် ထိုတရုတ်ကုန်သည်တို့က ဘိန်းတောင်သူတို့ထံမှ ဘိန်းအားလုံးကို ဝယ်ယူရရှိပြီးသောအခါ ကေအမ်တီတပ်ဖွဲ့ဝင်တို့က ဝန်တင်လားများဖြင့် တစ်ရွာဝင်တစ်ရွာထွက် ဘိန်းသိမ်းကြလေသည်။ ရရှိသော ဘိန်းများကို လားများဖြင့်တင်ကာ ကေအမ်တီဌာနချုပ်စခန်းများသို့ သယ်ဆောင်သွားကြလေသည်။

ယိုးဒယားမြေပေါ်တွင် အမှတ် ၅ ကေအမ်တီတပ်မတော်၏ စစ်ဌာနချုပ်သည် ချင်ရိုင်းအနောက်မြောက်ဘက် မိုင် ၃၀ ကွာ မဲစလောင်းတောင်ပေါ်တွင် ရှိပေသည်။ အမှတ် (၃) ကေအမ်တီတပ်မတော်ဌာနချုပ်သည် ချင်ရိုင်းအနောက်ဘက် မိုင် ၅၀ အကွာရှိ တောင်ပေါ်ရွာဖြစ်သည့် တန်ငေါ်ရွာတွင် တည်ရှိသည်။ ယခင်က မြန်မာပြည်ရောက် ကေအမ်တီများကို တပ်မတော်ဌာနချုပ် တစ်ခုတည်းက ကွပ်ကဲခဲ့သော်လည်း ယိုးဒယား နယ်တွင်းသို့ ရောက်လာသောအခါ ကေအမ်တီစစ်ဌာနချုပ် နှစ်ခုဖြစ်လာသည်။ ဤသည်မှာ ကေအမ်တီအတွင်း၌ အုပ်စုကွဲလာသည့် လက္ခဏာပင်ဖြစ်သည်။

မြရတနာစာပေ



၁၉၆၁ ခုနှစ်တွင် ထိုင်ဝမ်အစိုးရသည် ကေအမ်တီတို့၏ တပ်မှူးချုပ်ကို ထိုင်ဝမ်သို့ ပြန်လည်ခေါ်ယူခဲ့ပြီး အဘယ်ကြောင်းကြောင့်ဟူ၍မသိ ကျန်နေသေးသည့် ကေအမ်တီတို့အား ဘဏ္ဍာရေးထောက်ပံ့မှု ရပ်စဲလိုက်လေသည်။ ထိုသို့အထက်မှ အုပ်ချုပ်မှုမရှိသောအခါ ကေအမ်တီ ဗိုလ်ချုပ်တို့ အချင်းချင်း အပြိုင်အဆိုင်ဖြစ်လာကာ ကေအမ်တီအုပ်စု သုံးစုကွဲသွားလေသည်။ ဗိုလ်ချုပ်ကျူအန်ရှိဝမ်က လူ ၁၈၀၀ ခန့်ဖြင့် အမှတ် (၅) တပ်မတော်၊ ဗိုလ်ချုပ် လိုင်ဝယ်ဟူအန်က လူအင်အား ၁၄၀၀ ခန့်ဖြင့် အမှတ် (၃) တပ်မတော်တို့ကို အသီးသီးဦးစီးကြသည်။

ဗိုလ်ချုပ်မာချင်ကောက ထောက်လှမ်းရေးတပ်ဖွဲ့ဝင် ၄၀၀ ခန့်ဖြင့် တစ်စင်ထောင်ကာ အမှတ် (၁) သီးခြားတပ်ဖွဲ့ကို ကွပ်ကဲလေသည်။ ဗိုလ်ချုပ်မာချင်ကော၏ အမှတ် (၁) သီးခြားတပ်ဖွဲ့သည် ချန်ကေရှိတ်၏သား ထိုင်ဝမ်မှ ချန်ချင်ကော၏ ကွပ်ကဲမှုအောက်တွင်ရှိနေရာ ထိုတပ်ဖွဲ့ကိုမူ ထိုင်ဝမ်က ငွေကြေးဆက်လက်ထောက်ပံ့ခဲ့သည်။ တပ်ဖွဲ့ဝင်များ၏တာဝန်မှာ မြန်မာပြည်နှင့် တရုတ်ပြည်၌ သူလျှိုလုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်သည်။ ထို့ကြောင့်လည်း

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်မာချင်ကောသည် အခြားဗိုလ်ချုပ်နှစ်ဦး၏ အား ပြိုင်ပွဲတွင် မပါဝင်ဘဲ နေနိုင်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်ကျူအန်နှင့် ဗိုလ်ချုပ်လိုင်တို့နှစ်ဦးအကြားတွင် ၎င်းက ဖျန်ဖြေစေ့စပ်သူအဖြစ် ရပ်တည်ခဲ့သည်။

ထိုင်ဝမ်မှ ငွေကြေးထောက်ပံ့မှု ရပ်စဲလိုက်သည်နှင့် တစ်ပြိုင်နက် ဗိုလ်ချုပ်ကျူဝမ်နှင့် ဗိုလ်ချုပ်လိုင်တို့သည် ၎င်းတို့၏စစ်ဆင်ရေးလုပ်ငန်းများအတွက် ငွေကြေးရရှိရန် ဘိန်းရောင်းဝယ်ရေးကိုပင် လုံးလုံးလျားလျား အားကိုးရလေသည်။

"ဒါကြောင့်မို့ ကျုပ်တို့က ဘိန်းရောင်းဝယ်ရတာပါ။ ကျုပ်တို့က ကွန်မြူနစ်ကို ဆက်တိုက်ရဦးမယ်။ တိုက်ဖို့ဆိုတာက တပ်မတော်ရှိမှဖြစ်မယ်၊ တပ်မတော်ဆိုတော့ လက်နက်ရှိရမယ်။ ငွေရှိမှ လက်နက်ရမယ်။ ဒီတောတောင်ထဲမှာ ငွေဆိုတာ ဘိန်းပဲ" ဟု ဗိုလ်ချုပ်ကျူအန်က ၁၉၆၇ ခုနှစ်တွင် ဗြိတိသျှသတင်းထောက်တစ်ဦးအား ပြောကြားခဲ့သည်။

တပ်ဖွဲ့နှစ်ခု အကြိတ်အနယ် တိုက်ခိုက်မှုများ မဖြစ်ပွားစေရန် ဗိုလ်ချုပ်နှစ်ဦးသားသည် လုယက်ရသမျှ





ကို တစ်ဝက်စီခွဲဝေယူကြရန် ရှမ်းပြည်နယ်တွင် တစ်ဖွဲ့စီ၏ ဩဇာခံနယ်မြေကို သံလွင်မြစ်ဖြင့် နယ်နိမိတ်ပိုင်းခြားရန် သဘောတူခဲ့ကြသည်။ ထို့ကြောင့် ဗိုလ်ချုပ်ကျူအန်က ၎င်း၏လားအုပ်များကို သံလွင်အရှေ့ဘက်ရှိ ကျိုင်းတုံနှင့် ဝနယ်များသို့ စေလွှတ်ပြီး ဗိုလ်ချုပ်လိုင်က ၎င်း၏လားအုပ်များကို သံလွင်မြစ်အနောက်ဘက်ကမ်းသို့ စေလွှတ်ခဲ့လေသည်။

ဗိုလ်ချုပ်ကျူအန်နှင့် ဗိုလ်ချုပ်လိုင်တို့သည် အာရှအရှေ့တောင်ဒေသတွင် အဓိကတောတွင်းဓားပြ ထိပ်သီးများ ဖြစ်လာကြသည်။ ၎င်းတို့နှစ်ဦး၏ ဘိန်းအဝယ်ဒိုင်များသည် စတုရန်းမိုင်ပေါင်း ၆၀၀၀၀ ခန့် ကျယ်ပြန့်သည့် ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အနှံ့အပြားရှိကြလေသည်။ ၎င်းတို့၏ဝန်တင်လားများက မြန်မာ့ဘိန်း ၉၀% ကို ယိုးဒယားနိုင်ငံမြောက်ပိုင်းသို့ သယ်ဆောင်လာကြသည်။ ထိုမျှကျယ်ပြန့်သော မှောင်ခိုလုပ်ငန်းကို စီမံခန့်ခွဲရန် ကေအမ်တီဓားပြထိပ်သီးများသည် ရှမ်းပြည်နယ် တစ်ဝန်းလုံးတွင် ၎င်းတို့၏အချက်ပြ ဆက်သွယ်ရေးစခန်းများ ဖွင့်ထားကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သံလွင်မြစ်အနောက်ဘက်တွင် အမှတ် (၃) တပ်စခန်းရှိရာ တန်ငေါ့ (ယိုးဒယားမြောက်ပိုင်း) မှ လားရှိုး အထိ မိုင် ၂၅၀ အတွင်း ရေဒီယိုစခန်း ၇ ခုရှိပြီး သံလွင်မြစ်အရှေ့ဘက်တွင် ဗိုလ်ချုပ်ကျူအန်၏ ရေဒီယိုစခန်း ၁၁ ခုအပြင် တရုတ်-မြန်မာနယ်စပ်၌ အမှတ် (၁) သီးခြားတပ်ရင်း၏ ရှေ့တန်းရေဒီယိုစခန်း ၄ ခု ရှိပေသည်။ ရေဒီယိုစခန်းတစ်ခုစီကို ကေအမ်တီစစ်သား ၈၀ မှ ၁၀၀ အထိက စောင့်ရှောက်ကြပြီး ၎င်းတို့ပင်လျှင် ဘိန်းပွဲစားများအဖြစ် ရှာစဉ်လိုက်၍ ဘိန်းဝယ်ကြသည်။

ဘိန်းစိုက်ရာသီစသည်နှင့် တစ်ပြိုင်နက် ကေအမ်တီ ဘိန်းပွဲစားတို့သည် ရှာစဉ်လိုက်၍ ကျေးရွာသူကြီးတို့အား ဘိန်းအတွက် စဘော်ငွေများပေးကြသည်။ ရှမ်းသူပုန်များနှင့် ဆွေးနွေးကြသည်။ ဒေသဆိုင်ရာ ဘိန်းကုန်သည်တို့ထံမှ ၎င်းတို့ရောင်းချမည့် ဘိန်းကိုချုပ်ဝယ်ရန် ဈေးကိုပါ ကန့်သတ်လိုက်ကြသည်။ အောက်တိုဘာ သို့မဟုတ် နိုဝင်ဘာလတွင် တန်ငေါ်နှင့် မဲစလောင်းစခန်းများမှ လားအုပ်များ မြောက်ဘက်သို့ တက်ကြသောအခါ ရေဒီယိုစခန်းတစ်ခုစီက ကေအမ်တီဌာနချုပ် တစ်ခုစီထံသို့





၎င်းတို့၏နယ်ပယ်အတွင်း ဝယ်ယူရရှိမည့် ဘိန်းပမာဏနှင့် ဘိန်းတန်ဖိုးကို ကြိုတင်သတင်းပေးပြီးဖြစ်သည်။ ဤသို့ဖြင့် ကေအမ်တီဗိုလ်ချုပ်များသည် ခရိုင်တိုင်း ခရိုင်တိုင်းတွင် ဝယ်ယူရရှိမည့် ဘိန်းပမာဏကို ခန့်မှန်းသိရှိပြီးဖြစ်ရာ စေလွှတ်မည့်ဝန်တင် လားအုပ်များအတွက် လိုအပ်သမျှကို အကြမ်းဖျင်း ကြိုတင်စီစဉ်နိုင်ပေသည်။

ထိုကြိုတင်စီစဉ်မှုများသည် ဤမျှများပြားသော ဘိန်းများဝယ်ယူရေးတွင် အထူးလိုအပ်လှပေသည်။ ရှမ်းသူပုန်တို့၏ ဘိန်းဝန်တင်လားအုပ် အကြီးဆုံးတွင် လားကောင်ရေ ၅၀ ထက် မပိုသော်လည်း ကေအမ်တီတို့၏ လားအုပ်မှာ အငယ်ဆုံးအုပ်ပင်လျှင် လားအကောင် ၁၀၀ ရှိပေသည်။ တချို့သော လားအုပ်များတွင် လားအကောင် ၄၀၀ အထိ ပါဝင်ပေသည်။ ဝန်တင်လားတစ်ကောင်သည် ခရီးရှည်တွင် ဘိန်းစိမ်းကီလို ၅၀ သယ်ဆောင်နိုင်ပေရာ လားအုပ်တစ်အုပ်တည်းဖြင့်ပင် ဘိန်းတန်ချိန် ၂၀ ခန့် သယ်ဆောင်နိုင်ပေသည်။

ရှမ်းပြည်နယ်တွင် ရှမ်းသောင်းကျန်းသူများ နေရာအနှံ့ရှိလင့်ကစား အစိုးရ၏ကာကွယ်ရေးတပ်များ တောင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်အနှံ့ လှည့်လည်နေလင့်ကစား ထိုလားအုပ်များတွင် အစောင့်အများအပြား ထည့်ပေးရန်မလိုပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့တွင် စစ်မြေပြင်သုံး ရေဒီယိုများ ပါလာခြင်းကြောင့် အရေးကြုံလျှင် နီးရာစခန်းသို့ အသံလွှင့်ပြောကြားကာ ချက်ချင်း အကူအညီတောင်းနိုင်သောကြောင့် ဖြစ်သည်။

လားသမားများနှင့် အစောင့်တပ်ဖွဲ့ဝင်များမှာ ယိုးဒယားမြောက်ပိုင်းမှ တောင်ပေါ်သားများ ဖြစ်လေရာ တောတွင်း၌ ချုံခိုတိုက်ခိုက်မှု မခံရအောင် အလျင်အမြန် သွားလာနိုင်ကြပေသည်။ ကေအမ်တီ အစောင့်တပ်ဖွဲ့များတွင် မီလီမီတာ ၆၀ စိန်ပြောင်းများ၊ ပွိုင့် ၅၀ ပြောင်းဝရှိစက်သေနတ်များ၊ ၇၅ လီမီလီတာ (တွန်းကန်အားမဲ့) ရိုင်ဖယ်များ၊ မောင်းပြန်ကာဘိုင်များ ပါရှိရာ ရှမ်းသောင်းကျန်းသူကို မဆိုထားနှင့် မြန်မာ့တပ်မတော် တိုက်ကင်းအဖွဲ့များကိုပင် ခုခံနိုင်စွမ်းရှိပေသည်။

ဝန်တင်လားအုပ်များသည် အောက်တိုဘာသို့မဟုတ် နိုဝင်ဘာလများတွင် စတင်ခရီးထွက်ခဲ့ကြပြီး တောင်ပေါ်ရွာကြီးများ၊ ဈေးမြို့များ၊ ကေအမ်တီရှေ့တန်း





စခန်းများတွင် ရပ်နားကာ အသင့်စောင့်နေသည့် ဘိန်းများကို သိမ်းဆည်းကြသည်။ ဝန်တင်လားအုပ်များသည် ဘိန်းသယ်ရန် မြောက်ဘက်သို့ အောက်တိုဘာမှ မတ်လအတွင်း သွားရောက်ကြပြီး မတ်လမှ ဩဂုတ်လအတွင်းတွင် မြောက်ဘက်မှ တောင်ဘက်သို့ ဘိန်းများ သယ်ဆောင်ကာ ပြန်လာခဲ့ကြသည်။ ဗိုလ်ချုပ်လိုင်၏ လားအုပ်များသည် မြောက်ဘက်သို့ လားရှိုးအထိ သွားရောက်ကြပြီး ၎င်းတို့၏ ဘိန်းပွဲစားများက ကချင်ပြည်နယ်နှင့် မြောက်ပိုင်းရှမ်းပြည်နယ်တို့မှ ဝယ်ယူထားသည့် ဘိန်းများကို သယ်ဆောင်ခဲ့ကြသည်။ ဗိုလ်ချုပ်ကျူအန်၏ လားအုပ်များသည် ၁၉၆၉ ခုနှစ်မတိုင်မီအထိ မဲစလောင်းမှ မြောက်ဘက်မိုင် ၁၇၀ ဝေးသော ဗင်းငုံအထိ သွားရောက်၍ ဘိန်းများကို သယ်ဆောင်ကြသည်။ ၁၉၆၉ ခုနှစ်တွင် မြန်မာပြည်ကွန်မြူနစ်ပါတီက ဝနယ်တောင်ပိုင်းတွင် စစ်ဆင်ရေးလုပ်လာသောအခါ ဝနယ်တွင်းသို့ ကေအမ်တီများ မဝင်နိုင်တော့ပေ။ ထိုအချိန်ကစ၍ ကေအမ်တီတို့သည် ကိုးကန့်နှင့် ဝနယ်မှ ဘိန်းများ ရရှိရေးအတွက် ဘိန်းပွဲစားများကိုသာ အားကိုးရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကေအမ်တီလားအုပ်များ ယိုးဒယားနိုင်ငံသို့ ပြန်ကြသောအခါ ၎င်းတို့၏အကာအကွယ်ကိုယူကာ ၎င်းတို့နှင့်အတူ ရှမ်းသောင်းကျန်းသူတို့၏ လားအုပ်များ၊ မှောင်ခိုသမားတို့၏ လားအုပ်များလည်း ပါလာခဲ့ကြသည်။ တောင်ပေါ်ဒေသတစ်ဝန်းတွင် မြန်မာ့တပ်မတော်မှတိုက်ကင်းများ၊ အစိုးရ၏ ကာကွယ်ရေးအဖွဲ့များအပြင် လုယက်တိုက်ခိုက်နေကြသည့် ရှမ်းသောင်းကျန်းသူများလည်း ရှိပေသေးရာ လားအုပ်တစ်အုပ်လျှင် အနည်းဆုံး လက်နက်ကိုင် ၅၀ ပါမှ သွားရေးလာရေး စိတ်ချရသည်။ လက်နက်ကိုင် ၂၀၀ ပါလျှင်မူ ဘာမှ ပူစရာမရှိတော့ပေ။ ထို့ကြောင့် ရှမ်းသောင်းကျန်းသူများနှင့် ဘိန်းမှောင်ခိုအုပ်စုငယ်များမှာ မောင်းပြန်လက်နက် အပြည့်အစုံ မတပ်ဆင်နိုင်ရကား (၁၉၇၁ ခုနှစ်လယ်တွင် ဇင်းမယ်တွင် အမ် ၁၆ တစ်လက်၏ပေါက်ဈေးသည် ဒေါ်လာ ၂၅၀ မှ ၃၀၀ အထိ ရှိသည်) ကေအမ်တီ လားအုပ်များဖြင့်ပင် အတူလိုက်ရသည်။ ထိုသို့ လိုက်ပါရသည့်အတွက် ကေအမ်တီအား ဘိန်းတစ်ကီလိုလျှင် ၉ ဒေါ်လာ ဆက်ကြေးပေးရသည်။

ယိုးဒယားအစိုးရအား တာဝန်ထမ်းသည့်အနေဖြင့်





အမှတ် (၃) နှင့် အမှတ် (၅) ကေအမ်တီတပ်မတော်တို့သည် ယိုးဒယားနိုင်ငံ၏ မြောက်ဘက်နယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်ပေးကြသည်။ မြောက်ဘက်မှ ဝင်လာသည့် ဘိန်းများအပေါ်မှလည်း တစ်ကီလိုလျှင် ဒေါ်လာ ၄.၅၀ နှုန်းဖြင့် "အကောက်ခွန်" ကောက်ကြသည်။ စီအိုင်အေ၏ အစီရင်ခံစာအရ ၁၉၆၆–၁၉၆၇ ခုနှစ်တွင် ကေအမ်တီတပ်ဖွဲ့များသည် ဇင်းမယ်နှင့် ချင်ရိုင်းပြည်နယ်အတွင်း နယ်စပ်တစ်လျှောက်တွင် ၇၅ မိုင်ခန့် ကင်းလှည့်ကြသည်။ ၁၉၇၁ တွင် မြောက်ပိုင်းနယ်စပ်တစ်လျှောက်လုံး မယ်ဆိုင်မှ မဲစလောင်းအထိ ရွာစဉ်လျှောက်၍ ဆက်ကြေးကောက်ခံကြကြောင်း ရှမ်းသူပုန်ခေါင်းဆောင်တို့က ပြောပြကြသည်။ ရှမ်းပြည်နယ်မှ ယိုးဒယားနယ်တွင်းသို့ ဝင်ရောက်ရန်မှာ တောင်ပေါ်လမ်းသည် အလွန်ခရီးကြမ်းတမ်း၍ ဝန်တင်လားသွားလမ်းသာရှိသော်လည်း ကေအမ်တီတို့အား ဆက်ကြေးမပေးရဘဲ ယိုးဒယားနယ်တွင်းသို့ ဝင်နိုင်သည့် လားဝန်တင်ကုန်သည် အလွန်ရှားပါးပေသည်။ လားအုပ်များ နယ်စပ်ကို ဖြတ်ကျော်လိုက်သည်နှင့် တစ်ပြိုင်နက် အသင့်စောင့်နေသည့် ကေအမ်တီ ကြိုဆိုရေး



www.burmeseclassic.com

www.burmeseclassic.com



ကော်မတီကို တွေ့မြဲဖြစ်သည်။ တောင်းခံသည့် ဆက်ကြေးကို ပေးလိုက်ရန်မှတစ်ပါး အခြားနည်းလမ်းမရှိပေ။

ငွေကြေးကို ထိုင်ဝမ်မှ အလုံအလောက်ရနေသည့် သီးခြားအမှတ် (၁) တပ်ရင်းမှာမူ နယ်စပ်ကို ကျော်ဖြတ်ထောက်လှမ်းသည့်လုပ်ငန်းကိုသာ ဦးစားပေးဆောင်ရွက်ပြီး ဘိန်းမှောင်ခိုလုပ်ငန်းကိုမူ တွဲဖက်လုပ်ငန်းအဖြစ်သာ လုပ်ကိုင်လေသည်။ ထိုအမှတ် (၁) တပ်ရင်းနယ်စပ်တွင် လှုပ်ရှားနေသမျှကာလပတ်လုံး "တစ်နေ့ တွင် ချန်ကေရှိတ်တရုတ်ပြည်သို့ ပြန်လာမည်" ဟူသော ယုံတမ်းစကားဆက်လက်ထွန်းကားနေမည်ဟု ထိုင်ဝမ်အစိုးရက ယူဆသည်။

ဗိုလ်ချုပ်ကျူအန်၏ အမှတ် (၅) တပ်သည် ဗိုလ်ချုပ်မာ၏ထောက်လှမ်းရေးလုပ်ငန်းများကို အတော်အတန် အကူအညီပေးခဲ့သည်။ တစ်ကြိမ်တွင် ၎င်း၏တပ်ဖွဲ့ဝင်များသည် တရုတ်ပြည်တောင်ပိုင်းကို အင်နှင့်အားနှင့် ဝင်ရောက်တိုက်ခိုက်ခဲ့လေသည်။ ထိုကျေးဇူးကြောင့်ပင် ဗိုလ်ချုပ်မာက ကျူအန်၏တပ်ဖွဲ့ဝင်များအား ၎င်း၏ရေဒီယိုစခန်းများကို ဘိန်းအဝယ်ဒိုင်စခန်းများအဖြစ် အသုံးချခွင့်





ပြုခဲ့သည်။ ဗိုလ်ချုပ်ကျူအန်သည် ၎င်းလုပ်ကိုင်နေသည့် ဘိန်းမှောင်ခိုအကြောင်းကို လုံးဝနှုတ်ပိတ်ထားသော်လည်း ကွန်မြူနစ်ဆန့်ကျင်ရေးတွင် ၎င်းရယူထားသည့် အခန်းကဏ္ဍအတွက်ကိုမူ အထူးဂုဏ်ယူလေသည်။ မိမိကိုယ်မိမိ "မြောက်ဘက်တံခါးစောင့်ခွေး" ဟု ကျူအန်က ကင်ပွန်းတပ်သည်။ ၁၉၃၀–၁၉၄၀ ခုနှစ်အတွင်းက မော်စီတုန်းတပ်ဖွဲ့များကို ချေမှုန်းခဲ့ပုံ၊ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တပ်များအား တိုက်ခိုက်ခဲ့ပုံ။ မကြာသေးမီက ယူနန်နယ်ထဲသို့ ဝင်ရောက် တိုက်ခိုက်ခဲ့ပုံများကို ၎င်း၏ဧည့်သည်များအား ပြောမဆုံးပေါင်ဇတာသုံးထောင်။ အသက်ခြောက်ဆယ့်နှစ်နှစ်အရွယ်တွင် ဘိန်းဆီယစ်နေသော ဗိုလ်ချုပ်ကျူအန်သည် ဖင်းမယ်တွင် အနေများသည်။ ဘိန်းမှောင်ခိုလုပ်ငန်းဖြင့် စုဆောင်းရရှိထားသမျှသော ငွေကြေးအမြောက်အမြားကို သုံးကာ ဇိမ်ခံ၍သာနေလေသည်။ ကျူအန်သည် မိမိကိုယ်မိမိ သေသည်အထိ ပြောက်ကျားစစ်သည်အဖြစ် ရပ်တည်သွားမည့်ပုဂ္ဂိုလ်ဟု ယူဆလိုဟန်ရှိပေသည်။ ၎င်း၏သတ္တိကို ပြရန်အတွက်လည်း ရံဖန်ရံခါ ယူနန်နယ်တွင်းသို့ ဝင်ရောက်တိုက်ခိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်မာတစ်ဦးသာလျှင် ထိုင်ဝမ်၏ ထောက်ပံ့မှုကို ရနေသူဖြစ်ရာ ရွှေတြိဂံနယ်မြေရှိ ကေအမ်တီ ဗိုလ်ချုပ်များအနက် ၎င်းသည် ဝါအရင့်ဆုံး ဗိုလ်ချုပ်သဖွယ် ဖြစ်နေပေသည်။

ဗိုလ်ချုပ်လိုင်နှင့် ဗိုလ်ချုပ်ကျူအန်တို့ မကြာခဏ အပြင်းအထန် အငြင်းပွားကြသော်လည်း ဗိုလ်ချုပ်မာကမူ နှစ်ဦးစလုံးနှင့် သင့်တင့်အောင် ဆက်ဆံပေသည်။ ၎င်းကပင် ထိုဗိုလ်ချုပ်နှစ်ဦးအကြားတွင် ဖျန်ဖြေရေးသမားအဖြစ် ရပ်တည်ခဲ့သည်။ သို့သော် ၎င်း၏ကြိုးပမ်းမှုမအောင်မြင်ပေ။

ထိုင်ဝမ်အစိုးရက ကေအမ်တီ တပ်အားလုံးကို တစည်းတရုံးတည်းပေါင်းကာ ဗိုလ်ချုပ်မာ၏ ကွပ်ကဲမှု အောက်တွင်ထားလိုသည်။ သို့သော် ဗိုလ်ချုပ်လိုင်နှင့် ဗိုလ်ချုပ်ကျူအန်တို့ နှစ်ဦးစလုံးက ၎င်းတို့ရထားသည့် အမြတ်အစွန်းရှိလှသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို လက်မလွှတ်လိုကြပေ။ ဗန်းကွမ်တိုက်ပွဲသည် ယာယီအားဖြင့် ဗိုလ်ချုပ်နှစ်ဦးအား ပူးပေါင်းပေးခဲ့သော်လည်း တိုက်ပွဲအပြီးတွင်မူ မူလအခြေအနေအတိုင်း တကွဲစီပြန်ဖြစ်သွားလေသည်။





ဤသည်မှာ **Alfred W.Mac Coy** ၏ ရေးသားချက်ဖြစ်ပါ၏။ ကျွန်တော့်အနေဖြင့် သူ၏စာကို ဖြည့်စွက်ရေးသားလိုပါသည်။

ကျွန်တော်သည် ခြေလျင်စစ်သားဘဝနှင့် ရှမ်းပြည်နယ်တွင် ၁၅ နှစ်ကြာ နေထိုင်ခဲ့သူဖြစ်၏။ ဘိန်းစစ်ဆင်ရေးများတွင်လည်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ဖူး၏။ ဘိန်းစိုက်ပျိုးသည့်နေရာများတွင် လနှင့်ချီပြီး တာဝန်ထမ်းဆောင်ခဲ့ဖူး၏။ တရုတ်ဖြူလူထွက် ဘိန်းသူပုန်များနှင့် တိုက်ပွဲအလီလီဆင်နွှဲခဲ့ဖူး၏။ ယိုးဒယား မြန်မာနယ်စပ်ကို အကြိမ်ပေါင်းအတော်များများ ရောက်ခဲ့ဖူး၏။ ယိုးဒယားနိုင်ငံ မြောက်ပိုင်းကို လှည့်လည် သွားလာခဲ့ဖူး၏။ ယိုးဒယားနိုင်ငံ မြောက်ပိုင်းမြို့တော် ဇင်းမယ်တွင် ရက်ပေါင်းအတော်ကြာ နေခဲ့ဖူး၏။

ထို့ကြောင့် **Alfred W.Mac Coy** ၏ စာနိဂုံးကို အောက်ပါအတိုင်း အဆုံးသတ်ပါမည်။

စာပါတရုတ်ဖြူတွေ ဘာဖြစ်သွားပါပြီလဲ။

ဘိန်းကုန်သည်တွေဖြစ်ကုန်ကြပါပြီခင်ဗျာ။ **Second Generation, Third Generation** လောက် ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားကြပြီဖြစ်၍ ယိုးဒယားမတွေနဲ့ရပြီး ဖိမ်ကျနေသော တရုတ်သူဌေးကြီးတွေ ဖြစ်နေပါပြီခင်ဗျာ။

ယိုးဒယားမှာ တရုတ်ယိုးဒယားကပြားသူဌေးတွေ အများကြီးပါ။ မြန်မာပြည်ပြေးကြီး ဦးနုပင်လျှင် တရုတ်ဖြူ ဗိုလ်ချုပ်ဟောင်း မာရှီးရှုနှင့်ပေါင်းပြီး သူ့ပါသွားသည့် ရွှေငွေ ကျောက်သံပတ္တမြားများကို ထုခွဲခဲ့သည်ဟု ပြည်ပြေးအလင်း ဝင်များက ထွက်ဆိုခဲ့ဖူးပါ၏။

**KMT** ခေါင်းဆောင်များက သူဌေးဘဝ့ခံသွားကြပြီး ငယ်သားများကမူ နယ်စပ်ရှိ လက်နက်ကိုင် ဘိန်းဝယ် ရောင်းသမားများထံ **Mercenary** ကြေးစားများဘဝကို ခံယူကြပါသည်။ **SSA, SURA** စသည့် အဖွဲ့အစည်းများ၌ တရုတ်ဖြူလူထွက်များ အများကြီးရှိပါ၏။ စာရေးသူ ကျွန်တော်ပင်လျှင် တရုတ်ဖြူလူကြီးတစ်ဦး၏ တပည့် တစ်ဦးအား စားတော်ကဲတာဝန် ပေးခဲ့ဖူးပါသည်။ ထို တရုတ်ဖြူလူထွက်ကလေးသည် တရုတ်ဟင်းလျာများ ချက်ရာတွင် အလွန်ကောင်းပါသည်ခင်ဗျာ။

ဤသို့ဖြင့် နယ်စပ်ရှိ လက်ကျန် **KMT** တရုတ်ဖြူ များသည် ယခုအခါ၌ ယိုးဒယား၊ လာအိုနှင့် မြန်မာ သုံး





နိုင်ငံနယ်စပ် ရွှေတြိဂံဒေသတွင် အသွင်အမျိုးမျိုးဆောင်ကာ ဘဝကူးပြောင်းသွားကြပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည် ခင်ဗျား။

## အမှတ်တရစာတစ်ပုဒ်

ကျွန်တော်၏ "မြန်မာနိုင်ငံသို့ တရုတ်ဖြူကျူးကျော် ဝင်ရောက်မှုနှင့် မြန်မာ့တပ်မတော်၏ ကျော်ကြားသော စစ်ဆင်ရေးများ" စာအုပ်ငယ်တွင် စာရေးဆရာကြီး မှူး သမိန် အမည်ခံ ဗိုလ်ကြီးစောမြင့်(အငြိမ်းစား)၏ ခံစားချက် အပြည့်ပါသည့် ဆောင်းပါးမှတ်တမ်းတစ်ပုဒ်အား ထည့်သွင်း ဖော်ပြပါမည်။

တကယ်တော့ မှူးသမိန်၏ စာများအား ဒါထက် ပိုပြီး ဖော်ပြလိုပါသည်။ စာမျက်နှာကန့်သတ်ချက်ကြောင့် အခြားဆောင်းပါးများကို ချန်ခဲ့ပြီး ယခုဆောင်းပါးကိုမူ မဖြစ် မနေ ထည့်သွင်းဖော်ပြရခြင်း ဖြစ်ပါ၏။

ဗိုလ်မှူးကြီးစောမြင့်သည် ၁၉၅၁ ခုနှစ်တွင် တပ် မဟာ (၄) တပ်မဟာမှူးတာဝန်ဖြင့် ရှမ်းပြည်နယ်တောင် ပိုင်း ကျိုင်းတုံဒေသတွင် **KMT** တရုတ်ဖြူများအား ချေမှုန်း



www.burmeseclassic.com

သည့်စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့၏။ ၁၉၅၂ ခုနှစ်တွင်မူ နာမည်ကျော် ဘုရင့်နောင်စစ်ဆင်ရေးကြီးကို ဦးစီးတိုက်ခဲ့၏။ ကျိုင်းတုံဒေသနှင့် ရှမ်းပြည်နယ်တစ်ခွင် ပြုပြစ်စင်အောင် သွားဖူးလာဖူး၏။ ၁၉၆၀ ခုနှစ် တရုတ်မြန်မာ နယ်နိမိတ် သတ်မှတ်ရေး ဘာဘစစ်ဆင်ရေးကြီးတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သူလည်း ဖြစ်၏။

ထိုအတွေ့အကြုံများကို ယှိမ်းနွဲ့ပါး ကလောင် အမည်ဖြင့် ဆောင်းပါးများ အဆက်မပြတ်ရေးကာ စစ်ပညာဂျာနယ်တွင် အခန်းဆက်ထည့်သွင်းဖော်ပြခဲ့၏။

ရောက်လေရာမှာ ဒေသခံများနှင့် တွေ့ဆုံခဲ့၏။ သူတို့၏ခံစားချက်များကို ကြားနာခဲ့၏။ မှတ်သားခဲ့၏။ အထူးသဖြင့် တရုတ်ဖြူတို့လက်အောက် ကျရောက်ခဲ့သည့် ဒေသခံတို့၏ နာကြည်းရင်နင့်ဖွယ်ရာ ခံစားချက်များကို ရေးသားဖော်ပြခဲ့သည်။

ယခု ဗိုလ်မှူးကြီးစောမြင့်၏ မှူးသမိန်အမည်ခံ ရေးသားသည့် ဘုံဘဝကြုံတွေ့ရ ဖာတ်လမ်းများ စာအုပ် စာမျက်နှာ ၃၄၅ တွင် ဖော်ပြထားသည့် ဆောင်းပါးကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်ခင်ဗျား။





**မြန်မာ့လွတ်လပ်ရေးကို ဖျက်ဆီးရန် ချောင်းနေသော မဲခေါင်မြစ် တစ်ဖက်ကမ်းမှ သကောင့်သားများ**

မဲခေါင်မြစ်သည် ယခုနေတော့ လိမ္မာပြီဆိုရမည်။ ဣန္ဒြေလည်း ရနေ၏။ ငြိမ်ငြိမ်သက်သက်လေး စီးသည်။ မဆို့တရို့လေး အလှမပျက် တသွင်သွင် စီးဆင်းလျက်ရှိလေသည်။ သူ့ကို ခုနေကြည့်၍တော့ တစ်ချိန်သော အခါက လှိုင်းတံပိုး ထန်ပြင်းခဲ့လိမ့်မည်ဟု မည်သူကမျှ ယုံကြည်မည်မဟုတ်ချေ။ တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် သူ၏ ပတ်ဝန်းကျင်ဒေသတွေပါ ဂယက်ရိုက်ခတ် လှုပ်ရှားခဲ့သည် ကိုလည်း သိရှိမည် မဟုတ်တော့ပြီ။

ဟုတ်ပါသည်။ မဲခေါင်သည် စိတ်မချရ။ မြန်မာပြည်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းလင်းနိုင်ငံ စသည့်နိုင်ငံပေါင်းများစွာနှင့် ဆက်စပ်တွေ့ထိဖြတ်သန်းလာခဲ့ရသဖြင့်လည်း သူက ထွေပြားသည်။ တစ်ခါ တစ်ရံ ဖောက်ပြန်တတ်လေသည်။

မှတ်မိပါသေး၏။ ၁၉၆၀ ခုနှစ် တရုတ်–မြန်မာ နယ်နိမိတ်ပူးတွဲသတ်မှတ်သည့် ဘာဘစစ်ဆင်ရေးအချိန်က ဖြစ်သည်။ ကျွန်တော်သည် ဘာဘနှင့် မဲခေါင်စစ်ဆင်ရေး



www.burmeseclassic.com

တာဝန်ရှိသူအဖြစ် ဤဒေသတစ်ခွင်သို့ ရောက်ရှိခဲ့ရပါ၏။ ဘဘ၏အစိတ်အပိုင်းတစ်ရပ်အဖြစ် ဤမဲခေါင်မြစ်ကို အစွဲပြုကာ မြန်မာ့တပ်မတော်သည် မဲခေါင် စစ်ဆင်ရေးကြီးကို ဆင်နွှဲခဲ့လေသည်။ တရုတ်–မြန်မာ နယ်ခြားတစ်လျှောက် အချို့နေရာများတွင် ကူမင်တန်စစ်ပြေး တရုတ်ဖြူတို့ အင်နှင့်အားနှင့် တပ်စွဲထားခဲ့သည်မှာ ကြာပြီ။ နဂါးနိုင်၊ ဘုရင့်နောင်၊ ရန်ကြီးအောင် စသော သမိုင်းဝင်စစ်ဆင်ရေးကြီးများဖြင့် ရှမ်းပြည်နယ်အတွင်းပိုင်း မိုင်းဆတ်၊ မိုင်းတုံနယ်မြေနှင့် သံလွင်မြစ်ရိုးအထိ အခိုင်အမာ တပ်စွဲလာသော ကျူးကျော်သူ တရုတ်ဖြူများကို မြန်မာ့တပ်မတော်က ပြည်သူလူထုနှင့် လက်တွဲ၍ အောင်မြင်စွာ တိုက်ထုတ်လိုက်သည်မှာ မှန်၏။ သို့သော် တရုတ်–မြန်မာ နယ်ခြားဒေသနှင့် ကျိုင်းတုံနယ်များတွင်မူ အများအပြား ကျန်ရှိနေသေးသည်။ သို့ဖြစ်ရာ မဲခေါင်စစ်ဆင်ရေးကျတော့မှသာ ကေအမ်တီဟူသရွေ့တို့အား မြန်မာ့မြေပေါ်မှ အပြီးအပိုင် သုတ်သင်ရှင်းလင်းချေမှုန်းနိုင်ခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် နှစ်ပေါင်းများစွာ တရုတ်ဖြူ ကျူးကျော်သူတို့အောက် ကျွန်သပေါက်ဖြစ်နေသော ကျွန်တော်တို့၏





သွေးချင်းသားချင်းများ ဖြစ်ကြသည့် ရှမ်း၊ ဂုံ(ခွန်)ရှမ်း၊ ပလောင်၊ ပအိုဝ်၊ အီကော၊ လားဟူ အစရှိသည့် တိုင်းရင်းသားတို့၏ တကယ့်လွတ်မြောက်ရေးကို အကောင်အထည်ဖော်ပေးနိုင်ခဲ့ခြင်း ဖြစ်တော့သည်။

မဲခေါင်မြစ်သည် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ နယ်နိမိတ်မျဉ်းအဖြစ် မိုင်ပေါင်း ၁၅၀ ခန့် ရှည်လျားစွာ သက်ဆိုင်နေသည်။ တရုတ်ပြည်၊ ယူနန်နယ်၊ ဆစ်ဆောင်ပါးနားဒေသနှင့် မြန်မာပြည် ကျိုင်းတုံနယ်ခြား ၁၅ မိုင်ကျော်ခရီးသည် တရုတ်၊ မြန်မာ၊ လောနိုင်ငံတွေ့ဆုံသည့် နေရာထိ ဖြစ်၏။ ယင်းနေရာ၌ ဘဘ စစ်ဆင်ရေးကာလ နယ်ခြားကျောက်တိုင်သစ် အမှတ် ၂၄၄ ဟူ၍ စိုက်ထူထားခဲ့သည်။ သည့်နောက် မဲခေါင်သည် လောပြည်နှင့် မြန်မာနယ်ခြားမျဉ်းအဖြစ် ဆက်လက်စီးဆင်းပြန်ရာ မိုင်ပေါင်း ၁၃၀ ကျော်အကွာတွင် မြန်မာ၊ လော၊ ယိုးဒယား ဆုံသည့် တြိဂံနေရာသို့ ရောက်ရှိသွားလေသည်။

ဖော်ပြပါ လောနှင့် ယိုးဒယားနယ်၏ တစ်ဖက်ကမ်းဖြစ်သော မြန်မာပြည်ဘက် မဲခေါင်မြစ်ဝှမ်းတစ်လျှောက်တွင်ကား နယ်ကြီးလေးနယ်ရှိသည်။ ကျိုင်းတုံ

www.burmeseclassic.com



နယ်၊ မိုင်းပါလျှိုးနယ်၊ မိုင်းလင်းနယ်နှင့် နယ်ခြားမြို့ တာချီလိတ်အပါအဝင် မိုင်းဖုန်းနယ်တို့ ဖြစ်ကြ၏။ မြေပြန့်ရှိ လယ်ယာကိုင်းကျွန်းကို သမားရိုးကျလုပ်ကိုင် စားသောက်ကြသော ရှမ်းအမျိုးသားများ နေထိုင်ကြသည်။ ရှမ်းရွာပေါင်း ၂၀ ကျော်လောက် ရှိပါလိမ့်မည်။

မြေပြန့်ရှမ်းရွာများနှင့် မျဉ်းပြိုင်ယှဉ်လျက်ရှိနေသော လွိုင်ထလောင်၊ လွိုင်ဖလန်၊ လွိုင်ဖချမ်းဝဲ စသော တောင်တန်းတစ်ကြောဝယ် ၃ အိမ်စု၊ ၅ အိမ်စု ဆိုသလို ရွာငယ်ကလေးတွေ ဟိုတစ်စု သည်တစ်စု ပြန့်ကျဲလျက် ရှိပေသေး၏။ အီကော၊ လားဟူနှင့် တောင်ပေါ်ရှမ်းတို့၏ ကျေးရွာများတည်း။ သူတို့သည်လည်း ရှေးရိုးစဉ်လာအတိုင်း တောင်ယာကိုသာ အားထားလုပ်ကိုင် စားသောက်ကြသည်။ စားစရာ မလုံလောက်သဖြင့် မြေပြန့်နေ ရှမ်းရွာများအပေါ်တွင် မှီခိုနေရရှာသည်။ မြေပြန့်ရှမ်းတို့သည် လယ်ယာအပြင် တစ်ဖက်တစ်လမ်းမှ မိုင်းကိုင်စက္ကူလုပ်ငန်းကလေးများလည်း တွဲဖက်လုပ်ကိုင်ကြသေး၏။ သူတို့အားလုံး တူညီသောအချက်မှာ ရိုးသားခြင်း၊ ဘာသာတရား ကိုင်းရှိုင်းခြင်း၊ ဘာသိဘာသာနေတတ်သော အလေ့အထရှိပြီး





လူကြီးသူကြီးနှင့် အုပ်ချုပ်သူအပေါ် အမြဲတမ်း ရိုသေလေးစားကြသော်လည်း ဆက်ဆံရန် လွန်စွာကြောက်တတ်ခြင်း၊ လောဘဇောကင်း၍ မိမိတစ်ဝမ်းတစ်ခါး တစ်အိမ်ထောင်စာအတွက် လုံလောက်ရုံသာ စိုက်ပျိုးမွေးမြူကာ အေးအေးလူလူ စားသောက်နေထိုင်ကြခြင်းတို့ပေတည်း။

ဤဒေသရှိ ရှမ်းရွာသားတို့တွင် ချစ်စရာကောင်းသော အခြားအမူအကျင့်ကလေးများလည်း ရှိပေသေး၏။ တွေ့စရင်းနှီးစအချိန်ဝယ် ရက်အမ်းအမ်း ကြောက်ရွံ့ရွံ့ဖြင့် မေးလျှင် 'မဟု'၊ 'မသိ' မြန်မာစကား နားမလည်ဟု ဖြေမည်။ သည်အတွက် သင်က အားမလို အားမရဖြစ်ပြီး စိတ်ပျက်မည်။ သို့သော် အချိန်ကလေးရလာ၍ တစ်ဦးအကြောင်းတစ်ဦး ကောင်းစွာသိကျွမ်းသွားပြီး ခင်မင်ရင်းနှီး စိတ်ချယုံကြည်သွားတော့လည်း အလွန်ပင် ပေါင်းလို့ကောင်းပါသည်။ သည်အခါ ကျွေးစရာရှိလျှင် အကုန်ချကျွေးမည်။ ဆွေမျိုးရင်းချာလို ဆက်ဆံမည်။ ပြောစရာရှိလျှင်လည်း ထိန်ချိန်မထားဘဲ ပွင့်ပွင့်လင်းလင်း ပြောဆိုပါလိမ့်မည်။ ပြီးတော့ တစ်ခါတစ်ခါတော့လည်း လူကြီးသူကြီးအပေါ် မှီတွယ်အားထားလွန်းသော ကလေးဆိုး



www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုလည်း မြင်တွေ့ရတတ်ပါသေးသည်။

မိုင်းပါလ္လိုးရွာမှ ရှမ်းအဘိုးကြီး အိုက်ဆန်ထီး ဆိုပါတော့။ ကျွန်တော်တင်ပြခဲ့သော အရပ်ဒေသ၏ ရှမ်း အမျိုးသားများ၏ ပုံစံမျိုးကို သူ့တွင် အပြည့်အဝ တွေ့ရပါ မည်။ ဦးအိုက်ဆန်ထီးသည် လွယ်လင်ဘက်တွင် ဗမာ တွေနှင့် အတူနေ အတူလုပ်ကိုင်ဖူးသဖြင့် ဗမာစကား အတော်လေးပြောဆိုနိုင်သည်။ သည့်တစ်ကြော ရွာသူ ရွာသားများကား ရန်ကုန်မြို့တော်ကြီးကို ရောက်ဖူးမည် ဝေးစွ၊ ကြားပင် မကြားဘူး။ တောင်ကြီးမြို့ဆိုတာလည်း မသိ။ ယုတ်စွအဆုံး သူတို့ဒေသကို အုပ်ချုပ်ခဲ့သည့် ရှမ်းစော်ဘွားရုံးစိုက်ရာ ကျိုင်းတုံမြို့ကိုပင် ရောက်ဖူးသူ မရှိသလောက် ရှားလှချေသည်။ ယိုးဒယားဘက်၊ လော ဘက်တော့ မဲခေါင်မြစ် ဟိုဘက်ကမ်း အိမ်ဦးနှင့် ကြမ်းပြင် လိုမို့ ရောက်ဖူးကြသည်။ သည်ထဲဝယ် အဘိုးအိုက်ဆန် ထီးက ဗဟုသုတကြွယ်ပြီး တစ်မူထူးခြားနေသည်။ သို့ပါ လျက် အဘိုးလည်း တွေ့စတော့ ထုံးစံအတိုင်း ဗမာစကား မသိဟု ဆိုသေး၏။ နောက်ရင်းနှီးတော့မှသာ ကျွန်တော် တို့အား ပွင့်ပွင့်လင်းလင်း လက်ဆုံစကား ပြောကြားချေ





စာရေးဆရာကြီး မှူးသမိန်
ယခု ဗိုလ်မှူးကြီးစောမြင့် (အငြိမ်းစား)

www.burmeseclassic.com


www.burmeseclassic.com



တရုတ်ဖြူတို့နှိပ်စက်သမျှ ခံခဲ့ရသည့် မိုင်းပါလျှိုးမှ ရှမ်းအမျိုးသားကြီး ဦးအိုက်ဆန်တီး

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ဝမ်သို့ပြန်မည့် တရုတ်ဖြူစစ်သားများ




မိုင်းမဒေသကို သိမ်းပိုက်ခဲ့သည့် တရုတ်ဖြူတို့၏ စစ်တန်းလျားများ

www.burmeseclassic.com

www.burmeseclassic.com




ဒေသခံမြန်မာတိုင်းရင်းသားတို့၏ သွေး ချွေး မျက်ရည်များဖြင့် တည်ဆောက်ခဲ့သည့် မိုင်းပါလ္လိုးမှ တရုတ်ဖြူ လေယာဉ်ကွင်း




အီနန်းလောင်တို့ မိုင်းလားဒေသကို အုပ်ချုပ်ခဲ့သော တရုတ်ဖြူဗိုလ်ချုပ်က
သူ့ဇနီးအီနန်းလောင်အတွက် ဆောက်ပေးခဲ့သည့်အိမ်

www.burmeseclassic.com

www.burmeseclassic.com



မိုင်းပါလျို့းမှ တရုတ်ဖြူတပ်မှူးကြီး၏နေအိမ်



ရှမ်းပြည်နယ်မြောက်ပိုင်း တစ်နေရာမှ ဘိန်းများသယ်ဆောင်လာသည့် ရှမ်းသောင်းကျန်းသူများ

www.burmeseclassic.com



www.burmeseclassic.com



နွေးလာရခြင်း ဖြစ်တော့သည်။

အဘိုး၏ပြောပြချက်အရ သူတို့နယ်မြေအား ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသောအခါ စစ်နိုင်သူဂျပန်တို့က ယိုးဒယားသို့ လက်ဆောင်ပေးလိုက်သည်။ ဒီတော့ ယိုးဒယားစစ်သားတို့၏ လက်အောက်၌ သုံးနှစ်သုံးမိုး အမျိုးမျိုးနှိပ်စက်ခြင်း ခံကြရကြောင်း၊ တစ်ဖန် စစ်ကြီးပြီးဆုံး၍ မြန်မာပြည်တွင် အင်္ဂလိပ်တွေ မရှိတော့၊ လွတ်လပ်ရေးရပြီဆိုသော အသံကို ကြားရုံသာ ကြားလိုက်ရသည်။ သူတို့တော့ ဘာမှမသိလိုက်ရ။ သူတို့ထံ ရှမ်းပြည်နယ်အစိုးရဆိုတာလည်း ရောက်မလာ။ ယုတ်စွအဆုံး ကျိုင်းတုံစော်ဘွားပင် မရောက်ခဲ့ပါဟု ဆိုလေသည်။

ယိုးဒယားစစ်တပ်ဆုတ်သွားပြီး မကြာခင် တရုတ်ဖြူတွေ တစ်သုတ်ပြီးတစ်သုတ် ရောက်လာတော့သည်။ ပထမတော့ ကွန်မြူနစ်ရန် ကာကွယ်ရေးအတွက် ကရုဏာအပြည့်အဝရှိသလို ဆက်ဆံကြသေး၏။ မကြာပါချေ။ မျက်နှာဖုံးပြုတ်ကျကာ ဇာတိမှန်ပြလာတော့ကြောင်း ၁၀ နှစ်လုံးလုံး ကူမင်တန် တရုတ်ဖြူတွေ၏အောက်၌ ဒုက္ခမျိုးစုံဖြင့် နေထိုင်စားသောက်ခဲ့ရပုံကို ကျွန်တော်တို့အား



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုဘေးဝယ် ညအခါ ပုံပြောသလို လုံးစေ့ပတ်စေ့ ပြန်လည် ပြောပြခဲ့လေသည်။

အခွန်ကောက်သည်။ ဘိန်းစိုက်ပျိုးပေးရသည်။ ရိက္ခာဆက်ရသည်။ လမ်းဖောက်ပေးရသည်။ သူတို့ နေထိုင်ရန် တဲနန်းမှအစ အိမ်တွေ၊ ကတုတ်ကျင်းတွေပါ မကျန် ဆောက်လုပ်ပေးခဲ့ရသည်။ နောက်တော့ သမီး ကညာ ကောက်ယူတာလည်း ရှိလာလေသည်။ မိုင်းပါလွှိုး တွင် တရုတ်ဖြူအာဏာရှင် ဘုရင်ဆိုသော ဗိုလ်ချုပ်ကြီး ကြုံပုံးကိုယ်တိုင် နေထိုင်အုပ်ချုပ်သည်။ ကျိုင်းလပ်စခန်း တွင် ဗိုလ်ချုပ်ကြီးလောက်ကျန့်၊ ဝမ်နမ်းခွမ်တွင် စစ်ကျောင်း အုပ်ကြီး တုတ်ချင်တို့သည် အဘိုးအိုက်ဆန်ထီးတို့ ကြောက် ရသည့် ရောမပုဂ္ဂိုလ်ကြီးများတည်း။ ကေအမ်တီစစ်တပ်၏ စေခိုင်းချက်အရ ရှမ်း၊ လားဟူ၊ အီကောတိုင်းရင်းသားတို့ ချွေးဖြင့်ရင်းနှီး တည်ဆောက်ပေးခဲ့ရသော အင်မတန်ကြီး ကျယ်သည့် မိုင်းပါလွှို လေယာဉ်ကွင်းကြီးသည်လည်း ကောင်း၊ စစ်တန်းလျားများ၊ စစ်ကျောင်း၊ စစ်ဆေးရုံ၊ စစ်ဂိုဒေါင် စသည်တို့သည်လည်းကောင်း အထင်ကရ ဟီးနေအောင် ရှိနေဆဲဖြစ်သည်ကို ကျွန်တော်တို့ကိုယ်တိုင်





မြင်တွေ့ခဲ့ရလေသည်။

တရုတ်ဖြူတို့လက်အောက် နေထိုင်ရပုံကား ဒေသ သာခြား၍ ရွာအမည်၊ စခန်းအမည်၊ စစ်ဗိုလ်တွေ၏ အမည်ကသာ ကွာခြားမည်။ ဘဝအတွေ့အကြုံ ခံစားမှု အတိုင်းအတာကား ထပ်တူထပ်မျှပင် ဖြစ်တော့သည်။ သာဓကတစ်ခုအနေဖြင့် ကျိုင်းတုံ၏အရှေ့ဘက် ဒေါင့်ဖြတ် ခရီးအားဖြင့် မိုင် ၃၀ ခန့်သာဝေးမည့် နမ့်မမြစ်ဝှမ်းရှိ မိုင်းမချိုင့်ဝှမ်းနယ်မြေကို ကြည့်ပါ။ ကျွန်တော်တို့သည် မဲခေါင်စစ်ဆင်ရေးအတွင်းက မြန်မာ့တပ်မတော်မှ ပြန် လည်သိမ်းပိုက်ပြီးစ ယင်းဒေသသို့ ရောက်ရှိခဲ့ကြပါ၏။

နမ့်မချောင်းသည် သိပ်မကြီးလှ။ သို့သော် ဤ ဒေသတစ်ကြောမှ ရှမ်းရွာများအတွက် သောက်သုံးရေ သာမက စိုက်ပျိုးရေးအတွက်ပါ ကြီးစွာအကျိုးပြုလျက် ရှိလေသည်။ သန့်ရှင်းကြည်လင်သော စိမ့်စမ်းရေသည် စိမ်းလန်းသော လယ်ကွင်းပြင်အလယ်၌ ကွေ့ကာဝိုက်ကာ စီးဆင်းနေ၏။ နမ့်မချောင်းဘေးရှိ ဝမ်ပေါင်နှင့် ဝမ်ဆန်ရွာသို့ ရောက်ကြသည်။ တရုတ်ဖြူတို့၏ အုပ်ချုပ်ရေးရုံးများ၊ အကျဉ်းထောင်နှင့် မြေတိုက် အထူးအချုပ်စခန်းများ၊



www.burmeseclassic.com

www.burmeseclassic.com



စစ်ဗိုလ်ချုပ်နေထိုင်ရာ စံနန်းနှင့် ကိုယ်ရံတော်ကင်းတပ်ရှိရာ တောင်ကုန်း၊ စစ်တန်းလျားနှင့် အိမ်ထောင်သည်နေအိမ်များကို ရှာဝင်လိုက်သည်နှင့် အတိုင်းသား မြင်တွေ့ရလေသည်။

ဤမိုင်းမနယ်မြေကိုအုပ်စိုးခဲ့သည့် နေဝင်ဘုရင်မှာ တရုတ်ဖြူ ဗိုလ်ချုပ်လောက်ရှန်း ခေါ် ကျင်အန်ကုန် ဆိုသူဖြစ်၏။ မိုင်းမတွင် ကျွန်တော်တို့ ရောက်သည့်အချိန်က သူ၏ရှမ်းအမျိုးသမီး ဇနီးနှစ်ဦး ကျန်ရစ်ခဲ့ပါသေးသည်။ ဇနီးကြီး အိခန်းတွင် သားတစ်ယောက်ကျန်ရစ်ပြီး များမကြာမီကလည်း ဝမ်ပေါင်ရွာ၏ ကွမ်းတောင်ကိုင်အပျိုချော အိနန်းလောင်ကို ထပ်မံကောက်ယူခဲ့ပြန်လေသည်။

ညနေတွင် ကျွန်တော်တို့သည် တရုတ်ဖြူ ဗိုလ်ချုပ်ကတော် ဒေါ်အိခန်း၏အိမ်သို့ ရွာလူကြီးနှင့်အတူ သွားရောက်လည်ပတ်ကြ၏။ သပ်သပ်ရပ်ရပ် ဆောက်ထားသည့် အုပ်ကြွပ်မိုး၊ ခြေတံရှည်အိမ်တစ်ဆောင်၏ ရှေ့တွင် ရုပ်ချောသနားကမား အသက် ၂၇ နှစ်လောက်ရှိမည့် သွယ်သွယ်လျလျ ရှမ်းအမျိုးသမီးတစ်ဦးကို အဆင်သင့် တွေ့ကြရသည်။





"အိခန်း ပောဒါ ဒီကို ခဏလာလည်တဲ့ စစ်ဗိုလ်လုံပဲ။ နင့်အကြောင်း မေးချင်လို့တဲ့"

သူကြီးမင်းက တဲ့တိုးကြီးပင် မိတ်ဆက်ပေးလေသည်။ နန်းအိခန်းက ပြုံး၍နှုတ်ဆက်ရင်း အိမ်ပေါ်သို့ တက်ကြရန် ဖိတ်ခေါ်ပါသည်။ ကျွန်တော်တို့သည် အပေါ်ထပ် အိမ်ရှေ့ခန်းသို့ရောက်ကြသောအခါ မီးဖိုဘေးရှိ ကြိမ်နှင့်လုပ်ထားသော ခွေးခြေပုကလေးများကို အသီးသီးဆွဲယူရင်း မီးဖိုဘေး ဝိုင်းထိုင်လိုက်ကြပါသည်။

နန်းအိခန်းသည် မီးဖိုမှ ပြာဖုံးနေသည့်မီးခဲကို ရဲနေအောင် မှုတ်လိုက်ရင်း ထင်းစလေးများဖြင့် မီးမွှေးနေ၏။ ကျွန်တော်တို့ဘက် တစ်ချက်လှည့်ပြုံးရင်း ရေနွေးခရားကို ရေသစ်ထပ်ထည့်ရန်အတွက် အပြင်ဘက် ကပြင်သို့ ထွက်ခွာသွားပါသည်။ ကျိုင်းတုံ၏ ဆောင်းရာသီမှာ နေဝင်ပြီဆိုသည်နှင့် ရုတ်ခြည်းအေးစက်လာတတ်၏။ ကျွန်တော်နှင့်ပါလာသည့် ရောင်းရင်းဘက်သည် အအေးဒဏ်ကို တာကွယ်နိုင်ရန်အတွက် အနီးရှိတောင်းထဲမှ ထင်းများကို မီးဖိုတွင် ထပ်မံထည့်ပေးနေလေသည်။

မီးဖိုနှင့် မနီးမဝေးတွင် နှစ်ခါလည်ခန့်ရှိမည့်



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်တစ်ဦးသည် ထမင်းပန်းကန်တစ်ချပ်နှင့် ဆော့ကစားနေ၏။

"ကဲ ... ကဲ ... သူကြီးမင်းကိုပဲ စကားပြန်အလုပ်ခိုင်းရမှာပဲ။ မအီခန်းနဲ့ စကားပြောရအောင်၊ ရေနွေးတွေ ဘာတွေ လုပ်မနေပါနဲ့။ ကိစ္စမရှိပါဘူးလို့ပြောပါ"

နန်းအီခန်းသည် ဧည့်သည်များအတွက် လက်ဖက်ရည်အိုး တည်နေလေသည်။ သူကပင် စတင်ပြီး ...

"ဘယ်အရပ်ကလာပါသလဲ"

ဟု မေးပါသည်။ ကျွန်တော်က အဖြေပေးပြီးနောက်

"မအီခန်း ဘယ်တုန်းက အိမ်ထောင်ကျတုန်း"

"ကြာပြီ။ ရှစ်နှစ်လောက်ရှိပြီထင်တယ်"

"အခု ခင်ပျားခင်ပွန်း ထွက်သွားတော့ သတိမရဘူးလား"

"သတိတော့ရတယ်"

"လွမ်းကောမလွမ်းဘူးလား"

"မလွမ်းပါဘူး"

"ဘာလို့လိုက်မသွားတာတုန်း"

"အို ... မလိုက်ချင်ပါဘူး။ သူက ခေါ်လည်း

မြရတနာစာပေ



မခေါ်ပါဘူး။ ခေါ်လည်း ကျွန်မ မလိုက်ဘူး"

"ဟင် ... ဒါဖြင့် ခင်ပျားယောက်ျားကို ချစ်လို့လက်ထပ်တာ မဟုတ်ဘူးလား"

"ဒီလို ... မဟုတ်ပါဘူး။ ကျွန်မ လူကြီးတွေက ယူလိုက်ပါဆိုတာနဲ့ ယူလိုက်ရတာပဲ"

"ဒါက ဒီလိုရှိတယ် ဗိုလ်ကြီးရဲ့။ သူ့မှာက အမေအိုတစ်ယောက်ရှိတယ်။ မောင်တစ်ယောက်နဲ့ ညီမတစ်ယောက်လည်း ရှိတယ်။ ဗိုလ်ချုပ်ကြီးက သူ့ကိုတွေ့တော့ လိုချင်တယ်၊ ပြောပေးပါဆိုတော့ ကျွန်တော်တို့လူကြီးတွေပဲ အမေကြီးဆီ လာပြောရတယ်။ ဘယ့်နှယ်လုပ်မလဲ။ သူ့အမေကလည်း ရန်အေးအောင်ဆိုပြီး သဘောတူလိုက်ရတာပေါ့"

သူကြီးက စကားပြန်လုပ်ရင်း သူသိသည့်အပိုင်းကို ဝင်၍ ထောက်ပေးပါသည်။

"အင်း ... အင်း ... နားလည်ပါပြီ။ ဒါထက် မအီခန်းယောက်ျားက ဒီနယ်မှာ အကြီးဆုံးဆိုတော့ ငွေတွေ၊ ရွှေတွေ အများကြီးပေးမှာပေါ့နော်"

"အို ဒါလောက်မဟုတ်ပါဘူး။ သူနဲ့ရမှ ကျွန်မတို့

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အတွက် မှတ်မှတ်ရရ ဟောဒီအိမ်ကို ဆောက်ပေးတယ်။ အပ်ချုပ်စက်တစ်လုံးလည်း ယိုးဒယားက ဝယ်လာပေးတယ်။ ဒါလောက်ပဲ ရှိပါတယ်''

"ဩော် ... ဩော် ... ဒါထက် စိတ်မရှိပါနဲ့နော်။ သူကတော့ ဒီအိမ်မှာပဲ အမြဲနေတာလား''

"သူလား ဒီစခန်းမှာရှိနေရင်တော့ ညည ဒီမှာ လာအိပ်ပါတယ်။ မနက်ကျတော့ သူ့တပ်ကို ပြန်သွားပါတယ်။ တစ်ခါတလေတော့ နယ်သွားတယ် ပြောတာပဲ။ ကျွန်မဆီလာတဲ့အခါ ဟိုဘက်အိမ်လည်း သွားအိပ်တတ်ပါတယ်။ ကျွန်မအိမ်မှာတော့ သူအိပ်ဖို့ မွေ့ရာကြီးတစ်ခု၊ သူ ယိုးဒယားက ဝယ်ပေးထားခဲ့ပါတယ်''

"ဟိုဘက်အိမ်ဆိုတာ အိနန်းလောင်အိမ်ပြောတာ ဗိုလ်ကြီးရဲ့။ ဟိုဝဖမြို့စားကြီး ဦးအိုက်ရီရဲ့တူမလေ။ သူ့ကို ကောက်တာတော့ သိပ်မကြာသေးဘူး''

ဟု သူကြီးက ဝင်၍ထောက်သည်။

"အင်း ... အင်း ... သိပြီ သိပြီ။ ညနေကတောင် တွေ့လိုက်သေးတယ်။ အသက်သိပ်မကြီးသေးဘူး''





"ဟုတ်တယ် ... ဟုတ်တယ်။ တပ်စခန်းနားမှာပဲ သူ့အိမ်ရှိတယ်''

မအီခန်းသည် ရေနွေးဆူပြီဖြစ်သဖြင့် ငါးသေတ္တာ ခွက်ဟောင်းတစ်ခု၌ ရှမ်းလက်ဖက်ခြောက် အနည်းငယ် ထည့်၍ မီးခဲပေါ်တွင် ရေလှော်နေပါသည်။ ခဏကြာလျှင် သင်းပျံ့သောအနံ့ ထောင်းခနဲထွက်လာလေသည်။ ထို့နောက် ကျွက်ကျွက်ဆူနေသည့် ရေနွေးအိုးတွင် ခတ်လိုက်သည်။ ဆားခွက်နှင့်အတူ ရှမ်းလက်ဖက်ရည်ကြမ်း သောက်ရန် ကျွန်တော်တို့အား လှမ်းပေးလိုက်ပါသည်။

"တော်သေးတာပေါ့လေ။ အတင်းအဓမ္မမယူဘဲ မိသားဖသားပီပီ တောင်းယူတယ်ဆိုတော့''

ကျွန်တော့်ရောင်းရင်းက သက်သာရာရရန် ဝင်ရောက်ထောက်လိုက်လေသည်။

"တောင်းယူတယ်ဆိုတာကတော့ လိုချင်တယ် ပြောတာပါပဲ။ သူတို့စစ်သားတွေလည်း ဒီလိုပါပဲ။ ဘယ့်နယ်လုပ်မလဲ။ သူတို့က လိုချင်ကြတာကိုး''

သူကြီးမင်း၏ မှန်ကန်သော အဖြေပင်ဖြစ်၏။

"ဒါထက် ဒို့ပြင် ဒီနယ်က ဘယ်သူတွေကို တရုတ်



www.burmeseclassic.com

www.burmeseclassic.com



တွေကောက်ကြသေးလဲ''

''အား ... အတော်များတယ် ဗိုလ်ကြီးရေ၊ တွက်လို့ မရဘူးထင်တယ်။ အင်း ... ဒီမိုင်းမပိုင်နယ်မှာ ရွာပေါင်း ဆယ်ရွာရှိတယ်။ ဒီနယ်က ယူတာရော၊ တခြားက ယူလာတာတွေပါ ရိက္ခာထောက်ပံ့ရတဲ့ စာရင်းနဲ့ တွက်ကြည့်ရင် မိန်းမနဲ့ ကလေးပါ ၂၀၀ လောက် ကျန်နေရစ်တယ်''

''ဟာ ... များလှချည်လား''

''ဟုတ်တယ်။ ကျွန်တော်တို့ဘက်က တော် သေးတာပေါ့။ ဟိုမိုင်းယောင်းဘက်က ပိုများတယ်''

''သူတို့ ဗိုလ်ချုပ်ကစပြီး လုပ်နေတော့ အောက် ကလည်း ဘယ်တားလို့ရတော့မလဲ။ စစ်ဗိုလ်တွေ အားလုံး ခင်ဗျားတို့ အမျိုးသမီးတွေကို ယူတာပဲလား''

''ယူကြတာပဲ။ အုပ်ချုပ်ရေးတာဝန်ခံ ဗိုလ်ကြီး ရှိတယ်။ လောဝမ်လို့ခေါ်တယ်။ သူ့မိန်းမက မအီမွန်တဲ့။ မိုင်းယန်းက ယူလာတာ။ တော်တော်လေး ချောပါတယ်။ တရုတ်ဗိုလ်ကြီးကလည်း အားကြီးချစ်တယ်။ သူ့ကို ယိုးဒယားဘက်ခေါ်သွားပြီး ဆံပင်တွေ ဘာတွေတောင် ဖြတ်တောက်ပေးသွားတယ်။ ရွှေသွားလည်း စိုက်ပေးထား





တယ်။ အခုတော့ သူ မိုင်းယန်းပြန်သွားပြီ။ သူ့ယောက်ျား နောက် လိုက်မသွားဘူး။ အဲဒီလောဝမ်မှာလည်း ဒုတိယ မိန်းမတစ်ယောက် ရှိသေးတယ်။ တောင်ပေါ်ကပဲ။ သူ ကတော့ အိမ်အတွက် စားဖို့သောက်ဖို့ တောင်ယာ လုပ်ကိုင်ပေးရတယ်''

တရုတ်ဖြူ မင်းတရားကြီးများက အတော်လေး ဖိမ်တွေ့ခဲ့ကြလေသည်။ သူတို့နှင့်ယူရသည့် ရှမ်းအမျိုး သမီးတို့မှာ သူတို့ယောက်ျားများအတွက် တောင်ယာ လုပ်ကိုင် ကျွေးမွေးရ၏။ အချို့မှာ ဘိန်းပင် ရှာဖွေပေးရ သည်။ သာမန်စစ်သားတစ်ဦး၏ လစာမှာ အင်္ဂလိပ် ငွေဒင်္ဂါးပြား ၃ ပြားသာရ၏။ ရိက္ခာကို ရွာမှ စုဆောင်း ပေးရ၏။ တစ်ရွာလျှင် ငွေဒင်္ဂါး ၁၀၀ နှင့် စပါးတင်း ၈၀ မှ ၁၀၀ ထိ ရွာလိုက်၍ အခွန်တော် ပေးဆောင်ကြရသည်။ တရုတ်ပြည်ကြီးအား ကွန်မြူနစ်ရန်မှ လွတ်မြောက်ရန် အတွက် လီမီ၏ပြောက်ကျားတပ်များ မြန်မာပြည်တွင် ဆောင်ရွက်ကြပုံ အခြေအနေကား ဤနည်းနှင်နှင်သာ ဖြစ် တော့သည်။ ရုံဖန်ရုံခါ လီမီတပ်များအား နယ်လှည့်စစ် ဆေးရန် ဌာနချုပ်မှ ရာထူးကြီးကြီးပေါက်ဖော်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတတ်သည်။ ထိုအခါ ရွာမှ အပျိုပေါက်၊ အပျို ရွယ်ကလေးများအား စုဆောင်းဖွဲ့စည်းထားသည့် ရမုန်း ခေါ် ယိုးဒယား အကအဖွဲ့ဖြင့် ဧည့်ခံခိုင်းသေးသည်။ ယိုးဒယား ယဉ်ကျေးမှုအကဖြစ်သော ထိုရမုန်းအကကို ရှမ်းအမျိုးသမီးများအား အနုပညာရှင် တရုတ်ကြီးများက သင်ပေးထားခဲ့လေသည်။ လသာသာ ညအခါမျိုး၌ ထို ကပွဲများမှာ နံနက်လင်းသည်အထိပင် အတွဲလိုက် အတွဲ လိုက် ကခုန်ကြကြောင်း သူကြီးမင်းက ရှင်းပြနေလေသည်။

အဆီကို ထုတ်၊ အသားကို စား၊ အသွေးကို စုပ်ဆိုသလို တရုတ်ဖြူတို့သည် ကျွန်တော်တို့၏ ဆွေရင်း မျိုးရင်းများထံမှ ဂျပန်ထက်ပင် ဆိုးရွားစွာ ပစ္စည်းရော လူပါ စားမျိုသွားခဲ့ကြလေသည်။ တရုတ်ဖြူသွေးပါသည့် အဖမဲ့ကလေးပေါင်း ရာထောင်ပြဿနာကို မည်သို့ ဖြေရှင်း ကြလေမည်နည်း။ အီခန်း၊ အီနန်းလောင်၊ အီမွန်းတို့ တစ်တွေ၏ ရှေ့ရေးသည် မည်သို့ဖြစ်လာလေမည်နည်း။ ကျွန်တော်တို့သည် အဖြေကို ရှာကြ၏။ ရင်နာမိသော မိတ်ဆွေများသည်လည်း ဝိုင်းဝန်း၍ အဖြေရှာနေရသည် တကား။





ကူမင်တန်တို့သည် မိုင်းမနယ်မြေတွင် မကသေး ပါ။ သူတို့၏ ဗိုလ်ချုပ်ကျန်ဝေချင်ဆိုသူ၏ တပ်မဟာ (၁) သည် ကျိုင်းတောင်းတွင်လည်းကောင်း၊ ထပန်းလုံးစခန်း တွင် ဗိုလ်ချုပ်မုန့်ပေါင်ရင်၏ တပ်မဟာ (၂)၊ မိုင်းယုတွင် လောက်ဟူးယူရန်၏ တပ်မဟာ (၃)၊ ဝမ်ကွင်းတွင် တပ် မဟာ (၁၄)၊ ဝမ်ပါခတွင် တပ်မဟာ (၁၁)၊ အခြားနေရာ များလည်း ရှိနေသေး၏။ ပြီးတော့ သူတို့၏ တပ်မမှူးကြီး ဗိုလ်ချုပ်ကြီး ဂူဆူပုံဆိုသူက မိုင်းဝတွင်လည်းကောင်း၊ အသီးသီး ကျိုင်းတုံနယ်၏ စပါးထွက်ကောင်းမေ့ဆိုတာ နေရာများဝယ် လက်ဝါးကြီးအုပ် စိုးမိုးထားခဲ့လေသည်။

၁၉၆၀–၆၁ ခုနှစ်ရောက်မှ မြန်မာ့တပ်မတော်၏ ဘာဘနှင့် မဲခေါင် စစ်ဆင်ရေးများကြောင့်သာ မြန်မာ့မြေ ပေါ်မှ ကူမင်တန်အားလုံး ဖိဝိန်ချုပ်ငြိမ်း အဆုံးသတ် ပေတော့သည်။ လွတ်လပ်ရေးကြီး တည်မြဲရေးအတွက် ကျွန်တော်တို့ တပ်မတော်ဘက်မှ ပေးဆပ်ရသော သွေးတွေ ကလည်း ချောင်းစီးလုနီးနီး ကြီးထွားခဲ့လေသည်။ နဂါးနိုင် စစ်ဆင်ရေးမှစကာ နောက်ဆုံးမဲခေါင်အထိ တရုတ်ဖြူ စစ်ဆင်ရေးတစ်လျှောက်လုံး မြန်မာ့တပ်မတော် တပ်မှူး



www.burmeseclassic.com

www.burmeseclassic.com



များကအစ အရာရှိ၊ တပ်သားမကျန် အသက်ပေး စွန့်စား သွားကြရသူများကား မနည်းတော့ပေ။

နိုင်ငံခြားအကူအညီဖြင့် အသက်ရှင်နေသော ကူမင်တန်တို့သည် ရှေးအခါကမူ လေယာဉ်ပျံကြီးများ၊ စစ်ပစ္စည်းအမျိုးမျိုး၊ လက်နက်ခဲယမ်းအစုံစုံကို အဆက်မပြတ် ရရှိနေခဲ့ကြသည်။ မြန်မာ့တပ်မတော်က မိုင်းပါလျှိုး လေယာဉ်ကွင်းကြီးကို သိမ်းပိုက်ပြီးခါမှ အဖြစ်အပျက်တစ်ခုကို အမှတ်ရမိပါသေးသည်။ ထိုနေ့သည် မှတ်မှတ်ရရ ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့၊ ကူမင်တန်တို့အား လေကြောင်းမှ ထောက်ပံ့နေသူများသည် မဲခေါင်မြစ်ဝှမ်းတစ်လျှောက်တွင် သူတို့တပ်တွေရှိနေလျက် မြန်မာ့တပ်မတော်နှင့် တိုက်ပွဲဝင်နေဆဲဟု ယူဆဟန်တူသည်။ ရောမ လေယာဉ်ပျံကြီးများအနက် တစ်စင်းသည် ပျံဝဲကာ မိုင်းပါလျှိုးလေယာဉ်ကွင်းပေါ်၌ လေထီးဖြင့် လက်နက်ခဲယမ်းမျိုးစုံ ချပေးတော့မည်။ မြန်မာ့တပ်မတော်က အားလုံးကို အသာလေး ရရှိလိုက်ပါ၏။ ပြီးတော့ ကျိုင်းတုံလေယာဉ်ကွင်း၌ တပ်စွဲထားသော ကျွန်တော်တို့၏ လေတပ်မတော်မှ တိုက်လေယာဉ်သုံးစင်းသည် သတင်းကြား





လျှင်ကြားချင်း ရန်သူ့လေယာဉ်ပျံနောက်သို့ ထ၍ လိုက်ကြလေသည်။

မြန်မာ့လေတပ်မတော်မှ လေသူရဲဗိုလ်ပီတာနှင့် ဗိုလ်မောင်သိန်း၊ ဗိုလ်ချစ်ခိုင်တို့ မောင်းနှင်သော တိုက်လေယာဉ်သည် ဆီးဖြူရီအမျိုးအစား တိုက်လေယာဉ်ဖြစ်သည်။ မြန်မာ့ဝေဟင်ပေါ် ကျူးကျော်လာသော ရန်သူတို့၏ လေယာဉ်ကြီးကား စစ်အတွင်းက ကျွန်တော်တို့တွေ့ရသည့် ဘီ ၂၉ အမျိုးအစားလိုကြီးသည့် ဘီ ၂၄ လစ်ဘရေတာ ဗုံးကြဲလေယာဉ်ကြီးတည်း။ ထို့ကြောင့် လေယာဉ်၏ စွမ်းအားနှင့် လက်နက် အာနိသင်အနေနဲ့ကတော့ သူတို့နှင့် ကျွန်တော်တို့ နှိုင်းယှဉ်မရအောင် ကွာခြားလှ၏။ သို့သော် သတ္တိနှင့် မျိုးချစ်စိတ်ကတော့ ကျွန်တော်တို့၏ လေသူရဲများသည် မည်သူနှင့်မဆို ယှဉ်ပြိုင်၍ရသည်။ ထို့ကြောင့် မြန်မာလေသူရဲ သုံးဦးသည် ရန်သူလေယာဉ်ကြီးကို တွေ့သည်နှင့် ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်ပါလေသည်။ မြန်မာ့သားကောင်းရတနာ ဗိုလ်ပီတာသည် တစ်ခုတည်းသော ရွေးချယ်စရာလမ်းဖြစ်သည့် ရန်သူလေယာဉ်ပျံထက် မြင့်မြင့်ကြီးမှ ပျံဝဲကာ ခါမိခါ



www.burmeseclassic.com

www.burmeseclassic.com




စိတ်ဓာတ်ဖြင့် အတင်းဒိုင်ဗင်ထိုးချ၍ ပူးကပ်တိုက်ခိုက်တော့သည်။ ရန်သူ ရောမလေယာဉ်ကြီးရော သူ၏သေးငယ်သော လေယာဉ်ကလေးပါ မဲခေါင်မြစ်တစ်ဖက်ကမ်းသို့ နှစ်စင်းစလုံး ဖောက်ထိုးမိုးမျှော် ထိုးကျပျက်စီးရှာသည်။ ဗိုလ်ချုပ်ခိုင်၏ တိုက်လေယာဉ်လည်း အမြီးပိုင်းတွင် ရန်သူ အမြောက်ဆန် ထိမှန်သဖြင့် ကျိုင်းတုံစခန်းအရောက် အနိုင်နိုင် ပြန်လာခဲ့ရလေသည်။ မြန်မာလေသူရဲသုံးဦး၏ သတ္တိပြ စွန့်စားပုံအကြောင်းကို ကိုယ်တွေ့မြင်ကြရသည့် မဲခေါင်မြစ်ဝှမ်းမှ ကျေးရွာသားများသည် ယနေ့တိုင် မမေ့နိုင်အောင် ပြောဆိုလျက်ရှိကြပေသည်။

ကျွန်တော်တို့သည် ယင်းမဲခေါင်မြစ်ဝှမ်းသို့ ရောက်ရှိသွားကြသောအခါ ကေအမ်တီလေယာဉ်ကွင်းကြီးကို အကောင်းပကတိအတိုင်း တွေ့ရသည်။ မဲခေါင်စစ်ဆင်ရေးမှ ရရှိလိုက်သော ရန်သူ၏ လက်နက်ခဲယမ်း မီးကျောက်များ၊ ရွှေ ငွေများ၊ အသံလွှင့်စက်များ၊ လေထီးများကိုလည်း ပြသထားလေသည်။

တောင်ကမူကလေးတစ်ခုပေါ်မှာတော့ ခြင်ဆန်ခါတွေ၊ လျှပ်စစ်မီးတွေ၊ ဖဲမွေ့ရာတွေဖြင့် အကျအန ဆောက်





ဘာချီလိတ် နဂါးနှစ်ကောင်ကျောင်းတိုက်ရှေ့ရောက်စာရေးသူ (၁၉၉၁ ခုနှစ်)

www.burmeseclassic.com




တာချီလိပ် နဂါးနှစ်ကောင်ကျောင်းတိုက်ရှေ့ စာရေးသူနှင့် လက်ဖြောင့်တပ်စိပ် (၁၉၉၁ ခုနှစ်)




ထိုင်းနိုင်ငံမှ အပြန် မင်္ဂလာဒုံလေဆိပ်တွင် စာရေးသူ နှင့် ဇနီး (၂၀၀၀ ပြည့်နှစ်)

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ထိုင်းနိုင်ငံမြောက်ပိုင်း သို့အသွား ကျိုင်းတုံတွင် ခေတ္တရောက်နေသည့် စာရေးသူနှင့် ဗိုလ်မှူးတင်ဇေ (၂၀၀၀ ပြည့်နှစ်)



၁၉၉၁ ခုနှစ်က ကျိုင်းတုံရေကူးကန်ရောက် စာရေးသူနှင့် ဗိုလ်မှူးစိန်တင်ဝင်း(ယခုရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ)

www.burmeseclassic.com

မယ်ဆိုင်ရောက် စာရေးသူ (၁၉၉၁ ခုနှစ်)





ကျိုင်းတုံသစ်တစ်ပင်တောင်ကုန်းရောက်စာရေးသူ (၁၉၉၁ ခုနှစ်)

www.burmeseclassic.com
www.burmeseclassic.com



တရုတ်နိုင်ငံ ရှမ်ဟဲတွင် စက်ပစ္စည်းများဝယ်ယူရန် ကြည့်ရှုမှတ်တမ်းတင်နေသည့် စာရေးသူ (၂၀၀၀ ပြည့်နှစ်)




ရှမ်ဟဲမြို့ရောက်စာရေးသူ (၂၀၀၀ ပြည့်နှစ်)

www.burmeseclassic.com
www.burmeseclassic.com



ရှမ်ပဲဟွင် စက်ပစ္စည်းဝယ်ယူနေသည့် စာရေးသူ (၂၀၀၀ပြည့်နှစ်)





တာချီလိတ်၊ မယ်ဆိုင်နှစ်နိုင်ငံ ရှောင်းကူးတံတားအား မြန်မာဘက်မှ မြင်ရပုံ (၁၉၉၁ ခုနှစ်)

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com





ကျိုင်းတုံလေဆိပ်ရောက်စာရေးသူ (၁၉၉၁ ခုနှစ်)



မိုင်းယန်းလုံခြုံရေးယူခဲ့စဉ်က စာရေးသူနှင့်အရာရှိများ (၁၉၉၁ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com




တာချီလိတ်မြို့အဝင်တွင်တွေ့ရသည့်စာရေးသူ (၁၉၉၁ ခုနှစ်)



လုပ်ပြင်ဆင်ထားသော ကူမင်တန်မင်းတရားကြီး၏ ဂေဟာ ပေတည်း။ မဲခါင်မြစ်ကမ်းတစ်နေရာ၌ကား ဝါးရုံပင်၊ အုန်းပင်တွေ၏အောက်၌ မြှုပ်နှံထားသော တိုင်းပြည် အတွက် အသက်ပေးသွားကြသော ရဲဘော်လေးတွေ၏ မြေပုံကို စိတ်ထိခိုက်စရာ တွေ့မြင်ရပြန်လေသည်။

အလားတူပင် ကူမင်တန် ကျူးကျော်သူတွေ အတွက် အသက်ပေး စတေးခံခဲ့ရသူတွေက များလှပေ၏။ ဘုရင့်နောင်၊ ရန်ကြီးအောင်၊ ယုဇနနှင့် မိုးကြိုး၊ အောင်သမိန် စသော စစ်ဆင်ရေးတုန်းက ကျဆုံးသွားကုန်သော ကျွန် တော်တို့၏ ကျေးဇူးရှင် ရဲဘော်များ၊ တပ်မတော်နှင့် လက်တွဲ ကာ ပြည်သူ့စစ်အသွင် ဆင်နွှဲရာမှ သေဆုံးသွားကြရသော တိုင်းရင်းသားတို့၏ မြေပုံများကိုလည်း နယ်စပ်တစ် လျှောက် တိုက်ပွဲဖြစ်ပွားရာ ဟိုတောင်ကုန်း ဒီတောင်ကုန်း များဝယ် တွေ့မြင်နိုင်ပေသေးသည်။

သူတို့တစ်တွေကား တိုင်းပြည်အပေါ် သေသည် အထိ သစ္စာစောင့်သိသွားကြသူများအဖြစ် သမိုင်းမှတ်တိုင် ထူလျက်ရှိနေပါသည်။ သို့သော် သူတို့ခမျာ သိမသွားကြ ရှာသော ရင်နာစရာအကြောင်းတွေကို ကျွန်တော်တို့ မှာ



www.burmeseclassic.com

www.burmeseclassic.com



မှောက်ခေတ်ဝယ် မယုံနိုင်လောက် တွေ့လာရပြန်၏။ မဲခေါင်စစ်ဆင်ရေးကြီး ပြီးဆုံး၍ ၁၀ နှစ်ကျော် ခရီးရောက်လာသော ဤနေ့ ဤအချိန်အခါဝယ် တပ်မတော်အား မြန်မာပြည်သို့ ကျူးကျော်လာသူ တရုတ်ဖြူတွေကို တိုက်ထုတ်ပစ်ပါတော့လားဟု ကြွေးကြော်စေခိုင်းခဲ့သူ တိုင်းပြည်၏ တစ်ချိန်က ရောမခေါင်းဆောင်ကြီးများဆိုသူ တစ်စုသည် ယနေ့ မဲခေါင်တစ်ဖက်ကမ်း၌ ပြည်ပြေးအဖြစ် ရောက်ရှိနေကုန်၏။

မဲခေါင်မြစ်ကတော့ ငြိမ့်ငြိမ့်ကလေး စီးဆင်းနေဆဲပင်။ အစဉ်အလာရှိသော ကျွန်တော်တို့အားထားရာ မြန်မာ့တပ်မတော်သည် နီးကြားသော ပြည်သူတို့နှင့်အတူ တိုင်းပြည်အပေါ်၌သာ သစ္စာတည်မည်။ သို့ရာတွင် လူပုဂ္ဂိုလ်အပေါ် ငဲ့ကွက်လိမ့်မည်၊ ဘက်လိုက်လိမ့်မည်ကား မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် လူသည် ဖောက်ပြန်တတ်သော သဘောရှိသောကြောင့်တည်း။

ကျွန်တော်တို့သည် မဲခေါင်မြစ်ကို သိကြားစေသက်သေညွှန်းလျက် လွတ်လပ်ရေးအတွက် ကျဆုံးလေပြီးသော ရဲဘော်တို့၏ သစ္စာကို စောင့်သိပါမည်။ လွတ်လပ်





ပြီးနောက် ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရေးသာ ဦးလည်မသုန် ပါဝင်ကြပါကုန်အံ့ဟု တညီတညွတ်တည်း ကြွေးကြော်လိုက်ရပါသတည်း။

ဤတွင် မှူးသမိန်၏ စာနိဂုံးချုပ်ပါပြီခင်ဗျား။ ဆက်လက်၍ ကျွန်တော်၏နိဂုံးချုပ်အား ဖော်ပြပါမည်။

**စာရေးသူ၏နိဂုံးချုပ်ဖော်ပြချက်**

မြန်မာနိုင်ငံတွင်းသို့ တရုတ်ဖြူများ ကျူးကျော်ဝင်ရောက်လာမှုအား မြန်မာ့တပ်မတော်က ၁၉၆၀/၆၁ တွင် မဲခေါင်စစ်ဆင်ရေးကြီးဖြင့် အပြီးသတ် ရှင်းလင်းမောင်းထုတ်နိုင်ခဲ့ပါသည်။ အချိန်ကာလအားဖြင့် ယခုဆို အနှစ်ငါးဆယ်ကျော်ခဲ့ပေပြီ။ မေ့မယ်ဆိုက မေ့၍ရပါပြီ။

တရုတ်ဖြူများ မြန်မာ့မြေပေါ်မှ ထွက်သွားကြပြီဆိုသော်လည်း သူတို့ကြောင့် ပြည်တွင်းသူပုန်များ သက်ဆိုးရှည်ခဲ့သည်။ မြန်မာ့နယ်စပ်ဒေသများ၌ ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ် ဖောက်ကားမှုများ တွင်ကျယ်ခဲ့ရသည်။ လာ၊ မြန်မာ၊ ယိုးဒယား သုံးနိုင်ငံနယ်စပ် ရွှေတြိဂံဒေသ ကမ္ဘာကျော်ခဲ့ရသည်။ ဘိန်းမည်းကို ဘိန်းဖြူ

www.burmeseclassic.com



ချက်ကာ တရုတ်ဖြူတို့က ရွှေတြိဂံဒေသမှတစ်ဆင့် ကမ္ဘာအနှံ့ ဖြန့်ခဲ့သည်။

ဘိန်းနှင့်ဘိန်းဖြူမှ ငွေသောက်သောက်လဲရသည့် အရသာကို သိသောအချို့ တရုတ်ဖြူများသည် ထိုင်ဝမ်သို့မပြန်ဘဲ လော၊ မြန်မာနှင့် ယိုးဒယားနယ်စပ် ရွှေတြိဂံဒေသ၌ အသွင်အမျိုးမျိုးနှင့် ဆက်လက်နေထိုင်ကြသည်။

၁၉၇၈ ခုနှစ်က စာရေးသူ တန့်ယန်းမိုင်းရယ်ဒေသ၌ ဘိန်းသူပုန်များကို နှိမ်နင်းသည့် အောင်ကျော်မိုး စစ်ဆင်ရေးကို ပါဝင်ဆင်နွှဲခဲ့ပါသည်။

ဘိန်းသူပုန်ခေါင်းဆောင်များမှာ အတော်များများ တရုတ်ဖြူအနွယ်များ ဖြစ်ကြ၏။ ဟုတ်,မဟုတ် သူတို့နာမည်များကို ကြည့်ပါခင်ဗျာ။

ကျန်ဆုရှင်တဲ့
ဝမ်ထင်ကြုံးတဲ့
လီစစ်ယီတဲ့
ကျန်ကျင့်ယုံတဲ့
ကျန်ကျီဖူးတဲ့
လောက်လီတဲ့





လောက်ဝမ်တဲ့
လောက်ကျန်တဲ့

ဘိန်းသူပုန်ခေါင်းဆောင် အားလုံးလိုလို ဤလိုအမည်များသာ ဖြစ်ကြပါသည်။

သူတို့သည် တစ်ရံရောအခါက တရုတ်ဖြူများ ဖြစ်ခဲ့ကြပြီး နောက်ပိုင်းတွင် ဘိန်းသူပုန်များအဖြစ် အသွင်ပြောင်းကာ ဒေသခံသောင်းကျန်းသူများ၊ ကာကွယ်ရေးများထံ စိမ့်ဝင်နေထိုင်ခဲ့ကြ၏။ ကြေးစား **Mercenary** များအဖြစ် အသွင်ပြောင်းခဲ့ကြ၏။

သူတို့နှင့် စာရေးသူ ပွဲပေါင်းအတော်များများ နွှဲခဲ့ရပြီး သူတို့အကြောင်း အတော်သိခဲ့ရပါသည်။ သူတို့သည် ယိုးဒယားနိုင်ငံတွင် စီးပွားရေး လက်ငုတ်လက်ရင်းများကို အခြေချထားကာ ရှင်သန်လျက်ရှိကြ၏။ ဘိန်းဖြူရောင်းဝယ်ရေးကို ထန်ငေါ့ရှိ တရုတ်ဖြူ ဗိုလ်ချုပ်ဟောင်းအချို့က တာဝန်ယူကြ၏။ ယိုးဒယား မှူးယစ်ဆေးဝါးရာဇာများနှင့် ပူးပေါင်းကာ ကမ္ဘာအနှံ့ ဘိန်းဖြူများ ဖြန့်ကြ၏။

တကယ်တော့ **C.I.A** အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ကြီးနှင့် အမေရိကန်အစိုးရ လက်သင့်မွေး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော တရုတ်ဖြူများသည် ဥရောပနှင့် အမေရိကသို့ ဘိန်းဖြူများ တင်ပို့ကာ စီးပွားရှာခဲ့ကြ၏။ တရုတ်ပြည်မကြီးကိုလည်း ပြန်တိုက်၍ မရနိုင်တော့မှန်းလည်း သူတို့သိသွားကြပြီ။ ထိုင်ဝမ်ကိုလည်း မပြန်လိုတော့။ ထိုင်ဝမ်ကလည်း ဘာအကူအညီမှ ဟုတ်တိပတ်တိ မပေးတော့ချိန်၌ KMT တရုတ်ဖြူများ၏ ထွက်ရပ်လမ်းကား ဘိန်းရောင်းဝယ်ရေးသာ ဖြစ်လေတော့သည်။ သူတို့ ဘိန်းဖြူတွေ အမေရိကန်နိုင်ငံသို့ အများဆုံး တင်ပို့ရသည်ဆို၏။ အမေရိကန်တွေ ငါမွေးတဲ့မျောက် ငါ့ခြောက်ခံရခြင်းပါပေ။

တရုတ်ဖြူတို့ လမ်းပြသွားသည့် ဘိန်းနှင့် ဘိန်းဖြူ စိုက်ပျိုးဝယ်ရောင်းလုပ်ငန်းများကို နောက်ပိုင်းတွင် ဗကပခေါ် ဗမာပြည်ကွန်မြူနစ်ပါတီက ဆက်ခံကာ ဆောင်ရွက်ခဲ့၏။ တရုတ်ဖြူနှင့် ဗကပတို့သည် ဒီပုတ်ထဲက ဒီပဲများ ဖြစ်ခဲ့ကြ၏။

မည်သို့ဆိုစေ မြန်မာ့တပ်မတော်ကတော့ မိမိနိုင်ငံကို ထိပါးကျူးကျော်လာသူမှန်သမျှ တွန်းလှန်ချေမှုန်းခဲ့ပါသည်။ ချေမှုန်းလျက်ရှိပါသည်။ နောင်လည်း ချေမှုန်းသွားမည်သာ ဖြစ်ပါ၏။ မြန်မာမြေကို ကျူးကျော်ခဲ့သည့်-





အင်္ဂလိပ်

ဂျပန်

တရုတ်

အားလုံးကို မြန်မာ့ပိုင်နက်က မောင်းထုတ်ခဲ့ပါသည်။ မြန်မာ့တပ်မတော်က နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တန့်ခိုင်မြဲရေးကို ထာဝရဦးထိပ်ထားခဲ့ပါသည်။ ဤစာအုပ်ငယ်ကို ကျွန်တော် မှတ်သားထားသည့် အောက်ပါစာစုလေးဖြင့် နိဂုံးချုပ်လိုပါသည်။

**တစ်မှုန့်မြေလွှာ**

**တစ်လွှာပန်းခြောက်**

**တစ်ပေါက်ရေစက်**

**ငါတို့လက်မှ**

**ရန်သူရလျှင်**

**မြန်မာ့သမိုင်း ရိုင်းတော့မည်** - ဟူ၍ ဖြစ်ပါသည်ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ

သောင်းဝေဦး

၃၁-၇-၂၀၁၀။



www.burmeseclassic.com

www.burmeseclassic.com



မှီငြမ်းကိုးကားသည့်စာအုပ်များ

၁။ ဘုံဘဝကြုံတွေ့ရဖွတ်လမ်းများ။ မှူးသမိန်

၂။ ကျွန်တော်ကျင်လည်ခဲ့ရသောမြန်မာနှင့်ကမ္ဘာ။ သူရထွန်းတင်

၃။ ကျောပိုးအိတ်လေးကိုချီကာလွယ်။ တင့်ဆွေ(ဖျာပုံ)

၄။ စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ။ ဗိုလ်မှူးချုပ် သန်းတင် (အငြိမ်းစား)

၅။ တပ်မတော်ရွှေရတုစာစောင်။ ရွှေရတုကျင်းပရေး ဦးစီးကော်မတီ

၆။ တပ်မတော်နှင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ။ မင်းမောင်မောင်

၇။ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ။ (ဒုတိယတွဲ)။ တပ်မတော်သားသုတေသီတစ်ဦး

၈။ တပ်မတော်သမိုင်း (စတုတ္ထတွဲ)။ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး

၉။ ကာယကံရှင်များနှင့် တွေ့ဆုံမေးမြန်းချက်များ

၁၀။ The Politics of Heroin in Southeast Asia By Alfred W.Mac Coy



BURMESE CLASSIC

ဤစာမူဖြစ်မြောက်ရေးအတွက် မိမိတို့၏ စာအုပ်များမှ လိုအပ်သည်များကို ကူးယူခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါ စာရေးဆရာကြီးများအား ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

(က) သူရဦးထွန်းတင်

(ခ) မှူးသမိန်

(ဂ) တင့်ဆွေ(ဖျာပုံ)

(ဃ) ဗိုလ်မှူးချုပ်သန်းတင်(အငြိမ်းစား)

(င) မိုးမိုးတာရောစန်

သောင်းဝေဦး

(စာရေးသူ)

www.burmeseclassic.com

www.burmeseclassic.com

## ယောင်းဝေဦး၏ ထွက်ရှိပြီးသော စာအုပ်များ


၁။ သူတို့ဆီတစ်ခေါက် ရောက်ခဲ့ရာဝယ်
၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သမိုင်း
၃။ စစ်သားဘဝအမှတ်တရများ အတွဲ(၁)
၄။ စစ်သားဘဝအမှတ်တရများ အတွဲ(၂)
၅။ စစ်သားဘဝအမှတ်တရများ အတွဲ(၃)
၆။ စစ်သားဘဝအမှတ်တရများ အတွဲ(၄)
၇။ သောက်မရောက် သက်မပျောက်
၈။ ဪတ္တြီယခေါ် မိန်းမတို့သည်
၉။ ယောက်ျားတို့အကြောင်း
၁၀။ ကျွန်တော်လယ်သမားကြီး
၁၁။ မြို့တော်စည်ပင် အခွန်အခများအကြောင်း သိကောင်းစရာများ
၁၂။ ငါ့သားများစစ်ထဲဝင်ရင်လေ
၁၃။ ကြည်း၊ ရေ၊ လေ တပ်မတော်တွင်းက သူငယ်ချင်းတွေ
၁၄။ မှန်မြစ်မှသည် ရောဝတီ
၁၅။ အတွေးပုံရိပ် အတိတ်ဟိုဆီ
၁၆။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၁)
၁၇။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၂)
၁၈။ ဪတ္တြီယခေါ် မိန်းမတို့သည်နှင့် ယောက်ျားတို့အကြောင်း
၁၉။ အစ်ကိုတို့စစ်သား
၂၀။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၃)
၂၁။ ကျွန်တော် ဇါက်သီးသမား
၂၂။ ဒို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ
၂၃။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၄)
၂၄။ ကမ္ဘာ့ထိပ်တန်းကျော်ကြားသော စွန့်စားခန်းများ
၂၅။ အချစ်နဲ့ စစ်သား
၂၆။ စစ်မြေစခန်းက လွမ်းပုံပြင်
၂၇။ ဆန်းကြယ်ထူးခြား စစ်သားတို့၏လက္ခဏာများ
၂၈။ မလွမ်းပို မငိုနဲ့နော်
၂၉။ ဗီယက်နမ်တော်လှန်တိုက်ပွဲကြီး
၃၀။ မြန်မာ့မြေမှ အင်္ဂလိပ်-ဂျပန်တိုက်ပွဲများ
၃၁။ လူစွန့်စားကြီးတွေနဲ့ ကမ္ဘာကျော်တပ်တွေ
၃၂။ မိုင်းယန်းတိုက်ပွဲ


မြရတနာစာပေ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

၃၃။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၅)
၃၄။ ကျွန်တော်ပါဝင်သော နောင်လိုင်ပါဖန်နှင့် ပွိုင့် ၆၀၄၁ တိုက်ပွဲကြီး
၃၅။ ဗိုလ်ချုပ်ကြီးယာမာမိုတိုနှင့် ပုလဲဆိပ်ကမ်းတိုက်ပွဲ
၃၆။ ဟေ့ . နိုကွန်မန်ဒို
၃၇။ ဗိုလ်ချုပ်ကြီးယာမာရှိတာနှင့်မလေးကျွန်းဆွယ်တိုက်ပွဲ
၃၈။ ကျွန်တော်နှင့်ဘိန်းစစ်ဆင်ရေးများ
၃၉။ ဗိုလ်ချုပ်ကြီးမက်အာသာနှင့် ဖိလစ်ပိုင်တိုက်ပွဲစဉ်များ
၄၀။ ကပ္ပတိန်စောနားမူး၏ မက်ဆိုပိုတေးမီးယားစွန့်စားခန်းများ
(ပထမပိုင်း)
၄၁။ ဗိုလ်ချုပ်ဝင်းဂိတ်နှင့် သူ၏ခြသေ့်စစ်ဆင်ရေးများ
၄၂။ ကွန်လုံ ရက် ၄၀ တိုက်ပွဲကြီး
၄၃။ ဗိုလ်ချုပ်ကြီးဝီလီယံစလင်းနှင့် မြန်မာပြည်တိုက်ပွဲစဉ်များ
၄၄။ ဗိုလ်ချုပ်ကြီးစတီးဝဲလ်နှင့် မြစ်ကြီးနားတိုက်ပွဲ
၄၅။ ကပ္ပတိန်စောနာမူး၏မက်ဆိုပိုတေးမီးယားစွန့်စားခန်းများ
(ဒုတိယပိုင်း)
၄၆။ ထင်ရှားကျော်ကြားသဲခုံးရိုးမတိုက်ပွဲများ
၄၇။ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်နှင့် ဂါဖာလာတိုဘာရပ်တိုက်ပွဲ



၄၈။ ပြည်သူပါဝင်သော မြစ်ဝကျွန်းပေါ်စစ်ဆင်ရေးများ
၄၉။ ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီနှင့် အယ်လ်အာလာမိန်းတိုက်ပွဲ
၅၀။ မော်ဖဒေသတိုက်ပွဲများ
၅၁။ ဗိုလ်ချုပ်ကြီးဇူးကော့စ်နှင့် မော်စကိုစတာလင်ဂရက်တိုက်ပွဲများ

## ယခုထွက်ရှိသည့်စာအုပ်

၅၂။ မြန်မာနိုင်ငံသို့ တရုတ်ဖြူကျူးကျော်ဝင်ရောက်မှုနှင့်
မြန်မာ့တပ်မတော်၏ ကျော်ကြားသော စစ်ဆင်ရေးများ

## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

၅၃။ မြူးရွှေပန်ကောက်တိုက်ပွဲကြီး
၅၄။ ဗိုလ်ချုပ်ကြီး ဗိုငုယင်ဂီယက်နှင့် ကမ္ဘာကျော်ဒင်ဘင်ဖူးတိုက်ပွဲကြီး
၅၅။ ရဲဝံ့စွန့်စားတကယ့်ကွန်မန်ဒိုများ